
www.burmeseclassic.com

ဘဏ္ဍာသိုက်

# ရောင့်ဘောင်

## ရန်ငြိုးရှင်းစေပြ သိုင်းတာဝေ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၁၀၄၅၉၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၀၄၄၀၁၂၀၇

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

## အခန်း(၁)
## ခြေစကြာနှင့်ခြေသိမ်တုန်

သဲချောင်းကလေးသည် ကျွဲကာ ကောက်ကာဖြင့် တသွင်သွင် စီးဆင်းနေ၏။

ကြည်လင်သောရေကြောင့် ရွှေရောင်သဲမှုန်ကလေးများကိုဝင်း မြင်နေရသည်။

စိမ်းမြည့်မောင်းသော သစ်ရွက်သစ်ခက်များကြားမှ နေခြည်သည် သဲချောင်းကို ငွေရောင် ရွှေရောင် မြရောင် တလက်လက်ဆအောင် အလှဆင်နေပေသည်။

သို့သော် မလှပသည်မြင်ကွင်းကား ချောင်းကမ်းပါးပေါ်၌ရှိနေ၏။

ထိုမြင်ကွင်းကား တစ်ဦးနှင့်တစ်ဦး အပြော်အသတ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်နေသည့် တိုက်ပွဲပေတည်း။

ဟိုက်ချူ....။

ဟိုက်ချူဆိုသူမှာ သိုင်းလောကတွင် ထူးခြားသည့် ခြေစကြာသိုင်းကွက်ကိုပိုင်ဆိုင်သူ သိုင်းသမားတစ်ဦးဖြစ်၏။

ခြေစကြာသိုင်းကွက်မှာ မည်သို့ပုံသဏ္ဌာန်ရှိသနည်း။

ထူးခြားသောခြေစကြာသိုင်းကွက်ကို အနည်းငယ်တော့ ရှင်းပြရန် လိုပေလိမ့်မည်။

သိုင်းလောကရှိ သိုင်းသမားတိုင်းသည် လက်နက်မဲ့တိုက်ခိုက်ရာတွင် လက်ညှိုး၊ လက်ဖဝါး၊ တံတောင်နှင့်ခြေကန်ချက်များကို အကွက်မိမိ အချက်ကျကျ တွဲဘက်အသုံးပြုလေ့ရှိကြပါသည်။

ဟိုက်ချူကဲ့သို့ ခြေစကြာသိုင်းသမားများကမူ တစ်ဘက်ရန်သူအား လက်နှင့်မည်သည့်အခါကမျှ တိုက်ခိုက်လေ့မရှိပေ။

အခုန်အပျံများကို သွက်သွက်လည်လည် အသုံးပြုပြီး ခြေထောက်နှင့်သာ တိုက်ခိုက်သည်။

ဤသို့အဆက်မပြတ် တိုက်ခိုက်နိုင်အောင်လည်း အဆက်မပြတ် လေ့ကျင့်ရသည်။ ပင်ပန်းကြီးစွာ လေ့ကျင့်ရသည်။

သို့မှသာ လက်၊ ခြေနှစ်မျိုးစလုံးကို အားထားတိုက်ခိုက်သည့် တစ်ဘက်ရန်သူအား မိမိ၏ ခြေထောက်ချည်း သက်သက်ဖြင့်သာ တိုက်ခိုက်နိုင်မည် မဟုတ်ပါလား။



ကျိုရန်....။

မြေသိမ့်တုန် လက်သီးသိုင်းသမား....။

ကျိုရန်ဆိုသည့် သိုင်းသမားကမူ သာမန်လက်နှင့်ခြေကို ပေါင်း၍ အသုံးပြုတိုက်ခိုက်သောသိုင်းသမားဖြစ်၏။

သူ့အနေဖြင့် အသာစီးမှ ရသင့်ပါလျက် တကယ်တမ်းတိုက်ခိုက်သည့်အခါတွင်မူ သူသည် တရှောင်တည်း ရှောင်၊ တပြေးတည်း ပြေးနေရလေ၏။

သူတို့နှစ်ဦးတိုက်ခိုက်သံမှတပါး တောတွင်းမှာ ဘာသံမျှမကြားရချေ။

သဲချောင်းကလေးသည် စီးမြဲ စီးနေသည်။ နေခြည်သည်လည်း လက်မြဲလက်နေပေသည်။ လေသံ၊ ရေသံနှင့်အားယူကြုံးဝါးသံတို့သာ မင်းမူနေ၏။

ခြေစကြာနှင့် မြေသိမ့်တုန်လက်သီးသမားတို့ တွေ့ဆုံပွဲသည် ဖျတ်လတ်သွက်လက်ကြ၏။

တစ်ဦးနှင့်တစ်ဦး တိုက်ကွက်ချင်း မတူသောကြောင့် အရေးကြီးသောတိုက်ပွဲတစ်ခုဖြစ်ကြောင်း နှစ်ဦးစလုံး သိနေကြသည်။

ဟိုက်ချူ၏ခြေစကြာသည် ကျိုရန်၏ပခုံးရိုး ဝစ်ဘက်ကို ဖြုတ်ချလိုက်လေပြီ။

ကျိုရန်၏ညည်းတွားသံတစ်ချက် ခပ်အုပ်အုပ် ထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။

“အား....”

အဖျားခတ်၍ ထိသောကြောင့်သာ လက်ရုံးတစ်ခုလုံးပြုတ်ထွက်မသွားခြင်း ဖြစ်ပေသည်။

ဟိုက်ချူသည် အတင့်ရဲစွာတိုး၍ တိုက်ခိုက်လာ၏။

ကျီရန်က ခန္ဓာကိုယ်အတွင်းမှ အတွင်းအားများကို ပြန်လည်စုစည်းလိုက်သည်။

ထို့နောက် ပထမအကြိမ်ကကဲ့သို့ပင် အကာအကွယ်ကောင်းတစ်ခုကို ရှောင်တိမ်းရင်း ရှာဖွေရလေသည်။

ဟိုက်ချူကမူ ကျီရန်၏အကြံအစည်ကို သတိမမူမိ။ ကျီရန်ခေါ်ရာနောက်သို့ လိုက်သွားသည်။

ကျီရန်သည် သစ်ပင်နောက်သို့ ခုန်ဝင်လိုက်ပြန်သည်။

သည်တစ်ခါမူ ဟိုက်ချူသည် ခုန်ဝင်လိုက်ပါလာခြင်းမရှိဘဲ ငြိမ်သက်နေသည်။ အကြံယူနေပုံရ၏။

ဟိုက်ချူဝင်လိုက်လာခြင်းမရှိသည်မှာ အကြောင်းရှိသည်။

သစ်ပင်ကြီးများ၊ ချုံနွယ်ကြီးများအတွင်းသို့ ရောက်ရှိသွားလျှင် ခြေထောက်ကန်ချက်များသည် အရေးမပါ အရာမရောက်ဖြစ်သွားတတ်သည်။ လွတ်လပ်စွာ ကန်ခွင့်မရဘဲ ဖြစ်တတ်သည်။

မည်သို့ပင်ဖြစ်စေ ဟိုက်ချူငြိမ်နေသည့်အတွက် ကျီရန်အဖို့



[illegible]မှာ သက်သာခွင့်ရသွားသည်။ အနားယူခွင့်ရသွားသည်။

အထူးအရေးကြီးသောအချက်မှာ ဟိုက်ချူအား မည်သို့တိုက်ခိုက်လျှင် ကောင်းမည်ကို ကြိုတင်ပြင်ဆင်ခွင့်ရခြင်းပင်တည်း။

“ဟေ့ကောင်... ကျီရန် ထွက်လာခဲ့လေကွာ၊ သိုင်းသမားလုပ်ပြီး ကြောက်နေသလား”

ဟိုက်ချူက မခံချင်စိတ်ပေါ်အောင် ဆွပေး၏။

ကျီရန်ကမူ လုံးဝထွက်မလာပေ။ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ နောက်ဆုံး၌ ဟိုက်ချူသည်းမခံနိုင်တော့ပေ။

လျှပ်တစ်ပြက် ခုန်ဝင်သွားသည်။ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ငယ်များကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်၏။ ကျီရန် လုံးဝမရှိပေ။

“ဒီကောင် တစ်ခုခုတော့ အကောက်ကြံနေပြီ”

ဟိုက်ချူသည် အနည်းငယ် စိုးရိမ်စိတ်ဝင်သွားသဖြင့် နောက်သို့ခုန်ဆုတ်လိုက်သည်။

ထိုစဉ်မှာပင် မာန်သွင်းသံထွက်ပေါ်လာပြီး သူ့နောက်သို့ ကျီရန်ခုန်ဝင်ကပ်ပါလာသည်ကို ရုတ်တရက် တွေ့ရှိလိုက်ရသည်။

နောက်သို့ခုန်ဆုတ်နေသူတစ်ယောက်သည် သူ့ဆီသို့ ခုန်ဝင်လာသောရန်သူကို မည်သို့မျှ ကန်ကျောက်တိုက်ခိုက်ခြင်းမပြုနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"အား....."

မြေသိမ့်တုန် လက်သီးချက်သည် ဟိုက်ချုံ၏ရင်ကိုပြင်းထန်စွာ ထိုးနှက်လိုက်၏။

ကြည်လင်သောစမ်းချောင်းကလေးသည် ဟိုက်ချုံ၏သွေးတို့ဖြင့် ရဲရဲနီသွား၏။

ကျိုရုန်သည် သဲချောင်းထဲသို့ကျသွားသော ဟိုက်ချုံ၏အသက်မဲ့ခန္ဓာကိုယ်ကို နှစ်နှစ်ခြိုက်ခြိုက်ကြည့်ရင်း ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ဟား"

ကျိုရုန်၏ရယ်သံသည် တတောလုံး ခြိမ့်ခြိမ့်ညံသွား၏။

သို့ရာတွင် ကျိုရုန်၏ဝဲလက်တစ်ဘက်သည်လည်း လှုပ်၍မရတော့ပေ။

ထို့အပြင် သူသည် စီချွမ်းရွာတွင် ဆက်လက်နေထိုင်၍ မဖြစ်ကြောင်း နားလည်လိုက်သည်။

စီချွမ်းရွာအကြီးအကဲသည် သူ့ကို လူသတ်မှုဖြင့် အရေးယူပေတော့မည်။

ထို့ကြောင့် သူသည် စီချွမ်းရွာမှ ထွက်ခွာလာခဲ့ရတော့သည်။

## အခန်း(၂)
## အောင်ပွဲဆင်သောညသည်

ရာသီဥတုသည် အေးအေးမြမြ ရှိ၏။ လေသည် အအေးဓာတ်ကို ပိုမိုလွန်ကဲအောင် အားပေးနေသည်။

သည့်မျှ အေးမြသော တရုတ်ပြည်၏ရာသီဥတုကို အန်တုဆန့်ကျင်နေကြသူများကား ရှမ်အမ်း မြို့သူမြို့သားများတည်း။

ရှမ်အမ်းမြို့တွင် သည်နေ့ပွဲကြီးပွဲကောင်းတစ်ပွဲရှိသည်။

ထိုပွဲသည် ရှမ်အမ်းမြို့၏အတော်ဆုံး သိုင်းသမားနှစ်ဦးဟု ဆိုရမည့် ကွမ်လင်နှင့်လီထင်းတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြမည့်ပွဲပင် ဖြစ်သည်။

ထိုပွဲအတွက် ရှမ်အမ်းမြို့သူမြို့သားများသည် အအေးဒဏ်ကိုသော်မှ ဂရုမစိုက်ဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေကြခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲကို မြို့စားကြီးကိုယ်တိုင် လာရောက်ကြည့်ရှုအားပေးမည်ဖြစ်သောကြောင့် အထူးပြင်ဆင် မွမ်းမံနေကြသည်။

ပြိုင်ပွဲကျင်းပမည့် ကွင်းပြင်၏ပတ်ပတ်လည်တွင် တံခွန်တိုင်များ၊ အလံတိုင်များ အစီအရီ စိုက်ထူထားသဖြင့် တံခွန်များ၊ အလံများသည် လေထဲ၌ တလွင့်လွင့် တလူးလူး မြူးကြွနေ၏။

ပြပွဲသို့ စောစောရောက်ရှိနေသော ပရိသတ်များမှာလည်း မျှော်တော်ဇောနှင့် မောနေကြသည်။

ဤသိုင်းပြိုင်ပွဲသည် ရှမ်အမ်းမြို့တွင် တစ်နှစ်တစ်ကြိမ်ကျင်းပမြဲ ပွဲတော်လည်းဖြစ်သည်။

သည်သိုင်းပြိုင်ပွဲတွင် ရှမ်အမ်းမြို့၏ သိုင်းပညာရှင်များထဲမှ အကောင်းဆုံးသိုင်းသမားနှစ်ဦးကို ထိပ်ဆုံးမှထုတ်၍ ပြိုင်ပွဲကျင်းပလေ့ရှိ၏။

အခြားမြို့များမှ ဧည့်သည်တော်များ၊ သမီးပျိုများနှင့်သိုင်းပညာရှာဖွေဆည်းပူးသူများလည်း လာရောက်ကြည့်ရှုကြသည်။

လူငယ်ပိုင်းကမူ သိုင်းပြိုင်ပွဲသာမက မိန်းမပျိုများ၏အလှကိုပါ ကြည့်ရှုနိုင်သောကြောင့် သောက်စားမူးယစ်လျက် ဤပြကွင်းအတွင်းသို့ အစောဆုံးလာရောက် နေရာယူနိုင်ကြသည်။

ပြိုင်ပွဲကျင်းပရာကွင်းပြင်သည် ရှမ်အမ်းမြို့စွန်ရှိ နေရာအကွက်အကွင်းကောင်းသော မြေညီဒေသတွင် ရှိ၏။



အဝေးမြို့မှလာကြသော သိုင်းပညာရှင်များသည် မြင်းများ၊ မြင်းလှည်းများ၊ မြင်းရထားများကို နေရာတကျဖြစ်အောင် စီစဉ်နေကြသည်။

ဈေးဆိုင်များတွင်လည်း ပြိုင်ပွဲအကြောင်းကိုပင် ထင်ကြေးပေး ပြောဆိုနေကြ၏။

ဝတ်ရုံအဝါကြီးဝတ်ထားသော လူစိမ်းတစ်ဦးက ပြိုင်ပွဲကျင်းပမည့်အချိန်နှင့် ပြိုင်ပွဲဝင်မည့်သူများအကြောင်းကို စပ်စုမေးမြန်းနေ၏။

"မိတ်ဆွေ... ဒီနေ့ပွဲဦးထွက်ပြိုင်မယ့် သိုင်းသမားနှစ်ဦးက ရှမ်အမ်းမြို့ရဲ့ အတော်ဆုံး သိုင်းသမားနှစ်ဦးဆို"

အမေးခံရသူ လူရွယ်က ဝတ်ရုံအဝါဝတ်ဆင်ထားသောလူစိမ်းကို စူးစူးဝါးဝါး ပြန်ကြည့်လိုက်၏။

"ဒီမြို့က မဟုတ်ဘူးထင်တယ်"

သူဟာသူ မှတ်ချက်ချသလိုပိုနှင့်လူရွယ်က ပြန်မေး၏။

"ဟုတ်ပါတယ်... ကျုပ်တို့က ဒီမြို့က မဟုတ်ပါဘူး"

"ဒါကြောင့်မို့ မေးတာကိုး... ဒီမှာမိတ်ဆွေ... ကွမ်လင်လိုသိုင်းသမားမျိုးဟာ ဒီမြို့မှာ တစ်ယောက်တည်းပဲရှိတယ်... အခု ပြိုင်ပွဲဝင်မယ့် လီထင်းကလဲ မနှစ်ကမှ ဒီမြို့ကိုရောက်လာတဲ့သိုင်းသမား၊ ဒါကြောင့် လီထင်းက သူ့ကိုယ်သူ အထင်ကြီးပြီး ပြိုင်ပွဲဝင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော်... သြော်"

ဝတ်ရုံဝါ ဝတ်ထားသောလူစိမ်းက ခနဲ့တဲ့တဲ့ဖြင့် မှတ်ချက်ချ၏။

လူရွယ်သည် လူစိမ်း၏အမူအရာကိုမနှစ်မြို့သော မျက်နှာထားဖြင့် ကြည့်နေသည်။

"ပွဲထမပြီးခင်ရင် စိန်ခေါ်ပွဲရှိတယ်လေ... မိတ်ဆွေလဲ လက်ရည်လေးဘာလေး စမ်းချင်ရင် ဝင်စမ်းပေါ့"

"အိုး... ကျုပ်က လက်ရည်စမ်းဖို့ မလိုပါဘူးဗျာ၊ ပွဲကြည့်ဖို့ သက်သက်လာတဲ့ ဧည့်သည်ပါ"

"ဒါဆိုရင်လဲ အေးအေးဆေးဆေး ပါးစပ်ပိတ်ပြီး ကြည့်ပေါ့ဗျာ၊ ပါးစပ်နှင့်ပြီးကြည့်ရင် အန္တရာယ်ကြီးတယ်ဗျ"

"အဲဒီလိုတော့လဲ ကျုပ်က မကြောက်တတ်ဘူး"

ဝတ်ရုံဝါဝတ်ထားသောလူစိမ်းက ပြောပြောဆိုဆို ပြိုင်ပွဲကျင်းပရာကွင်းပြင်ထဲသို့ ဝင်သွားသောကြောင့် စကားစပြတ်သွားသည်။ လူရွယ်ကစ်ယောက်တည်း မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့သည်။

မကြာမီ ပြိုင်ပွဲကျင်းပရာကွင်းထဲတွင်ရှိသော လူများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ရှမ်အမ်းမြို့စားကြီး ရောက်လာပြီဟူသော ကြေငြာသံကို ကြားလိုက်ရသောကြောင့်တည်း။



ခေါင်းများသည် ပြိုင်ပွဲကျင်းပရာကွင်းပြင်၏အရှေ့ဘက်သို့ လှည့်လို ရောက်သွားကြ၏။

မြင်းရထားတစ်စင်းသည် ကကြိုးတန်သောလှပစွာဖြင့် ပြိုင်ပွဲကျင်းပရာသို့ ဦးတည်မောင်းနှင်လာသည်။

မြင်းရထားပေါ်တွင်လိုက် ပါလာသူများမှာ ရှမ်အမ်းမြို့စားလီဆန်နှင့် ရှမ်အမ်းမြို့စား၏သမီး လီလင်းတို့ဖြစ်သည်။

ထို့အပြင် မြင်းရထားအတွင်း၌ အထူးဧည့်သည်တော်တစ်ဦးသည်း လိုက်ပါလာပေသေးသည်။

ထိုသူကား အခြားမဟုတ်။ လီလင်းနှင့်သဘောတူထားသော ရှမ်အမ်းမြို့စားကြီး၏သမက်လောင်း လန်ဆန်မြို့စား၊ ကျိုဝှမ်ပင်ဖြစ်တော့သည်။

ကျိုဝှမ်သည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သောကြောင့် နုနယ်လှပသောလီလင်းနှင့်လုံးဝလိုက်ဖက် တင့်တယ်ခြင်းမရှိပေ။

မြင်ရသူများအဖို့ ရင်ထဲ၌ မသက်သာဖွယ်ရာပင် ဖြစ်တော့သည်။

လီလင်းသည် မိမိကိုယ်တိုင်က ကျိုဝှမ်ကို ချစ်ခင်နှစ်သက်ခြင်းမရှိသော်လည်း ဖခင်မြို့စားကြီး၏စိတ်သဘောကို လိုက်လျောသော ကျိုဝှမ်နှင့်ပြေလည်အောင် ဆက်ဆံနေရ၏။

ကျိုဝှမ်သည်ကား လီလင်းကဲ့သို့နုနယ်လှပသောမိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



လေးကို အဘယ်မှာ ချစ်ခင်နှစ်သက်ခြင်းမရှိဘဲ ရှိပါမည်နည်း။

လီလင်း၏လှပမှုသည် ရှမ်းအမ်းတစ်မြို့လုံး၌ ကျော်ကြား၏။

လီလင်း၏အလှ၊ လီလင်း၏ချောမော ယဉ်ကျေးမှုကို ရှမ်းအမ်းမြို့ရှိ စာဆိုများက အမျိုးမျိုးရေးသားဖွဲ့ဆိုကြသည်။

လီလင်းသည် နတ်ဘုရား၏ သမီးတော်ဖြစ်သည်ဟူ၍လည်းကောင်း၊ လီလင်းသည် ဤမြေကမ္ဘာ၌ အလှဆုံးနတ်သမီး၏ ကိုယ်ပွားတစ်ခုဖြစ်သည်ဟူ၍လည်းကောင်း ထင်မှတ်ဖွဲ့ဆိုကြသည်။

ရှမ်းအမ်းမြို့သူမြို့သားများသည် လီလင်းနှင့်သက်ကြားသည့် ကျို့ဝှမ်တို့အား သဘောမတူကြပေ။

သို့သော်လည်း ရှမ်းအမ်းမြို့စား ကြီးကို ကြောက်ရွံ့ရသောကြောင့် မည်သို့မျှ မဝေဖန်ရဲကြပေ။

လီလင်းပါလာသည့်မြင်းရထားကို ပရိသတ်ကြားထဲမှ စိုက်ကြည့်နေသူတစ်ဦးရှိသည်။ ထိုသူကို လီလင်း မျက်လုံးချင်းဆိုင်မိသွားသည်။

လီလင်း၏နှလုံးသားများသည် အလိုလို ဖိုလှိုက်သွားကြသည်။

အသက်ကိုပင် မှန်အောင် ရှူနိုင်ဖို့ မနည်းကြိုးစားလိုက်ရသည်။



မျက်လုံးချင်းဆိုင်မိသူကလည်း လီလင်းကဲ့သို့ပင် ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ထိုသူကား ဝတ်ရုံအဝါကြီးကို ဝတ်ဆင်ထားသော လူစိမ်းညှိသည့်ပင်တည်း။

လီလင်းတို့မြင်းရထားသည် ပြိုင်ပွဲကျင်းပရာ ကွင်းပြင်ရှေ့တွင် ညင်ညင်သာသာ ထိုးရပ်လိုက်၏။

လှည်းပေါ်မှ ရှေးဦးစွာ ဆင်းလာသူမှာ ရှမ်းအမ်းမြို့စားကြီး ကန်လီဆန်ဖြစ်သည်။

ကန်လီဆန်၏ နောက်မှ မြို့စားကြီးကျို့ဝှမ် ဆင်းလာသည်။

ကျို့ဝှမ်သည် မြင်းရထားပေါ်မှဆင်းပြီးနောက် လီလင်းကို လက်တစ်ဖက် ကမ်းပေးလိုက်သည်။

လီလင်းက ကျို့ဝှမ်၏လက်ကိုမမြင်ချင်ယောင်ဆောင်၍ သူမဘာသာ မြင်းရထားထက်မှ ဆင်းလိုက်သည်။

အထူးဆောက်လုပ်ထားသော ပြိုင်ပွဲကွင်းပြင်ရှေ့မှ ပွဲကြည့်စင်ပေါ်သို့ လီလင်းတက်သွားသည်အထိ ဝတ်ရုံအဝါကြီးဝတ်ဆင်ထားသော လူစိမ်းက မျက်လုံးလွှဲဖယ်ခြင်းမပြုဘဲ ကြည့်ရှုနေ၏။

ဤပွဲကြည့်စင်မှာ မြို့စားကြီးနှင့်အထူး ဧည့်သည်တော်များအတွက် သီးသန့်ဆောက်လုပ်ထားသောပွဲကြည့်စင်ပင်ဖြစ်၏။

ဖွဖွရွရွလှမ်းတက်သွားသော လီလင်း၏ခြေထောက်က

www.burmeseclassic.com

www.burmeseclassic.com



လေးများသည် လှပသေးသွယ်နေ၏။

ထိုမှတစ်ဆင့် ပြည့်ဖြိုးတောင့်တင်းသောပေါင်တံနှင့် သွယ်လျသေးကျဉ်သောခါး၊ ကျစ်လျစ်သော ကိုယ်အထက်ပိုင်းတို့ကို လူစိမ်းသည် စွဲလန်းနှစ်သက်နေမိလေ၏။

လီလင်းသည် ပွဲခင်းထဲသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ရာ ဝတ်ရုံအဝါဝတ်ဆင်ထားသောလူစိမ်းနှင့် မျက်လုံးချင်းဆုံမိပြန်လေသည်။

ပွဲစချိန် နီးလေပြီ။ ပွဲခင်းတွင်းသို့ လူများ ပြည့်ကျပ်ရောက်ရှိလာ၏။

ပြိုင်ပွဲကျင်းပသည့် မြေကွက်လပ်နှင့်အနီးဆုံးနေရာတွင် ဝတ်ရုံအဝါဝတ်ဆင်ထားသည့်လူစိမ်းက နေရာယူသည်။

ထိုနေရာကား တန်ဖိုးကြီးပေးရသော နေရာတည်း။

ပြိုင်ပွဲကွင်းထဲတွင် မြို့စားကြီးနှင့် အထူးဧည့်သည်တော်များတို့နေရာယူပြီးသောအခါ ပွဲကြီးကြပ်သူများက ပြိုင်ပွဲစရန် အချက်ပေးလိုက်တော့သည်။

ပြိုင်ပွဲစင်မြင့်ပေါ်သို့ တက်လာသူများမှာ ကွမ်လင်နှင့်လီထင်းတို့ မဟုတ်ကြပေ။ ကွမ်လင်၏တပည့်များသာ ဖြစ်ကြသည်။

ကွမ်လင်သည် ရှမ်အမ်းမြို့စားကြီး၏တပည့်သားမြေးဖြစ်သည်။



ထို့ကြောင့် ကွမ်လင်သည် ရှမ်အမ်းမြို့၌ အထူးအရေးပေးခံရခြင်း ဖြစ်သည်။

ယခုကွမ်လင်၏တပည့်များ သိုင်းရေးပြရန် စင်မြင့်ပေါ်သို့ တက်လာကြလေပြီ။

သူတို့သည် အဖွဲ့သားအချင်းချင်း သရုပ်ပြကစားပြီးနောက် ကွမ်လင်၏တပည့်ကြီးတစ်ဦးက ကွမ်လင်နောက်ဆုံးတီထွင်သည့် တော့သိုင်းကွက်ကို ကစားပြသည်။

သိုင်းကွက်၏နာမည်ကပင် သိုင်းကွက်၏သဘောတရားကို ဖော်ပြထားလျက် ရှိပေပြီ။ ကွမ်လင်၏တပည့်က ပထမပိုင်းတွင် အနေးကစားပြ၏။

ထို့ကြောင့် ဝဲကတော့ \ သဘောတရားရှိကြောင်းကို လူပြိန်းများကပင် သဘောပေါက်ထားကြလေပြီ။

ကြည့်ပါ။ သရုပ်ပြသူသည် ညာခြေသို့မဟုတ် ဘယ်ခြေကို ထောက်လျက် သူ့ခန္ဓာကိုယ်ကို အချက်ကျကျ လှည့်ပတ်သည်။

ထိုသို့လှည့်ပတ်နေစဉ် အတွင်းမှာပင် သူ၏ဘယ်လက်နှင့် ညာလက်များက ခုခံတိုက်ခိုက်ဟန်တို့ကို ဖော်ထုတ်သွား၏။

ထို့နောက် ထိုသိုင်းကွက်ကိုပင် အမြန်နှုန်းနှင့်ကစားပြ၏။

ထိုအခါ ပွဲကြည့်ပရိသတ်တို့မှာ မျက်လုံးများ ချာချာလည်မတတ် မူးနောက်သွားကြရ၏။ သရုပ်ပြကစားသူက လျှင်မြန်လှသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုး။

ထိုအချိန်တွင် ကွမ်လင်၏အခြားတပည့်များက သရုပ်ပြက

စားနေသူထံသို့ ဝါးချောင်းများ ပစ်ထည့်တော့သည်။

ဖြည်းဖြည်းချင်း ပစ်ထည့်ခြင်းမဟုတ်။ တရကြမ်း ပစ်ခတ်

ကြခြင်းဖြစ်သည်။

သို့သော်....

"ဖြောင်း... ဖြောင်း... ဂွမ်း" —

"ဝဲကတော့ သိုင်းပညာစွမ်းပြသူက ဝါးလုံးပိုင်းများ သ

ချောင်းများကို ချိုးပစ်လိုက်သည်" အဝေးသို့လွင့်လာသောအခါ

ပိုင်းပိုင်း အစစဖြစ်နေကြလေ ၏

"ဟာ...."

"အို...."

ပွဲကြည့်ပရိသတ်၏တခဲနက် အံ့သြသံများ ထွက်ပေါ်လ

၏။

"တော်တော် ပြင်းထန်မာကျောတဲ့တိုက်ကွက်မျိုးပဲဟေ့"

"ဒီအတိုင်းဆို လီထင်းရှုံးဖို့ သေချာနေပြီပေါ့"

ပရိသတ်များက ကွမ်လင်၏တပည့်များကို အထင်ကြ

သွားကြလေသည်။

တပည့်များပင် ဤမျှ အစွမ်းထက်နေသည်ဆိုပါက ကွ



င်၏သိုင်းပညာကို ခန့်မှန်းနိုင်ပေပြီ။

ကွမ်လင်၏တပည့်များက ဝဲကတော့သိုင်း၏စွမ်းပကားကို

ပြသပြီးသောအခါ လီထင်း၏တပည့်များက ပညာစွမ်းပြရန် ပြိုင်ပွဲ

ကွင်းပြင်အတွင်းသို့ ဝင်ရောက်လာကြသည်။

လီထင်း၏တပည့်များသည် မည်သည့်လက်နက်မျှ မပါမ

ပါသော်လည်း ကြည့်လိုက်သည်နှင့်ပင် ကြောက်စရာကောင်းသော

အသွင်ကို ဆောင်နေကြသည်။

လီထင်း၏တပည့်များ ပြသည့်သိုင်းကွက်မှာ မိုးသက်လေ

ပြင်းသိုင်းကွက်ဟု အမည်တွင်သည်။

ထိုသိုင်းကွက်မှာလည်း အမည်နှင့်လျော်ညီစွာ ပြင်းထန်လှ

သည်။

မိုးသက်လေပြင်းတိုက်ခတ်သကဲ့သို့ တစ်ရှိန်ထိုး တစ်ဟုန်

ထိုး တိုက်ခိုက်ခြင်းဖြစ်၍ ထိုသိုင်းကွက်မှာ သူသေကိုယ်သေ တိုက်

ကွက်မျိုး ဖြစ်နေ၏။

တစ်ယောက်က သိုင်းကွက်ထုတ်နေခိုက် အခြားတစ်

ယောက်က လျှပ်တစ်ပြက် ဝင်တိုက်သည်။

အတိုက်ခံရသူက မိုးသက် လေပြင်းသိုင်းကွက်၏ ပြင်းထန်

ဖြစ်သည့် ခေါင်း၊ လက်၊ ခြေတို့ဖြင့် တရကြမ်း ပြန်လည်တိုက်

ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက် ဝင်တိုက်သူမှာ ပြန်လည်လွင့်စဉ်ထွက်လာသည်။

ဘေးမှအပေါင်းအသင်းများက ဝင်ရောက်ဖေးမထိန်းသိမ်းပေးလိုက်၍သာ တော်တော့သည်။

ထိန်းသိမ်းပေးခြင်းမပြုပါက ထိုသူသည် စင်မြင့်ပေါ်မှလွင့်စဉ်သွားမည်မှာ သေချာလှပေသည်။

ပွဲကြည့်ပရိသတ်၏တအံ့တသြ လက်ခုပ်သံများ ထွက်ပေါ်လာပြန်သည်။

လီထင်း၏ တိုက်ကွက်သည်လည်း အထင်သေး၍မ[illegible]ကြောင်း ခန့်မှန်းမိကြသည်။

သို့နှင့်ပြိုင်ပွဲစတင်ရန် အချိန်ရောက်ရှိလာသည်။

ဝတ်ရုံအဝါကြီးကိုဝတ်ဆင်ထားသော လူစီမ်းသည် ကျ[illegible]ရစွာ ကြည့်ရှုအကဲခတ်နေ၏။

အံ့သြဟန်လည်းမပြ သြဘာပေးခြင်းလည်း မရှိပေ။ တစ်ချက်တစ်ချက်သာ လီလင်းတို့ထိုင်နေသော အထူးပွဲကြည့်စင်ဘက်သို့ မျက်လုံးဝေ့ကြည့်တတ်သည်။

ကွမ်လင်သည် တပည့်နှစ်ဦးခြံရံလျက် ပြိုင်ပွဲကွင်းထဲသို့ ခ[illegible]ညားစွာ ရောက်ရှိလာ၏။

သူ့ဝတ်ရုံအပြာကြီးကို ချွတ်လိုက်သောအခါမှ အတွင်း[illegible]



ကြွက်သားမြောင်းကြီးများ ထနေသောလက်မောင်း သားကြီးများ ပေါ်လာသည်။

ဘီလူးတစ်ကောင်ကဲ့သို့ သန်မာထွားကျိုင်းလှပေသည်။

ပြိုင်ပွဲကြီးကြပ်သူက အချက်ပေးလိုက်သောကြောင့် ကွမ်လင်နှင့်ယှဉ်ပြိုင်တိုက်ခိုက်မည့် လီထင်းရောက်ရှိလာသည်။

တပည့်များက လီထင်း၏အစိမ်းရောင်ဝတ်ရုံကြီးကို ချွတ်ခွာချလိုက်သည်။ ပရိသတ်များ အံ့သြသွား၏။

အဘယ်ကြောင့်ဆိုသော် လီထင်း၏ကိုယ်လုံးကိုယ်ထည်သည် ကွမ်လင်ထက်ပင် ကြီးမားနေကြောင်း အံ့သြစွာ တွေ့မြင်လိုက်ကြရသောကြောင့် ဖြစ်၏။

ကွမ်လင်နှင့်လီထင်းတို့သည် စင်မြင့်ပေါ်တွင် တစ်ဘက်တစ်ချက် ခန့်ညားစွာ နေရာယူလိုက်ကြသည်။

ရှမ်အမ်းမြို့၏ ရိုးရာယဉ်ကျေး၍ ထုံးစံအတိုင်း ကွမ်လင်နှင့်လီထင်းတို့နှစ်ဦးလုံး မြို့စားကြီး ကန်လီဆန်ရှိရာသို့ မျက်နှာလှည့်၍ ဦးညွှတ်အရိုအသေပြုလိုက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်သိုင်းသမားနှစ်ဦးသည် ယှဉ်ပြိုင်တိုက်ခိုက်ရန် မျက်နှာချင်း ဆိုင်လိုက်ကြလေသည်။

လီထင်းက သားကောင်ကိုဖမ်းဆီးတော့မည့် ကျားသစ်တစ်ကောင်ကဲ့သို့ မာန်အပြည့်ရှိနေသည်။ မျက်လုံးများက ကွမ်လင်

www.burmeseclassic.com

www.burmeseclassic.com



ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

ကွမ်လင်၏လှုပ်ရှားမှုမှန်သမျှကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။

ထို့အတူပင် ကွမ်လင်ကလည်း လီထင်း၏စတင်လှုပ်ရှားမှုကို အကဲခတ်နေ၏။

ထို့နောက် ကွမ်လင်သည် ဝဲကတော့သိုင်းကွက်ကို စတင်အသုံးပြုလေတော့သည်။

ကွမ်လင်၏ဝဲကတော့မှာ အမိမခံရအောင် လီထင်းကြိုးစားနေရသည်။ ဝဲကတော့၏အရှိန်ကို လီထင်းသတ်နိုင်ဖို့ လိုသည်။

ထို့ကြောင့် ဝဲကတော့တိုက်ကွက်၏အားနည်းချက်ကို လီထင်းက ကြိုးစားကြည့်ရှုရင်း ရှောင်တိမ်းနေ၏။

"မလွယ်ပါဘူး... ဝဲကတော့ တိုက်ကွက်နဲ့တွေ့ရင် လီထင်း ရှုံးမှာပါ"

ကွမ်လင်ကိုအားပေးသောပရိသတ်တစ်ဦးက မှတ်ချက်ချ၏။

ပြိုင်ပွဲကြည့်ရှုသူအားလုံးက မျက်တောင်မခတ်တမ်း စိတ်ဝင်စားနေကြပေသည်။

လီထင်းသည် ဝဲကတော့တိုက်ကွက်တွင် မိသွားပါက အရိုးတခြား အသားတခြားစီ ဖြစ်သွားနိုင်ပေသည်။



ရှမ်အမ်းမြို့စားကြီးသည် သာ၏တပည့်ဖြစ်သူ ကွမ်လင်၏ တိုက်ကွက်ကိုအားရလှသဖြင့် သဘောကျစွာ ပြုံးပြုံးကြီး ကြည့်ရှုနေပေသည်။

လန်ဆန်မြို့စား ကျိုဂမ်က ပြိုင်ပွဲ၌ နစ်မျောနေသော လီထင်းကို တစိမ့်စိမ့်ကြည့်မဝ ဖြစ်နေ၏။

လီလင်းကမူ ဝတ်ရုံအဝါဝတ်ထားသော ပွဲခင်းတွင်းမှ လူစိမ်းထံသို့ မျက်လုံးဝေ့ကာကြည့်လိုက်၊ ပြိုင်ပွဲကိုကြည့်လိုက် ဖြစ်နေပေသည်။

ထိုစဉ် လီထင်းသည် သူ၏မိုးသက်လေပြင်း တိုက်ကွက်ကို အသုံးပြုလျက် ကွမ်လင်ရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေ၏။

"ဝုန်း...."

ကွမ်လင် လွင့်စဉ်ထွက်သွား၏။ ကွမ်လင်သည် မိုးသက်လေပြင်းတိုက်ကွက်ကို ထိပ်တိုက်မခုခံပေ။

လီထင်း၏တိုက်ကွက်အတိုင်း မျှော၍လိုက်သွားခြင်းဖြစ်ပေသည်။

ထို့ကြောင့် အမြားအမြင်တွင် လွင့်စဉ်ပါသွားသကဲ့သို့ ထင်မှတ်နေကြရသည်။

"ဟာ...."

"ကွမ်လင် သွားပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်က မှတ်ချက်ချ၏။

"ဘယ်မှာသွားလို့လဲ... ဟိုမှာ ပြန်ထလာပြီ"

ပရိသတ်တစ်ဦးက ဟစ်အော်လိုက်၏။ မှန်သည်။ ကွမ်လင်သည် ကိုယ်ကိုဖော့ကာ ပြန်ခုန်ထလိုက်၏။

လီထင်းကို ရှိုးရိုးဝဲကတော့သိုင်းကွက်ကိုအသုံးပြု၍ မရတော့ကြောင်း ကွမ်လင်နားလည်သွားသည်။

ကွမ်လင်သည် ရှိုးရိုးဝဲကတော့တိုက်ကွက်ကို မသုံးတော့ဘဲ ဘယ်တစ်လှည့် ညာတစ်လှည့် လှည့်ပတ်တိုက်ခိုက်သည့် ဝဲကတော့တိုက်ကွက်ကို သုံးလာသည်။

သို့မှသာ လီထင်း မျက်စိလည်သွားပေလိမ့်မည်။ မကြာမီ နှစ်ဦးသား ရင်ဆိုင်တိုးကြတော့၏။

"ဖုန်း... အုံး..."

လီထင်း မြေပြင်ပေါ်သို့လဲကျသွား၏။ ညာဘက်ဝဲကတော့ကိုဖျက်ရန် တစ်ဟုန်ထိုး ဝင်လိုက်စဉ် ကွမ်လင်က ဘယ်ဘက်သို့ ဝဲကတော့ပြောင်း၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အရှိန်နှင့်လွင့်စဉ်ထွက်လာသော လီထင်း၏မျက်နှာနှင့် ရင်ဘတ်တို့တွင် သွေးချင်းချင်း ရဲရဲနီသွားသည်။

ပြိုင်ပွဲကြီးကြပ်သူ လူကြီးများ ရောက်လာသည်။ လီထင်းကို ဆွဲထူလိုက်သည်။



လီထင်း မဟာန်နိုင်တော့။ ပျော့ခွေနေချေပြီ။ လီထင်းဆက်လက်၍ ပြိုင်ပွဲဝင်နိုင်တော့မည်မဟုတ်ကြောင်း ကြေငြာလိုက်သည်။

"ကွမ်လင်... ကွမ်လင်"

"ကွမ်လင်ကို ဘယ်သူတိုက်ခိုက်လို့ရမှာလဲ"

ပရိသတ်၏တခဲနက်သြဘာပေးသံများ ဆူညံလာသည်။

ပြိုင်ပွဲကြီးကြပ်သူလူကြီးများက ကွမ်လင်အနိုင်ရသူဖြစ်ကြောင်း လှည့်ပတ်အော်ဟစ်ပြောဆိုလိုက်သည်။

ကွမ်လင်သည် ပြိုင်းပွဲကျင်းပရာစင်ပေါ်၌ ခုန်ပေါက်နေ၏။

သူ၏မျက်နှာတွင် စိတ်တက်ကြွမှုများ၊ အားရကျေနပ်မှုများ ပြည့်လျှမ်းနေပေသည်။

လီထင်း၏တပည့်များက လီထင်းကိုလာရောက် ထမ်းခေါ်သွားကြသည်။

"ကောင်းတယ်... မလောက်လေး မလောက်စားနဲ့ ကွမ်လင်ကို ယှဉ်ချင်တဲ့ကောင်"

ပရိသတ်တစ်ဦးက ထောပနာပြုလိုက်သည်။

ကွမ်လင်က မကျေနပ်သေး။ လီထင်းကို တိုက်ကွက်နှစ်ကွက်တည်းဖြင့် အနိုင်ယူလိုက်ရသောကြောင့် အားမရို အားမရဖြစ်နေသည်။

ထို့ကြောင့် ပရိသတ်ကို မျက်နှာချင်းဆိုင် စိန်ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရင်ဆိုင်ရဲတဲ့သူရှိရင် ထွက်ခဲ့... ယောကျ်ားပီသတဲ့လူ ရှိရင် ထွက်ခဲ့"

ကွမ်လင်က မခံချင်အောင် စော်ကားလျက် စိန်ခေါ်နေသည်။ ပရိသတ်ထဲမှ ကြောက်တတ်သူများက ခေါင်းငုံ့ထားလိုက်ကြသည်။

"သွေးမရှိကြတော့ဘူးလား... ငါ့ကို ဘယ်သူမှမတိုက်ရဲကြတော့ဘူးလား... သတ္တိနည်းတဲ့ကောင်တွေ"

ပရိသတ်က တုတ်တုတ်မျှ မလှုပ်။ ရင်မဆိုင်ရဲသူများကို တွေ့မြင်နေရလေ ကွမ်လင်၏မာနသည် ပိုမိုထောင်လွှားလာလေဖြစ်လာသည်။

ကွမ်လင်သည် စင်မြင့်နှင့်အနီးဆုံးနေရာမှလူများကို စေ့စေ့ကြည့်၍ စိန်ခေါ်နေပြန်သည်။

သည်တွင် ဝတ်ရုံအဝါရောင်ကိုဝတ်ဆင်ထားသော လူစိမ်းနှင့် ကွမ်လင်တို့ မျက်နှာချင်းဆိုင်မိကြလေ၏။

ကွမ်လင်၏အကြည့်ကို မတုန်မလှုပ် စူးစူးရဲရဲပြန်ကြည့်နေသော ဝတ်ရုံအဝါနှင့်လူစိမ်းကို ပရိသတ်အားလုံးက အံ့သြစွာ ဝိုင်းဝန်းကြည့်နေကြသည်။

လီလင်းသည်လည်း ဝတ်ရုံဝတ်ဆင်သည့်လူစိမ်းကို အလွန်



စိတ်ဝင်စားနေသည်။

သူမသည် ကွမ်လင်၏မောက်ကြွားကြွားအမူအရာကို အမြင်ကပ်သည်။

စော်ကားခံနေရသည့်ပရိသတ်များကိုယ်စား ဒေါသ ခွက်သည်။

ထို့ကြောင့် ဝတ်ရုံဝတ်ဝတ်ဆင်သည့်လူ...အား ရှန်းလုံတောက်ပသောမျက်လုံးကလေးများဖြင့် စူးစိုက်ကြည့်နေခြင်းဖြစ်သည်။

ကွမ်လင်သည် စင်မြင့်၏အစွန်းသို့လျှောက်...၏။ လူစိမ်းနှင့်အနီးကပ်ဆုံးနေရာသို့ လျှောက်လာခြင်းဖြစ်သည်

"ထွီ..."

"ဟာ..."

လူအားလုံး အံ့အားသင့်သွားကြ၏။ ထိတ်လန့်သွားကြ၏။ အဘယ့်ကြောင့်ဆိုသော် ကွမ်လင်က လူစိမ်းအား တံတွေးဖြင့် လှမ်းထွေးလိုက်သောကြောင့်ပေတည်း။

တံတွေးများသည် လူစိမ်း၏မျက်နှာပေါ်သို့မကျဘဲ ပခုံးပေါ်သို့ ကျသွား၏။

"ဘာလဲ... မင်းက ဘာကောင်လဲ၊ ငါ့ကို ဘယ်သူမှပမာမခန့် ကြည့်ရဲဘူး... မင်းက ပမာမခန့်နဲ့ သေချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်လင်က ခေါသတကြီး ဟစ်အော်မေးမြန်းလိုက်၏။

ကွမ်လင်၏အသံက ကျားဟိန်းသံနှင့်ပင်တူနေ၏။ ဝတ်ရုံဝါဝတ်ဆင်သည့်လူစိမ်းသည် ထိုင်ရာမှထလာ၏။

"ကိုယ့်လူ ကျုပ်ကို ပြန်တောင်းပန်ပေတော့"

ဝတ်ရုံအဝါရောင်ကိုဝတ်ဆင်ထားသောလူစိမ်းက တည်ကြည်ခန့်ညားသောလေသံဖြင့် ပြော၏။

"အောင်မာ... မင်းက ဘာကောင်မို့လို့ ငါက တောင်းပန်ရမှာလဲ၊ မင်း သတ္တိရှိရင် စင်ပေါ်ကိုတက်ခဲ့"

"ခက်တော့တာပဲ... ကျုပ် လူမသတ်ချင်ဘူးဗျာ၊ ဒါကြောင့်ခင်ဗျားကို တောင်းပန်ခိုင်းနေတာ"

ပြိုင်ပွဲကြီးကြစ်သူများက သူတို့နှစ်ဦး၏အနီးနားသို့ ရောက်လာကြသည်။

ရှမ်အမ်းမြို့စားကြီးက သူ့တပည့်ကို အန်တုသူကို လှမ်းကြည့်အကဲခတ်နေ၏။

လီလင်း၏အကြည့်နှင့် လူစိမ်း၏အကြည့်တို့ ဆုံမိသွားကြသည်။

လူစိမ်းသည် လီလင်း၏မျက်ဝန်းထဲမှ အဓိပ္ပာယ်များကို ကောင်းစွာ ဖမ်းယူမိသည်။

သူ့ကိုစော်ကားထားသဖြင့် လက်စားချေရန် စိတ်ကူးထား



နေသည့်ကြားထဲ လီလင်းထံမှ အားပေးသည့်အကြည့်များကို မြင်တွေ့လိုက်ရသောအခါ ကွမ်လင်အား တိုက်ခိုက်ရန် ပို၍ သေချာသွားသေတော့၏။

လူစိမ်းသည် တဖြည်းဖြည်း ရှေ့သို့လျှောက်ထွက်လာ၏။ လူစိမ်းထွက်လာသဖြင့် ပြိုင်ပွဲကြီးကြစ်သူများသည် လူစိမ်းအနီးသို့ ချဉ်းကပ်လာ၏။

"မောင်ရင် နေပါဦး... မောင်ရင် ပြိုင်မလို့လား"

"ကျုပ်ကို ဒီလောက်တောင် စော်ကားထားတဲ့ဥစ္စာ၊ ကျုပ်က ငြိမ်ခံနေရမှာလား... ဒီလူဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ"

"ထွီ... ရာရာစစ၊ မင်းလိုကောင်ကများ ငါ့ကိုပြောရတယ်ရှိသေးသလား၊ ဘယ်က ခွေးလေကြမ်းပိုးလဲကွ"

ကွမ်လင်သည် ပြိုင်ပွဲကြီးကြစ်သူများနှင့်စကားပြောနေသည့်လူစိမ်းအား စကားဖြင့် ထပ်မံစော်ကားလိုက်ပြန်၏။

လူစိမ်းသည် သူ၏ဝတ်ရုံအဝါကြီးကို ချွတ်ချလိုက်ပြီး စင်မြင့်ပေါ်သို့ ခုန်တက်လိုက်၏။

သူ၏ခန္ဓာကိုယ်မှာ ကွမ်လင်ကဲ့သို့ကြီးမား ထွားကျိုင်းခြင်းမရှိပေ။

သို့သော် သူ့မျက်လုံးများကမူ ရက်ရက်စက်စက်ပြုလုပ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဝန်မလေးသည့် အရိပ်အရောင်များကို ဖော်ပြနေ၏။

လီလင်းသည် လူစိမ်း၏ဟန်အမူအရာကို အကဲခတ်နေ၏။

ထိမထင်သည့် ဟန်အမူအရာ၊ ရဲရင့်သည့်အပြုအမူတို့က လူစိမ်းသည် သဘာရင့်၊ ပညာရင့်သိုင်းသမားတစ်ဦးဖြစ်ကြောင်းကို ဖော်ပြနေသည်ဟု လီလင်းယူဆသည်။

လီလင်းသည် ဖခင်မြို့စားကြီး၏ စိတ်ချမ်းသာမှုကို လိုက်လျောရန် အချစ်ကို အဆုံးရှုံးခံထားရသူလေးဖြစ်သည်။

ယခုအရွယ်အထိ သူမရင်ထဲမှ ထွက်ပေါ်လာသော အချစ်စစ်အချစ်မှန်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတပ်မက်ဖူးသေး။

ဝတ်ရုံအဝါဝတ်ထားသောလူစိမ်းကို စတင်တွေ့ရှိသည့်အချိန်သည် လီလင်း၏ပထမဆုံး ရင်ခုန်ခြင်းပင်ဖြစ်၏။

လီလင်းသည် ဝတ်ရုံအဝါဝတ်ထားသောလူစိမ်း နိုင်ပါစေဟု စိတ်တွင်းမှ ကျိတ်ပြီး ဆုတောင်းနေပေသည်။

ပွဲကြည့်ပရိသတ်သည် မမျှော်လင့်သောတိုက်ပွဲတစ်ပွဲကို ထပ်မံကြည့်ရှုရတော့မည်ဖြစ်သဖြင့် လက်ခုပ်သြဘာသံများ ဆူဆူညံညံဖြစ်နေ၏။

“ကွမ်လင်ရဲ့သိုင်းပညာက မြင့်သားနဲ့များ ဒီကောင်မို့လို့ မိုက်တယ်”

ပရိသတ်တစ်ဦးက ထင်ကြေးပေး၏။

“ဟာ... ဒါကတော့ သူကိုယ်သူ ယုံကြည်စိတ်ချလို့ဖြစ်မှာပေါ့”

လူစိမ်း၏ခန္ဓာကိုယ်ကိုကြည့်လျက် ပရိသတ်တစ်ဦးက ဝေဖန်ချက်ပေးလေသည်။

လူစိမ်းသည် လီလင်းထိုင်နေရာဘက်သို့ လျှင်မြန်စွာ တစ်ချက်ကြည့်လိုက်၏။

ပြုံးပြုံးကလေးပြန်ကြည့်နေသော လီလင်းကို တွေ့လိုက်ရသည်။

ပြိုင်ပွဲကြီးကြပ်သူများက သိုင်းပြိုင်ပွဲစပြီဖြစ်ကြောင်းကို ကြေငြာလိုက်သည်။

ကွမ်လင်က အထင်သေးစွာ တစ်လှမ်းချင်းလျှောက်လာသည်။

နှစ်ဦးသားမျက်နှာချင်းဆိုင်မိကြသောအခါ ပြိုင်ပွဲကြီးကြပ်သူများက မြို့စားကြီးနှင့်ဧည့်သည်တော်များအား အရိုအသေပြုရန် သတိပေးလိုက်သောကြောင့် အရိုအသေ ပြုလိုက်ရလေသည်။

အရိုအသေပြုပြီးသည်နှင့် ကွမ်လင်က စတင်တိုက်ခိုက်သည်။

လူစိမ်းက ကွမ်းလင်၏တိုက်ကွက်များကို အေးဆေးစွာ ရှောင်သည်။

www.burmeseclassic.com



ကွမ်လင်သည် လူစိမ်းအား အထင်သေးထားသူဖြစ်ရာ သူ့အစိက အားကိုးသောသိုင်းကွက်များကို မသုံးသေးဘဲ သာမန်ရန်သူများကိုတိုက်ခိုက်ရာတွင် အသုံးပြုသောသိုင်းကွက်များကိုသာ သုံးသည်။

ထိုသိုင်းကွက်များကို လူစိမ်းက လုံးဝဂရုမစိုက်ပေ။ ဤသို့ဖြင့် အကွက်ငါးဆယ်ကျော်သွားသည်။

စောစောက ကွမ်လင်၏စော်ကားမှုကို မကျေနပ်သောညွှေ့ပရိသတ်များက လူစိမ်းအား တခဲနက် အားပေးကြ၏။

အချို့ကမူ ရှမ်အမ်းမြို့သားဟူသောသံယောဇဉ်ဖြင့် ကွမ်လင်ကို အားပေးမြဲ အားပေးကြ၏။

နောက်ဆုံး ကွမ်လင်သည် ဝဲကတော့သိုင်းကွက်ကို အသုံးပြုလာရပြန်သည်။

လူစိမ်းက လီထင်းကဲ့သို့မိုက်မဲစွာ မတိုက်ခိုက်သောကြောင့် ကွမ်လင်အငိုက်ဖမ်း၍မရ ဖြစ်နေ၏။ ကွမ်လင်သည် တိုက်ကွက်သုံးစရာမရှိ ဖြစ်နေသည်။

လူစိမ်းက ကွမ်လင်၏တိုက်ကွက်များကိုသာ တစ်ကွက်ပြီးတစ်ကွက် လိုက်ဖျက်နေ၏။ ကွမ်လင့်တိုက်ကွက်ဆင်၍ မရတော့နဖူးမှ ချွေးစေးများ ပြန်လာသည်။ နားများ အူလာသည်။

လူစိမ်းသည် ညာလက်သီးတစ်လုံးကို ကွမ်လင့်ရှိရာသို့ ပစ်သွင်းလိုက်သည်။



ကွမ်လင် အရှောင်မြန်၍ လက်သီးသည် နားထင်နားမှ ဖြတ်သွား၏။

ထိုလက်သီး၏အရှိန်သည် ကွမ်လင်ကို ခေါင်းနားပန်းကြီးသွားစေသည်။

“မင်း… မင်း… မြေသိမ့်တုန် လက်သီးသမားလား”

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကွမ်လင်က မေးသည်။ လူစိမ်းက ဘာမျှပြန်မဖြေဘဲ သရော်ပြုံး ပြုံးလိုက်သည်။

ကွမ်လင်သည် နောက်ဆုံးတိုက်ကွက်ဖြစ်သော ဝဲကတော့သိုင်းကွက်ကို အသုံးပြုသည်။

ဘယ်ခြေ ညာခြေပြောင်းလျက် လေထဲတွင် ဝေ့ဝဲကာ တိုက်ခိုက်၏။

လူစိမ်းက ကွမ်လင်၏ဝဲကတော့ကိုမရှောင်ဘဲ ‘လက်သီးခေါင်းပြန်’တိုက်ကွက်ဖြင့် တိုက်ခိုက်သည်။

ကွမ်လင် မသက်သာပေ။

“အား…”

ကွမ်လင် နောက်သို့ယိုင်သွားသဖြင့် လူစိမ်းက မိုးရွာလက်သီးများဖြင့် လိုက်လံတိုက်ခိုက်တော့သည်။

ကွမ်လင်သည် စင်မြင့်ပေါ်၌ လှည့်ပတ်ပြေးနေရာမှ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးထောင့်တစ်ထောင့်တွင် ပိတ်မိသွားတော့သည်။

ကွမ်လင်အကြီးအကျယ် မျက်နှာပျက်ချေပြီ။

ပရိသတ်များက ဆူညံစွာ လူစိမ်းကို သြဘာလက်ခုပ်တီးပေးနေကြ၏။

လူစိမ်း၏လက်သီးသည် လျှပ်တစ်ပြက်ပင် ကွမ်လင်၏နဖူးတည့်တည့်ဆီသို့ ပြေးဝင်သွားပြန်၏။

"ဒိုး....."

"အား...."

ကွမ်လင်တစ်ယောက် လွင့်စဉ်ထွက်သွားလေပြီ။ ကွမ်လင်၏ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ယင်နေ၏။

ပြိုင်ပွဲကြီးကြပ်သောလူကြီးများ လာရောက်စစ်ဆေးသောအချိန်တွင် ကွမ်လင်သည် မေးတစ်ချက်ဆတ်ကာ ငြိမ်သက်သွားတော့၏။

## အခန်း(၃)
## အချစ်ကြွမ္ဘာ

"ဝတ်ရုံဝါကွ... ဝတ်ရုံဝါ"

ပရိသတ်များက ဝတ်ရုံဝါဝတ်ထားသောလူစိမ်းကို ဆူညံစွာအားပေးဟစ်အော်နေကြ၏။

လီလင်းသည် အားရကျေနပ်နေ၏။ အဘယ်ကြောင့်ဆိုသော် ဤထိပ်သီးပြိုင်ပွဲတွင် အနိုင်ရသူကို သူမကိုယ်တိုင် ဆုပေးရမည်ဖြစ်သောကြောင့်တည်း။

"ကဲ... ဆုပေးဖို့ ပြင်ပေတော့ သမီး"

ရှမ်အမ်းမြို့စားကြီးက သမီးဖြစ်သူလီလင်းကို သတိပေးလိုက်၏။

လီလင်းက ပြိုင်ပွဲကွင်းအတွင်းသို့ ညင်သာစွာ ဆင်းသက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ဝတ်ရုံအဝါဝတ်ဆင်ထားသောလူရွယ်က လီလင်းပေးသော ရွှေနှင့်ကျောက်များ စီခြယ်ထားသောစလွယ်ကို အလိုက်သင့်ကိုယ်ကို ညွတ်၍ ဝတ်ဆင်လိုက်သည်။

ရှမ်အမ်းမြို့၌ အလွန်တန်ဖိုးရှိသည့် အမြင့်ဆုံး ရှမ်အမ်းသိုင်း သမားဆုပင် ဖြစ်၏။

လူစိမ်းသည် လီလင်း၏ မွေးကြိုင်သောကိုယ်သင်းနံ့ကို ရှူရှိုက်လိုက်ရသည်။

လီလင်းကိုယ်တိုင်လည်း ရင်ခုန်လွန်းလှသဖြင့် စင်ပေါ်သို့ ကသုတ်ကယက် ပြန်တက်သွားရသည်။

"မင်းက ဒီမြို့က ဟုတ်ဟန်မတူဘူး"

"ဟုတ်ပါတယ်... ကျုပ်က ဧည့်သည်ပါ"

"ဘယ်က လာတာလဲ"

"စီချွမ်းရွာကပါ"

ပြိုင်ပွဲကြီးကြပ်သူတစ်ဦးက မေးမြန်းနေသောကြောင့် လူစိမ်းက အလိုက်သင့် ပြန်ဖြေလိုက်သည်။

"မြေသိမ့်တုန်လက်သီးဆိုတဲ့ အသံကိုတော့ ကြားဖူးပါရဲ့... ဒါနဲ့နေပါဦး... မင်းအမည်က...."

"ကျုပ်အမည်က ကျိုရှန်ပါ"



"ဪ... လောလောဆယ်တည်းတော့ ဘယ်သူ့အိမ်မှာ တည်းသလဲ"

"ကျူဖုတို့အိမ်မှာ တည်းပါတယ်"

ပြိုင်ပွဲလူကြီးနှင့်ကျိုရှန် စကားပြောနေစဉ်မှာပင် ကျူဖု ရောက်ရှိလာသည်။

"အင်း... လက်သီးတစ်ချက်ကတော့ တကယ်ပြင်းတာပဲ၊ ... မောင်ရင် ဆက်ကြည့်ချင်သေးရင်တော့ ကြည့်ဦးပေါ့၊ ဒါပေ မယ့် နောက်ပိုင်းပွဲတွေကတော့ လက်ရည်စမ်းပွဲသက်သက်ပါ"

ပြိုင်ပွဲလူကြီးက နောက်ဆုံး မှတ်ချက်ချစကားကို ဆိုလိုက် ၏။

ကျူဖုသည် ကျိုရှန်၏လက်မောင်းတစ်ဖက်ကို လှမ်းရောက် ဆုပ်ကိုင်လိုက်သည်။

"ငါ စိတ်ပူပြီး ရင်တထိတ်ထိတ်နဲ့ ကြည့်နေရတယ်"

"ငါ သိပါတယ်... ငါ့ လက်တစ်ဖက် နာနေလို့မဟုတ်လား"

"အေးပေါ့... မင်းက လက်နာကြီးနဲ့ဆိုတော့ ဒီလိုပြိုင်ပွဲမျိုး ကို မဝင်သင့်သေးဘူး၊ ဒါပေမယ့် ငါ သိပါတယ်၊ မင်း လက်သီးကိုသုံး ပြီး အခွင့်အရေးတစ်ချက်ရလိုက်တာနဲ့ မင်းနိုင်မှာပဲဆိုတာ"

"ဒါပေါ့ကွာ... ဟား... ဟား... ဟား"

ကျိုရှန်သည် စီချွမ်းရွာတွင် ဟိုက်ချူကို အသေတိုက်ခိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အရေးယူခံရမည်ဆိုစိုးသဖြင့် ကျူးဖုတို့မြို့တွင် လာရောက်နေထိုင်ခြင်းဖြစ်သည်။

ကျိုရန်၏ဖခင်ဖြစ်သူသည်လည်း နာမည်ကြီးသိုင်းသမားတစ်ဦးပင် ဖြစ်သည်။

သို့ရာတွင် ယခုမူ ကျိုရန်၏ဖခင်ရော မိခင်ပါ သေဆုံးကုန်ကြပြီဖြစ်၏။

"ဒါနဲ့ မင်းကို ငါ မေးစရာရှိသေးတယ်"

"ဘာများလဲကွ"

"ငါ့ကိုဆုပေးတာ ရှမ်အမ်းမြို့စားရဲ့သမီးလား"

"ဟုတ်ပါတယ်"

"ငါ သိပ်စိတ်ဝင်စားတယ်"

"သူ့ကိုသွားပြီး မထိချင်နဲ့ကိုယ့်လူ... ရှမ်အမ်းမြို့စားကြီးသေးမှာ ထိုင်နေတဲ့အဘိုးကြီးကို မတွေ့ဘူးလား"

"အဘိုးကြီးတော့ မဟုတ်သေးပါဘူး... ဒါပေမယ့် မြို့စားကြီးသမီးထက်တော့ အတော်ကလေး ကြီးပုံရတယ်"

"အဲဒါ လီလင်းနဲ့သဘောတူထားတဲ့ လန်ဆန်မြို့စားလေး— မင်း နောက်ကျသွားပြီ၊ စောရင်လဲ ရမှာတော့ မဟုတ်ပါဘူးလေ"

"ဘာပဲဖြစ်ဖြစ်... ငါ လီလင်းကို စွဲလန်းနေပြီ"

ကျိုရန်၏ပြတ်သားသောစကားကြောင့် ကျူးဖုစိတ်ညစ်သွားသည်။



ကျူးဖုကိုယ်တိုင်ပင် လီလင်း၏အလှအပကို သဘောကျမက်မောခဲ့သည်။

သို့သော် ကျိုရန်ကဲ့သို့ စဉ်းစားဝံ့သူ မဟုတ်ပေ။ ကျိုရန်ကမူ ခေါင်းမာသည်။ အပြောရခက်သည်။ ထင်ရာကိုဇွတ်လုပ်တတ်သည်။ ယခုလည်း အမြင့်ပန်းကို လက်လှမ်းနေချေပြီ။

"မင်း သူ့ကိုစွဲလန်းရင်တော့ ဒုက္ခရောက်မှာပဲ သူငယ်ချင်း"

"ရောက်ရောက်ကွာ... ငါ သူ့ကိုစွဲလန်းနေတာတော့ ဘယ်တတ်နိုင်မလဲ၊ လီလင်းကို ငါ နောက်တစ်ခါ တွေ့ချင်သေးတယ်"

"တွေ့ဖို့ မလွယ်တော့ဘူး... မင်း ဒါတွေကို မေ့ပစ်လိုက်ပါတော့ကွာ"

"မေ့လို့ရရင် မင်းကို အခုလို စကားလုပ်ပြီးတောင် ပြောမနေတော့ဘူး၊ မေ့လို့မရလို့ ခက်နေတာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ လီလင်းကို နောက်တစ်ခါ တွေ့ရအောင်တော့ ကြိုးစားရဦးမှာပဲ"

ကျိုရန် အတည်ပြောနေခြင်းဖြစ်ကြောင်း ကျူးဖု နားလည်သည်။

ထို့ကြောင့် ကျူးဖုသည် ကျိုရန်နှင့်စကားဖြတ်ကာ တိတ်တိတ်ဆိတ်ဆိတ် နေလိုက်သည်။

အိမ်သို့အပြန် တစ်လမ်းလုံးတွင် ကျိုရန်သည် လီလင်းအ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေး၍သာ လိုက်ပါလာခဲ့လေ၏။

အဘယ်မှာလျှင် မတွေးဘဲ နေနိုင်ပါအံ့နည်း။ လီလင်း၏လှပသော အသွင်သဏ္ဍာန်သည် ကျိုရန်၏မျက်လုံးထဲ၌ စွဲမြဲနေခဲ့ပြီမဟုတ်ပါလား။

ကျူးဖု၏ဖခင်သည် တောင်သူလယ်သမားတစ်ဦးဖြစ်၏။

သို့ရာတွင် အလုပ်ကိုကြိုးကြိုးစားစား လုပ်ကိုင်သောကြောင့် ကျူးဖုတို့ မကျပ်တည်းလှပေ။

ကျူးဖုသည် သူငယ်ချင်းဖြစ်သူ ဒုက္ခရောက်နေချိန်တွင် စောင့်ရှောက်ရမည့်တာဝန် ဝတ္တရားရှိသည့်အတိုင်း ကျေပွန်စွာ ပြုစုသည်။

သို့သော် လီလင်းနှင့်ပတ်သက်၍ကား ရှုပ်ရှုပ်ထွေးထွေး မဖြစ်စေလိုပေ။

လီလင်းသည် ရှမ်အမ်းမြို့စားကြီး၏ တစ်ဦးတည်းသောသမီး ဖြစ်သောကြောင့် သူမနှင့်ပတ်သက်လာလျှင် မြို့စားကြီးသည် မည်သူ့ ကိုမျှ ညှာတာမည်မဟုတ်ပေ။

ထို့ကြောင့် ကျိုရန်၏စနက်ကြောင့် မိမိတို့ အသက်ဘေးကိုပါ ထိခိုက်လာနိုင်သည်။

ကျူးဖု၏အိမ်သို့ သူငယ်ချင်းနှစ်ဦးပြန်ရောက်လာသောအခါ ကျူးဖု၏ဖခင်က ဆီး၍မေးမြန်း၏။



ထိုကျိုရန်သည် ရုပ်ရည်သနားကမားရှိသော်လည်း စိတ်ဓာတ်နိမ့်ကျသော လူရွယ်တစ်ဦးသာဖြစ်သည်။

ဒေါသကြီးသည်။ မနာလို ဝန်တိုတတ်သည်။ ရက်စက်သော စိတ်နှလုံးရှိသည်။

သို့သော် ငြိမ်သက်အေးချမ်းသောကာလ၌ သူသည် သိုးငယ်ကလေးတစ်ကောင်ကဲ့သို့ နေတတ်သည်။

သူ၏မိခင်ကြီးရှိစဉ်က သူသည် မိခင်ကြီး၏အရိပ်အာဝါသအောက်၌ မှီခိုစားသောက်နေသူသာ ဖြစ်သည်။

မိခင်ကြီးကို သူက ရှာဖွေကျွေးမွေးပြုစုရမည်ဟု မည်သည့်အခါကမျှ စိတ်ကူးခဲ့သူမဟုတ်ပေ။

ယခုအသက်အရွယ်အထိ မည်သည့်လုပ်ငန်းကိုင်ငန်းကိုမျှ စွဲမြဲမြဲ လုပ်ကိုင်ခဲ့သည်ဟူ၍မရှိပေ။

သူ့အတွက် ဖြေနိုင်စရာ တစ်ခုသာရှိသည်။ သိုင်းပညာကို တော့သင်သည်။

အခြားသူများကိုလည်း အခကြေးငွေယူပြီး ပြန်သင်ပေး၏။ အခြားသိုင်းဂိုဏ်းကြီးများထဲသို့ ဂိုဏ်းသားအဖြစ် ဝင်ရောက်နိုင်လောက်သည့်အဆင့်မျိုး စိတ်ဓာတ်မျိုးတော့ ရှိသူမဟုတ်ပေ။

သူ့စိတ်ဓာတ်ကို သူ့မျက်လုံးများက ဖော်ပြနေသည်။ သေးငယ်ကျဉ်းမြောင်းသော သူ့မျက်လုံးများက အလွန်ကြီးမားသော သူ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုဖော်ပြလျက် ရှိနေသည်။

ထိုအချက်ကို သူသူငယ်ချင်းဖြစ်သူ ကျူဖုခများ မသိရှာပေ။

ကျိုရန် အိပ်မပျော်သကဲ့သို့ပင် ရှမ်အမ်းမြို့၌ အခြားအိပ်မပျော်သော သူတစ်ဦးရှိပါသေးသည်။

ထိုသူကား လီလင်းပင် ဖြစ်လေသည်။ လီလင်းသည်လည်း နေ့လယ်က သိုင်းပြိုင်ပွဲသို့ စိတ်ရောက်နေသည်။

မြင်းလှည်းပေါ်မှ ဆင်းဆင်းချင်း ဝတ်ရုံအဝါဝတ်ထားသော ကိုလူစိမ်းနှင့် မျက်လုံးချင်း ဆုံမိခဲ့ရသည်။ ဆုံမိသည့်အချိန်မှာပင် ရင်ခုန်ခဲ့ရ၏။

လီလင်းသည် သူမဘဝကို သူမ မကျေမနပ်ဖြစ်နေသည်။

မြို့စား၏သမီးဟူသောဘဝကို ယခင်က မွေ့လျော်ပျော်ပိုက်မှုရှိခဲ့သော်လည်း ယခုအခါတွင် ထိုမြို့စား၏သမီးဘဝဟူသော အဆောင်အယောင်များကို မလိုချင်တော့ပေ။

ထိုအဆောင်အယောင်များကြား၌လည်း သာယာမှုမရှိတော့ပေ။

လန်ဆန်မြို့စား ကျိုဂုမ်ကိုလည်း သူမ လက်ထပ်မယူချင်ပေ။

အသက်အရွယ်သာ ကြီးသည်မဟုတ်။ ရုပ်ဆင်းအင်္ဂါလည်း တင့်တယ်ပြေပြစ်မှုမရှိသော ကျိုဂုမ်ကို ယခင်ကလည်း လီလင်းမနှစ်



သက်ခဲ့ပေ။

ယခုမူ သာ၍ ဆိုးလေပြီ။ လီလင်း၏မျက်ပန်းထဲတွင် ကွမ်လင်ကို ခုန်ပျံတိုက်ခိုက်နေသော ကိုလူစိမ်း၏မျက်နှာကို မြင်ယောင်နေသည်။

ကိုလူစိမ်း ဘယ်မှာနေသည် ကိုလူစိမ်း ဘယ်ကိုသွားမည်ကို သိလိုသောစိတ်များ ရင်ထဲတွင် တဖွားဖွားပေါ်ပေါ နေသည်။

သို့သော် သာမန်အရပ်သူများကဲ့သို့ လွတ်လွတ်လပ်လပ် မသွားနိုင်သောဘဝမျိုး မဟုတ်ပါလား။

ရွှေလှောင်ချိုင့်စံဘဝမျိုးဖြစ်၍ အမြဲတမ်း အစေနှာင်အဖွဲ့အစောင့်အရှောက်များ ကြား၌သာ နေနေခဲ့ရသည်။

သူမဘဝအတွက် သက်သာခွင့်ရရှိရန် အထိန်းတော်ကြီးဖုန်လင်ကို သူမတေး၌ အမြဲထားရသည်။

သို့မှသာ အခြားသေသအစောင့်များကို နှင်ထုတ်နိုင်မည်မဟုတ်ပါလား။

လီလင်းသည် အပြင်ထွက်၍ ရမည့်နည်းလမ်းကို ဦးနှောက်ထဲတွင် အပူတပြင်း ရှာဖွေနေ၏။

နောက်ဆုံးစဉ်းစား၍ ရသည့်နည်းမှာ သမားတော်ကြီးဝမ်လင်၏အိမ်သို့ ကျန်းမာရေးအတွက်သွားရောက်ရန် အကြောင်းပြ၍ အိမ်မှထွက်ရန်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီးဖုန်လင်ကိုတော့ ခေါ်သွားရမည်။

ဖုန်လင်သည် လီလင်းက သေဆိုသေ ရှင်ဆိုရှင်သော သူပင် မဟုတ်ပါလား။

## အခန်း(၄)

## အချစ်အတွက်

"တောင်ပေါ်တက်တာက ဟုတ်ပါပြီ... ဘင်ပေါ်မှာ ခင်းက ဘာလုပ်မှာမို့လို့လဲ"

ကျူးဖုက ကျိုရန်ကို မေး၏။

"ငါ့သိုင်းကွက်တွေကို ပြန်လေ့ကျင့်မလို့ပေါ့ကွ"

"မင်းက... ကွာ... လက်အနာက ကောင်းကောင်းမ ပျောက်သေးဘူး... သိုင်းက လေ့ကျင့်တော့မလို့လား"

"မလေ့ကျင့်လို့ မဖြစ်ဘူး... ငါ့မှာ တိုက်စရာ ခိုက်စရာ ထေင်မှတ်ဘဲ ပေါ်ပေါ်လာတတ်လွန်းလို့"

ကျိုရန် ပြောသည်မှာ ဟုတ်လည်းဟုတ်သည်။ သိုင်းသမား ဟူသည် အချိန်မရွေး ရင်ဆိုင်တို[illegible]ခိုက်သနှင့် တွေ့ဆုံရတတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

ကျိုရန်နှင့်ကျူးဖုတို့ စကားတပြောပြောနှင့်တောင်ပေါ်တက်လာစဉ် တောင်ပေါ်မှဖြတ်သွားသော လူနှစ်ယောက်ကိုတွေ့လိုက်ရသည်။

သေသေချာချာ ကြည့်လိုက်တော့ လီလင်းတို့ ဖြစ်နေ၏။

"ကျိုရန် ဟိုမှာကြည့်စမ်း... လီလင်း မဟုတ်လား"

ကျူးဖုညွှန်ပြရာသို့ ကျိုရန် ကြည့်လိုက်သည်။ ဟုတ်သည်။

လီလင်းမှ လီလင်းအစစ်။ ကျိုရန်၏မျက်လုံးများ ပြူးကျယ်သွားကြသည်။

လီလင်းသည် သမားတော်ကြီး အိမ်သို့အညောင်းပြေ လမ်းလျှောက်ရင်း သွားမည်ဟု ပြောခဲ့သော်လည်း စင်စစ်မှာ ကျိုရန်နှင့်ဆုံမိဆုံငြား အိမ်မှထွက်လာခဲ့ခြင်းဖြစ်ပေသည်။

"ဒီအတိုင်း သွားနှုတ်ဆက်လို့ကတော့ မကောင်းဘူးထင်တယ်"

ကျိုရန်က သူ့ဆန္ဒကို ကျူးဖုအား တိုင်ပင်၏။

"အေး... သူမြင်အောင် ဟိုဘက်တောင်တန်းက ပန်းတက်ရရင် ပိုကောင်းမယ်"

ဟု ကျူးဖုက ပြောသည်။

ကျူးဖု၏အကြံအတိုင်း နှစ်ယောက်သား တောင်ကမူတစ်ခု



ကို ကျော်ဖြတ်ကာ လီလင်းတို့နှင့်မျက်နှာချင်းဆိုင်တွေ့မည့်လမ်းသို့ ကွေ့ကာကောက်ကာ ခပ်သွက်သွက် လျှောက်သွားကြ၏။

လွယ်လှသည်တော့ မဟုတ်ပါ။ ချောက်ကမ်းပါးများ ချုံနွယ်များကို တရကြမ်း ကျော်ဖြတ်ရသည်။

သူတို့နှစ်ယောက် နောက်ကျသွားပါက လီလင်းတို့နှင့် မျက်နှာချင်းဆိုင်တွေ့တော့မည် မဟုတ်ချေ။

"ဟာ... ငါလဲ စောင့်ပါဦး ကျိုရန်... ဒီမှာ ကျော်လို့မရဘူး"

ကျူးဖုသည် ချုံနွယ်တစ်ခုနှင့်ငြိနေ၏။

"မင်းကလဲ အရေးထဲကွာ"

ပြောပြောဆိုဆို ကျိုရန်က ကျူးဖုကို ဆွဲခေါ်လိုက်ရသည်။

ကျူးဖုတို့တက်လာကြသောအချိန်တွင် လီလင်းတို့ကလည်း လမ်းမြင်နေရပြီ ဖြစ်ပေသည်။

လီလင်း၏ သွက်လက်ရဲတင်းသော မျက်လုံးများနှင့် ကျိုရန်၏ ဖျတ်လတ်သော မျက်လုံးများ ဆုံမိကြသည်။

အတန်ကြာမျှ တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေမိကြလေသည်။

ကျိုရန်သည် မြို့စား၏သမီးတော်ကလေးအား ဦးညွှတ်အလေးပြုလေ၏။

"အစောင့်အရှောက်မပါဘဲနဲ့ ဘယ်ကိုများ သွားမလို့လဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အို...."

"ပန်းလိုလှတဲ့မိန်းကလေးတွက် အန္တရာယ်ဆိုတာ အမြဲရှိနေ တာပါခင်ဗျာ၊ ကျွန်တော်လိုက်ပြီး စောင့်ရှောက်ပါရစေ... ဘယ်ကို သွားမလို့ပါလဲ"

အထိန်းတော်ကြီးဖုန်လင်သည် ရဲတင်းသောကျိုရန်ကို စိတ် တိုသွား၏။

"မောင်ရင် ဘယ်နဲ့စော်စော်ကားကား လာတားဆီးနေ တာလဲ၊ ကျုပ်တို့ဘာသာ သွားနိုင်ပါတယ်"

"အထိန်းတော်ကြီး...."

လီလင်းက အရေးတကြီး တားမြစ်လိုက်၏။

အထိန်းတော်ကြီးဖုန်လင်သည် လီလင်းကိုကြောက်လည်း ကြောက်၏။ ချစ်လည်းချစ်၏။

တစ်ကြိမ်တည်းခေါ်လိုက်ရုံမျှဖြင့် ဖုန်လင်သည် လီလင်း၏ နောက်သို့ ရောက်ရှိသွားလေ၏။

လီလင်းက ကျိုရန်၏အမေးစကားကို ဖြေကြားလိုက်သည်။

"ကျွန်မတို့ သမားတော်ကြီးအိမ်ကို သွားမလို့ပါ"

"ဟိုတစ်နေ့က သိုင်းပြိုင်ပွဲမှာ ကျုပ် ခင်ဗျားရဲ့အားပေးမှု ကြောင့် နိုင်တာပါ၊ သိပ်ပြီး ကျေးဇူးတင်ပါတယ်ဗျာ"

ကျိုရန်က သွက်သွက်လက်လက် ပြောလိုက်၏။ သူသည်



မိန်းကလေးများနှင့်ဆက်ဆံရာတွင် ကြောက်ရွံ့တတ်သူမဟုတ်ချေ။

"မဟုတ်ပါဘူးရှင်... ရှင်ကိုယ်တိုင်က သိုင်းပညာတော်လို့ ပါ"

"ဒီကပါလာတာ လီလင်းရဲ့...."

ကျိုရန်က ဖုန်လင်ကိုကြည့်၍ မေးလိုက်သည်။

"ကျွန်မရဲ့ အထိန်းတော်ကြီးပါ"

"ဪ...."

ကျိုရန်က စကားကို ခပ်သွက်သွက် ဆက်ပြောလိုက်သည်။

"ဒါနဲ့ နောက်တစ်နေ့လောက်ဆို ကျုပ် ခရီးထွက်တော့ မယ်... တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်"

ကျူဖုပင် ကျိုရန်စကားကြောင့် အံ့အားသင့်သွားသည်။ ရှမ် အမ်းမြို့မှ ကျိုရန်ထွက်ခွာသွားမည်ဟု ကြိုတင်မပြောခဲ့ဖူးချေ။

အမှန်မှာလည်း ကျိုရန်က သူ့စိတ်ကူးနှင့်သူ အကွက်ထွင်၍ ပြောလိုက်ခြင်းပင်ဖြစ်သည်။

"ဪ... ခရီးထွက်တော့မလို့လား၊ နာမည်တောင် မသိရ သေးဘူး"

"ဟုတ်ပါရဲ့... ကျုပ်ကလဲ ကျုပ်နာမည်ကိုပြောဖို့ မေ့နေ တယ်၊ ကျုပ်နာမည်က ကျိုရန်တဲ့"

စကားစ ပြတ်သွားသည်။ လီလင်းနှင့်ကျိုရန်တို့ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ချင်း ဆုံမိကြပြန်သည်။

ထိုသို့ ဆုံမိသောမျက်လုံးများသည် ပြောစကားများထက် ပို၍ အဓိပ္ပာယ်ပြည့်စုံသည်ဟု ကျိုရန်ထင်မိလေသည်။

လီလင်းသည် ကျိုရန် စကားစပြတ်သွားသောကြောင့်...

"ပြန်တော့မယ်နော်"

ဟု နှုတ်ဆက်လိုက်သည်။

ကျိုရန်ကလည်း ရုတ်တရက် ဆက်စရာ စကားစရှာမတွေ့သောကြောင့် ခေါင်းညိတ်ပြလိုက်ရလေသည်။

လီလင်းတို့ထွက်ခွာသွားသည့်တိုင်အောင် ကျိုရန်တို့သည် တောင်ပေါ်တွင် ရစ်တန့်ကျန်ရစ်ခဲ့၏။

"သွားကြရမယ်လေကွာ"

"ခဏလောက်တော့ ကြည့်ပါရစေဦး"

ကျူးဖုသည် သူငယ်ချင်း၏အဖြစ်ကို သနားစရာဖြစ်သွားမိ၏။

သူ့စိတ်ထဲတွင် ကျိုရန်ကိုကူညီနိုင်မည့်နည်းလမ်းကိုပင် ရှာဖွေနေမိသေးသည်။

ကျိုရန်သည် လီလင်းထွက်ခွာသွားသောတောင်တန်းဘက်ကိုသာ မျက်နှာမူလျက် ရှိသေး၏။

"မင်းက တကယ်ပြန်တော့မှာလား"



"အင်း... ပြန်တာ အကောင်းဆုံးဖြစ်မှာပါ"

ကျူးဖုသည် စကားတစ်ခွန်းကိုပြောသင့်မပြောသင့် စဉ်းစားနေလေသည်။

ကျိုရန် တကယ်ပြန်တော့မည်ဆိုတော့ စိတ်မကောင်း။ သူ့မှာ ကျိုရန်ကို ကူညီနိုင်သည့်နည်းလမ်းတစ်ခုရှိနေသည်။

လီလင်းသည် ကျိုရန်ကိုစိတ်ဝင်စားနေကြောင်းလည်း ကျူးဖု အကဲခတ်မိ၏။

ရှမ်အမ်းမြို့စားကြီး၏သမီးသာ မဟုတ်ခဲ့လျှင် ကျူးဖုသည် အသက်စွန့်၍ ကူညီမည်သာဖြစ်၏။

ယခုမူ ရှမ်အမ်းမြို့စားကြီးသည် ကန်လီဆန်၏ သမီးဖြစ်ရုံမျှမက လန်ဆန်မြို့စားကျို့ဗမ်နှင့် သဘောတူထားသူလည်း ဖြစ်နေသောကြောင့် လီလင်းနှင့်ကျိုရန်ကို ဆက်သွယ်ပေးရန်ကိစ္စ၌ အတော်ပင်စဉ်းစားနေရသည်။

"သွားကြမယ်လေ... မင်း ဘာတွေစဉ်းစားနေတာလဲ"

"ဪ... မင်းကို ကူညီနိုင်မလားလို့ပါ"

ကျူးဖုစကားကြောင့် ကျိုရန်က စိတ်ဝင်စားသွားသည်။

"ရှမ်အမ်းမြို့စားအိမ်မှာ အမြဲတမ်း ဝင်ထွက်သွားလာနေတဲ့ စွမ်အင်းတော့ ရှိတယ်၊ သူနဲ့စာတွေဘာတွေ မင်း ရေးပေးလိုက်ရင် လီလင်းနဲ့အဆက်အသွယ် ဖြစ်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဒီလောက်ကောင်းတဲ့အကြံကို ငါ့ကို ဘာလို့စောစောက မပြောရတာလဲ"

"သြော်... ငါက ပြောသင့်မပြောသင့် စဉ်းစားနေလို့ပါ"

"ဘာဖြစ်လို့လဲကွ"

"လီလင်းရော မင်းရော စိတ်ဆင်းရဲရမှာစိုးလို့"

"ဘာဆိုင်လို့လဲကွာ"

"လီလင်းက မကြာခင်မှာ လန်ဆန်မြို့စားကျိုဝှမ်နဲ့ လက်ထပ်ကြေမှာ မဟုတ်လား၊ မင်းနဲ့လီလင်းနဲ့ ချစ်သူဘဝရောက်ရင်လဲ နောက်တော့ ကွဲရမှာပဲ"

"မဦးမချွတ်ကွာ"

ကျိုရန်က အလန့်တကြား ကန့်ကွက်လိုက်၏။

"ငါက စေတနာနဲ့ပြောတာ ကျိုရန်"

"ငါ သိပါတယ် ကျူဖု"

သို့နှင့် ကျူဖုနှင့်ကျိုရန်တို့ တောင်တန်းပေါ်မှ ဆင်းသက်လာခဲ့ကြလေသည်။

ကျူဖု၏အကူအညီကြောင့် ကျိုရန်သည် စွမ်အင်းဆုံ့သူ မိန်းမကြီးနှင့် စာတစ်စောင် ရေးပေးလိုက်လေသည်။

စွမ်အင်းသည် ကျိုရန်ထံမှ လက်ဆောင်ပစ္စည်းများကိုရရှိသောကြောင့် ဖြစ်မြောက်သည်အထိ ကူညီမည်ဟု ဝန်ခံလိုက်၏။



"လီလင်း...

ကျိုရန် စာရေးလိုက်တယ်။ ကျိုရန် သိုင်းပြိုင်ပွဲမှာ စတွေ့တွေ့ချင်း လီလင်းကိုမေ့လို့ မရတော့ဘူး။ လီလင်းနဲ့ တောင်တန်းပေါ်မှာတွေ့တော့လည်း ကျိုရန် ပိုလို့ စွဲလန်းရတော့တယ်။

ကျိုရန် မကြာခင် ရှမ်အမ်းမြို့က ထွက်ခွာသွားတော့မှာပါ။ တော့ လီလင်းကို ဒီည ဆယ်နာရီတိတိမှာ တွေ့ချင်တယ်။ လီလင်း အရေးကြီးတဲ့စကားတွေ ပြောခဲ့ချင်တယ်။

ဆက်ဆက်စောင့်နေနော်၊ တကယ်လို့ လီလင်းစောင့်မနေဆိုရင်လည်း ကျိုရန်ကတော့ ဆယ်နာရီတိတိမှာ လီလင်းတို့ခြံထဲ ရောက်လာမှာပဲ။

ကျိုရန်"

လီလင်းသည် ကျိုရန်၏စာကို ဖတ်ရသောအခါ ဝမ်းသာသလို ထိတ်လန့်ကြောက်ရွံ့ရသလိုလို ခံစားလိုက်ရသည်။

ဝမ်းသာသည်မှာ ကျိုရန်က မိမိကိုစွဲလန်းနေကြောင်း သိရသောကြောင့်ဖြစ်၏။

ထိတ်လန့်ကြောက်ရွံ့ရသည်မှာ အိမ်ဝင်းကို စောင့်သောအစောင့်များက ကျိုရန်ကိုတွေ့သွားမှာ စိုးသောကြောင့်ပင် ဖြစ်သည်။

သို့သော် ကျိုရန်၏စာထဲတွင် ပါလာသော သ[illegible]ကားသည်။

www.burmeseclassic.com



ည ဆယ်နာရီထိုးသည်နှင့် ကျိုရန်ခြံထဲသို့ရောက်အောင် ဝင်လာတော့မည်သာဖြစ်ကြောင်း လီလင်း နားလည်လိုက်၏။

လီလင်းသည် ခြံထဲသို့ဆင်းသင့် မဆင်းသင့်ကိုလည်း ဝေခွဲမရဖြစ်နေ၏။

ကျိုရန်လာမည်ဆိုတော့ လီလင်းက ဆင်း၍တွေ့ချင်သည်။

သို့သော် အိမ်တော်စောင့်များ၏အန္တရာယ်ကိုကြောက်ရသေးသည်။

အဓိကကြောက်ရမည့်သူမှာ ကျိုဝှမ်ဖြစ်၏။

သူသည် သိုင်းပြိုင်ပွဲသို့လာရောက်ကြည့်ရှုရင်း ယခုတိုင် လီလင်းတို့အိမ်မှာ တည်းခိုနေသည်။

သည်တော့ ကျိုဝှမ်၏လူများနှင့်လည်း ကျိုရန် တွေ့သွားနိုင်သည်။

ကျိုရန်အတွက်မူ လီလင်းတို့အိမ်သည် အန္တရာယ်စက်ကွင်းသာ ဖြစ်၏။

ကျိုရန်၏သိုင်းပညာစွမ်း မည်မျှ ထက်မြက်သည်ဖြစ်စေ လူအများနှင့်ယှဉ်လျှင် မလွယ်။

ဖခင် ရှမ်အမ်းမြို့စားကြီးမွေးမြူထားသော လူယုံတော်များကလည်း စွမ်းရည်ထက်မြက်သော သိုင်းသမားကောင်းများပင်ဖြစ်၏။



ထို့ကြောင့်လီလင်းသည် ကျိုရန်ထံသို့ စာတစ်စောင် ပြန်၍ရေးပေးလိုက်လေသည်။

“ကျိုရန်....

ညဆယ်နာရီမှာ အိမ်ဝင်းထဲကိုလာဖို့ မကြိုးစားပါနဲ့။ အိမ်ဝင်းပတ်ပတ်လည်မှာ အစောင့်တွေရှိတယ်။ အားလုံး သိုင်းစွမ်းရည်ရှိတဲ့ လူတွေချည်းပဲ။ ကျိုရန်လာခဲ့ရင်လဲ လီလင်းကိုတွေ့ရမှာ မဟုတ်ဘူး။ မဖြစ်နိုင်တာတွေကိုလုပ်ဖို့ မကြိုးစားပါနဲ့။

လီလင်း”

ကျိုရန်သည် လီလင်း၏စာကိုဖတ်ပြီးနောက် စိတ်ဓာတ်ကျသွား၏။

သူ၏ရည်ရွယ်ချက်များ သဲထဲရေသွန်သကဲ့သို့ ဖြစ်ရပေပြီ။ လီလင်းသည် သူ့အပေါ်၌ သည်မျှ ပြတ်တောက်စိမ်းကားလိမ့်မည်ဟု သူမထင်ခဲ့။

ကျိုရန်၏ခေါင်းထဲသို့ အသိဉာဏ်တစ်ခုဖြတ်ခနဲ ဝင်လာသည်။

ထိုအသိဉာဏ်၏စွမ်းအားကို ကျိုရန် ယုံကြည်၏။

သိုင်းပညာဖြင့် တိုက်ခိုက်နေသောအချိန်တွင်လည်း ကျိုရန်၏ခေါင်းထဲသို့ ထိုအသိဉာဏ်သည် ဝင်လာတတ်လေ၏။

ထိုအသိဉာဏ်ဝင်လာလျှင် ကျိုရန် ရန်သူကို နိုင်မြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလီလင်းက မလာပါနှင့်ဟု တားမြစ်သည်။ တားမြစ်သော်လည်း လီလင်းသည် မိန်းမသားတစ်ဦးသာဖြစ်၏။

ကျိုရန် ခြံထဲသို့လာမည်ဟု မျှော်လင့်နေနိုင်သည် မဟုတ်ပါလော။

ကျိုရန် လာမလာကိုလည်း လီလင်းသည် စုံစမ်းကြည့်ရှုနေဦးမည်သာဖြစ်၏။

ထို့ကြောင့် ကျိုရန်သည် နောက်ဆုတ်သင့်ဟု တွေးတောလိုက်သည်။

လိုအပ်သောကြိုးများ သံချိတ်များကို ကျိုရန်ကို နေ့လယ်ဘက်ကပင် စုဆောင်းထားလိုက်၏။

လီလင်း သူ့ကို ချစ်မချစ်ဟူသော အဖြေမှာ ညဆယ်နာရီတွင် ရှင်းရှင်းသိရပေတော့မည်။

ကျိုရန်က မိမိအတွေးကို မိမိသဘောကျစွာ တစ်ချက်ပြုံးမိသေးသည်။

တစ်ချက်စွန့်စားရုံမျှဖြင့် တစ်သက်အတွက် အဖြေရတော့မည် မဟုတ်ပါလော။

မြို့စားကြီး၏စံတော်အိမ်မှာ ကျယ်ဝန်းသောခြံဝင်းကြီးအတွင်း၌ တည်ရှိ၏။

ဝင်းထရံအမြင့်ကြီး ကာရံထားသည်ဖြစ်ရာ တော်ရုံ တန်ရုံ



...ပ်ဖွဲ့တစ်ဖွဲ့ပင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်နိုင်မည် မ...တ်ချေ။

ထိုဝင်းထရံမြင့်ကြီးကို တက်နိုင်ရန် ရှည်လျားသော ကြိုး...င့်သံချိတ်များ လိုအပ်၏။

ညကိုးနာရီခန့်အချိန်တွင် ကျိုရန်သည် မြို့စားကြီး၏စံတော်...မ်ဘေးသို့ရောက်ရှိလာ၏။

ညအမှောင်၏အကာအကွယ်ကိုယူရန် ကျိုရန်သည် အနက်...ောင်ဝတ်စုံကို ဝတ်ဆင်လာ၏။

ကျိုရန်သည် စံတော်အိမ်အား ကင်းလှည့်စောင့်နေသူများ...ို စောင့်ကြည့်၏။ ကင်းလှည့်သူများ လွန်သွားသည်နှင့် သူ့အလုပ်...ို စတော့သည်။

သူသည် အိမ်ဝင်းဘေးမှ သစ်ပင်အိုကြီးတစ်ပင်ရှိရာသို့ အ...ောက် ခပ်သုတ်သုတ် ပြေးသွားသည်။

ထို့နောက် အစောင့်များ အလစ်တွင် လျင်မြန်စွာ သစ်ပင်...ပေါ်သို့ တွယ်ဖက်တက်လိုက်၏။

ကျိုရန် သစ်ပင်ပေါ်သို့ရောက်သွားသည့်အချိန်တွင် အ...စောင့်များသည် အိမ်ဝင်းဘေးသို့ ရောက်ရှိလာကြ၏။

ကျိုရန်သည် လရောင်မထိုးနိုင်သော သစ်ခက်များအကြား...တွင် ငြိမ်နေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့်များ ကျော်ခိုင်းသွားသောအခါ ကိုရုန်က အိမ်ဝင်းကိုကာရံထားသော အုတ်တံတိုင်းပေါ်သို့ သံချိတ်ပါသောကြိုးကို ဝှေ့ယမ်းပစ်တင်လိုက်သည်။

"ချွင်...."

သံချိတ်က အုတ်တံတိုင်းပေါ်မှာ တိတိကျကျ ချိတ်နေသည်။

ကိုရုန်က သံချိတ် ခိုင်မခိုင်ကိုခပ်တင်းတင်း ဆွဲကြည့်၏။ သံချိတ်ခိုင်မြဲသည်ကို တွေ့ရသည်နှင့် ကိုရုန်က ကြိုးစကိုခိုကာ အုတ်တံတိုင်းပေါ်သို့တွယ်ဖက်တက်လိုက်သည်။

ရှမ်အမ်းမြို့စား၏အိမ်ဝင်းအတွင်းသို့ ကိုရုန် လွှားခနဲ ခုန်ဆင်းလိုက်၏။

လက်မှကြိုးကိုမြှောက်ခါ၍ အုတ်တံတိုင်းပေါ်မှ သံချိတ်ကို ဖြုတ်ယူလိုက်သည်။

အိမ်ဝင်းအတွင်းတွင် တိတ်ဆိတ်ခြောက်သွေ့နေ၏။ အိမ်တံခါးပြတင်းပေါက် လေးငါးခုမှ အလင်းရောင်မှုန်ပျပျကို လှမ်းမြင်နေရသည်။

သစ်ပင်များ၊ ချုံနွယ်များ ကာရံထားမှုကြောင့် ကိုရုန်၏ အလွယ်တကူ မြင်နိုင်မည်မဟုတ်တော့ချေ။ သည်တော့မှ ကိုရုန် သက်ပြင်းကိုချလိုက်၏။



သူသည် လရောင်မဝင်ရောက်နိုင်သည့်သစ်ပင်တစ်ပင်အောက်မှ မတ်တတ်ရပ်၍ အိမ်ကြီးကိုအကဲခတ်နေသည်။

အိမ်ကြီးသည် လရောင်အောက်တွင် ကောင်းကောင်း အိပ်မောကျနေ၏။

ကိုရုန် အတန်ငယ် ကြာသည့်တိုင်အောင် အိမ်ကြီးအတွင်းမှ လှုပ်ရှားမှု တစ်စုံတစ်ရာတွေ့ရလို တွေ့ငြား စူးစိုက်အကဲခတ်နေသည်။

သို့သော် မည်သည့်အရိပ်အရောင်မျှ ထူးခြားစွာ မတွေ့ရချေ။

အိမ်ဝင်းအရှေ့မှ ညဥ့်ဆယ်နာရီထိုးသောအချက်ပေးသံကို ကြားလိုက်ရသည်။

ကိုရုန်သည် စိတ်လှုပ်ရှားစွာ စောင့်မျှော်နေ၏။

လီလင်းသည် မည်သည့်အခန်းတွင်နေ၍ မည်သည့်အပေါက်မှထွက်ပေါ်လာမည်ကို ကိုရုန် မတွေးတောတတ်ချေ။

အချိန်သည် တစ်စတစ်စ ကုန်လွန်လာ၏။ ညဥ့်ဆယ်နာရီထိုးပြီးသည့်တိုင် အိမ်ကြီးအတွင်းမှ လှုပ်ရှားမှုအရိပ်အရောင်ကိုမမြင်ရသောအခါ ကိုရုန် စိတ်မာတ်ကျသွားတော့၏။

လီလင်းသည် မိမိထံ ရေးပို့ခဲ့သည့်စာပါ အကြောင်းအရာအတိုင်း မိမိကိုအရေးမထားတော့သည်မှာ သေချာလာပြီဟု ကိုရုန်

www.burmeseclassic.com

www.burmeseclassic.com



တွေး၏။

သူမ၏မျက်လုံးအကြည့်များကို ထောက်ထားလျက် မိမိအား သူမက ချစ်နေပြီဟု ထင်မှတ်ခဲ့သည်။

ယခုမူ အထင်နှင့်အမြင်မှားခဲ့ပြီဖြစ်ကြောင်း သိရလေပြီ။ မိန်းမများ၏စိတ်ဓာတ်ကို မှန်းဆရန် ခက်လှချေသည်တကား။

သူသည် ဖြစ်ချင်ရာ ဖြစ်စေတော့ဟူသည့်သဘောထားကာ စံတော်အိမ်အတွင်းသို့ဖွတ်ဝင်ပစ်လိုက်ချင်သည်။ လီလင်း၏အခန်းကို မရမက ရှာဖွေပစ်လိုက်ချင်မိသည်။

လီလင်းသည် မိမိလာသည်ကို မမြင်၍ပေလောဟု တွေးတောကာ လရောင်ရှိရာဘက်သို့ အရဲစွန့်ကာ ထွက်လိုက်ကော့သည်။

ရင်ထဲ၌ လှိုင်းတံပိုးထနေသော ကျိုရန်သည် ဘစ်စုတစ်ခုကို မြင်းမြင်းထန်ထန် ပြုလုပ်ချင်နေမိသည်။

သိုင်းသမားတို့သည် စိတ်လှုပ်ရှားလာလျှင် သွေးဆာလာတတ်သည်ဆိုသည်မှာ ဟုတ်မည်။

ကျိုရန်သည် အံကိုတင်းတင်းကြိတ်ထား၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

ထိုအချိန်မှ အိမ်ကြီး၏နောက်ဘက်မှ အလင်းရောင်တစ်ခုကိုဖျတ်ခနဲ တွေ့လိုက်ရပြီးနောက် ရုတ်တရက် ကွယ်ပျောက်သွားသည်။



တံခါးတစ်ချပ်ကိုဖွင့်လိုက်သောကြောင့် အလင်းရောင်အပြင်သို့ ထွက်လာခြင်းဖြစ်ကြောင်း ကျိုရန် ကောင်းကောင်း သိသည်။

အမှောင်ရိပ်ထဲသို့ တလှုပ်လှုပ် ရွေ့လျားလာသော ပုံသွာန်တစ်ခုကို တွေ့လိုက်ရသည်။

တစ်ကိုယ်လုံး အစိမ်းရောင်ဖုံးလွှမ်းနေ ကြောင့် ထင်ထင်ရှားရှား မမြင်ရ။

မှောင်ရိပ်ထဲသို့ ကျိုရန် စိုက်ကြည့်နေသည်။ မိမိကိုယ်ကို လုံခြုံအောင်လည်း သစ်ပင်နောက်သို့ ကွယ်၍ နေလိုက်၏။

တဖြည်းဖြည်း နီးကပ်လာသောအခါ လီလ းဖြစ်ကြောင်း ကျိုရန်သိလိုက်သည်။

အမှောင်ထဲမှ ကျိုရန် ပြေးထွက်လိုက်၏။ လီသင်း၏လက်ကလေးကို ကျိုရန်က ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်၏။

"လီလင်း...."

"ရဲလိုက်တာရှင်"

"မရဲရင်လဲ တွေ့ရမှာမှ မဟုတ်တာ"

"အိမ်ပတ်ပတ်လည်မှာ အစောင့်တွေရှိတယ်... ကျိုရန် ဘယ်လိုလုပ် ဝင်လာလဲဟင်"

ကျိုရန်က သံချွန်နှင့်တွဲနေသောကြိုးခွေကို ထောက်ပြလိုက်သည်။

www.burmeseclassic.com



"ဒီပစ္စည်းကိုအသုံးပြုပြီး လီလင်းဆီကိုမရရအောင် လာခဲ့တာပဲ"

"သိပ်ခက်တာပဲ"

လီလင်းက တိုးတိုးကလေး ညည်းတွားလိုက်သည်။ ကျိုရန်၏ဆုပ်ကိုင်ထားသောလက်ကိုမူ ရုန်းဖယ်ခြင်းမပြုပေ။

"ကျွန်မတို့ အလင်းရောင်အောက်မှာရပ်နေလို့ မဖြစ်ဘူး"

"ဟုတ်ပါရဲ့... လာ ဟိုသစ်ပင်အောက်ကိုသွားကြရအောင်"

ကျိုရန် ဆွဲခေါ်ရာသို့ လီလင်း လိုက်ပါလာသည်။ သစ်ပင်အောက်၌ ကျိုရန်နှင့်လီလင်းတို့ အတူတကွ ထိုင်မိကြ၏။

"လီလင်း ဆင်းလာတယ်နော်"

"ရှင် လာမယ်ဆိုတာ သိနေတာကိုး"

"လီလင်းက မလာပါနဲ့လို့တားတာလဲ ကျိုရန် မနေနိုင်ဘူးဆိုတာ တွေ့ပြီမဟုတ်လား။ ကဲ ပြောပါဦး... ကျိုရန်ကို မေတ္တာမတုံ့ပြန်နိုင်တော့ဘူးလား"

"ကျွန်မတော့ သိပ်စိတ်ညစ်တာပဲ"

"ဘာဖြစ်လို့ စိတ်ညစ်တာလဲဟင်"

"မြို့စားကြီးကျိုဝှမ်နဲ့ လီလင်း လက်ထပ်ရမယ်ဆိုတာ သိပြီးသားမဟုတ်လား"

"လီလင်း သဘောကျလို့ လက်ထပ်မှာမဟုတ်ဘူးဆိုတာ



ကျိုရန် သိပါတယ်"

ကျိုရန်၏စကားကြောင့် လီလင်း ဆက်ပြောရခက်သွားလေသည်။ ကျိုရန်က လီလင်းကို စူးစိုက်ကြည့်နေသည်။

"ကျွန်မ... မြို့စားကြီး ကျိုဝှမ်ကို မချစ်ပါဘူး။ ဒါပေမယ့် ဖေဖေက သဘောတူထားတော့ ကျွန်မအနေနဲ့ ဖေဖေ့စကားကို ဘယ်လိုမှမငြင်းပယ်နိုင်ဘူး။ ကျွန်မ ကျွန်မ စိတ်မကောင်းပါဘူးရှင်"

လီလင်းက အပြတ်သားဆုံး စကားကိုဆိုသည်။

အတန်ကြာမျှ နှစ်ဦးလုံး စကားသံများ တိတ်ဆိတ်သွားကြသည်။

အိမ်ဝင်းအပြင်မှ အစောင့်များ၏ခြေသံကိုကြားနေရ၏။ ကျိုရန်က လီလင်း၏လက်ကလေးကို တဖြည်းဖြည်း ပိုမို တင်းကျပ်စွာ ဆုပ်ကိုင်လာသည်။

"လီလင်း သွားတော့မယ်"

"အို... ဘာမှတောင် မပြောရသေးဘူး"

"ဘာပြောစရာ ရှိသေးလို့လဲ"

"ရှိတာပေါ့... ကျိုရန်ကို မေတ္တာတုံ့ပြန်မယ်ဆိုတဲ့စကားလေး တစ်ခွန်းတော့ နားထောင်သွားချင်တယ်"

"မဖြစ်နိုင်တာကို ဆက်မပြောပါနဲ့ရှင်၊ ပြန်ကြတာ အကောင်းဆုံးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျိုရန် မပြန်ချင်သေးဘူး"

"တော်ကြာ အစောင့်တွေ မိသွားလိမ့်မယ်"

"နင်လွှတ်နေတာလား လီလင်း"

ကျိုရန့်၏စကားကြောင့် လီလင်း စိတ်မကောင်းဖြစ်သွားသည်။ မျက်ဝန်းအိမ်တွင် မျက်ရည်များ သီဝေလာသည်။

ကျိုရန်မှာ လီလင်း၏မျက်နှာကလေးကိုသာ စူးစိုက်ငေးကြည့်နေလေသည်။

"လီလင်း နောက်ဆုံးစကားပြောမယ် ကျိုရန်... လီလင်းကို ချစ်ရင် ကျိုရန် မေ့လိုက်ပါတော့၊ ပြီးတော့ ဒီမြို့ကလဲ ထွက်သွားပါတော့"

"ကောင်းပါပြီ လီလင်း... ကျိုရန် လီလင်းစိတ်တိုင်းကျ ဒီမြို့က ထွက်သွားပါတော့မယ်၊ ဒါ နောက်ဆုံး နှုတ်ဆက်ခြင်းပါ။ ဒီလိုမှန်းသိရင် ကျိုရန် သိုင်းပြိုင်ပွဲကိုမဝင်ပါဘူး... နေရာတစ်ခုခုကိုရောက်ရင် ပြီးရောဆိုပြီး ထွက်လာခဲ့တာ လီလင်းတို့မြို့ကိုရောက်လာတာ ကျိုရန့်အမှားပါပဲ၊ ကဲ... လီလင်း သွားစေချင်ရင် သွားတော့မယ်"

ကျိုရန်က ထိုင်နေရာမှ ထလိုက်သည်။ သူယူဆောင်လာသောသံချိတ်နှင့်ကြိုးခွေကို ကောက်ယူလိုက်သည်။

လီလင်းက ဘာမျှမပြောတော့။ ရှေ့မှထွက်ခွာသွားသည်။

အုတ်နံရံဘေးသို့ရောက်သောအခါ ကျိုရန်က လက်ထဲမှကြိုး



ခွေကို ပစ်တင်ရန် ဟန်ပြင်လိုက်၏။

"ဒီသံကြိုးကြီးကို ပစ်မမနေနဲ့တော့... ထွက်ပေါက်ရှိတယ်၊ သာ... နောက်ကလိုက်ခဲ့"

လီလင်း ခေါ်ဆောင်ရာသို့ ကျိုရန် လိုက်ပါလာ၏။ ရင်ထဲတွင် စိတ်မချမ်းမြေ့မှုက ကြီးစိုးနေသည်။

အပြင်မှ ဖြတ်သွားသော အစောင့်၏ခြေသံကိုကြားရသောကြောင့် ကျိုရန်တို့ငြိမ်နေလိုက်ကြရသည်။

ဝင်းစောင့်များ၏အသံ တိတ်ဆိတ်သွားသောအခါ လီလင်းက လျှို့ဝှက်တံခါးကလေးတစ်ခုကို ဆွဲဖွင့်လိုက်၏။

ကျိုရန်က ငုံ့၍ ထွက်လိုက်သည်။

"ဟာ..."

ကျိုရန် အပြင်သို့ရောက်သောအခါ ထိတ်လန့်အံ့သြဖွယ်ဖြစ်ရပ်နှင့် ရင်ဆိုင်လိုက်ရသည်။

လူဆယ်ယောက်က ကျိုရန်ကိုဝိုင်းထားကြ၏။

ကျိုရန်က ခုခံရန် အသင့်ပြင်လိုက်သည်။

"မင်း ဘယ်သူလဲ... ဘာလာလုပ်တာလဲ... ပြောစမ်း"

ကျိုရန်က အဖြေမပေးချေ။

"ဟေ့... မေးနေတယ် ပြောလေကွာ၊ စကားမပြောတတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်ဟန်မတူသော ဗလကောင်းကောင်းလူတစ်ယောက်က ကျိုရန်ကို ခပ်ငေါက်ငေါက် မေးလိုက်၏။

ကျိုရန်၏တုံ့ပြန်မှုက တစ်ဟုန်ထိုး ခုန်ဝင်၍ တိုက်ခိုက်ခြင်းပင်ဖြစ်၏။

သို့သော် ရန်သူများက သူ့ထက် လျင်မြန်၏။

ကျိုရန် လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ကျိုရန်၏ခေါင်းကိုလက်နက်ပုန်းတစ်ခု လာရောက်ထိမှန်ခြင်းခံလိုက်ရကော့သည်။

ကျိုရန်၏မျက်လုံးထဲ၌ အမှောင်ထုကြီး ဖုံးလွှမ်းသွားတော့သည်။

## အခန်း(၅)
## ကျိုဌာမ်၏အောင်မြင်မှု

ကျိုရန် သတိရချြင်း မျက်နှာပေါ်မှာ ပူခနဲ စပ်ခနဲ ခံစားသိုက်ရအည်။

မျက်လုံးအမြင်များက ဝိုးတဝါး ဖြစ်နေသည်။ မျက်နှာကိုတစ်စုံတစ်ဦးက သားရေသုံးမြှောင့်ကြိုးတစ်ချောင်းဖြင့် ဘယ်ပြန်ညာပြန် ရိုက်နေ၏။

"ဖြန်း... ဖြန်း... ဖြန်း"

ကျိုရန် မချိမဆန့် ညည်းတွားလိုက်သည်။

"သတိရလာပြီလား... ဟေ့ကောင် မင်း ဘာလို့မတန်မရာကြံချင်ရတာလဲ ပြောစမ်း"

ကျိုရန် ရှေ့တည့်တည့် ကုလားထိုင်ပေါ်မှ ဒေါသတကြီး

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်မေးမြန်းလိုက်သူမှာ ရှမ်အမ်းမြို့စားကြီးကန်လီဆန်ပင် ဖြစ်သည်။

"ကျူပ် ဘာလုပ်လို့လဲ"

"ကဲ... ဒီကောင့်ကို မသေမချင်း ကြာကြာလေးညှဉ်းပြီး သတ်စမ်းကွာ"

ရှမ်အမ်းမြို့စားကြီးက တစ်ချက်လွှတ် အမိန့်ပေးလိုက်သည်။ ကျိုရန်အနီးသို့ လူသုံးယောက် ချဉ်းကပ်လာသည်။

ကျိုရန်၏ မျက်နှာ၊ ကျောပြင်နှင့်ပေါင်များသည် တစ်ပြိုင်နက်တည်း ပူရှနာကျင်သော ဝေဒနာများကို ခံစားလိုက်ရလေသည်။

သုံးမြွှောင့်သားရေကြိုးသမားက မျက်နှာကိုဖြတ်၍ ရိုက်သည်။ ညာဘက်မှ ဒူးများ၊ လက်သီးများက ကျိုရန်၏ပေါင်သားများ၊ ခြေသလုံးများနှင့်ညာဘက်နံကြားသို့ အဆက်မပြတ်ရောက်လာသည်။

"အား... အင်း"

ကျိုရန်၏မချိမဆန့်သော ညည်းတွားသံသည် လီလင်း၏ နားထဲမှတစ်ဆင့် ရင်ထဲသို့ဝင်ရောက်ကာ မွှမွှချေနေသည်ဟု ထင်မှတ်မိသည်။ လီလင်းလည်း မည်သို့မျှ မတတ်နိုင်ချေ။

ထိုအဖြစ်အပျက်ကို စိတ်မချမ်းသာစွာ ကြည့်ရှုနေရသူတစ်ဦးရှိသည်။ အခြားသူမဟုတ်။ ကျိုဝှမ်ပင်ဖြစ်သည်။



ကျိုဝှမ်သည် ရှမ်အမ်းမြို့စားကြီးက သဘောတူစအချိန်မှ လီလင်းကို ချစ်မြတ်နိုးမိ၏။

ထို့ကြောင့် တတ်နိုင်သမျှ လီလင်းကို မိမိဘက်ပါအောင် ချော့မော့သိမ်းသွင်းကြည့်သည်။

လီလင်းအလိုကို လိုက်သည်။ လီလင်း၏မျက်နှာကို အရိပ်တကြည့်ကြည့်နေသည်။

သို့သော် လီလင်းက မိမိကို တမင်ရှောင်လွှဲ၍ နေတတ်ကြောင်းကို ကျိုဝှမ် သတိထားမိခဲ့၏။

လီလင်းသည် ဖခင်မြို့စားကြီးရှေ့မှာသာ မျက်နှာကိုလိုက်ထိုက်လျော့လျော့ ဟန်ဆောင်တတ်သော်လည်း မြို့စားကြီး၏နောက်ကွယ်တွင် မည်သည့်အခါမျှ အပြုံးကိုမပြ။ မျက်နှာကိုပင်လွှဲ၍နေတတ်သည်။

မှန်၏။ မိန်းကလေးတို့သည် သက်တူရွယ်တူ လူချောလူလှများကိုသာ ပို၍ တန်ဖိုးထားကြပေမည်။

အသက်အရွယ်ကြီးရင့်သော မိမိကဲ့သို့ လူကြီးတစ်ယောက်ကို မည်သို့မျှ မချစ်မမြတ်နိုးနိုင်ကြောင်းများကို ကျိုဝှမ်က တသိတန်းကြီး တွေးတောနေ၏။

ညည်းညူသံ၊ ရိုက်နှက်ညှဉ်းဆဲသံ၊ ဒေါသထွက်၍ အော်ဟစ်သံတို့ဖြင့် ရှမ်အမ်းမြို့စားကြီး၏ စံအိမ်တော်အတွင်း၌ ဆူညံနေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ငါ စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် သေတော့မှာပဲ၊ နင် မ
ရက်ဘူးလား၊ ဒီလိုကောင်မျိုးကို နင် ခြံထဲဆင်းတွေ့ရအောင် ငါ တယ်
လေ... မပြောလိုက်ချင့်ဘူး"

"သမီး မှားပါတယ်... သမီးကို သတ်လိုက်ပါ ဖေဖေ"

လီလင်း၏သနားစဖွယ် တောင်းပန်သံကလေးသည် ကျိုရန်
၏ဆိုးရွားသော နာကျင်မှုများကို ပို၍ စူးရှစေ၏။

"ဒီလောက် နင် မက်မောချင်တဲ့အကောင်ကို နင့်ရှေ့မှာ ငါ
ရက်ရက်စက်စက် သတ်ပြမယ် ကြည့်နေ"

"သမီးကို အရင်သတ်ပါ ဖေဖေ၊ သမီးသေမှ သူ့ကို သတ်
ပါ"

မြို့စားကြီး၏ခြေအစုံကို ဖက်တွယ်၍ လီလင်းက တောင်း
ပန်သည်။

မြို့စားကြီးက လီလင်း၏ခေါင်းမှ ဆံပင်များကိုဆွဲကိုင်က
တွန်းလွှတ်လိုက်သည်။ လီလင်း နောက်သို့လန်ကျသွားသည်။

"ဟေ့ကောင်တွေ ဒီကောင့်ကိုထူပြီး ဟိုတိုင်မှာ ကြိုးတုပ်
ထားလိုက်"

ကျိုရန်ကိုဆွဲမပြီး တိုင်၌ ကြိုးများဖြင့် တုပ်ကြပြန်သည်။
လန်ဆန်မြို့စားကျိုဝှမ်သည် နေရာမှထလာ၏။



ရှမ်အမ်းမြို့စားကြီးက ကျိုရန့်ရှေ့သို့ရောက်လာသည်။

"လီလင်းနဲ့ မင်းနဲ့တန်သလား။ ငါ့ကို ပြောစမ်း"

ကျိုရန်၏မျက်နှာကိုစေ့စေ့ကြည့်ကာ မြို့စားကြီးက မေး
သည်။ ကျိုရန်က ဘာမျှမပြောဘဲ မျက်နှာလွှဲနေသည်။

"ဩော်... မင်းက ခုထိ ခေါင်းမာတုန်းကိုး"

ကျိုရန်၏မျက်နှာပေါ်သို့ မြို့စားကြီး၏လက်သီးများက
အဆက်မပြတ် ကျရောက်လာသည်။

ကျိုဝှမ်က ရှမ်အမ်းမြို့စားကြီး၏ လက်မောင်းကို ဆုပ်ကိုင်
လိုက်၏။

"တော်ပါတော့ မိတ်ဆွေ... သူလဲ တော်တော် နာနေပါပြီ"

"သေသွားတော့ကော ဘာဖြစ်သလဲဗျာ"

"လူငယ်တွေမို့ ဒီလိုမှားယွင်းတာပေါ့၊ ဖြစ်ပြီးတာ ရှိပါစေ
တော့ဗျာ၊ သူ့ကိုပြန်လွှတ်လိုက်ပါ... ကျုပ် တောင်းပန်ပါတယ်"

"ကျုပ်က အဆွေတော်ကို အားနာတာပါပဲ၊ ဒီလို အစော်
အားခံရတယ်ဆိုတာ ဘယ်လောက်ရက်ဖို့ကောင်းသလဲ၊ ကျုပ်က အ
ဆွေတော်ရဲ့ဂုဏ်သိက္ခာကိုထိန်းသိမ်းတဲ့အနေနဲ့ ဒီကောင့်ကို သတ်
ပစ်လိုက်ချင်တာ"

"မဟုတ်တာပဲဗျာ... တကယ်လို့ သူ သေဆုံးသွားရင် မြို့
စားကြီးသမီးနဲ့ချိန်းတွေ့လို့ အသတ်ခံရတယ်ဆိုပြီး အဆွေတော် နာ

www.burmeseclassic.com

www.burmeseclassic.com



မည်ပူဇော်မှာပေါ့"

"ဘာဖြစ်လို့ ပူဇော်ရမှာလဲ… ကျုပ်က ဒီမြို့ရဲ့မြို့စားပဲ"

သို့သော် ရှမ်းအမ်းမြို့စားကြီးသည် သူ့စိတ်ကူးကိုပြင်ဆင်လိုက်၏။

"ဟဲ… ဒီကောင့်ကို ကြိုးဖြေပေးပြီး အိမ်အရောက် လိုက်ပို့ပေးလိုက်"

လန်ဆန်မြို့စား ကျို့ဝှမ်က သူ့လူယုံတော်များကို အမိန့်ပေးလိုက်သည်။

ကျိုရန်မှာ ဒဏ်ရာဒဏ်ချက်များဖြင့် ညည်းညူနေဆဲ ဖြစ်၏။ ကြိုးများ တုပ်နှောင်ထားခြင်းကို ဖြေလိုက်ကြပြန်သည်။

ကျို့ဝှမ်က လီလင်းဘက်သို့ လှည့်ကြည့်လိုက်သည်။ လီလင်း၏ ကျေးဇူးတင်သော အားကိုးသောအကြည့်များကို မြင်လိုက်ရသည်။

"ဒီလိုပဲဗျ… လူဆိုတာ မမှားတဲ့အခါဆိုတာ ဘယ်ရှိပါ့မလဲ။ လူကြီးတွေထက် လူငယ်တွေက ပိုမှားတတ်ကြတယ်ဗျာ၊ သူတို့မှာ တိုင်း ကိုယ်က လိုက်မှားလို့မဖြစ်ဘူး မဟုတ်လား။ သတိနဲ့သာ ဖြေ… အခွေတော်"

"မဟုတ်ပါဘူးဗျာ… ကျုပ် မကျေနပ်တာက ကျုပ်အိမ်ဝင်းထဲအထိ ဒီကောင်ရောက်အောင် ဝင်လာနိုင်တာကို အံ့ဩတယ်"



"ဒါကတော့ဗျာ… သူက အလစ်စောင့်နေတာကိုး"

"ကျုပ်ကတော့ အခွေတော်ကို သိပ်အားနာတယ်၊ ကျုပ်သမီးကြောင့် အခွေတော်ရဲ့ဂုဏ်သိက္ခာ ထိခိုက်မှု ဖြစ်ရတယ်"

"ဒီလိုမဟုတ်ပါဘူး… ဒီလို မဟုတ်ပါဘူး၊ လီလင်းဟာ ငယ်ငယ်လေး ရှိသေးတာပဲ၊ သူလဲ စိတ်ကူးယဉ်ဦးမှာပေါ့။ ကျုပ်လို အသက်ကြီးကြီးလူတစ်ယောက်နဲ့လက်ထပ်ဖို့ထက် လူငယ်တစ်ယောက်ကိုပိုပြီး သဘောကျမှာပေါ့"

လီလင်းက ကျို့ဝှမ်၏စကားကြောင့် ခေါင်းငုံ့နေသည်။

"လီလင်း ဒီကိုလာစမ်း"

ရှမ်းအမ်းမြို့စားကြီးက ခေါင်းမော်မော်ဖြင့်ပင် သမီးဖြစ်သူကို ခေါ်လိုက်ပြန်သည်။

လီလင်း ခေါင်းငုံ့၍ရောက်လာ၏။

"ဒီမှာ နင်မိုက်မဲလို့ ငါတို့မိတ်ဆွေချင်း မျက်နှာအထားရခက်နေတယ်… အဲဒါ နင် တောင်းပန်လိုက်"

"လီလင်း တောင်းပန်ပါတယ်"

လီလင်းက ဖခင်စကားအတိုင်း ရှိသေစွာ လိုက်နာသည်။

ကျို့ဝှမ်က လီလင်း၏ငုံ့နေသောခေါင်းကလေးကို ကိုင်ကာ နောက်သို့ အသာအယာ တွန်းလိုက်၏။

"ကျုပ် ခွင့်လွှတ်ပါတယ်"

www.burmeseclassic.com

အိမ်အတွင်းခန်းသို့ ရှမ်းအမ်းမြို့စားကြီးဝင်သွားသည်။ လှိ

ဝှက်ခန်းအစောင့်များလည်း မြို့စားကြီး၏နောက်သို့ လိုက်သွားကြ

သည်။

ကျိုဝှမ်၏တပည့်များကလည်း အခန်းထဲမှထွက်ခွာသွားကြ

သည်။

အခန်းတွင်း၌ လီလင်းနှင့်လန်ဆန်မြို့စား ကျိုဝှမ်တို့သာ

ကျန်ခဲ့ကြသည်။ အပြင်၌ လကာ သာမြဲသာနေသည်။

ညသည် တိတ်ဆိတ်မှု၏လွှမ်းမိုးခြင်းကိုခံလိုက်ရပြန်၏

လီလင်း၏ပခုံးကို ကျိုဝှမ်က ဆုပ်ကိုင်လိုက်သည်။

လီလင်းက တရှုံ့ရှုံ့ ငိုကြွေးနေ၏။

"ဘာလို့ငိုနေရတော့တာလဲကွယ်... ကျုပ် ကျိုရန်ကို ပြ

လွှတ်ပေးလိုက်ပြီ မဟုတ်လား၊ ကျိုရန်အတွက် စိုးရိမ်ပူပန်နေ

လား"

"မဟုတ်ပါဘူး"

"လီလင်းကို ကျုပ် ဘယ်လောက်မေတ္တာရှိတယ်ဆိုတာ

တယ်မဟုတ်လား"

လီလင်းထံမှ အဖြေစကား ထွက်မလာချေ။

"ကျုပ်ကို ဘယ်လိုမှ မေတ္တာမတုံ့ပြန်နိုင်တော့ဘူးလား"

ကျိုဝှမ်က လီလင်း၏ပခုံးသားများကို ခပ်ဖွဖွ ဆုပ်နယ်



လိုက်သည်။

လီလင်းသည် အသံမထွက်ဘဲ တိတ်ဆိတ်နေသည်။

"ကျုပ် အခု အခန်းထဲက ထွက်သွားရမလား"

လီလင်း ပြန်မဖြေဘဲ ငြိမ်နေသည်။ တိတ်ဆိတ်သောညဉ့်

မောလုပသော မိန်းကလေးတစ်ဦးနှင့် အခန်းတစ်ခုအတွင်း၌

လပ်စွာ တွေ့နေရသောလူတစ်ယောက်သည် မိမိစိတ်ကို မိမိ

သိမ်းနိုင်ဖို့ မလွယ်ကူပေ။

"လီလင်း ကျုပ်မေးတာ ဖြေပါဦး"

လီလင်းက ခပ်တိုးတိုးဖြေသည်။

ကျိုဝှမ်သည် လီလင်း၏ခန္ဓာကိုယ်ကို ရင်ခွင်အတွင်းသို့ဆွဲ

ပွေ့ထူလိုက်သည်။

ည၏မှောင်မိုက်တိတ်ဆိတ်မှုသည် ပိုမို လေးနက်သွား၏။

အပြင်ဘက်၌ အစောင့်များသည် လှုပ်ရှားလာခေါက်ပြန် လမ်းလျှောက်

နေကြသည်။

ထိုည၌ လီလင်းသည် ကျိုဝှမ်၏ရင်ခွင်အတွင်း၌ မောမော

အိပ်ပျော်သွားခဲ့ရသည်။

www.burmeseclassic.com

## အခန်း(၆)

## သောတရောက်စေသောချိန်းဆိုချက်

"ကျူဖု... ကျူဖု"

အိမ်တံခါးဝမှ ခေါ်သံကြားသောကြောင့် ကျူဖုသည် တံခါး
ကိုထဖွင့်လိုက်၏။

အိမ်တွင်းသို့ ကျိုရန်၏ကိုယ်ခန္ဓာကြီး လဲပြိုကျလာသည်
ကျောပြင်မှာ အကျီစုတ်ပြတ်နေလျက် သွေးများ စိုရွှဲ
သည်။

ကျူဖုသည် ကျိုရန်၏အဖြစ်အပျက်ကို နားမလည်နိုင်
အောင် ဖြစ်သွားသည်။

"ဘယ်လိုဖြစ်လာတာလဲ သူငယ်ချင်းရာ"

ကျူဖုသည် ကျိုရန်၏ကိုယ်ကိုထူမ၍ နံရံမှာမှီပေးလိုက်



သည်။

မျက်နှာမှာ မြင်မကောင်းအောင် ဖူးရောင်နေသောဒဏ်ရာ
များကို ရေနွေးနှင့်ဆေးကာ ဆေးထည့်ပေးနေ၏။

"ရှမ်အမ်းမြို့စားလက်ထဲ ငါရောက်သွားလို့ ခပ်ဖြစ်ရတာပဲ"

"မင်းကို သူတို့အသေမသတ်လိုက်တာကို ကျေးဇူးတင်ရ
ဦးမယ်"

"လန်ဆန်မြို့စား ကယ်လို့"

"ဘာ... ဘယ်သူလဲ၊ ဟိုသိုင်းပြိုင်ပွဲတုန်းက လီလင်းဘေး
မှာ ထိုင်နေတဲ့ အသက်ကြီးကြီး မြို့စားလား၊ သူက မင်းကိုဝင်ကယ်
တယ် ဟုတ်လား"

"ဟုတ်တယ်"

"သူက စိတ်ကောင်းရှိပါတယ်... တောက်... ဒါ ရှမ်အမ်းမြို့
စားကို ဘယ်တော့မှကျေနပ်လို့ရမှာ မဟုတ်ဘူး၊ အခု ငါ့မျက်နှာပေါ်
က ဒဏ်ရာတွေက သူပေးတာကွ၊ ဘယ်သူ့လက်ချက်မှ မဟုတ်ဘူး။
သူ့လက်ချက်... သမီးဂုဏ်မောက်တာ၊ ငါလက်စားချေမယ် ကျူဖု"

ကျူဖုက ဒေါသတကြီး အော်ပြောနေသောကျိုရန်ကို ထိတ်
လန့်စွာ ကြည့်နေသည်။

"ငါ့ကို သွေးချင်းချင်း နီစေသလို သူတို့ကိုလဲ သွေးချင်းချင်း
နီစေရမယ်၊ ငါ မချိမဆန့် ခံစားရသလို သူတို့လဲ မချိမဆန့် ခံစားစေရ

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဒီလိုလဲ မဟုတ်သေးပါဘူးကွာ၊ မင်း လီလင်းကို မချစ်ဘူး

လား"

လီလင်းဟူသောစကားလုံးကြောင့် ကျိုရန် တွေဝေသွား

လေသည်။ လီလင်းသည် သူ့ကိုစိုးမိုးနေဆဲပင်ဖြစ်သည်။

ရှမ်ဒ. .းမြို့စားကို မုန်းတီးသလောက် လီလင်းကို သူချစ်

မိသည်။ အချစ်နှင့်အမုန်းဟူသော ဆန့်ကျင်ဘက်သဘောတရား

သည် ကျိုရန်၏ရင်ထဲတွင် ဆတူဖြစ်ပွားလျက်ရှိ၏။

နာကျည်းသည်။ ဝမ်းနည်းသည်။ ရင်ထဲမှာ မခံမရပ်နိုင်

အောင် ဝေဒနာခံစားရသည်။ မည်သူ့အတွက် ခံစားရသနည်း။

လင်းအတွက် ခံစားရခြင်းပင်ဖြစ်သည်။

လီလင်းသည် သူ့အတွက် မကျေနပ်စရာမရှိ။ လီလင်း

သူ့ကိုပင် အကာအကွယ်ပေး၍ ရှေ့မှအသေခံရန်ပင် ကြိုးစားခဲ့သည်

မဟုတ်ပါလား။

လီလင်း၏နူးညံ့သိမ်မွေ့သော သဘောတရားများကို ပြ

လည်ဆင်ခြင်မိသောအခါတွင် ကျိုရန်၏စိတ်နှလုံးတို့သည် အလို

ပြောင်းလဲလာ၏။

လီလင်းကို မရရအောင်ယူချင်သောစိတ်များ ရင်ထဲ

ပေါ်လာပြန်သည်။



"ဟုတ်တယ် ကျုံဖု... လီလင်းကို မရရအောင် ယူချင်နေ

တုန်းပါပဲကွာ"

"မင်းဟာ တော်တော် ခေါင်းမာတဲ့ကောင်ပဲ... ဒီတစ်ခါဆို

ရင်တော့ မင်းကို ခုလိုလွှတ်ပေးမှာမဟုတ်တော့ဘူး၊ ခေါင်းဖြတ်ပြီး

မှ်နိုင်မှာ သေချာတယ်"

"သေစမ်းပါစေကွာ... ငါ ဂရုမစိုက်ပါဘူး"

"လီလင်းကိုရော သူတို့နှိပ်စက်ကြသေးသလား"

"သူလဲ အရိုက်ခံရတယ်"

"မင်းကို ငါပြောခဲ့တယ် မဟုတ်လား... မင်းကြောင့် မင်း

ဘာ လီလင်းပါ ဒုက္ခတွေ့လိမ့်မယ်လို့ ငါ ပြောတာ မမှန်ဘူးလား"

ကျိုရန်သည် ဘာမျှမပြောဘဲ ငြိမ်နေ၏။ အကြံထုတ်နေ

ခြင်းဖြစ်သည်။

လီလင်းကိုရရန် မည်သည့်နည်းဖြင့် ကြိုးစားရမည်ဆိုသည့်

အချက်ကိုသာ ကျိုရန် စဉ်းစားသည်။

ကျိုရန်သည် မြို့စားကြီးကိုနာကျည်းသည့်စိတ်နှင့် လီလင်း

ကိုရယူလိုသည့်စိတ်တို့ လွန်ဆွဲနေ၏။

"ငါ့ရဲ့မြေသိမ့်တုန်လက်သီးကို တစ်ချက်မှ အသုံးပြုခွင့်မရခဲ့

ဘူး"

"သူတို့က လက်ဦးသွားတာကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အလှည့်မှာ သူတို့အနိုင်ယူပါစေကွာ"

ကျိုရန်က အံကိုတင်းတင်းကြိတ်ကာ ရေရွတ်လိုက်၏။

"အား... အား... ကျူးဖူ၊ ငါ့ကို အိပ်ရာအထိ နေရာရွှေ့ပေးဦး

လေကွာ၊ တောက်... ဒီဒဏ်ရာတွေကလဲ ဘယ်နှစ်ရက်ကြာမှပျောက်

မယ် မသိဘူး"

"တစ်ရက်နှစ်ရက်လောက်ကြာရင် ပျောက်မှာပါကွာ"

"ငါတော့ မြန်မြန်ပျောက်ချင်တယ်ကွာ... ငါ ခရီးထွက်စရာ

ရှိသေးတယ်"

"မင်း ဘယ်ကိုသွားမှာလဲ"

"တစ်နေရာရာပေါ့"

"ဘာလုပ်ဖို့လဲ"

"တစ်ခုခုလုပ်ဖို့ ဆိုပါတော့"

"မင်းဟာက ဘာမှမရောရာပါလား"

"ငါကိုယ်တိုင်လဲ ဘာမှ ရေရေရာရာ မဆုံးဖြတ်ရသေးဘူး"

ကျူးဖူက ကျိုရန်ကို မနိုင်မနင်းမ၍ အိပ်ရာပေါ်ရောက်သည်

အထိ ရွှေ့ပေး၏။

ကျူးဖူက ကိုင်တွယ်လိုက်တိုင်း ကျိုရန်မှာ တအင်းအင်း

အားအား ညည်းညူနေရှာသည်။

"အား... အထဲက အရိုးတွေ ကြေကုန်ပြီလားမသိဘူး"



ကျူးဖူသည် သူငယ်ချင်း၏ဝေဒနာကို မကြည့်ရက်တော့

သည့်အလား နေရာမှထွက်ခွာသွားသည်။

သည်တော့မှပင် ကျိုရန်သည် ကောင်းမွန်စွာ လှဲလျောင်းနေ

နိုင်တော့သည်။

လီလင်းမျက်နှာလေးကို မျက်လုံးတွင်းမှ ဖျောက်ဖျက်၍မ

ရ။

ကျိုရန်သည် မောမောဖြင့် အိပ်ပျော်သွားသည့်တိုင် အိပ်

မက်ထဲတွင် လီလင်းနှင့်တွေ့နေလေသည်။ လီလင်းကကျိုရန်နောက်

သို့ အပြေးလိုက်လာသည်။

မြို့စားကြီးက ရှေ့က လက်ကာတားဆီးလိုက်၏။ ကျိုရန်က

မြို့စားကြီးကိုသတ်ရန် အတင်းခုန်ဝင်လိုက်သည်။

"အား...."

"ကျိုရန်... ကျိုရန်... ဘာဖြစ်တာလဲ"

ကျူးဖူက လှုပ်နှိုးသောကြောင့် ကျိုရန် လန့်နိုးလာသည်။

"ဘာဖြစ်တာလဲ ကျိုရန်"

"အိပ်မက်မက်ပြီး လက်လှုပ်မိလို့ နာသွားတာပါ"

ကျူးဖူ အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)
## ရင်ထဲကအမှု

နောက်တစ်ရက်ခန့် နှစ်ရက်ခန့်အတွင်း ကျိုရန်သည် သက်သာလာ၏။

ကျိုရန် သက်သာလာသည်နှင့် စွမ်အင်းကို ခေါ်ခိုင်းလိုက်သည်။ စွမ်အင်း ရောက်ရှိလာ၏။

ကျိုရန်က စွမ်အင်းနှင့် စာတစ်စောင်ရေးပေးကာ လီလင်းထံသို့ လွှတ်လိုက်၏။

စွမ်အင်းက လီလင်း၏အခန်းတွင်းသို့ဝင်ကာ ကျိုရန်ပေးလိုက်သော စာကိုပေး၏။

"လီလင်း....

ကျိုရန် မဆင်ခြင်မိလို့ လီလင်းဝါ ဒုက္ခရောက်ရတာကို စိတ်



ကောင်းပါဘူး။ အခုလဲ ကျိုရန် ဒဏ်ရာတွေသက်သာလာပါပြီ။

နောက်တစ်ပတ်အကြာ တရုတ်ပြက္ခဒိန် လေးရက် မိုးသောက်ချိန်မှာ ကျိုရန် ရှမ်အမ်းမြို့က သွားတော့မယ်။ မိုးမလင်းခင် လီလင်း ထွက်လာနိုင်ရင် ထွက်လာခဲ့ပါ။

ညသန်းခေါင်ကျော်အချိန်ကစပြီး လှိုဏ်ဂူကတ်တံခါးရဲ့အနီးတစ်ဝိုက်မှာ ကျိုရန်ရှိနေမယ်။

ကျိုရန်"

ကျိုရန်၏စာကိုဖတ်ရသောအခါ လီလင်းသည် တုန်လှုပ်ချောက်ချားသွားမိသည်။

ကျိုရန်သည် ဘာမျှသိပုံမပေါ်။ မိမိ၏ဘဝကို လန်ဆန်မြို့စား၏လက်ထဲသို့ ပုံအပ်လိုက်ရသည်ကိုသာ ကျိုရန်သိလျှင် မည်မျှကြေကွဲ ရင်နာသွားချေမည်နည်း။

လီလင်းသည် ဝမ်းနည်းမျက်ရည်စများ တစိမ့်စိမ့် ပါးပြင်ပေါ်သို့ စီးဆင်းလာသည်။

နောက်ဆုံးလီလင်းသည် ကျိုရန်ကိုတားမြစ်နိုင်မည့် နည်းလမ်းကိုသာ စဉ်းစားရတော့သည်။

ကျိုရန်က တစ်ခွတ်ထိုးသမား၊ မလာပါနှင့်ဟု တားလျှင်ပိုသည်း လာတတ်သည်။

စွမ်အင်းနှင့်စာပြန်ရေးပေးလိုက်လျှင် ကျိုရန် နားထောင်

www.burmeseclassic.com



မည်မဟုတ်။

မတတ်နိုင်တော့။ ကျိုရန် လာသောအချိန်တွင်သာ အခြေအနေကြည့်၍ အကျိုးအကြောင်းပြောပြရတော့မည်။

မိမိက အမှန်အ တိုင်း အကျိုးအကြောင်း ပြောပြသည့်တိုင် ကျိုရန်က လက်ခံပါမည်လားဟု လီလင်းဝေခွဲမရ ဖြစ်နေသည်။

ကျိုရန်က မိုးမလင်းမီ ဆင်းသက်လာခဲ့ပါဟု မှာသည်။ အကယ်၍ မိုးလင်းလျှင် ကျိုရန် ဆက်နေ၍ဖြစ်တော့မည် မဟုတ်ကြောင်းကို လီလင်းသိပါသည်။

သို့သော်လည်း ကျိုရန်အပေါ်၌ စွဲလမ်းနေသော ချစ်စိတ်ကလည်း ခက်သည်။

နောက်ဆုံးအဖြစ်နှင့်ပင်ဖြစ်စေ ကျိုရန်မျက်နှာကို ကြည့်ချင်သေးသည်။

ကျိုရန်က သည်မျှ အနိဂ်စက်ခံရသည့်တိုင် ငါ့ကို မမေ့နိုင်သေးပါလားဟူသော အသိက လီလင်း၏ရင်ကို ပို၍ ပူလောင်စေလေသည်။

လီလင်း၏ဖခင် မြို့စားကြီးက အခြေအနေအရပ်ရပ်ကို အကဲခတ်တတ်သူဖြစ်သောကြောင့် လီလင်းကို လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခွင့်ပေးထားသည်။

လီလင်းက လန်ဆန်မြို့စား ကျိုဝှမ်၏ဆန္ဒကိုလိုက်လျော



[illegible]ပြီး မဟုတ်ပါလား။

လန်ဆန်မြို့စားကလည်း လီလင်းကို အရိပ် တကြည့်ကြည့်[illegible]နေ၏။

လီလင်းက သူ့ကိုစိတ်ပြောင်းကာ ချစ်သွားပြီဟု ထင်မှတ်[illegible]ဝေသည်။

လီလင်းသည် အလွန်မောပန်းသောသက်ပြင်းရှည်ကြီးတစ်[illegible]ဆို ချလိုက်မိသည်။

ကျိုရန်၏စာကို သေချာစွာဖတ်ပြီးနောက် အစိတ်စိတ် အ[illegible]ဖြစ်အောင် လီလင်း ဆွဲဆုတ်လိုက်သည်။

ဒါမှအန္တရာယ် ကင်းမည်။ တစ်ဦးတစ်ယောက်ကသာ စာကို[illegible]သွားပါက ကျိုရန်အတွက် အသက်ဘေးနှင့်နီးလှသည်။

ရှမ်အမ်းမြို့စားကြီးကလည်း အိမ်ဝင်းစောင့်များကို သတိ[illegible]၍စောင့်ကြပ်ရန် မှိုးဆော်ထား၏။

ရှေးကထက်ပို၍ အိမ်ဝင်းစောင့်ဦးရေကို တိုးမြှင့်ခန့်ထား[illegible] သည်တော့ ကျိုရန်ကိုထွက်တွေ့ဖို့ မလွယ်ကူလှချေ။

ကျိုရန် ချိန်းသည့်အချိန်က ဝင်းစောင့်များ တာဝန်ပြောင်း[illegible]အချိန်ဖြစ်၏။

ထိုအချိန်တွင် လီလင်းသည် အပြင်သို့ခိုးထွက်၍ ရနိုင်ပေ[illegible]

www.burmeseclassic.com



ကျိုရန် မည်မျှကြာအောင် စကားပြောနေဦးမည်မသိ။ ကြာကြာစကားပြော၍တော့ မဖြစ်။ တွေ့ပြီး ချက်ချင်းပြန်ပြေးဝင်မှသာ နှစ်ဦးလုံး အန္တရာယ်ကင်းပေမည်။

ဘဝကို အဆုံးထား၍ လန်ဆန်မြို့စားအလိုသို့ လီလင်း လိုက်ပါခဲ့သော်လည်း ကျိုရန် နောက်မဆုတ်မှန်းသိရသောအခါ ဝမ်းနည်းယူကျုံးမရ ဖြစ်ခဲ့ပြီ။ သို့သော် လွန်ခဲ့ပြီ။

ထိုစဉ် ကျိုဝှမ် ရောက်လာလေ၏။

"ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ လီလင်း"

"ဩော်... ဘာမှမဟုတ်ပါဘူး... ကျွန်မတို့ လက်ထပ်ဖို့ကိစ္စကို စဉ်းစားနေမိတာပါ"

လီလင်းက အမှတ်မထင် ရောက်ရှိလာသော ကျိုဝှမ်ကို အလိုက်သင့် ပြန်ဖြေလိုက်၏။

"ဒါများ မိန်းကလေးရယ်... ဘာမှ ခေါင်းရှုပ်စရာမရှိပါဘူး ကျုပ် အားလုံးစီစဉ်မှာပေါ့။ ဒီအတွက်တော့ စိတ်အေးအေးသာထား မိန်းကလေး အလိုဆန္ဒတွေအားလုံး ပြည့်ဝစေရမယ်"

ကျိုဝှမ်မြို့စားက လီလင်း၏သေးကျဉ်းသော ခါးကလေးကို ပွေ့ဖက်ကာ ပြောဆို၏။

လီလင်းက အသာကိုယ်ကိုလှို၍ ရှန်းလိုက်သည်။

"ကျွန်မ ခေါင်းနည်းနည်းမူးနေလို့ပါ"



လီလင်း ခေါင်းမူးသည်ဟုဆိုသဖြင့် လန်ဆန်မြို့စားကြီးကျိုဝှမ်မှာ ပျာယာသလဲ ဖြစ်သွားသည်။

မကြာမီ လက်ထပ်ရတော့မည့် မယားအသစ်ကလေးကို လန်ဆန်မြို့စားသည် အတတ်နိုင်ဆုံး ဂရုတစိုက်ပြုစု၏။

လီလင်းကတော့ ကိုယ့်အပူနှင့်ကိုယ် မအေးနိုင်ဘဲ တွေးမြဲတွေး၍ ကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)
## အသက်စွန့်သောသူငယ်ချင်း

ကျိုရန်သည် ရှမ်အမ်းမြို့စားကြီး၏စံတော်အိမ်သို့ ဒုတိယအကြိမ်ဝင်ရန် စဉ်းစားတွေးတောနေသည်။

သူ့အနေဖြင့် မစဉ်းစား၍ မဖြစ်ပေ။ ဒုတိယအကြိမ် မိသွားပါက အသက်နှင့်ကိုယ် အိုးစားကွဲမည်မှာ သေချာနေသည်။

တစ်ချက်တော့ သူ့ဘက်က အခွင့်အရေးရှိသည်ကို သူသဘောပေါက်နားလည်နေ၏။

ရှမ်အမ်းမြို့စားကြီးသည် သူ့အား မလောက်လေးမလောက်စား သိုင်းသမားတစ်ယောက်အဖြစ်သာ သဘောထားနေသည်။

ပထမအကြိမ် သူ့အား ပြင်းပြင်းထန်ထန် ရိုက်နှက်ညှဉ်း



လိုက်သဖြင့် သူ ကြောက်ရွံ့သွားပြီဟု ထင်ကောင်းထင်နေနိုင်သည်။

ထို့ကြောင့် အစောင့်အကြပ်များကို တိုးမချဘဲ မူလအတိုင်းထားခဲ့သည်။

"ကျိုရန် မင်း ဘာတွေ စဉ်းစားနေတာလဲ"

သူငယ်ချင်းဖြစ်သူ ကျူးဖုသည် ကျိုရန်ထိုင်နေသည့်နေရာသို့ ရောက်လာပြီး မေးခွန်းထုတ်လိုက်လေသည်။

"မြို့စားကြီးရဲ့စံတော်အိမ်ထဲကို ဒုတိယအကြိမ် ဝင်ဖို့ စဉ်းစားနေတာပါ"

"မင်းသွားတဲ့အခါ ငါလဲ လိုက်မယ်"

"ကျူးဖု မင်း မလိုက်နဲ့… တကယ်လို့ လီလင်းထွက်လာရင် လင်းကို တပါတည်းခေါ်ပြီး ငါက ထွက်ပြေးမှာ၊ မင်း ဒုက္ခဖြစ်နေစ်ခဲ့လိမ့်မယ်"

"ဒုက္ခဖြစ်ဖြစ်ကွာ ငါလိုက်မယ်"

'ကျူးဖု… ဒုက္ခဖြစ်မယ်ဆိုတာ သေတာကိုပြောတာနော်"

"ငါသိပါတယ်ကွာ… မြို့စားကြီးရဲ့သမီးကိုခိုးနဲ့တွေ့ဖို့ ကြိုးစားပြေးဖို့ ကြိုးစားတာဟာ ရာဇဝတ်အိုး တူတဲ့ထိုးတဲ့ကိစ္စပေါ့ကွ"

"အဲဒါကြောင့်မို့လို့ မင်းကို ငါက ကူညီတာ၊ ငါက ရှမ်အမ်း… ရှမ်အမ်းမြို့အကြောင်း အမြစ်မှာမကျန် အကုန်သိတယ်၊

www.burmeseclassic.com



မင်း ဘေးမသီရန်မခ ထွက်သွားနိုင်ဖို့ကိစ္စမှာ ငါ့အကူအညီ လိုအပ်တယ်လို့ထင်တယ်”

“မင်းက အဖေနဲ့အတူနေတဲ့ကောင်... ငါက တစ်ယောက်တည်းသမား၊ ဘာမှ ငါ့အတွက် ပူစရာမရှိဘူး၊ မင်းအတွက်သာ”

ကျူဖုက ခေါင်းခါ၏။

“အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ဒုက္ခရောက်နိုင်တဲ့နေရာကို တစ်ယောက်တည်းလွှတ်လိုက်ရင် ငါ သောက်သုံးမကျရာကျနေမှာပေါ့၊ မင်းက ညီ့သည်... ငါက အိမ်သည်၊ ဒါကြောင့်မို့ ငါလိုက်ပြီးစောင့်ရှောက်တာပေါ့”

ကျိုရန်က...

“ကဲ... ဒါဖြင့် မင်းသဘောပဲကွာ”

စင်စစ် ကျူဖုသည် သူငယ်ချင်းကောင်းပီသသူ၊ မိတ်ဆွေကောင်း ပီသသူ၊ အိမ်သည်ကောင်းပီသသူ ဖြစ်၏။

ဥစ္စာပစ္စည်းဆုံးရှုံးသည့်အခါတွင် လည်းကောင်း၊ ဝတ်မွတ်ခေါင်းပါးသည့်အခါတွင် လည်းကောင်း၊ အမှုအခင်း ဖြစ်ပွားသည့်အခါတွင်လည်းကောင်း၊ အခက်အခဲကြုံတွေ့ရသည့်အခါတွင် လည်းကောင်း၊ မိမိ၏ဘေး၌ မားမားမတ်မတ် လာရပ်သူကို မိတ်ဆွေကောင်းဟုဆိုနိုင်ကြောင်း ပညာရှိတို့က မြွက်ဆိုခဲ့ကြသည် မဟုတ်ပါလော။



သို့ရာတွင် ကျိုရန်မှာ ကျူဖုကဲ့သို့ စိတ်ထားမျိုးရှိသူ မဟုတ်ပေ။ ကျိုရန်သည် တစ်ကိုယ်ကောင်းသမားဖြစ်၏။

ကျူဖုသည် ကျိုရန်နှင့် အသက်အန္တရာယ်မကင်းသည့်အလုပ်မျိုး တစ်ကြိမ်မျှ မပြုလုပ်ခဲ့ဖူးပေ။

ထို့ကြောင့် ကျိုရန်၏တစ်ကိုယ်ကောင်းစိတ်ထားကို ကျူဖုမသိနိုင်ခဲ့ပေ။

အပေါ်ယံအားဖြင့်သာ ကျိုရန်သည် သူ့အပေါ် စိတ်ကောင်းစေတနာကောင်းထားမည့် မိတ်ဆွေကောင်းဟု မှတ်ထင်ယူဆထားခြင်းဖြစ်ပေသည်။

ထို့ကြောင့် သူ့အနေဖြင့် ကျိုရန်အား ကူညီရန်ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

စင်စစ် ကျူဖုသည် ဓားနှစ်လက်သမားဖြစ်၏။ သို့သော် သူ့သိုင်းပညာတတ်ခြင်းကို အလွန်လျှို့ဝှက်ထားသည်။

ယခုမူ သိမ်းဆည်းထားသည့် သူ၏ဓားနှစ်လက်ကိုဆွဲထုတ်နေလေတော့၏။

ကျိုရန်သည် ဒဏ်ရာများသက်သာသည်နှင့် အရေးကြုံတက်လုံကောင်းနိုင်စေရန် သိုင်းပညာများကို ပြန်လည်လေ့ကျင့်နေတော့၏။

သိုင်းပညာလေ့ကျင့်ရာမှ နားသည့်အချိန်တွင်လည်း ဦး

www.burmeseclassic.com



နောက်ကိုအနားမပေးပေ။

သူ့အား ညှဉ်းပန်းနှိပ်စက်ခဲ့သည့် ရှမ်အမ်း မြို့စားကြီးကို မည်သို့သတ်နိုင်မည်နည်းဟုသာ စဉ်းစားနေတော့သည်။

"ဟင်း... လီလင်း ထွက်မလာလို့ကတော့ ဒီမြို့စားဟာ ခုနစ်ရက်အတွင်း သေကိုသေစေရမယ်"

သူသည် စိတ်ထဲမှကျိတ်၍ ကြိမ်းဝါးလိုက်လေ၏။

ထိုနေ့ည သန်းခေါင်အချိန်တွင် ကျူးဖုနှင့်ကျိရန်တို့သည် အလွန်သန်မာထွားကျိုင်းသော မြင်းနှစ်စီးကို တဖြည်းဖြည်း စီး၍ မြို့စားအိမ်အနီးသို့ ချဉ်းကပ်ခဲ့ကြသည်။

ရှမ်အမ်းမြို့စားကြီး၏အိမ်နှင့်နီးကပ်လာသောအခါတွင် မြင်းပေါ်မှဆင်းလိုက်ပြီးနောက် သစ်ပင်တစ်ပင်တွင် မြင်းများကို သေအချာ ချည်နှောင်ထားလိုက်ကြ၏။

ဝင်းစောင့်များသည် မြို့စား၏အိမ်ကြီး ပတ်ပတ်လည်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် စောင့်ရှောက်နေကြ၏။

"ဘယ်လိုလဲ ကျိရန်... အနားကပ်ဖို့တော့ မလွယ်ဘူး စောင့်က တယ်များတာပဲ"



"များတော့ မများပါဘူး"

"မင်း ဘယ်လိုလုပ်ချင်သလဲ"

ကျူးဖုက ဝင်းစောင့်များ၏အခြေအနေကို အကဲခတ်ရင်း ကျိရန်ကို မေးသည်။

"အခုသွားနေတဲ့ကောင်တွေက ညဦးကတည်းက စောင့်နေတဲ့ကောင်တွေကွ၊ တော်ကြာကျရင် တာဝန်လဲတော့မှာ"

"တာဝန်လဲတော့ရော ဘာထူးခြားမှာလို့လဲ"

"ထူးခြားတာပေါ့ကွ... တာဝန်လဲတဲ့အချိန်မှာ အိမ်ဝင်းရှေ့ကို အားလုံးသွားစုကြတယ်၊ ဘာတွေပြောကြသလဲတော့ မသိဘူး၊ တော်တော်ကြာတယ်... အဲဒီအချိန်မှာ ဝင်းနားကိုကပ်လို့ရတာပေါ့"

"မင်းက ဝင်းထဲကိုဝင်ဖို့ စိတ်ကူးသေးလို့လား"

"လီလင်းထွက်မလာရင် ဝင်ရမှာပေါ့"

"ဘယ်လိုလုပ်ဝင်မလဲ... ဝင်းက အမြင့်ကြီးပဲဟာ"

"ငါ့မှာ သံချိတ်နဲ့ကြိုးခွေ ပါပါတယ်"

"မင်းဟာက မလွယ်ဘူး... အချိန်နဲ့ကိုက်လုပ်ရမယ့်ကိစ္စပဲ"

"ဒီမှာကျူးဖု... ငါပြောတာ သေချာနားထောင်၊ မင်း ဒီနားမှာ နေခဲ့၊ ငါ ဟိုသစ်ပင်ကြီးနောက်ကို ဝမ်းလျှားထိုးသွားမယ်၊ တာဝန်လဲတဲ့အချိန်မှာ ငါ သစ်ပင်ပေါ်ကတစ်ဆင့် အိမ်ဝင်းထဲကိုဝင်မယ်၊ ငါ ဘာမှမဖြစ်ရင် မင်း ဒီကပဲ စောင့်ကြည့်နေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လီလင်းက လျှို့ဝှက်တံခါးက ထွက်လာနိုင်တယ်ဆို"

"လျှို့ဝှက်တံခါးဆိုတာလဲ အဲဒီသစ်ပင်ရှေ့မှာပဲရှိတာ"

ကျူဖုက စဉ်းစားနေသည်။ ကျိုရန်တစ်ယောက်တည်း လွှတ်လိုက်ရမှာကို စိတ်မချဖြစ်နေ၏။

စံတော်အိမ်ဝင်းအတွင်းသို့ ကျိုရန် ရောက်ရှိသွားလျှင် သူ့အ နေဖြင့် မည်သို့မျှ ကူညီနိုင်တော့မည် မဟုတ်ပေ။

ကျူဖုနှင့်ကျိုရန်တို့ တိတ်တဆိတ် တိုင်ပင်နေချိန်တွင် ဝင် စောင့်များ တာဝန်လဲရန် မြို့စားကြီးအိမ်ဝင်းရှေ့ကို စုရုံးသွားကြ ကြောင်း တွေ့ကြရ၏။

ဝင်းရှေ့၌ တာဝန်လဲမည့်လူများ ရှိနေသည်။ လူအင်အား မှာ ဆယ်ယောက်မျှရှိ၏။ ဟိုတစ်ညက ကျိုရန်ကို ဖမ်းဆီးခဲ့ကြသော လူဆယ်ယောက်ပင်ဖြစ်သည်။

"ကဲ... ငါသွားမယ်၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး"

ကျိုရန်က ဖျတ်လတ်စွာ မြို့စားကြီး၏ဝင်းဘေးရှိ သစ် အနီးသို့ ချဉ်းကပ်လိုက်သည်။ ကျိုရန် သစ်ပင်ကြီးဘေးသို့အရောက် တွင် လျှို့ဝှက်တံခါးပွင့်သွားသည်။

လီလင်း အပြေးအလွှား ထွက်လာ၏။ ကျိုရန်က လီလင်း ဆီး၍ ပွေ့ဖက်လိုက်၏။

"လာ... လီလင်း၊ ဒီနားမှာ စကားပြောလို့မဖြစ်ဘူး။ တ



… သွားကြမယ်"

"အို... ဘယ်ကိုသွားမှာလဲ၊ လီလင်း လိုက်လို့မဖြစ်ဘူး"

လီလင်းမှာ မျက်ရည်များ စီးကျလာပြီး အဖြစ်အပျက်များ အတိုချုပ် ပြောပြ၏။

သူမ၏ခန္ဓာကိုယ် မသန့်ရှင်းတော့ပြီဖြစ်ကြောင်း၊ ထို့ …ကြောင့် မသန့်ရှင်းတော့သည့် ခန္ဓာကိုယ်ကို ကျိုရန်၏ဘဝတွင်းသို့ …လိုတော့ကြောင်း ရှင်းပြသည်။

ကျိုရန် တွေဝေသွားသည်။ လီလင်းသည် လန်ဆန်မြို့စား …လက်တွင်းသို့ အမှန်တကယ် သက်ဆင်းသွားခြင်းလော။

သူ့ နောက် မလိုက်ချင်သောကြောင့် လိမ်ပြောခြင်းလော။ … တွေးရတော့သည်။

"ကျိုရန် မယုံဘူး"

လီလင်း၏မျက်လုံး၌ မျက်ရည်စများ လျှံကျလာသည်။

"လာ... လီလင်း အချိန်မရှိဘူး၊ ဒီကိစ္စကို နောက်မှပြော"

ကျိုရန်က လီလင်း၏လက်ကို ခပ်ကြမ်းကြမ်းဆွဲကာ ကျူဖု …သို့ ခေါ်လာ၏။

လီလင်းက ပြန်ရုန်းသော်လည်း ကျိုရန်နှင့်အားချင်း မမျှ …ကြောင့် တဖြည်းဖြည်း ပါလာသည်။

"ကျိုရန် လီလင်းစကားကို နားထောင်ပါ၊ လီလင်း ကျိုရန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းလေးပေးချင်လို့ စောင့်နေတာ"

လီလင်းက ရွှေဆွဲကြိုးကလေးကိုမြှောက်ပြသည်။ ကျိုရန်က ခေါင်းခါလိုက်၏။

"ပစ္စည်းကိုလိုချင်လို့ ကျိုရန်လာတာ မဟုတ်ဘူး။ လီလင်းကို တစ်ခါတည်း ခေါ်သွားမလို့လာတာ"

တဖြည်းဖြည်း ကျူးဖူ ရပ်စောင့်နေသောနေရာသို့ နီးလာသည်။

"လီလင်းကို ပြန်လွှတ်ပါ"

"မလွှတ်ဘူး... လီလင်းကို ချစ်တယ်၊ ချစ်လို့ လာခေါ်တာ... ဘာပဲဖြစ်ဖြစ် မထားခဲ့နိုင်ဘူး"

လီလင်းသည် ရုန်းရင်းကန်ရင်းဖြင့်ပင် မြင်းပေါ်သို့ရောက်ခဲ့ရလေသည်။

ကျူးဖူကလည်း မြင်းပေါ်သို့လွှားခနဲ ခုန်တက်လိုက်၏။ ထို အချိန်တွင် မြို့စားကြီးအိမ်ဝင်းဘက်မှပြေးလာသော ခြေသံများကို ကြားနေရသည်။

"ကျိုရန်... သူတို့တွေ့သွားပြီ"

"တွေ့ပါလေ့စေ... တို့မြင်းတွေက ပိုကောင်းတယ်"

မြင်းနှစ်စီးသည် မြို့စားအိမ်ဝင်းအနီးမှ မြောက်ဘက်တော တန်းထဲသို့ အပြင်းစိုင်းကာ ဝင်ရောက်သွားကြသည်။



ကျူးဖူက လူလွှတ်စီးရသည်ဖြစ်သောကြောင့် အရှိန်မြန်မြန် ပြေးနိုင်၏။ ကျိုရန်မှု ခရီးမတွင် ဖြစ်နေသည်။ လီလင်းက မြင်း ခုန်ချဖို့ ကြိုးစားနေသောကြောင့်ဖြစ်၏။

"ဘယ်လိုဖြစ်နေတာလဲ လီလင်း"

"ကျွန်မကို ချထားခဲ့ပါ... ကျွန်မ မလိုက်ချင်ဘူး၊ ကျွန်မ ရှင်းတော့ဘူး"

"ချထားရင် သူတို့ဖမ်းပြီး သတ်မှာပေါ့"

"မသတ်ဘူး... သတ်ရင်လဲ လီလင်း သေပါစေတော့၊ ချ ထားခဲ့တော့"

ရုန်းနေသောအရှိန်ကို ကျိုရန်က ထိန်းနေရသောကြောင့် ...ာ တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသည်။

ထိုအဖြစ်အပျက်ကို မြင်လိုက်ရသော ကျူးဖူက မြင်းကိုအ ...၍ ချဉ်းကပ်လာသည်။

"ဒီအတိုင်းသွားလို့တော့ မဖြစ်ဘူး ကျိုရန်... ထားရင်ထား ...မှမဟုတ်ရင် လီလင်းကို အိပ်ခိုင်းထားလိုက်"

ကျူးဖူပြောသည်က ဟုတ်သည်။ ကျိုရန်သည် ကျူးဖူ၏စ ...သည်နှင့် လီလင်း၏မေ့စေသောအကြောကို ထိုးပိတ်လိုက်...

လီလင်းသည် ပျော့ခွေကျသွား၏။ သည်တော့မှ လီလင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုနောက်သို့ဆွဲယူ၍ ရင်ဘတ်နှင့်ထိန်းကာ မြင်းကို အပြင်းစီးရတော့သည်။

မြို့စား၏ဝင်းစောင့်များလည်း နောက်မှမြင်းကိုယ်စီဖြင့် အမြင်းစိုင်းလာကြသည်။

တောအုပ်၏အလယ်လောက်တွင် ကျူးဖုနှင့် ကိုရန်တို့မြင်းခွာသံများ ကြားကြရ၏။

"နောက်က လိုက်လာကြပြီကိုရန်"

"ဒီအတိုင်းဆိုလွတ်မှာ မဟုတ်ဘူးထင်တယ်"

ကိုရန်က မြင်းခွာသံ အနီးအဝေးကို ဂရုတစိုက် နားထောင်ရင်း ပြော၏။

ကျူးဖု အကောင်းဆုံးအစီအစဉ်ကို စဉ်းစားမိလိုက် သည်။

"ဒီလိုလုပ်ကွာ... မင်းက ခရီးမတွင်ဘူး၊ မင်း ပြေးနှင့်တော့ ငါ နောက်ကတိုက်ရင်း ကျန်ခဲ့မယ်"

"မင်းတစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ်ကွာ... ငါ့ဓားအကြောင်းလဲ မင်းသိသားနဲ့"

"မဖြစ်ဘူး ကျူးဖု... မြင်းကိုသာ အပြင်းဆုံး နှင်စမ်းပါ"

"မင်းသာ သွား... ငါ မသွားဘူး"

ကိုရန် ဝမ်းသာသွား၏။

ကျူးဖု ကာကွယ်၍ ကျန်ရစ်ခဲ့လျှင် ကျူးဖု သေကောင်းသေ



ညော်ဖြစ်သော်လည်း သူကမူ ကောင်းစွာ လွတ်မြောက်နိုင်သည်။

"ဒါဖြင့် ငါ သွားတော့မယ် သူငယ်ချင်းကျူးဖု"

ကိုရန်က ကျူးဖုကို လက်တစ်ဖက်ဝှေ့ယမ်းနှုတ်ဆက်သွားသည်။

ကျူးဖုသည် ကိုရန် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ရပ်ကြည့်နေပြီးနောက် မြင်းပေါ်သို့လွှားခနဲ ခုန်တက်ကာ မြို့စားလူများလာရာ လမ်းခရီးသို့ ပြန်ကွေ့ကာ အပြင်းစိုင်းသွားလေသည်။

မြို့စား၏ လူဆယ်ယောက်တို့က ရှေ့မှစိုင်းနှင်လာသော မြင်းခွာသံကြောင့် ဖရိုဖရဲဖြစ်သွားကြသည်။

ကျူးဖုသည် တုံ့ဆိုင်းမနေတော့ဘဲ သူ၏ဆံချည်မျှင်ဓားသွက်ကို အသုံးပြုကာ အပြင်းအထန် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

တစ်ဘက်က မြင်းဇက်ကြိုးကိုကိုင်ထားရသဖြင့် ဓားတစ်ဘက်တည်းဖြင့်သာ တိုက်ခိုက်နိုင်သည်။

ကျူးဖု၏ တိုက်ကွက်မှာ မြန်လွန်းလှ၏။ မြင်းကို အလယ်မှ ဖောက်၍ တစ်ဟုန်ထိုးစီးရင်း မြို့စားလူများကို တိုက်ခိုက်သွားရာ မြို့စားလူနှစ်ယောက် မြင်းပေါ်မှကျသွားလေသည်။

ကျူးဖုသည် မြင်းကို ရုတ်တရက် ဇက်ကြိုးလှည့်ကာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ဖြတ် ညာထောင့်ဖြတ် ခိုင်း၏။

ကျူးဖုကို ဓားနှင့်လိုက်ခုတ်သော မြို့စားၡ၏လူယုံတော်

အချင်းချင်း တိုက်ခိုက်မိကြသည်။

မြင်းပေါ်မှကျသူကို ကျူးဖုက တိုက်ကွက်သုံးရင်း မြင်း

တက်နင်းသွားသည်။

မြို့စား၏လူများသည် ကျိုရန်၏နောက်သို့ ဆက်လိုက်

ကိုမဆိုထားနှင့် ကျူးဖု၏တိုက်ကွက်ကို အပြင်းအထန် ခုခံနေရသ

လူကွဲသွားမှာကို စိုးရိမ်နေကြသည်။ ကျန်သော

ခြောက်စီးက အစုလိုက် အပြုံလိုက် တစ်နေရာတည်းမှရပ်ကာ

ကို ကာကွယ်နေရသည်။

ကျူးဖုက မြင်းကို ကျွင်လည်စွာ စီး၍ ပတ်ချာ လှည့်

သည်။ မြို့စား၏လူတစ်ယောက် ထပ်ကျသွားပြန်၏။ ဓားသံ

အော်သံများဖြင့် ဆူညံနေသည်။

ကျူးဖုက တိုက်ကွက်ပြောင်းကာ မြင်းကို ခပ်ခွာခွာ

သတ်၍ ရပ်လိုက်၏။

မြို့စားလူများက ကျူးဖုရှိရာသို့ မြင်းကို ဒုန်းစိုင်းရင်း

ကိုဝှေ့လာကြသည်။

ကျူးဖုက မြင်းကို ဘယ်လိမ် ညာလိမ်လှည့်ကာ ဒိုက်

စီး၏။ မြို့စားလူများက အစုလိုက် အပြုံလိုက် နောက်မှလိုက်



ကျူးဖု မြင်းကိုဇက်ကြိုးဆွဲကာ နောက်သို့ ရုတ်တရက် ပြန်လှည့်လိုက်ပြီး ထောင့်ဖြတ်ဝင်တိုက်သည်။

သည့်မှာပင် ကျူးဖု၏ဘယ်လက်ကို ဓားထိသွားသည်။ ကျူးဖု မြင်းပေါ်မှ ပြုတ်ကျသွား၏။

မြို့စား၏လူယုံ မြင်းလေးစီးက ကျူးဖု လဲကျနေရာသို့ မြင်းဖြင့်နင်းပြီး ဓားနှင့်ခုတ်သတ်ရန် စီးလာကြ၏။

ကျူးဖုက လေထဲသို့ ခုန်တက်လိုက်၏။ ရှေ့ဆုံးမှ မြင်းစီးသမား၏ခေါင်းတွင် သွေးများ ရဲခနဲ လျှံကျသွား၏။

"အား..."

ကျူးဖုသည် မြင်းသုံးစီး၏တိုက်ခိုက်မှုကို မြေပြင်မှ အလူးအလဲ တိုက်ခိုက်နေရသည်။ ဒဏ်ရာရထားသော လက်တစ်ဖက်က ကျူးဖု၏တိုက်ကွက်များကို တုံ့နှေးလွဲချော်စေသည်။

ကျူးဖု မောဟိုက်လာသည်။ အသက်ရှူသံက ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ လက်မောင်းမှ သွေးများက မြေပြင်ပေါ်သို့ ယိုစီးကျနေသည်။

ကျူးဖု မောနေမှန်း သိသောကြောင့် မြို့စား၏လူယုံများက

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တိုက်လာကြသည်။ ကျူးဖုသည် မြင်းဖြင့် အနင်းမခံရအေ
ကြိုးစား၍ရှောင်သည်။

မြင်းသုံးစီးကမူ ကျူးဖုအား ခေါက်တုံ့ခေါက်ပြန် အပြေ
လွှား ဝင်တိုက်ကြသည်။

ကျူးဖုက မြင်းတစ်စီးပေါ်မှ ခြေထောက်ကိုဖြတ်ခုတ်ချလို
၏။

မြင်းပေါ်မှ လူတစ်ယောက်ကျလာသည်။ ကျလာသူ၏
ဝကို ကျူးဖုက ဓားဦးနှင့် ထိုးချလိုက်သည်နှင့်တစ်ပြိုင်နက် ကျူ
ဇက်၌ ပူခနဲ ဖြစ်သွားသည်။

ရင်ဘတ်ပေါ်သို့ သွေးများ စီးကျလာလေသည်။ က
နောက်ကျသွားခဲ့ပြီ။

ကျူးဖု မြင်းပေါ်က ကျလာသူကိုထိုးခုတ်ရန် ကြိုးစား
ချိန်တွင် မြို့စား၏မြင်းနှစ်စီးက ကျူးဖု၏ဇက်ကို ကြက်ခြေခတ်
ခုတ်လိုက်ခြင်း ဖြစ်သည်။

မြင်းတစ်စီးက ယိုင်ထိုးယိုင်ထိုးဖြစ်နေသော ကျူးဖု၏
တိုက်၏။ ကျန်တစ်စီးက တက်နင်းသွားသည်။

"အား...."

ကျူးဖု၏မချိမဆန့် ညည်းတွားသံ ထွက်ပေါ်လာသ
နောက်တစ်ခေါက် မြင်းနှစ်စီးက ကျူးဖုအပေါ်သို့ ပြေ



ကြပြန်သည်။

ကျူးဖု၏မျက်နှာများ၊ လည်ပင်းများတွင် မြင်းခွာဒဏ်ရာကြောင့် ကြည့်မကောင်းအောင် ရှပ်ပျက်ဆင်းပျက် ဖြစ်သွားရတော့၏။

မြင်းနှစ်စီးသည် ကျူးဖုကို စိတ်ကျေနပ်သည်အထိ အခေါက်ခေါက်အပြန်ပြန် မြင်းဖြင့် တက်နင်းပြီးနောက် တောတွင်းသို့ အပြင်းစိုင်းနှင်ဝင်ရောက်သွားလေတော့သည်။

ကျူးဖု၏ခန္ဓာကိုယ်ကြီးသည်သာ မြေပြင်ပေါ်တွင် သွေးအလူးလူးဖြင့် တဆတ်ဆတ် တုန်ယင်နေသည်။

အနည်းငယ်ကြာသော အခါတွင် ဆတ်ခနဲ တစ်ချက်မျှတွန့်ပြီးနောက် ငြိမ်သက်သွားတော့သည်။

စိတ်ထားကောင်းသည့် မိတ်ဆွေတစ်ယောက်ကား သူ့မိတ်ဆွေအတွက် အသက်စွန့်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## ခင်းသားခေါင်းဆောင်းထားသောဘီလူး

ကျူးဖုံ အသေခံတိုက်ခိုက်ပေးခဲ့သည့်အကျိုးကြောင့် ကို
သည် ရှမ်အမ်းမြို့စားကြီး၏လက်အောက်ငယ်သားများကို မျက်
ပြတ် ထွက်ပြေးလွတ်မြောက်သွားနိုင်ခဲ့ပေသည်။

ရှန်တုန်ပြည်နယ်အတွင်းရှိ ဆန်ပိုင်မြို့ဆီသို့ သူ့မြင်
သည် ဦးတည်ပြေးလွှားလျက် ရှိနေလေပြီ။

ရှမ်အမ်းမြို့စား၏ နောက်လိုက်တပည့်အားလုံးကို
တစ်ယောက်တည်း အနိုင်ယူတိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း
ကောင်းစွာသိ၏။

ကျူးဖုံ သေဆုံးမည်မှာ သေချာသည်။ အဘယ်ကြောင့်
သော် ကျူးဖုံသည် စားမကိုင်ခဲ့သည်မှာ ကြာပြီဖြစ်သော

တည်း။

ကိုရန်၏မျက်လုံးထဲ၌ ရှမ်အမ်းမြို့စားကြီး၏မျက်နှာကို မြင်ယောင်နေသည်။

မိမိအား ခက်ထန်စွာ ကြည့်သောအကြည့်၊ ခါးသီးစွာ ပေးသည့်အမိန့်သံ၊ လက်သီးချက်များ၊ သားရေပြားရိုက်ချက်များ၊ ကျာပွတ်ရိုက်ချက်များ အစရှိသည့်အချက်အားလုံးကို မျက်စိထဲ၌ ပြန်လည်မြင်ယောင်လာသည်။

ထိုအချက်များကို တွေးမိတိုင်း လီလင်းအပေါ် ချစ်သည့်အချစ်များသည် တဖြည်းဖြည်း လျော့ပါးလာ၏။

မည်သို့ပင်ဖြစ်စေ ယခု ရှမ်အမ်းမြို့စားကြီးသည် အရှက်ကွဲအကျိုးနည်းဖြစ်ရပေတော့မည်။

သူ့သမီးကို လန်ဆန်မြို့စားကြီးနှင့် ထိမ်းမြားပေးစားရန် လူသိရှင်ကြား စေ့စပ်ပြီးနေပြီ။

ယခုမိမိက လီလင်းကို ခိုးယူခဲ့ခြင်းအတွက် ရှမ်အမ်းမြို့စားကြီးမှာ မျက်နှာကိုစားဖြင့် လှီးပစ်ချင်လောက်အောင် အရှက်ကွဲအကျိုးနည်း ဖြစ်ရပေတော့မည်။

လီလင်းက သူမနှင့်လန်ဆန်မြို့စား ကျိုဝှမ်တို့ကျူးကျူးလွန်လွန်ဖြစ်ခဲ့ပြီဟု ပြောခဲ့သည်။ သည်အချက်ကို ကိုရန် ဂရုမစိုက်ချေ။

လီလင်းကို ခေါ်ဆောင်လာခဲ့သည့်အတွက် ရှမ်အမ်းမြို့စား

www.burmeseclassic.com



ကြီး အရက်တကွဲအကျိုးနည်း ဖြစ်ပြီဆိုလျှင် လီလင်းကို ခေါ်ခဲ့ရ
နပ်ပြီဟု တွေး၏။

ကိုရှန်သည် ယခင်က လီလင်းကို နှစ်နှစ်ကာကာ ချစ်ခဲ့

သို့သော် ယခုကာလတွင် အချစ်သက်သက်မရှိတော့
သူ့အတွင်းစိတ်သည် ထူးခြားစွာ ပြောင်းလဲသွားခဲ့လေပြီ။

လီလင်းအပေါ်၌ အချစ်စိတ်တစ်ဝက်၊ အမုန်းစိတ်တစ်
သာ ရှိတော့သည်။

လီလင်းမှာမူ မြင်းပေါ်၌ မေ့မျောပါလာသဖြင့် လမ်း
အဖြစ်အပျက်များကို လုံးဝမသိတော့ပေ။

ကိုရှန်သည် ဆန်ပိုင်မြို့အတွင်းသို့ ဝင်ရောက်လာသော
ခါ လီလင်း၏အကြောကို ဖြေပေးလိုက်၏။

"ကျွန်... ကျွန်မကို ဘယ်ရောက်နေပြီလဲဟင်"

"ရှန်တုန်ပြည်နယ်ထဲက ဆန်ပိုင်မြို့ထဲရောက်နေပြီ"

"ဟင်... ကျွန်မ... ကျွန်မ"

"ဘာမှမပူနဲ့ လီလင်း... တစ်ဆိုင်ဆိုင်မှာ တစ်ခုခု ဝင်
မယ်"

"ဟင့်အင်း... ကျွန်မ ဘာမှမစားချင်ဘူး၊ ကျွန်မကို
အမ်းမြို့ကို ပြန်ပို့ပါ"

ကိုရှန် ဒေါသထောင်းခနဲ ထွက်သွား၏။ ပထမဆုံးအ



အော်ငေါက်လိုက်မိတော့သည်။

"တိတ်စမ်း... နောက်တစ်ခါ ပြန်ပို့ဖို့ပြောရင် လျှာကိုဖြတ်
ပစ်မယ်"

လင်မယားအဖြစ်မှ မပေါင်းသင်းရသေးမီ ခက်ထန်ကြမ်း
တမ်းစွာ အော်ငေါက်လိုက်သည့်စကားကြောင့် လီလင်းမှာ တုန်လှုပ်
သွား၏။ ကြောက်ရွံ့သွား၏။

ထို့ကြောင့် ထပ်မံ၍ စကားမဟဝံ့တော့ဘဲ ငြိမ်ကုတ်နေ
လိုက်ရတော့၏။

ကိုရှန်သည် ဆန်ပိုင်မြို့၌ အခြေချနေထိုင်လိုက်၏။ မြို့၏
ဆင်ခြေဖုံးအရပ်တွင် နေထိုင်ကြသဖြင့် မည်သူမျှ သူတို့ ၂ဦးရာခံ
ကိုသိနိုင်တော့ပေ။

သို့သော် သူသည် လီလင်းအပေါ် တစ်နေ့ထက်တစ်နေ့
ငြီးငွေ့မှုခေါင်းပါးလာ၏။

လီလင်း၌ ကိုယ်ဝန်ဆောင်သည့်အရိပ်အရောင်များ ထွက်
ပေါ်လာသည့်အခါတွင်မူ လင်မယားနှစ်ယောက်အကြီးအကျယ်
ရန်ဖြစ်ကွဲကြလေတော့၏။

✿ ✿

"ငါ ဒီကိုယ်ဝန်အတွက် ဘာမှတာဝန်မယူနိုင်ဘူး၊ ငါနဲ့လဲ

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူး… မင်းဟာမင်း ဖြစ်ခဲ့တဲ့ကိုယ်ဝန်ကို မင်းဟာမင်း ကြည့်ရှင်းပေါ့”

လီလင်းသည် မျက်ရည်များ စီးကျနေ…မှတပါး ဘာမျှမတတ်နိုင်ချေ။

ကျိုရန်ကို မျက်စိလည် လမ်းမှား၍ ချစ်ကြိုက်မိခြင်းသာ သူမ၏အမှား… ကိုယ့်ကိုယ်ကို အပြစ်ပုံချရတော့သည်။

“ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီ…ထိခေါ်လာရတာလဲ”

“မင်းအဖေကို ကလဲ့စားချေချင်လို့ နားလည်ပြီလား”

“ရှင့်မှာ ယောကျ်ားပီသတဲ့ ကိုယ်ချင်းစာစိတ်ကလေး နည်းနည်းမှမရှိတော့ဘူးလား ကျိုရန်”

“မင်း စကားရှည်လှချည်လား”

လီလင်းသည် သူမအမှားကို သူမ ကောင်းကောင်းနားလည်သွားသည်။

ကျိုရန်ကိုလည်း စိ…အနာကြီး နာကျည်းမိသည်။ မတတ်နိုင်တော့ ကျိုရန် ထားသမျှ ဘဝမှာပင် သူမ နေရတော့မည်ဟု သဘောပိုက်လိုက်၏။

ကျိုရန်ကို ခ… တွေ့သည့်ပထမအကြိမ်ကပင် လီလင်း ဒုက္ခတွေ့ခဲ့ရသည်။

ထိုဒုက္ခကို မဆင်ခြင်မိသောကြောင့် ထို့ထက်ကြီးမား



…သောဒုက္ခကို ထပ်၍ ရင်ဆိုင်နေရခြင်းဖြစ်၏။

ကျိုရန်ကိုတွေ့စက ချစ်ခင်မိသောစိတ်တို့သည် ယခုမူ ရွံ့စ… မုန်းရော၊ နာစရာအဖြစ်သို့ ပြောင်းလဲကုန်ကြလေပြီ။

ကျိုရန်ကတော့ လီလင်းကို လုံးလုံးပင် ဂ…စိုက်ဘ ဘူး။

ကိုယ်ဝန်ရှိသည်ဟု ပြောပြီးသည့်နောက် ကျိုရန်၏ အပြုအ…ပုံက ပိုမို စိမ်းကားလာသည်။

အိမ်ကိုပြန်ချင်သည့်အချိန်မှ ပြန်သည်။ မပြန်ချင်သည့်နေ့မ…မြို့ထဲရှိ လောင်းကစားဝိုင်း၌ ကျိုရန် အမြဲလိုလိုရှိနေတတ်သည်။

လီလင်းတစ်ယောက်တည်း ကျိတ်၍ ငို… ခဲ့ရသော အ…ပေါင်းလည်း မနည်းတော့။

ကျိုရန်၏ရက်စက်မှုများကား အတောမသ…နိုင်တော့ပြီ။

မပြောမဖြစ်သော စကားများကို လီလင်းအားပြောဆိုသော်လည်း နူးညံ့ပျော့ပျောင်းမှုလုံးဝမရှိ။ အခိုင်းအစေတစ်ဦး… ပြောသကဲ့သို့ပင် ပြောတတ်သည်။

ကျိုရန် အရက်မူးလာလျှင်လည်း လီလင်းကို ရိုက်တတ်နှက်…သေးသည်။

ကျိုရန်၏ လက်စာတစ်ချက်မိလိုက်လျှင် မလွယ်ပေ။ လု…စိတ်ကြမ်းဖြစ်သောကြောင့် ကြောက်မက်ဖွယ်ကောင်းလှ…

www.burmeseclassic.com

www.burmeseclassic.com



လီလင်းသည် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ တဖြည်းဖြည်း ပိန်ချုံးလာသည်။ ကိုယ်ဝန်သည်လည်း တစတစ ရင့်လာ၏။

လီလင်းတွင် ပါလာခဲ့သော ရွှေငွေပစ္စည်းများလည်း ကုန်သလောက် ရှိနေပေပြီ။

ကျိုရန်ကား ဘာအလုပ်မျှ မလုပ်တော့ပေ။ ဘယ်တော့မျှ အလုပ်လုပ်မည့်သူ မဟုတ်တော့ကြောင်း လီလင်း နားလည်၏။

မပေါ့မပါးနှင့် လီလင်းသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြင့် ကျိုရန်ကို လုပ်ကျွေးသမှုပြုနေရှာသည်။

ဖခင်ဖြစ်သူ ရှမ်အမ်းမြို့စားကြီးကိုလည်း လီလင်းသည် ပို၍ ပို၍ သတိရလာသည်။

ဖခင်ကြီးသည် ယခုအချိန်တွင် စိတ်ဆင်းရဲစွာနှင့် နေရှာရပေတော့မည်။

လီလင်းသည် မထူးတော့သည့်အတူတူ မိမိဘဝကို ဆန်ပိုင်မြို့တွင်သာ အဆုံးသတ်တော့မည်။

ဖခင်မြို့စားကြီးထံသို့ မပြန်တော့ စိတ်ဆင်းရဲမှု အသစ်များကို ဖခင်မြို့စားကြီးအား ပေးအပ်လိုစိတ်လည်းမရှိတော့ပေ။

သို့သော် မကြာမီ ကျိုရန်နှင့်လီလင်းတို့၏ အိမ်ထောင်သည်ဘဝကို နိဂုံးချုပ်စေမည့်အပြုအမူကို ကျိုရန် ပြုလုပ်တော့သည်။

အရက်သောက်စား၊ လောင်းကစားခြင်းသာ နေ့တိုင်းပြုမူ



သောကျိုရန်သည် လိမ္မာလှသောယောင် ဟန်ဆောင်ပြလျက် လီလင်း၏ နောက်ဆုံးလက်ကျန်ရွှေထည်ပစ္စည်းကလေးများကို ယူဆောင်ကာ အိမ်မှ ထွက်ခွာသွားတော့သည်။

ကျိုရန်က အိမ်ထောင့်တာဝန်ထမ်းမည့် စီးပွားရေးလုပ်ငန်းခုခုလုပ်မည်ဟု အယုံသွင်းပြောဆိုခြင်းဖြစ်၍ ကျိုရန်၏ကြင်နာမှုရခဲ့သော လီလင်းမှာ အယုံကြီး ယုံကြည်ခဲ့သည်။

ထို့ကြောင့် သူမီးဖွားလျှင် အသုံးပြုမည်ဟု စုဆောင်းထားသည့်ပစ္စည်းဥစ္စာများကိုထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)
## ဒုက္ခသည်

နေသည် တစတစ မြင့်လာ၏။ မနက်ခင်းက ထွက်သွ
သောကျိုရန်သည် ညနေစောင်းသည့်တိုင် ပေါ်မလာသေး။

ကျိုရန် အဘယ်ကြောင့် သည်မျှအချိန် ကြာနေကြောင်
လီလင်း မတွေးတတ်တော့ပေ။

အိမ်ဝမှ ရပ်စောင့်မျှော်ကြည့်နေသော လီလင်းသည်
ညောင်းလာသည်နှင့် အိမ်တွင်းသို့ဝင်ကာ ထိုင်လိုက်မိပြန်သည်

ထိုင်စောင့်နေရာမှ ကျိုရန် လာချိန်နီးပြီဟု စိတ်တွင်းမှ
မိသဖြင့် အိမ်ပေါက်ဝသို့ပြန်ရောက်သွားမိပြန်သည်။ ထိုင်လို
ထလိုက်နှင့် ကျိုရန်အလာကိုသာ မျှော်နေရသည်။

လီလင်းထင်သကဲ့သို့ ကျိုရန်ကား မိုးမချုပ်မီ ပြန်ရော



သာချေ။

မိုးချုပ်လာသည်နှင့်အမျှ လီလင်း၏ပူပန်မှုတို့လည်း ပို၍
ကြီးထွားလာသည်။

ကျိုရန်သည် ငွေရရန်အတွက် သက်သက်မိမိကိုချော့မော့
၍ ယူငင်သွားခြင်းလားဟု စဉ်းစားမိသောအခါ ဆောက်တည်ရာမရ
ဖြစ်မိတော့သည်။

ကျိုရန်ကား ညဦးအတော်နက်သည့်တိုင် ပြန်ရောက်မလာ
သေးချေ။

လီလင်းသည် ကျိုရန် ပြန်မလာတော့ဟု ထင်မိသည်။ ကျို
ရန်သည် သူမကိုပစ်၍ ထွက်ခွာသွားပြီဟု ထင်လိုက်မိသည်။ ထိုအ
ခါတွင် ကျိုရန် ပြန်ရောက်လာ၏။

ကျိုရန်သည် အရက်ကို အလွန်အကျွံ သောက်လာခဲ့ပုံရ
သည်။

"ခြံဝယ်ဖြစ်တယ် မဟုတ်လား ကျိုရန်"

လီလင်းက အိမ်ပေါ်ရောက်ရောက်ချင်း မေးလိုက်၏။

"ဘယ်ကခြံလဲ... ဘာလုပ်ဖို့ဝယ်ရမှာလဲ"

ကျိုရန်အသံကား မနက်ကနှင့်ယခု ကွာခြားလှပါဘိ။ လီ
လင်းထိတ်လန့် တုန်လှုပ်သွားမိသည်။

"မနက်ကပဲ ခြံဝယ်မယ်ဆိုပြီး လက်ဝတ်လက်စားတွေ ယူ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာလေ”

“အေး... ငါက ခြံဝယ်ဖို့မလောက်တာနဲ့ ဒီထက်ပိုပြီး ရ
ပြား လောင်းကစားပစ်လိုက်တာ ကုန်ပြီ”

“ဟင်...”

လီလင်းသည် ဘာမျှ ဆက်မပြောနိုင်တော့။ ချုံးပွဲချ၍
ငိုလိုက်မိတော့သည်။

“ဘာလို့ငိုတာလဲဟင်... လောင်းကစားပစ်လိုက်ကုန်တာ ပို
ရလား... လောင်းကစားတယ်ဆိုတာ ဒီလိုပေါ့ကွ၊ နိုင်ရင်နိုင်မယ်
မနိုင်ရင်ရှုံးမယ်၊ ဒီနှစ်လမ်းပဲရှိတာ မဟုတ်လား”

“မိုက်မဲလှချည်းလား ကျိုရန်ရယ်”

“ဟေ... မင်းက ငါ့ကိုမိုက်တယ်လို့ပြောတယ် ဟုတ်လ

“ကျွန်မတို့ ဘာနဲ့စားကြတော့မလဲ၊ ဒီလက်ဝတ်လက်
လေးကို အရင်းအနှီးလုပ်ဖို့ ပေးလိုက်တာ”

“စားစရာမရှိရင် မစားနဲ့ပေါ့ကွ”

“ရှင် ဘယ်လိုစကားပြောလိုက်တာလဲ”

“ငါပြောတာ မင်း မကြားဘူးလား၊ စားစရာမရှိရင်
လို့ပြောတာ၊ အငတ်နေဖို့ ပြောတာ”

“ရှင်က ဒီလက်ဝတ်လက်စားတွေကိုလိုချင်လို့ တစ်ရ
ရက် ဟန်ဆောင်နေတာကိုး”



“မင်း သိပြီမဟုတ်လား။ သိရင် ပြီးရောပေါ့”

“ရှင် ယောကျ်ားမဟုတ်ဘူး... ကတိမတည်ဘူး၊ သူများ
သမီးကို သက်သက်နှိပ်စက်တာ”

“မင်းကိုနှိပ်စက်ဖို့ သက်သက်ခေါ်လာခဲ့တာပဲ”

ကျိုရန်၏စကားက လီလင်း၏ရင်ထဲတွင် စူးခနဲ မျက်ခနဲ
လိုက်ရသည်။

ကျိုရန်အပေါ် သနားမိသော၊ ယုံကြည်မိသော မိမိကိုယ်ကို
ဒေါသထွက်မိသည်။

“ရှင်ဟာ လူယုတ်မာ”

“ဟုတ်တယ်... ငါ ယုတ်မာတယ်၊ မင်းအဖေက ငါ့ကို အရင်
မာလို့ ငါက မင်းကိုယုတ်မာရတာ... ဒါပဲ”

ကျိုရန်၏စကားများသည် လီလင်း၏ရင်ကို ပို၍ နာကျင်
အောင် ထိုးဆွနေသလို ဖြစ်လာသည်။

“ကျွန်မ ရှင့်ကိုသနားမိတာ မှားတာပဲ”

“မင်းတို့ မိန်းကလေးတွေက ဒီလိုပါပဲ၊ ရုပ်ချောရင် ကြိုက်
တာပဲ၊ ငါ့ကို တွေ့စတုန်းကလဲ မင်းပဲ ငမ်းငမ်းတက်ဖြစ်နေတာ
တ်လား”

“ရှင် ဒီလိုမပြောနဲ့”

“ပြောမယ် ဘာဖြစ်လဲ၊ ငါက မှန်တာ ပြောတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ရှင် ကျွန်မကို အတင်းဆွဲခေါ်လာရတာလဲ"

"လာပြန်ပြီ ဒီစကား။ မင်းအဖေကြီးကို လက်စားချေချင်လို့ ပြောတယ် မဟုတ်လား။ အခု ငါ လှလှပပ လက်စားချေပြီ"

ကျိုရန်က အိမ်ခန်းတွင်းမှ မှန်တစ်ချပ်ကို ထ၍ယူသည်။ ထို့နောက် အိမ်ရှေ့သို့ပြန်ရောက်လာ၏။

"ဒီမှာကြည့်စမ်း လီလင်း… မင်း အရင်လို လှလှပပ ရှိသေးရဲ့လား၊ ပြည့်ပြည့်ဖြိုးဖြိုး ရှိသေးရဲ့လား၊ မင်းရဲ့ လှပါတယ်… ချောတယ်ဆိုတာတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ကြည့်စမ်း… ကြည့်စမ်းကွာ"

ကျိုရန်က လီလင်း၏ဆံပင်များကိုကိုင်ဆွဲ၍ မှန်ရှေ့သို့အတင်းတွန်းပို့နေသည်။

လီလင်းသည် မှန်ပေါ်သို့ မျက်နှာမှောက်ကျသွား၏။

"အား… ရှင် အနိုင်မကျင့်နဲ့"

"ဒီမှာ ငါ့မျက်နှာကိုရော ကြည့်စမ်း"

ကျိုရန်က သူ့မျက်နှာကြီးကိုလက်ညှိုးဖြင့် ပြန်ထိုးပြ၏သည်။

"ငါ့မျက်နှာပေါ်က အမာရွက်ကိုမြင်တယ် မဟုတ်လား မင်းအဖေရဲ့ လက်စွမ်းတွေလေ၊ ဒီဒဏ်ရာတွေကို ကြည့်မိတိုင်း ငါ အမြဲ ဒေါသထွက်ရတယ်"



လီလင်းက မျက်လုံးအပြူးသားဖြင့် ကျိုရန်ကို ထိတ်လန့်စွာ ကြည့်နေ၏။

ကျိုရန်က သူ၀တ်ထားသောအကျီကို ဆွဲချွတ်လိုက်ပြန်၏။

"ဒီမှာရော ကြည့်ဦး… ငါ့ကျောတွေ ခါးတွေမှာ သေရာပါ အထိ ထင်နေတဲ့အရှိုးရာတွ… တွေ့တယ် မဟုတ်လား၊ အဲဒါ ကြောင့် ငါ အရိုက်ခံရတာမဟုတ်လား၊ မင်းအဖေကြီးက မင်း ခေါက်ပြီး ငါ့ကိုနှိပ်စက်တာ မဟုတ်လား၊ ငါ့ဘ၀ကိုလဲ စဉ်းစား ဦးလေ၊ ငါဟာ တစ်ကောင်ကြွက် သိုင်းသမားကွ၊ ငါ့မှာ ဘယ် အကာအကွယ်ပေးမယ့်လူ မရှိဘူး၊ မင်းအဖေက လူအများစု ငါ့ကို နှိပ်စက်တာပါကွာ၊ ငါက မင်းကိုတစ်ယောက်တည်း နှိပ် တာပါ"

"ရှင်ဟာ လူမဟုတ်ဘူး… ခွေးတိရစ္ဆာန်ပဲ"

"မင်းကလားကွ… ငါ့ကို တိရစ္ဆာန်လို့ပြောတာ၊ ပြောဦး ပြောဦးကွာ"

ကျိုရန်က သူ၏လက်ဝါးကြမ်းကြီးများဖြင့် လီလင်း၏မျက် ဖြတ်ရိုက်သည်။

လီလင်းသည် အသံတိမ်ကလေးဖြင့် တစ်ချက်အော်ပြီး ခွေကျသွားလေတော့သည်။

ကျိုရန်က လီလင်းကို စိတ်ရှိလက်ရှိ ရိုက်ပြီးနောက် အိမ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်သမျှ ပစ္စည်းများကိုဆွဲယူလိုက်သည်။

ထို့နောက် မျက်ရည်စများနှင့်ခွေခွေလေး လဲနေသော လင်းကို အားရကျေနပ်စွာ တစ်ချက်ကြည့်ပြီးနောက် အိမ်ထဲမှထွက်ခွာသွားလေတော့သည်။

✤ ✤

## အခန်း(၁၁)
## ဧည့်ရှာ ဝမာသူဖုန်းစား

ရက်၊ လ၊ နှစ်တို့သည် အချိန်၏ဝါးမြိုခြင်းကိုခံရသဖြင့် တဖြည်းဖြည်း ကုန်ဆုံးသွား၏။

ဆန်ပိုင်မြို့ကလေးအတွင်း၌ မိခင်အိုကြီးကိုလုပ်ကျွေးပြုစုနေသော လူငယ်ကလေးရှိရာ ထိုလူငယ်ကလေးကို အများက ချစ်ခင်ကြ၏။

ထိုလူငယ်ကလေး၏အမည်မှာ ကန်ဝင်ဆန်ဖြစ်သည်။

သူသည် မိခင်အိုကြီးအား ကြင်နာယုယစွာ ပြုစု၏။ ရနိုင်သမျှ အလုပ်ကိုလုပ်လျက် ငွေကြေးစုဆောင်းသည်။

လောကကြီးသည် အလုပ်လုပ်သောလူများအတွက် များပြားလှစွာသောအလုပ်များ ဖွင့်ပေးထား၏။ လုံ့လဝီရိယရှိသော ကန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆန်အတွက် အလုပ်မရှားပေ။

အမေတစ်ခု သားတစ်ခုဘဝအတွက် လုံလောက်သောဝင်ငွေ၊ အာဟာရဖြစ်စေသော အစားအစာများကို ထိုက်သင့်သလို ရရှိနေ၏။

အထူးသဖြင့် သူသည် ပိုလျှံနေသောငွေကြေးများကို သိုသိုသိပ်သိပ် စုဆောင်းနေသည်။

အခြားလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန် ဤသို့စုဆောင်းခြင်းမဟုတ်ပေ။

သူ့မိခင်ကြီး၏အမှာစကားကြောင့် ဤသို့စုဆောင်းနေခြင်းသာ ဖြစ်၏။

အဘွားအိုလီလင်းသည် သားဖြစ်သူ ကန်ဝင်ဆန်အား သိုင်းပညာတတ်မြောက်စေချင်၏။

သိုင်းပညာ တတ်မြောက်စေချင်သည်ဆိုရာ၌ သာမည တတ်မြောက်စေလိုခြင်း မဟုတ်ပေ။

ဆန်ပိုင်မြို့အတွင်း၌ သိုင်းပညာတတ်မြောက်သူ လူငယ်တော်တော်များများရှိ၏။

သိုင်းပညာသင်ကြားပေးသည့် ဆရာကြီးအချို့လည်း ရှိ၏။

သူမအနေဖြင့် သူ့သား ကန်ဝင်ဆန်အား ထိုလူငယ်များကဲ့သို့ မဖြစ်စလောက် မတတ်စေလိုပေ။



ထိုဆရာကြီးများထံ၌ သင်ကြားပြီး ရပ်ထဲရွာထဲ လူလုံးမြ[illegible]ရုံမျှလောက် မတတ်စေလိုပေ။

ထို့ကြောင့် သိုင်းပညာသင်ယူရန်ကိစ္စကို တသသ တဖွဖွ [illegible]ကြားခဲ့သည်။

သိုင်းပညာသင်ယူရာတွင်လည်း ဆရာကောင်းသမား[illegible]ကောင်းထံ၌ သင်ယူရန် အမြဲတမ်း မှာကြားသည်။ ထို့အတွက် ကန်[illegible]ဆန် ငွေစုနေရခြင်းဖြစ်သည်။

သူ့စိတ်ကူးမှာ ငွေအထုပ်အထည်ရလျှင် မိခင်ကြီးအား ပေး[illegible]ခဲ့မည်။

မိခင်ကြီးမှာ အိုမင်းလှရုံမျှမက ရောဂါပါ ဖိစီးနှိပ်စက် နေ[illegible]ဖြင့် ငွေလည်းမရှိ၊ သားဖြစ်သူလည်း မရှိပါက ခွေးသေဝက်သေ [illegible]ရမည်ကို သူသိသည်။

"အဟွတ်… အဟွတ်… အဟွတ်"

ကန်ဝင်ဆန်သည် နံနက်စောစောထပြီး ရေနွေးအိုးထတည်[illegible] သူ့မိခင်ရှိရာသို့ အပြေးအလွှား ပြေးလာသည်။

မိခင်အား အသာပွေ့ပိုက်ပြီး ထူမပေးသည်။

"မေမေ… မေမေ… ရေနွေး ရပါတော့မယ်"

ဆန်ပိုင်မြို့သည် နံနက်ပိုင်း၌ အတော်အေးသည်။ ရောဂါရှိ[illegible]အဖို့ မသက်သာလှပေ။

www.burmeseclassic.com



"အင်း... ရေနွေးကလေးရရင်တော့ သိပ်ကောင်းမှာပါကွယ်"

"နေဦးနော် မေမေ... ကျွန်တော် ရေနွေးသွားယူလိုက်မယ်"

"အင်း...."

ကန်ဝင်ဆန်သည် မိခင်ကြီးကိုချထားပြီး ရေနွေးအိုးကိုပြေးကြည့်၏။

ရေနွေးအိုး ဆူနေချေပြီ။ ရေနွေးတစ်ပန်းကန် ခပ်ယူလာပြီး မိခင်ကြီး သောက်နိုင်ရန် တဖူးဖူး မှုတ်ပေးလေ၏။

အဘွားအိုလီလင်းသည် ရေနွေးတစ်ပန်းကန်သောက်ပြီးသောအခါမှ သက်သာရာရသွားသည်။

သို့သော် ခေတ္တသက်သာခြင်းမျှသာ၊ ဤအချက်ကို ကန်ဝင်ဆန်လည်း သိ၏။

သူတို့ကဲ့သို့သော ဆင်းရဲသူ ဆင်းရဲသားများအဖို့ ဆန်ပိုင်မြို့၏ ထိပ်တန်းသမားတော်ကြီးများကို မပင့်ခေါ်နိုင်ပေ။

ပင့်ခေါ်နိုင်ရန် ငွေကြေးအင်အားမရှိခြင်းက ရောဂါရှိသူများအတွက် သေမင်းကိုစောင့်ဆိုင်းနေရုံသာ ရှိကြသည်။

"မေမေ သက်သာရဲ့လား"

"ဟင်း... သက်သာပါတယ်ကွယ်၊ သား အလုပ်သွားလုပ်ရင် လုပ်တော့လေ"



"စောပါသေးတယ် မေမေ၊ အချိန်အများကြီး ကျန်ပါသေးတယ်၊ မေမေ့ကိုလဲ ဆေးတိုက်ရဦးမယ်လေ"

"သား...."

"ဘာပြောမလို့လဲ မေမေ"

"သား ခေါင်းရင်းက ဝါးတိုင်ထဲမှာ ပစ္စည်းလေးတစ်ခုရှိတယ်၊ အဲဒါကို ဓားနဲ့ခွဲလိုက် သား... ဝါးပေါက်ရဲ့အောက်ဘက်က အဆစ်အထိ ခွဲပါ"

ကန်ဝင်ဆန်သည် အလွန်လိမ္မာသောသားဖြစ်၍ မိခင်ဖြစ်သူအား မည်သည့်အခါမျှ စောဒကတက်သူမဟုတ်ပေ။

ဖျတ်လတ်စွာ ထသွားပြီး ခေါင်းရင်းမှ ဝါးတိုင်ကို ဓားဖြင့်ခွဲခဲ့သည်။

ဝါးတိုင်ထဲမှ ဆွဲကြိုးကလေးတစ်ကုံးထွက်လာ၏။ ဆွဲကြိုး၌ မြဲဆွဲပြားကလေးတစ်ပြားပါသည်။

အလွန်တရာ လက်ရာမြောက်သော ဆွဲကြိုးနှင့် မြဆွဲပြားဖြစ်၏။

ကန်ဝင်ဆန်က မိခင်အား ယူပြ၏။

"မေမေ ဆွဲကြိုးကလေးတစ်ခု"

"အေး... သား အဲဒီဆွဲကြိုးကိုယူထားပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သားကို အမေ မှာစရာရှိတယ်"

"ထူးထူးခြားခြား မေမေရယ်"

"တကယ့်ကိုထူးခြားတယ် သားရယ်… ဒီနေ့မနက် မေမေ
နိုးလာတော့ ဝေဒနာသိပ်ဆိုးတယ်၊ ဒါကြောင့် စိတ်ထဲမှာ မသက်
သာ ဖြစ်ရတယ်၊ နောက်ပြီး အမေ သေဖို့ရက် စေ့ပြီလို့လဲထင်မိတယ်"

"ငို… မဟုတ်တာ အမေရယ်"

"ထားပါ သားရယ်… ငါ့သားရဲ့အဖေကို သား သေသေချာ
ချာ သိသလား"

"ဗျာ…."

ကန်ဝင်ဆန်မှာ အိမ်နီးနားချင်းများ၏ ပြောပြချက်အရ
ဖခင်မှာ အလွန်တရာ အရက်သောက်ကြောင်း၊ မိခင်အား အလွန်
ရာ နှိပ်စက်ကြောင်း။

နောက်ဆုံး၌ မီးဖွားလုဆဲဆဲ၌ပစ်ထားခဲ့ကြောင်း စသည်
စသည်များကို မှတ်သားသိရှိခဲ့ရ၏။

ယခု သူ့မိခင်က ဖခင်အား သေသေချာချာ သိသလား
သည့်အခါတွင်မူ သူဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားခဲ့
သည်။

ဉာဏ်အမြော်အမြင်ရှိသူဖြစ်ရာ ဖခင်ဖြစ်သူနှင့်ပတ်သက်
ထူးခြားသောအကြောင်းတစ်ခုခု ရှိနေပြီဖြစ်ကြောင်း ကန်ဝင်ဆ



နားလည်လိုက်သည်။

"မေမေပြောပြမှ သား သိရမှာပါ မေမေ"

"အေး… မေမေ ပြောပြမယ်၊ ငါ့သားရဲ့ဖေဖေဟာ လန်
ဆန်မြို့စားကြီး ကျိုဝှမ်ပဲ"

"ဗျာ…."

ကန်ဝင်ဆန်မှာ ဒုတိယအကြိမ် အံ့ဩသွားရလေ၏။

"လန်ဆန်မြို့… လန်ဆန်မြို့ဆိုတာတောင် ကျွန်တော် တစ်
ခါမှ မကြားဖူးပါဘူး"

"လန်ဆန်မြို့ဆိုတာ မြို့ကြီးတစ်မြို့ပေါ့ သားရယ်… မေမေ
နဲ့ သားရော ဆင်းရဲသားမျိုးရိုးမဟုတ်ဘူးကွယ့်၊ သားရဲ့ဖေဖေဟာ
လန်ဆန်မြို့စားကြီးကျိုဝှမ်ပဲ"

ကန်ဝင်ဆန်မှာ ဦးနှောက်များ နောက်ကျိုရှုပ်ထွေးသွား
တော့သည်။

သူ သိထားသည်မှာ သူ့ဖခင်သည် ကျိုရန်၊ အလွန်တရာ
သောင်းကစားတတ်သူ၊ သောက်စားတတ်သူဖြစ်သည်။

သူ့မိခင်ကိုလည်း အလွန်ညှဉ်းပန်းနှိပ်စက်တတ်သူ ဖြစ်
သည်။

ယခု သူသိထားသည့်ဖခင်သည် သူ့ဖခင်မဟုတ်တော့ဟု
ဆိုနေပါကလား။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကျိုရန်က...."

"ကျိုရန်က သားရဲ့အဖေအရင်း မဟုတ်ပါဘူးကွယ်၊ တ ကယ်တော့ သားရဲ့အဖေအရင်းက လန်ဆန်မြို့စားကြီးကျိုဝှမ်ပေါ ကဲ... ဒါတွေကို မေမေ ရှင်းပြမယ်"

အဘွားအို လီလင်းမှာ စကားပြောရင် အမောဖောက်လာ သဖြင့် ကန်ဝင်ဆန်က ရင်ကို အသာဖိပေးရသည်။

"မေမေ နားပြီးမှ ပြောပါ၊ မေမေ သိပ်မောနေပါ့မယ်"

"ကိစ္စမရှိဘူး သား... မေမေဟာ ဒီကိစ္စကိုပြောဖို့ အခ် စောင့်နေခဲ့တာပဲ၊ အခု ပြောချိန်တန်ပြီ... မပြောလို့မဖြစ်ဘူး"

ကန်ဝင်ဆန်က စောဒက မတက်ပံ့တော့ပေ။

"ဒီလိုသားရဲ့... ရှမ်အမ်းမြို့စားကြီးဆီမှာ သမီးတစ်ယော ရှိတယ်... အဲဒီသမီးကတော့ မေမေပဲ"

"ဗျာ...."

"ဟုတ်တယ်... မေမေဟာ မြို့စားကြီးရဲ့သမီးပဲ၊ သား မြို့စားကြီးရဲ့ မြေးပဲ... ဖြစ်ပုံက ဒီလို...."

အခန်း(၁၂)

အသပြာသိုင်းဆရာများ

အဘွားအိုလီလင်းသည် ရှမ်အမ်းမြို့စားကြီးအကြောင်းနှင့် ချစ်ထားသော လန်ဆန်မြို့စားအကြောင်း၊ ကွမ်လင်နှင့်လီလင်းတို့ သိုင်းပြိုင်ပွဲအကြောင်း။

ကျိုဝှမ်နှင့် သူမ မည်သို့ဆက်ဆံခဲ့သဖြင့် ကန်ဝင်ဆန်ကို ည်ကဲ့သို့ ကိုယ်ဝန်ရှိခဲ့ပုံအကြောင်း၊ ကျိုရန်က သူမအား အတင်းအ ခေါ်ဆောင်ခဲ့ပြီး သားမယားအဖြစ် ပေါင်းသင်းခဲ့ပုံအကြောင်းတို့ ကို ပြောပြ၏။

သူမအား ကျိုရန်က မည်သို့မည်ပုံ နှိပ်စက်ညှဉ်းပန်းပုံကို သီလင်းက သားဖြစ်သူ ကန်ဝင်ဆန်အား ပြောမပြတော့ပေ။

ဤအကြောင်းကိုမူ သူမ ပြောပြရန်လည်း မလိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် ဂျိုရန်၏လူမဆန်ပုံတို့ကို အိမ်နီးနားချင်းများက ဖန်တရာတေအောင် ပြောပြထားသဖြင့် ကန့်ဝင်ဆန် နားလည်နေပြီဖြစ်သောကြောင့်တည်း။

ကန့်ဝင်ဆန်မှာ လူမှန်းသိတတ်စကတည်းက ဖခင်ဖြစ်သူ ဂျိုရန်၏မကောင်းပုံကို အထပ်ထပ်သိထားခဲ့ရသဖြင့် ယခုကဲ့သို့ အ ရှယ်ရောက်နေသည့်အချိန်တွင် လုံးဝမုန်းတီးနေခဲ့လေပြီ။

ယခုကဲ့သို့ ဖခင်အရင်းမဟုတ်မှန်း သိရသောအခါတွင်က ဆိုဖွယ်ရာမရှိတော့ပေ။

"သား..."

"ပြောပါ မေမေ"

"သားကို အခုပြောမယ့်စကားကတော့ အရေးအကြီးဆုံး

"ဟုတ်ကဲ့... သား ဂရုစိုက်ပြီး နားထောင်နေပါတယ် မေ"

"သားကို အမေတာဝန်တစ်ခု ပေးချင်တယ်၊ အဲဒီတာ ကတော့ အမေနဲ့သားကို ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ ဂျိုရန်ဆို မြေသိမ့်တုန် လက်သီးသမားကိုတွေ့အောင်ရှာပြီး လက်စားချေ

အဘွားအိုလီလင်းမှာ စကားများများ ပြောလိုက်ရသ ချောင်းတဖွတ်ဖွတ် ဆိုးလာသည်။

ကန့်ဝင်ဆန်က ရင်ဘတ်ကိုဖိပေးရပြန်သည်။



"ဒီလူဟာ အမေနဲ့သားကိုနှိပ်စက်လို့ သတ်ပစ်ရမယ်လို့ ဆို ဆိုတာ မဟုတ်ဘူး။ သူဟာ သူတပါးကို ဒုက္ခပေးမယ့်လူဖြစ်တယ်၊ ခု အသက်ရှင်နေသမျှကာလပတ်လုံး သူ့ပတ်ဝန်းကျင်က လူတွေ အားလုံးကို ဒုက္ခပေးဦးမှာ သေချာတယ်၊ သူ့ရဲ့မြေသိမ့်တုန်လက်သီး တော့ အတော်ကလေး စွမ်းတယ်၊ သူ့ကိုတိုက်ရင် သတိထားတိုက် မယ်၊ သားကိုယ်တိုင် သိုင်းပညာပြည့်ဝအောင် ပထမဆုံး ကြိုးစားရ မယ်၊ မေမေပေးခဲ့တဲ့ တာဝန်ကို သားကျေပွန်ပါ့မလားကွယ်"

"သား ကျေပွန်အောင် ထမ်းဆောင်ပါ့မယ် မေမေ"

"အေးကွယ်... အဲဒီလူဟာ မေမေ့ဘဝကိုဖျက်ဆီးခဲ့တဲ့လူပဲ၊ မေ မှားခဲ့တာလဲ ပါတာပေါ့၊ အခုတော့ မေမေလဲ မေမေ့အမှားကို ခံလို့ ပြီးပါပြီ"

"မေမေ ဘာတွေပြောနေတာလဲ၊ ညနေပြန်လာရင် ဆေး ဆရာကြီးကို ကျွန်တော် ခေါ်လာခဲ့ပါ့မယ်"

"မခေါ်နဲ့တော့ သား... မေမေ့ဘဝဟာ မီးစာကုန် ဆီခန်း ခန်းနေပြီ၊ မေမေ့ကိုယ်မေမေ သိပါတယ်"

ကန့်ဝင်ဆန်သည် မိခင်၏ အားလျော့စကားကိုကြားရ သောအခါ ချုံးပွဲချငိုကြွေးလေတော့သည်။

"သား... မငိုနဲ့၊ အမေဟာ ဘဝတစ်လျှောက်လုံး မျက်ရည် ဖော်ပြုနေခဲ့ရတယ်၊ မျက်ရည်ကို အမေ မုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကန့်ဝင်ဆန်သည် ထိန်းမနိုင် သိမ်းမရသောမျက်ရည်များ
ကို လက်ခုံဖြင့် ပွတ်သပ်သိမ်းဆည်းနေ၏။

"သား... အခု အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ရှိပါပြီ မေမေ"

"အေး... အဲဒီဆယ့်ရှစ်နှစ်လုံးလုံး အမေဟာ အသက်ရှင်
အများကြီး ကြိုးစားခဲ့ရတယ်၊ သားပဲဟာ သိပ်လိမ္မာတယ်၊ သားဆီမှာ
တစ်ခုပဲလိုအပ်တယ်၊ အဲဒါကတော့ သိုင်းပညာပဲ၊ ပညာရှာပမာ
ဖုန်းစားဆိုတဲ့စကားအတိုင်း သားကို သိုင်းပညာသင်ပေးမယ့်ဆ
ကိုတွေ့ရင် ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးလို ကြိုးစားပါ"

"သား ကြိုးစားပါမယ် မေမေ"

"ကျိုရန်ကိုရှာပြီး..."

"စိတ်ချပါ မေမေ... ကျွန်တော်တို့ သားအမိပေါ် ဒီလော
ရက်စက်တဲ့လူကို မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ပါ့မယ်"

အဘွားအို လီလင်း ပြုံးသွား၏။ သူမသည် စင်စစ်
ထောင်းလှသည့် အဘွားအိုကြီးတစ်ယောက်တော့ မဟုတ်ပါပေ

သို့သော် ကျိုရန် နှိပ်စက်ခဲ့သည့်ဒဏ်၊ အလုပ်ပင်ပန်းခဲ့သ
ဒဏ်၊ နောင်တတရားရသည့်ဒဏ်များကြောင့် သူမမှာ တကယ်
ဘွားအိုကြီးကဲ့သို့ အရွယ်ကျနေလေပြီ။

သူသည် သားဖြစ်သူအား စေ့စေ့ကြည့်လျက် မေးတစ်ချ



တက်ကာ အသက်ထွက်သွားတော့သည်။

"မေမေ... မေမေ"

လောကအလယ်၌ ဥတစ်လုံး တစ်ကောင်ကြွက်သဖွယ်
ကျန်ရစ်ခဲ့သော ကန့်ဝင်ဆန်သည် သူ၏မိခင်ကြီးအား စိုးရိမ်တကြီး
လှုပ်နှိုးနေလေ၏။ သို့သော် လီလင်းကား မလှုပ်တော့ပေ။

နံနက်ခင်း နေရောင်ခြည်သည် ယိုင်နဲ့နဲ့ နေသော ပြတင်း
ပေါက်မှဝင်လာပြီး လီလင်း၏သက်မဲ့ခန္ဓာကိုယ်ပေါ်မှ ထိုးကျနေ၏။

အရွယ်နှင့်မလိုက်အောင် ပင်ပန်းဆင်းရဲခဲ့သော လီလင်းခ
မှာ ငြိမ်သက်စွာ အနားယူနေခဲ့လေပြီ။

ကန့်ဝင်ဆန်၏ငိုသံကြောင့် အိမ်နီးနားချင်းများ ရောက်လာ
ကြ၏။

အိမ်နီးနားချင်းများ ရောက်ရှိလာသောအခါ ကန့်ဝင်ဆန်
မငိုတော့ပေ။ သူ့မိခင်အလောင်းအား မျက်တောင်မခတ် စိုက်ကြည့်
နေ၏။

"အင်း... ကံဆိုးမတော့ အေးငြိမ်းသွားပြီပေါ့ကွယ်"

အိမ်နီးနားချင်းအဘိုးအိုတစ်ဦးက လီလင်း၏အလောင်းကို
ကြည့်၍ မှတ်ချက်ချ၏။

ထို့နောက် မြေမြှုပ်သင်္ဂြိုဟ်ရန် အားလုံးဝိုင်းကူကြသည်။
ကန့်ဝင်ဆန်ကိုလည်း အားပေးကြ၏။ သူ့ဝိုင်း၏အနီးအပါး၌

www.burmeseclassic.com

www.burmeseclassic.com



သာနေပြီး ပုပ်ကိုင်စားသောက်ရန် ဆုံးမကြသည်။

သို့သော် နောက်တစ်နေ့ မိုးလင်းသည့်အခါတွင်မူ လီလင်၏တစ်ဦးတည်းသောသား ကန်ဝင်ဆန်ကို ထိုအိမ်၌ မတွေ့ကြတော့ပေ။

ကန်ဝင်ဆန်တစ်ယောက် ခြေရာပျောက်လျက် ထွက်သွားလေပြီ။

ဆန်ပိုင်မြို့၏ဆင်ခြေဖုံး ရွာသားများသည် ယဉ်ကျေးလိမ္မာသော ကန်ဝင်ဆန်အား တသသပြော၍ ကျန်ရစ်ခဲ့ကြ၏။

ကန်ဝင်ဆန် ပျောက်ကွယ်သွားပြီးနောက် ခုနစ်ရက်ခန့်အကြာတွင် ဆန်ပိုင်မြစ်ထဲမှ အလောင်းတစ်လောင်းကို ဆယ်ယူရရှိကြ၏။

ကန်ဝင်ဆန်၏ကိုယ်လုံးကိုယ်တည်နှင့်တူပြားသော်လည်း ရုပ်ပျက်နေသဖြင့် ကန်ဝင်ဆန်ဟု တစ်ထစ်ချ မပြောနိုင်ကြပေ။

သို့သော် ထိုအရပ်သူ အရပ်သားများကမူ မိခင်ကြီးကို အချစ်ကြီးသောသားဖြစ်၍ ကန်ဝင်ဆန်သည် ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားပြီဟု ယုံမှတ်ကြလေ၏။

အရပ်သားများသည် သနားစရာကောင်းသော ကန်ဝင်ဆန်နှင့် ကန်ဝင်ဆန်၏မိခင်အကြောင်းကို ပုံပြင်သဖွယ်ပြောဆိုနေကြသေး၏။



သူတို့သည် လီလင်းတစ်ယောက် မြို့စားကြီး၏သမီးဖြစ်ကြောင်း မသိသေး၍ တော်ပေသေးသည်။

မြို့စားကြီး၏သမီးဖြစ်ကြောင်း သိရှိသွားလျှင် ယခုထက်ပို၍ ဒဏ္ဍာရီဆန်စွာ ပြောဆိုကြပေလိမ့်ဦးမည်။

သူတို့ တဖွဖွ တသသ ပြောနေကြသည့် ကန်ဝင်ဆန်ကား သူတို့ထင်သလို ကိုယ့်ကိုယ်ကို သတ်မသေခဲ့ပေ။

သူ့မိခင်၏ဘဝကို ဖျက်ဆီးသွားသည့်လူရမ်းကား ကျိုရန်ကို အရှတ်ပြည်အနှံ့ရှာဖွေရန် လှေတစ်စင်းဖြင့် လိုက်ပါသွားခဲ့ပေသည်။

သို့သော် ကျိုရန်အား ချက်ချင်း ရှာဖွေရန်တော့မဟုတ်သေးပေ။

သားကောင်ကိုရရန်အလို့ငှာ တောထဲသို့ဝင်မည့် မုဆိုးသည်သားမြားဆောက်ပုတ်တို့ကို ရှာဖွေပြင်ဆင်၍ တောဝင်သကဲ့သို့ ကန်ဝင်ဆန်သည်လည်း သိုင်းပညာတတ်မြောက်ရန် လေ့ကျင့်သင်ကြားနေပေဦးမည်။

သိုင်းပညာသင်ပေးမည့်ဆရာကိုလည်း ရှာဖွေရပေဦးမည်။

လှေဦး၌ ထိုင်လိုက်လာသော ကန်ဝင်ဆန်သည် မိခင်မသေမီပြောပြခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်သတိရနေ၏။

အဘယ်မှာလျှင် သတိမရဘဲ နေအံ့နည်း။ ထိုသို့ပြောပြသော အဖြစ်အပျက်များကို သူငယ်စဉ်ကာလကပင် သူ့မိခင်သည်

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်သဖွယ် ပြောခဲ့သောကြောင့်တည်း။

ထိုစဉ်က မြို့စားကြီး၏သမီးတော်ကလေးဆိုသည်မှာ သူ့မိခင်ကြီးမှန်း မသိခဲ့ပေ။

လူကြမ်းလူရမ်းကြီး ဆိုသူမှာလည်း ကျီရန်ဖြစ် မှန်း မသိခဲ့ပေ။

မိခင်ကြီးသည် သူမ၏တကယ့်အဖြစ်မှန်ဘဝကို မိမိငယ်စဉ်က ပုံပြင်သဖွယ်ပြောပြခဲ့ခြင်းဖြစ်ကြောင်း ယခုမှ နားလည်သဘောပေါက်တော့သည်။

သူ့မိခင်က သူ့အား သိုင်းပညာ အလွန်တတ်မြောက်စေချင်သည့်ကိုလည်း ကန်ဝင်ဆန် အံ့သြခဲ့၏။ ယခုမူ အံ့သြစရာမဟုတ်တော့ပြီ။

သူသည် ပထမဆုံး လှေဆိုက်ကပ်သည့် မြို့ပေါ်သို့တက်၏။

သိုင်းဆရာဆိုသူများကို စုံစမ်း၏။ သိုင်းဆရာဆိုသူများကိုတွေ့ပါ၏။

သို့သော် ထိုသိုင်းဆရာဆိုသူများကား အခကြေးငွေယူ၍ သင်တန်းကျောင်းဖွင့်ထားကြသူများဖြစ်၏။

သူတို့ယူသည့် အခကြေးငွေကလည်း ကန်ဝင်ဆန်အ တတ်နိုင်သော ငွေကြေးပမာဏမဟုတ်ချေ။



ထိုပြင် သင်ကြားပေးသည့် ပညာကလည်း ဖြစ်ဖြစ်မြောက်မြောက် သင်ကြားပေးနိုင်ခြင်းမရှိပေ။

သူရှာနေသည့် သိုင်းဆရာကလည်း ထိုကဲ့သို့သော သိုင်းဆရာမျိုးမဟုတ်။

ထူးချွန်ထက်မြက်သော သိုင်းပညာမျိုးကို ပိုင်ဆိုင်သည့် ပညာရှင်မျိုးဖြစ်သည်။

အခကြေးငွေထက် သိုင်းပညာအမွေအနှစ်ကို ဖြန့်ဝေပေးလိုသော သိုင်းဆရာမျိုးဖြစ်သည်။

ကန်ဝင်ဆန်သည် သိုင်းသင်တန်းကျောင်းများကိုလှည့်ပတ်ရှာဖွေရင်း နေမွန်းတည့်လာပြီဖြစ်၍ တွေ့သည့်စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ နေ့လည်စာစားသောက်လေသည်။

စားသောက်ရင်း ကန်ဝင်ဆန်သည် ဆိုင်ရှင်အဖိုးအိုထံ မေးမြန်းစုံစမ်းလိုက်သည်။

"အဘ... ဒီမြို့မှာ ထူးချွန်တဲ့ သိုင်းဆရာကြီးများရှိပါသလား ခင်ဗျာ"

"ဟေ... ငါ့တူက ဘာလုပ်မလို့လဲ... သိုင်းပညာပြိုင်ချင်လို့လား"

"မဟုတ်ပါဘူး... သိုင်းပညာသင်ချင်လို့ပါ"

"သိုင်းပညာသင်ချင်လို့ ဟုတ်လား... ဒီမြို့မှာ သိုင်းဆရာ

www.burmeseclassic.com



ကြီး သုံးဦးတောင်ရှိတာပဲ"

"ဟုတ်ကဲ့... ကျွန်တော်လဲ တွေ့ပါတယ်၊ ဒါပေမယ့် ဒီသိုင်း ဆရာကြီးတွေကိုပေးရမယ့် ပိုက်ဆံက မနည်းဘူး၊ ကျွန်တော်က အဲ လောက် ပိုက်ဆံမရှိဘူး"

ထမင်းဆိုင်မှ အဘိုးကြီးသည် ရိုးသားရည်မွန်ပုံရသော ကန်ဝင်ဆန်၏ရုပ်ရည်ကိုကြည့်၍ သနားသွားသည်။

"ဟုတ်တယ်... သူတို့က သင်ကြားခ သိပ်ယူတယ်"

အဘိုးကြီးသည် အတန်ကြာ ငေးမောတွေးတောနေသည်

ကန်ဝင်ဆန်မှာ အဘိုးကြီး မည်သည့်အရာများကို တွေး မှန်း ဂရုလည်း မစိုက်မိပေ။

ဤထမင်းဆိုင်၌ သူထိုင်နေသည်မှာ ကြာမြင့်လှပြီဖြစ် ထွက်ခွာသွားသင့်ပြီဟု ဆုံးဖြတ်ကာ ထရပ်လိုက်သည်။

"ဘဘ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ခဏနေပါဦး ငါ့တူ"

"ကျွန်... ကျွန်တော် ထမင်းဖိုး ငွေရှင်းပေးပြီးပါပြီ"

အဘိုးအိုက ရယ်လိုက်၏။

"အဲဒီအတွက် မဟုတ်ပါဘူး ငါ့တူ၊ ဟောဒီမြို့ရဲ့ အနော ဘက်ကို ငါ့တူ ကြည့်စမ်းပါ၊ တောင်ကြီးတစ်တောင်ရှိနေတယ်ဆို ကို ငါ့တူ မြင်ပါလိမ့်မယ်"



"ဟုတ်ကဲ့... ဒီမြို့ကိုရောက်ကတည်းက ဒီတောင်ကြီးကို ကျွန်တော် သတိပြုမိပါတယ်၊ ဒီလောက် မှုန်မှုန်မှိုင်းမှိုင်းကလေးတွေ့ ထောက်ရင် ဒီတောင်ဟာ အတော်ကလေး ခရီးဝေးမှာတော့ သေ ချာပါတယ်"

"ခရီးဝေးတာတော့ သေချာပါတယ်... ဒါပေမယ့် ငါ့တူအ နဲ့ အဲဒီကို ခရီးဆက်သင့်တယ်"

"ခင်ဗျာ...."

"ဒီလိုကွယ်... အဲဒီတောင်တန်းဘက်က ခရီးသည်ကြီးတစ် ဘက်ဟာ တစ်နှစ်မှာ တစ်ခါဆိုသလို နှစ်နှစ်မှာ တစ်ခါဆိုသလို ထမင်းဆိုင်မှာလာပြီး ထမင်းစားတတ်တယ်"

ကန်ဝင်ဆန်က ပြုံးလိုက်၏။ အဘိုးကြီး၏စကားမှာ မထူး ပါဟူသည့် အပြုံးမျိုးဖြစ်၏။

အဘိုးကြီးက ထိုအပြုံး၏သဘောကိုသိသည်။

"မပြုံးနဲ့ ငါ့တူ... ငါက ဒီအကြောင်းကို အကြောင်းမဲ့ပြော မဟုတ်ဘူး၊ ဒီအဘိုးကြီးရဲ့အသက်က ငါ့ထက်ကြီးမယ်၊ မုတ် ကြီးက ရင်ခေါင်းရောက်နေပြီး မုတ်ဆိတ်ရော ဆံပင်ရော ဖွေး လုံးဖွေးဖွေးလှုပ် ဖြူနေတာပဲ၊ တောင်ဝှေးတစ်ချောင်းပါတယ်၊ တစ်လုံးပါတယ်၊ သူ့ကို မှတ်မိတာကလဲ အဖြစ်တစ်ခုနဲ့ ပတ် လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကန့်ဝင်ဆန် စိတ်ဝင်စားလာ၏။ ဤထမင်းဆိုင်မှ အဘိုး
ကြီးသည် သူ့အတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ထိုအဖြစ်အ
ပျက်ကိုပြောပြနေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်လာ၏
"ဟုတ်ကဲ့... စိတ်မရှိပါနဲ့ဘဘ၊ ကျွန်တော် သိပ်စိတ်ဝင်စား
နေပါပြီ"

"အေး... နောက်သည့်ထက် ပိုစိတ်ဝင်စားရမယ်၊ အဲဒီအ
ဘိုးကြီး ထမင်းစားနေချိန်မှာလဲ ခရီးဝေးက ရောက်လာဟန်တူ
လူတစ်စုလဲ ထမင်းလာစားတယ်၊ အဲဒီလူတွေရဲ့ပုံစံက အတော် 
ထက်တန်းကျတယ်၊ ဘာဖြစ်လို့ ငါ့ဆိုင်စုတ်ကလေးမှာ ထမင်းလာ
စားတယ်ဆိုတာတော့ ငါလဲ မသိဘူး"

"သူတို့မှာ အကြောင်းတစ်ခုခုရှိလို့ နေမှာပေါ့"

"ဟုတ်တယ်... အကြောင်းတစ်ခုခုရှိလို့ပဲ ဖြစ်ရမယ်၊ မကြ
ပါဘူးကွာ... အနက်ရောင်ဝတ်ဆင်ထားတဲ့ လူဆယ်ယောက်ဟာ
မြန်းခနဲ ရောက်လာတယ်၊ ဓားကိုယ်စီလဲ ပါတယ်၊ တကယ့်သိုင်းသ
မားတွေပေါ့... အောက်လှမ်းဆိုးဖျားသားတွေဆိုတာ မြင်ရုံနဲ့သိ
တယ်"

"သူတို့က ဘဘတို့ကို ရန်မူသလား"

"ငါ့ကို ရန်မမူပါဘူး... လူကုံထံ ငါးယောက်ကို ဇွလို
ထောင်းလိုက် ကန်လိုက်ကျောက်လိုက်လုပ်ပြီး ပစ္စည်းတစ်ခုထု





ပေးဖို့ တောင်းနေတယ်"

"ဟိုလူတွေက မခုခံဘူးလား"

"ဘယ်ခုခံနိုင်မလဲ... ခုခံရင် သူတို့ သေသွားမှာပေါ့၊ အဲဒီမှာ
င် စောစောက မုတ်ဆိတ်ဖြူအဘိုးကြီးဟာ ထမင်းစားတာကို ရပ်
လိုက်ပြီး ထလာတယ်၊ တောင်ဝှေးကြီးကတော့ ကိုယ်နဲ့မကွာ အ
ပါတာပဲ၊ ဟော့... မင်းတို့ရဲ့သူခိုးဒမြ အပြုအမူတွေကို ရပ်ကြစမ်းလို့
အော်လိုက်တယ်၊ ငါ့နားထဲမှာ သူ့အော်သံဟာ ဖူးထွက်သွားတာပဲ"

"အဲဒီတော့...."

"အဲဒီတော့ ဘာပြောကောင်းမလဲ၊ ဟိုဆယ်ယောက်ဟာ
တွေကို တချွမ်းချွမ်းနဲ့ဆွဲထုတ်တယ်၊ သူတို့က မြွေမြွေချင်း ခြေမြင်
ပုံရတယ်၊ မုတ်ဆိတ်ဖြူအဘိုးကြီးဟာ ပေါ့သေးသေးဟုတ်ဘူး
တာ သိပုံကြရတယ်"

"နောက်တော့...."

"နောက်တော့ အဘိုးကြီးကိုဝိုင်းပြီး ခုတ်ထစ်ကြတာပေါ့၊
ဆိုင်ထဲက ဝါးတန်းတွေတောင် ပြတ်ကျကုန်တယ်၊ တစ်ယောက်
ဘစ်ယောက် အော်လိုက်ဟစ်လိုက် ခုတ်လိုက်ထစ်လိုက် လုပ်လိုက်
တာ ဘာပြောကောင်းမလဲ၊ မုတ်ဆိတ်ဖြူ အဘိုးကြီး အရိုးတခြား
သားတခြားဖြစ်ပြီလို့ ထင်ရလောက်တယ်"

"ဒါဖြင့် အဲဒီမုတ်ဆိတ်ဖြူအဘိုးကြီး ဘာမှမဖြစ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး... ဘာမှမဖြစ်တာကလဲ သိပ်အံ့သြစရာ ကောင်းတယ်၊ ဒီဆယ်ယောက်ခုက်ထစ်နေတဲ့ကြားထဲမှာ အဲဒီဆရာ ကြီးရှောင်တိမ်းပုံဟာ မျက်စိထဲက ခုထက်ထိမထွက်ဘူး၊ သူသာ အ သေလုပ်ချင်ရင် အဲဒီဝတ်ရုံနက် ဆယ်ယောက်စလုံး ဆယ်ခါပြန်သေ နိုင်တယ်၊ သူက ရင်ဝကို တောင်ဝှေးနဲ့ထောက်လိုက် လက်ကောက် ဝတ်ကို တောင်ဝှေးနဲ့ရိုက်ချလိုက် အဲဒီလောက်ပဲလုပ်တယ်၊ ပြင်းပြင်း ထန်ထန် လုံးဝမလုပ်ဘူး၊ နောက်ဆုံးတော့ ဆယ်ယောက်စလုံး ထွက် ပြေးကြရတာပဲ"

"ဟိုလူကိုထ ငါးယောက်ကော"

"အဲဒီလူတွေလဲ မရိုးမသား လူကွေ့နဲ့ဘူးပါတယ်၊ အဲဒီဆရာ ကြီး တိုက်ခိုက်နေတဲ့အချိန်မှာပဲ ငါ့ဆိုင်ထဲက ထွက်ပြေးသွားခဲ့တယ်"

"ဒါဖြင့် ခင်ဗျားဆိုလိုတာက အဲဒီမုတ်ဆိတ်ဖြူအဘိုးကြီး အဲ ... ဆရာကြီးဟာ အင်ပတန် ထူးခြားတဲ့ဆရာကြီးပေါ့"

"ငါ ဒါပဲ ပြောချင်တာပဲ၊ သူက ငါ့ဆိုင်က ပြတ်ကျသွားတဲ့ ငါးတန်းဖွေကိုကြည့်ပြီး ရယ်တယ်၊ ငါ့ကိုတော့ ဘာမှပြောမသွား ဘူး၊ သူ့ကို တစ်နှစ်တစ်ခါလောက် နှစ်နှစ် တစ်ခါလောက်နဲ့ခြော ကြိမ်လောက် တွေ့ဖူးတ ၊ ငါ တစ်ကြိမ်တော့ မေးကြည့်တယ် 'ဆရာကြီး ဘယ်မှာနေပါသလဲ' လို့ မေးတော့ သူက 'ရှန်လင်တော လို့ပဲ ပြောတယ်၊ ရှန်လင်တောင်ဆိုတာ ဒေဒီဝေးဝေးက မှုန်ပြ



သေးမြင်နေရတဲ့တောင်ပေါ့"

ကန်ဝင်ဆန်၏မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်လာ၏။

သူ့အား လမ်းစဖွင့်ပေးသည့်အဘိုးကြီးကို ထိုင်၍ ရှိခိုးသည်။

အဘိုးကြီးက ခေါင်းညိတ်၏။

"ငါက သိုင်းပညာတော့မတတ်ပါဘူး... ဒါပေမယ့် သိုင်းပ ညာသိပ်ကျွမ်းကျင်တဲ့ ဆရာကြီးတော်တော်များများဟာ တောရပ် ကြီး သိုင်းပညာလေ့ကျင့်ကြတယ်လို့ ကြားဖူးတယ်၊ အဲဒီဆရာကြီး ဟာ ဒီနှစ်ထဲမှာတော့ မလာသေးဘူး၊ မင်း စောင့်ချင်ဝ ်ဆိုရင်လဲ စောင့်ပေါ့"

"ဟင့်အင်း... ကျွန်တော် မစောင့်ဘူး၊ အဲဒီရှန်လင်တောင် တန်းကို သွားမယ်၊ သူ့ဆီမှာ တပည့်ခံချင်လို့ စောင့်နေတဲ့လူမျိုးနဲ့ တပည့်ခံချင်လို့ သူ့ဆီသွားတဲ့ လူနှစ်ယောက်အနက် သူ့ဆီသွားတဲ့တ ပည့်ကို သူပိုပြီး သဘောကျမယ်လို့ထင်ပါတယ်"

အဘိုးအိုက ခေါင်းညိတ်၏။

"သိပ်သေချာတာပေါ့... ဘယ်ဆရာမဆို လုံ့လဝီရိယရှိတဲ့ တပည့်ကို ပိုသဘောကျမှာပဲ၊ မင်း ဒီမြို့မှာ သိုင်းပညာသင်လို့က တော့ သာမန်လူတွေကို နိုင်ရုံလောက်ပဲရှိလိမ့်မယ်၊ တကယ့်သိုင်းသ မားတွေနဲ့ ယှဉ်ပြိုင်နိုင်လောက်တဲ့ သိုင်းပညာကိုတတ်မြောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်တော့ ခုလို တောထဲတောင်ထဲသွားပြီး ဆရာရှာရမှာပဲ”

ကန့်ဝင်ဆန်သည် အဘိုးအိုကိုရှိခိုးကန်တော့ပြီး မတ်တတ် ထလိုက်၏။

“ဘဘကို သိပ်ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အဲဒီမုတ်ဆိတ် ဖြူဆရာကြီးကိုရှာရမယ့်ကိစ္စဟာ ကောက်ရိုးပုံထဲက အပ်ကိုရှာရ လို ခက်ခဲမှာတော့ သေချာပါတယ်၊ ဒါပေမယ့် ကျွန်တော်တွေ့ အောင် ရှာပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ”

အဘိုးအိုက ကောင်းချီးပေးလိုက်၏။

“အေး... မင်း တွေ့ချင်တဲ့ ဆရာကြီးနဲ့ဆိုက်ဆိုက်မြိုက် မြိုက်တွေ့ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်ကွာ”

ကန့်ဝင်ဆန်သည် သူ့၌ပါလာသော အထုပ်ကလေး လွယ်လျက် ရှန်လင်တောင်တန်းဘက်သို့ တစိုက်စိုက်ဖြင့် ထွက်သွ လေတော့၏။

သူ့မိခင်က ဆုံးမခဲ့သည်လေ၊ ‘ပညာရှာ ပမာသူဖုန်းစား’ ဆိုခဲ့သည် မဟုတ်ပါလား။

## အခန်း(၁၄)
## တွေ့ဆုံခြင်း

ရှန်လင်တောင်တန်းဆိုသည်မှာ တောင်စဉ် တောင်တန်း များစွာရှိသော တောင်တန်းကြီးဖြစ်သည်။ ထိုတောင်တန်း၌ တောင် ...များစွာလည်းရှိ၏။

သစ်ပင် သစ်တောလည်း ထူထပ်၏။ လျှိုမြောင်ကမ်းပါး ...ည်း များပြား၏။ သဘာဝလိုဏ်ဂူကြီးများလည်း ရှိ၏။ ထို့ကြောင့် ...ရဲတိရစ္ဆာန်များလည်း ခိုအောင်း၏။

ထိုသစ်တောထဲသို့ ဓားတစ်ချောင်းကိုင်၍ဝင်လာသည့် ...န့်ဝင်ဆန်ကို အလွန်တရာ မိုက်မဲလှသော လူတစ်ယောက်ဟုဆို ...တ်သည်။

သို့သော် ပိုင်းဖြတ်သော စိတ်ဆန္ဒ၊ မတွန့်ဆုတ်သောဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်တို့ဖြင့် ဝင်လာသည့်အတွက်လည်း ချီးကျူးရမည့်ဖြစ် သည်။

သို့သော် ကန်ဝင်ဆန်သည် ဉာဏ်ပညာရှိ၏။ သစ်တော ကြီးထဲဝင်လာပြီးကတည်းက မျက်စိကို အအားမထားပေ။

မည်သည့်နေရာ၌ မည်သို့သော အမျိုးတူအပင် အုပ်စု ပေါက်သည် မည်သည့်နေရာ၌ စားသောက်၍ရသော သီးနှံပင် ပေါက်ရောက်သည် မည်သည့်နေရာ၌ မည်သို့သောတိရစ္ဆာန်များ တွေ့ရတတ်သည် စသည့်အချက်များကို သတိပြုမှတ်သား သည်။

မုတ်ဆိတ်ဖြူသိုင်းဆရာကြီးသည် တောထဲတောင်ထဲ သည်ဆိုသော်လည်း သီးနှံရိက္ခာ အလွယ်တကူ ရရှိနိုင်သည့်နေရာ မြောင်ချောက်ဂူများ အနီး၌သာ နေနိုင်သည်ဟု တွက်ဆပြီး ထို များကို ဂရုတစိုက် ရှာဖွေသည်။

ကန်ဝင်ဆန် တောထဲတောင်ထဲရောက်ခဲ့သည်မှာ ရက်မျှ ရှိခဲ့ပြီ။ အစားအသောက်အတွက်ကား လုံးဝမပူရပေ။

သစ်သီး သစ်ဥ သစ်ဖုများသည် သူ့အတွက် လုံလောက် မက ပိုလျှံ၍ပင် နေပေသေးသည်။

သူ အဓိက ဂရုထားရသည်မှာ သားရဲတိရစ္ဆာန်များ ဖြစ် အခြေအနေမဟန်လျှင် သစ်ပင်ပေါ် တက်ပုန်းရ၏။



တစ်နေ့....။

တောကောင်များ၏ဟိန်းဟောက်သံကြောင့် သစ်ပင်ကြီး တစ်ပင်ပေါ်သို့ တွယ်တက်လိုက်ရ၏။

တောထဲ တောင်ထဲ၌ လူသွားလမ်းဟူ၍ မရှိပေ။ လူက ထွင်သွားရသည်သာဖြစ်၏။

ထိုစဉ်မှာပင် မုတ်ဆိတ်မွေး တဖားဖား တောင်ဝှေး တဆမ်းဆမ်းဖြင့် လျှောက်လာသည့်အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရတော့သည်။

ဤအဘိုးကြီး၏ ရုပ်ဆင်းသွင်ပြင်ကို မြင်သည်နှင့် ထမင်းဆိုင်မှ အဘိုးကြီးပြောလိုက်သည့် သိုင်းဆရာကြီးဖြစ်ကြောင်း ချက်ချင်းနားလည်လိုက်၏။

ချုံနွယ်သစ်ပင်များအကြားမှ ဖြတ်သန်းလာသည့်တိုင် အဘိုးအိုမှာ လွန်စွာလျင်မြန်လှ၏။

ထို့ကြောင့် ကန်ဝင်ဆန်မှာ သစ်ပင်ပေါ်မှ ကမန်းကတန်း ဆင်းချလိုက်ရလေသည်။

သူနှင့်မလှမ်းမကမ်းသစ်ပင်ပေါ်မှ မမျှော်လင့်ဘဲ လူတစ်ယောက်ခုန်ဆင်းလာသဖြင့် အဘိုးအို ရုတ်တရက် အံ့သြသွား၏။

သစ်ပင်ပေါ်မှ ကျလာသူမှာ လုလုပပမဟုတ်ဘဲ ခွေးကျဘဲကျ ကျလာခြင်းအတွက် အဘိုးအို မသက်မသာဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကန်ဝင်ဆန်က ကမန်းကတန်း ဒူးထောက်ထိုင်ကာ ဂါ[illegible] ပြုသည်။

"ဆရာကြီး… ကျွန်တော်… ကျွန်တော်"

အဘိုးကြီးသည် တောင်ဝှေးကြီးကို တစ်ဘက်မှထော[illegible] လျက် တခြားတစ်ဘက်မှ မုတ်ဆိတ်ကြီးကိုပွတ်သပ်နေသည်။

"နေစမ်းပါဦး… ဒီတောထဲတောင်ထဲ မင်းက ဘယ်[illegible] ရောက်လာတာလဲ၊ ဒီတောထဲကို ဘယ်သစ်ခုတ်သမားမှ မလာ[illegible] ကွ"

"ကျွန်… ကျွန်တော် သစ်ခုတ်သမားမဟုတ်ပါဘူး ခင်[illegible]

"ဒါဖြင့် ဘာကောင်လဲ"

"ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ"

အဘိုးအိုသည် မုတ်ဆိတ်ကိုသပ်နေသည့်လက်ကို [illegible] ဝှေးပေါ်၌ ဆုပ်ကိုင်ပြီး အံ့သြသလို ကြည့်သည်။

"ဘုရားရေ… မင်းက ဘယ်နှယ့် ငါ့ဆီရောက်လာရ[illegible] ဒီတောထဲမှာ ငါနေတယ်လို့ မင်းကို ဘယ်သူပြောလို့လဲ"

ကန်ဝင်ဆန်က ထမင်းဆိုင်မှာ အဘိုးအိုနှင့်တွေ့ဆုံ[illegible] ပြောပြလေ၏။

အဘိုးအိုသည် ထိုအခါကျမှ သဘောပေါက်သွားသည်[illegible] ခေါင်းတဆတ်ဆတ် ညိတ်ရင်း….



"ဪ… ဒီလိုကိုး၊ မင်း အတော် စွန့်စားပြီး လာတာပဲ"

"ဟုတ်ကဲ့… သေရင် မြေကြီး ရှင်ရင် ရွှေထီးဆိုတဲ့စိတ်မျိုးနဲ့ [illegible]ဆရာကြီးဆီ လာခဲ့တာပါခင်ဗျာ"

"ငါ့မတွေ့ဘဲ မင်း တောကောင်တွေရဲ့အစာ ဖြစ်သွားနိုင် [illegible]ယ်"

"ဒါကတော့ ကံတရားပေါ့ ဆရာကြီးရယ်"

"နေစမ်းပါဦး… မင်းတို့မြို့တွေ ရွာတွေမှာ သိုင်းပညာသင် [illegible]နိုင်တဲ့လူတွေ မရှိဘူးလား၊ ငါ သိသလောက်တော့…"

ကန်ဝင်ဆန်က ဖြတ်ပြော၏။

"ရှိတာပေါ့ ဆရာကြီးရယ်… ဒါပေမယ့် သူတို့ရဲ့ပညာက [illegible]လူကောင်းတွေကို နိုင်ရုံလောက်ပဲ ရှိပါတယ်… တကယ်သိုင်းသ[illegible]ချင်း ယှဉ်ပြိုင်ရင် အနိုင်ရဖို့မလွယ်ပါဘူး၊ အဲဒီထမင်းဆိုင်ရှိတဲ့မြို့ [illegible]ထဲ သိုင်းဆရာကြီးသုံးဦးလောက်ရှိပါတယ်၊ သူတို့သင်ကြားခယူ [illegible] အလွန်ကြီးမြင့်တဲ့အတွက် ကျွန်တော်လဲ ငွေမတတ်နိုင်ပါဘူး၊ [illegible]တ်ပြီး ဆရာကြီးရဲ့အစွမ်းကို ပြောပြလို့"

အဘိုးအိုက ရယ်သည်။

"ဟား… ဟား… ဟား… ဟိုဒမြဆယ်ယောက်ကို တိုက်[illegible] [illegible]သိစွကို ပြောတာမှတ်တယ်… ဒါက အသေးအဖွဲပဲ"

အဘိုးအိုသည် ကန်ဝင်ဆန်ကို သေချာစွာ ကြည့်ပြီး….

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ… မင်းကို ခေတ္တခဏတော့ လက်ခံမယ်"

"ဗျာ….."

ကန်ဝင်ဆန်က ဦးခိုက်၍ တောင်းပန်တော့သည်။

"ဆရာကြီးခင်ဗျာ… ကျွန်တော်ဟာ ဆရာကြီးဆီမှာ သိုင်းပညာသင်ချင်လို့ ခုလိုဖွက်ခံပြီး ရောက်လာတာပါခင်ဗျာ၊ ဆရာကြီး ကြိုက်သလိုခိုင်းပါ၊ ကျွန်တော့်ကို သိုင်းပညာသင်ကြားပေးရင် တော်ပါပြီ"

"မင်းက သိုင်းပညာကို ဒီလောက်သင်ချင်ပုံထောက်ရင် မင်းဆီမှာ အကြောင်းတစ်စုံတစ်ရာတော့ ရှိပုံရတယ်၊ ဘာအကြောင်းရှိသလဲ… ငါ့ကိုရှင်းပြစမ်း"

ကန်ဝင်ဆန်သည် ‹မိခင်ဖြစ်သူ လီလင်းပြောပြသည့်အကြောင်းအရာများကို တစ်လုံးမကျန် ဖွင့်ပြောပြလေ၏။

အဘိုးအိုသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေရာမှ မှတ်ချက်ချသည်။

"လူမဆန်တဲ့ကောင်ပဲ… ခုဆိုရင် ဒီကောင် သေချင်သေနေမှာပေါ့… မင်းပဲ ဒီအသက် ဒီအရွယ် ရောက်နေမှပဲ"

"သူ သေသွားရင်တော့ အေးတာပေါ့ ဆရာကြီးရယ်၊ မသေပဲ အသက်ရှင်လျက် ရှိနေသေးရင်တော့ မေမေ့ကိုပေးခဲ့တဲ့ကတိမကျေပွန်ရာ ရောက်သွားမှာပေါ့၊ သူ အသက်ထင်ရှားရှိနေပြီး ကျွန်



…က ဘာသိုင်းပညာမတတ်ဘူးဆိုရင်တော့ ကျွန်တော်ဟာ သူ့ကို …မှလက်စားချေနိုင်မှာ မဟုတ်ပါဘူး"

"ကဲ… ဒီကိစ္စတွေ ထားပါဦးလေ၊ မင်း ဘယ်လောက်ဇွဲရှိ…သိဆိုတာတော့ ငါ စမ်းကြည့်ဦးမယ်၊ တကယ် ဇွဲရှိတယ်ဆိုရင် …တော့ မင်းကိုသိုင်းပညာသင်ပေးမယ်"

ကန်ဝင်ဆန်မှာ ဝမ်းသာအားရ ဖြစ်သွားသည်။

"စမ်းပါ ဆရာကြီး… ဆရာကြီး ကြိုက်သလို စမ်းပါ၊ ကျွန်…တော် ကြိုးစားပါ့မယ်"

"ကောင်းပြီ… ဒီလိုဆိုရင် ငါ့နောက် လိုက်ခဲ့ပေတော့၊ ငါက …ဟိုရှေ့က ဂူတစ်ဂူထဲမှာနေတယ်"

အဘိုးအိုသည် စကားတပြောပြော တောင်ဝှေးတယမ်း…ဖြင့် ရှေ့မှထွက်သွား၏။

ကန်ဝင်ဆန်လည်း သူ့အထုပ်ကလေး ရင်ဝယ်ပိုက်ကာ အ…အိုနောက်မှ လိုက်တော့သည်။

အဘိုးအိုနေသည့်ဂူမှာ တောင်ထွတ်မရောက်မီ လမ်းခု…တ်၌ဖြစ်၍ အတော်ကလေး တက်ရသည်။

ထိုဂူသို့ရောက်သောအခါတွင်မူ အဘိုးအိုသည် ဂူပတ်ဝန်း…ကို အတော်ကလေး သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းလင်းထား…ကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူဝသို့ရောက်သောအခါ အဘိုးအိုက ရပ်လိုက်၏။

"ဟောဟိုဘက်မှာ ဂူတစ်ဂူရှိသေးတယ်၊ အဲဒီဂူထဲမှာ မင်းနေပေတော့၊ ဒီနေ့တော့ အနားယူလိုက်ဦး၊ နက်ဖြန်ကျမှ မင်းကိုစမ်းသပ်မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ငါ့စမ်းသပ်မှုက ရက်အကန့်အသတ် မရှိဘူး၊ အခုကတည်းက ပြန်ချင်ရင် ပြန်နိုင်တယ်"

ကန်ဝင်ဆန်က ဦးညွတ်ဂါရဝပြုရင်း ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး ဆရာကြီး... ကျွန်တော် ကြိုးစားပါမယ်၊ နောက်တော့မှပဲ ဆရာကြီး ဆုံးဖြတ်ပါလို့ တောင်းပန်ပါတယ်"

"ကောင်းပြီ ဒါဖြင့် သွားပေတော့"

ကန်ဝင်ဆန်သည် သူနေထိုင်ခွင့်ရသောဂူဆီသို့ ဝမ်းသာအားရလျှောက်သွားသည်။

သူသည် အဘိုးအိုကို ဆယ်ရက်မျှနှင့်ရှာတွေ့ခဲ့ရသဖြင့် လွန်စွာ ဝမ်းသာပီတိဖြစ်နေသည်။

ဤရှန်လင်တောင်တန်းကြီးမှာ ကြီးမားကျယ်ပြောလှသဖြင့် ဤအဘိုးအိုကိုတွေ့ရှိရန် ကိစ္စမှာ နှစ်နှင့်ချီ၍ ကြာမြင့်နိုင်သည်။

ယခု ကံကောင်းထောက်မ၍ တွေ့ခြင်းဖြစ်ရာ မိမိ၏ကံတာမြင့်လာပြီဟု ကန်ဝင်ဆန် တွေးတောနေမိ၏။

ကန်ဝင်ဆန်သည် သန့်ရှင်းသပ်ရပ်သောဂူထဲသို့ ဝင်၍ ခွာချင်းအိပ်သည်။



အဘိုးအိုအား ရှာဖွေရာတွင် စိတ်မောလူမော ပင်ပန်းလှသဖြင့် သူ့အနေဖြင့် အနားယူရန် လိုအပ်နေပေသည်။

ထို့ကြောင့် သူသည် ဂူထဲရောက်သည်နှင့်အိပ်စက်ခြင်း ဖြစ်တော့သည်။

သို့သော် ကန်ဝင်ဆန်သည် အစောဆုံး အိပ်ရာမှထသည်။ သူမှတ်သားထားသည့် သစ်သီးဝလံပင်များရှိရာသို့ လျှောက်သွားပြီး ဆွတ်ခူးသည်။

အသီးအနှံများအားလုံးကို အဘိုးအို၏ဂူဝ၌ ချထားပြီး သူ့အတွက် ထိုက်သင့်သည့်သီးနှံအနည်းငယ်ကိုယူကာ သူ့ဂူ၌ ပြန်စားသည်။

မကြာမီ တရှမ်းရှမ်း အသံများကိုကြားလိုက်ရသဖြင့် သူ့ဂူထဲမှ ကမန်းကတန်းထွက်ပြီးကြည့်ရာ နံနက်ခင်း နှင်းမှုန်မှုန်အောက်၌ အဘိုးအို သိုင်းကစားသည်ကိုတွေ့လိုက်ရလေ၏။

အဘိုးအိုလှုပ်ရှားကစားနေပုံမှာ လွန်စွာ အနုပညာဆန်လှသဖြင့် ကန်ဝင်ဆန်မှာ ကိုက်လက်စသစ်သီးများကိုပင် ဆက်၍ မစားနိုင်တော့ဘဲ ငေးမောကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)
## ဆန်းစစ်ချက်ရှုံးနိမ့်သူ

အတန်ကြာသော် အဘိုးအို၏သိုင်းကစားခြင်းမှာ ရပ်ဆိုင်းသွားသည်။

"မင်း နိုးနေပြီလား"

"ဟုတ်... ဟုတ်ကဲ့၊ နိုးနေပါပြီ ဆရာကြီး"

"သစ်သီးကလေး ဘာလေးကော စားပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"ကောင်းပြီ... မင်းကို စပြီးစမ်းသပ်မယ်၊ ဟောဒီ ဂူထဲမှာ သစ်သားရေပုံးနှစ်လုံး ရှိတယ်၊ ထမ်းပိုးလဲ ရှိတယ်၊ အဲဒီရေပုံးတွေနဲ့ တောင်ခြေက စမ်းချောင်းထဲက ရေကိုခပ်ရမယ်၊ မွန်းတည့်ရင် တစ်ကြိမ် နားနိုင်တယ်၊ သစ်သီးတချို့ကို စားနိုင်တယ်၊ နားပြီးရင် ရေပြန်



ခပ်ရမယ်၊ နေလုံးကြီး သစ်ပင်ဖျားမှာပျောက်ရင် တစ်နေ့တာစမ်းသပ်ချက် ပြီးပြီ၊ ကဲ... မင်း လုပ်ငန်းကို စနိုင်ပြီ"

ကန်ဝင်ဆန်သည် စားသောက်လက်စသစ်သီးကို အပြီးအပြတ် စားပစ်လိုက်၏။

ထို့နောက် အဘိုးအို၏ဂူထဲသို့ဝင်၍ သစ်သားရေပုံး နှစ်လုံးနှင့်ထမ်းပိုးကိုယူသည်။

"ဆရာကြီး ကျွန်တော့်ကို ခွင့်ပြုပါတော့"

"ကောင်းပြီ"

ကန်ဝင်ဆန်သည် ရေထမ်းတက်ရမည့်ခရီးစဉ် အတိုင်းအတာကိုတွက်ချက်မိပြီ ဖြစ်သည်။

သာမန်လက်လွတ် ခြေလွတ်လူပင် သည်ဂူဆီသို့အတော်အသေး ကြိုးကြိုးစားစား တက်ရောက်ရသည်ဖြစ်ရာ ရေထမ်းနှင့်တက်ရမည့်လူအတွက် မည်သို့မျှ သက်သာဖွယ်ရာမရှိဆိုသည်ကိုသူသိသည်သဘောပေါက်သည်။ သို့သော် သူ မငြင်းချေ။

ကန်ဝင်ဆန်သည် ဉာဏ်ကောင်းသူဖြစ်၏။

ရေပုံးနှစ်ပုံးကိုထမ်း၍ တက်ရာတွင် ဖြေးဖြေးမှန်မှန် ထမ်းတက်သည်။ ဆန္ဒစောခြင်း အလျင်လိုခြင်း လုံးဝမရှိပေ။

စမ်းချောင်းရှိသောနေရာနှင့် အဘိုးအိုရှိသည့်နေရာမှာ တောင်ကလေး ကွာလှမ်းလှရကား သုံးကြိမ်သုံးခေါက်မျှ ရေထမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်နှင့် ကန်ဝင်ဆန်မှာ ဒူးများ ခွေညွတ်လာတော့၏။

မုတ်ဆိတ်ဖြူအဘိုးအိုကား သူ့အား လုံးဝမကြည့်ပေ။ များ သောအားဖြင့် အဘိုးအိုသည် ဂူထဲ၌သာ နေလေ့ရှိရာ ကန်ဝင်ဆန်အ နေဖြင့် အဘိုးအိုကိုမြင်ချင်တိုင်း မြင်ခွင့်မရပေ။

အဘိုးအို တစ်ခါတစ်ရံ ထွက်လာခိုက် သူတက်လာသည့်အ ချိန်နှင့်ကြုံကြိုက်ပါမှ ပြုံး၍ ကြည့်တတ်ပေသည်။

ကန်ဝင်ဆန်မှာ ခပ်ထည့်ရသည့် ရေကန်ကလည်း အတော် ကလေးကြီးသည်။

ဤရေကန်ကလေး ပြည့်သည်အထိများ သူ၏ခွဲကို စမ် သပ်ကြည့်နေဦးမည်လောဟု ကန်ဝင်ဆန် တွေးသည်။

မွန်းတည့်ချိန်ရောက်သည့်အခါတွင် ကန်ဝင်ဆန်ခမျာ တစ် ကိုယ်လုံး တုန်ယင်လျက် ရှိလေပြီ။

သူသည် သူ့ဂူထဲသို့ ရေပုံးနှစ်လုံးကိုပါ သယ်ဆောင်ကာ ထိုင်ချလိုက်သည့်အချိန်၌ ချက်ချင်း အိပ်ပျော်သွားမည်ကဲ့သို့ ဖြစ် သွားသည်။

"ငါ အိပ်ပျော်လို့မဖြစ်ဘူး"

ကန်ဝင်ဆန် မိခင်၏အမှာစကားကို နားထဲ၌ ကြားယောင် လာသဖြင့် ပင်ပန်းနွမ်းနယ်စိတ်နှင့် အိပ်ချင်စိတ်ကိုဖြေဖျောက်ကာ ကြိုးစား၍ထထိုင်၏။



နံနက်ခင်းက သူ့အတွက် ချန်ထားသည့်သစ်သီးအချို့ကို စား သောက်သည်။

သူ့ဝမ်း၌ အရိပ်တစ်ခုကျလာသဖြင့် ကန်ဝင်ဆန်သည် က မ္ဘာကယာထ၍ ဂါရဝပြုသည်။

သူ ရေထမ်းထားသည့်ဒဏ်မှာ ပင်ပန်းလှရကား ချက်ချင်းပဲ မြေလဲကျတော့မည်ကဲ့သို့ ယိမ်းထိုးနေ၏။

အဘိုးအိုက....

"စားသောက်လို့ ပြီးပလား"

"ဟုတ်... ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် ခုပဲ တောင်ခြေကို ဆင်းတော့မလို့ပါ"

အဘိုးအိုသည် မည်သည့်စကားမျှ မပြောတော့ဘဲ တောင် ဝှေးကို တဒေါက်ဒေါက် ထောက်လျက် ထွက်ခွာသွားလေတော့၏။

ကန်ဝင်ဆန်သည် ရေနှစ်ပုံးကို ထမ်းပိုးဖြင့် လျှိုလျက် ချက် ချင်းဆင်းသည်။

ပျော့ညွတ်နေသည့် သူ့ဒူးများကို လက်ဖြင့်ထုလျက် ကန် ဝင်ဆန်သည် တစ်ကိုယ်တည်း ပြောနေသည်။

"အင်း... ဒီပုံစံအတိုင်းဆိုရင်တော့ ဆရာကြီးက ငါ့ကို ဒီ တောင်ပေါ်က ကန်ချလိမ့်မယ်၊ သည့်ထက် ကြိုးစားရမယ်၊ အနည်း ဆုံး ညနေ နေဝင်တဲ့အချိန်အထိတော့ ငါ့ တာဝန်ကိုကျေပွန်မှ ဖြစ်လိမ်

www.burmeseclassic.com

www.burmeseclassic.com



မယ်”

ကန်ဝင်ဆန်သည် သူ့ရည်မှန်းချက်ကို အကောင်အထည်
မဖော်နိုင်ခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော် ညနေ နေမဝင်မီမှာပင် သူသည်
လမ်းခုလတ်၌ လဲကျမေ့မျောသွားခဲ့၍ ဖြစ်သည်။

သူ သတိရသောအခါ သူ့ဂူထဲ၌ ပြန်လည်ရောက်ရှိနေပြီး
တွေ့ရ၏။

ခေါင်းရင်း၌ ဝါးကိုပြုလုပ်ထားသည့် မီးတိုင်တစ်တိုင်
လည်း တွေ့ရ၏။

ထိုမီးရောင်ဖြင့် သူ့အား စူးစူးစိုက်စိုက်ကြည့်နေသည့် မုတ်
ဆိတ်ဖြူ အဘိုးအိုကိုလည်း တွေ့ရလေ၏။

“ငါတော့ သွားပြီ”ဟူသောအသိဖြင့် ကန်ဝင်ဆန်မှာ မျက်
ရည်များ ဖြိုင်ဖြိုင်စီးကျလာ၏။

သူသည် ထထိုင်ရန် ကြိုးစားသည်။ သူ့တစ်ကိုယ်လုံး
ရိုက်ထားသလို နာကျင်နေသဖြင့် ခက်ခဲစွာ ထိုင်ရှာသည်။

“ဆရာကြီး... ကျွန်... ကျွန်တော့်ကို ခွင့်လွှတ်ပါ”

မုတ်ဆိတ်ဖြူအဘိုးကြီးသည် သူ၏မုတ်ဆိတ်ကြီးကို
သပ်၍ စဉ်းစားနေ၏။

“ဆရာကြီး နက်ဖြန်ကျရင် ကျွန်တော် ထပ်ကြိုးစားပါမယ်
ဒီနေ့လို မဖြစ်စေရပါဘူး”



အဘိုးအိုက ဖြည်းညင်းစွာ ပြောသည်။

“မင်း ကြိုးစားတာတော့ မှန်တယ်... ဒါပေမယ့် မင်းကို
ငါ အားမရဘူး”

ကန်ဝင်ဆန်သည် ဆရာကြီး၏ခြေရင်းသို့ဦးခိုက်ပြီး တောင်း
ပန်၏။

“ဆရာကြီး ကျွန်တော် ကြိုးစားပါ့မယ်... ဒီနေ့လို မဖြစ်စေရ
ပါဘူး၊ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံပါဆရာ”

အဘိုးအိုသည် အဝေးသို့ငေးကြည့်၏။

ဩကာသလောက၌ မှောင်မိုက်နေပြီဖြစ်၍ သူ ကြည့်သော်
လည်း မမြင်နိုင်တော့ပေ။

“သိုင်းပညာကို ဘယ်သူမှ လွယ်လွယ်မသင်နိုင်ဘူး သူငယ်၊
လွယ်လွယ်တတ်တဲ့သိုင်းပညာဟာလဲ တကယ့်အရေးအကြောင်းကြုံ
ရင် ဘာမှ အသုံးချလို့မရနိုင်ဘူး”

“ဟုတ်... ဟုတ်ကဲ့၊ ဒါကြောင့်မို့ ဆရာကြီးဆီကို ခက်ခက်ခဲ
ခဲလာပြီး တပည့်ခံတာပါ ခင်ဗျာ၊ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံ
ပါနော်”

အဘိုးအိုက ခပ်တိုးတိုး ဆက်ပြောသည်။

“သိုင်းပညာဟာ ခက်တယ်၊ ဒီခက်တဲ့သိုင်းပညာကို သင်

www.burmeseclassic.com

www.burmeseclassic.com



ယူတဲ့လူဟာ သက်လုံကောင်းရမယ်၊ သက်လုံမကောင်းတဲ့လူဟာ"

"ဆရာကြီး... ကျွန်တော် ကြိုးစားပါ့မယ်ခင်ဗျာ၊ ကျွန်တော် ကြိုးစားပါ့မယ်"

အဘိုးအိုက ခေါင်းခါလေ၏၊

"မဖြစ်နိုင်ဘူး... အေးလေ မင်း သိပ်ပြီး ဆန္ဒပြင်းပြနေတဲ့ အတွက် မင်းကို ငါဘာစ်ခု ခွင့်ပြုပေးလိုက်မယ်၊ အခုတော့ မင်း တောင်ပေါ်က ပြန်ဆင်းပေတော့၊ နောက်သုံးလကြာရင် ဒီကိုတ ခေါက် ပြန်လာခဲ့၊ အဲဒီအခါကျမှ ငါ့စမ်းသပ်ချက်တွေကို ခံနိုင်ရ တော့ မင်းကို တပည့်အဖြစ် လက်ခံမယ်"

ကန့်ဝင်ဆန်မှာ အဘိုးအို၏ခြေခုံကို အကြိမ်ကြိမ် ဦးခိုက် ရှိခိုးရှာလေသည်။

မျက်ရည်များ အဆက်မပြတ် စီးကျနေသဖြင့် အဘိုးအို ခြေခုံတစ်ခုလုံးမှာ မျက်ရည်များဖြင့် စိုစွတ်သွားတော့သည်။

ကန့်ဝင်ဆန်မှာ တုန်ယင်လှိုက်လှဲစွာ ပြောလေ၏။

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်... ကျွန်တေ နောက်သုံးလကြာရင် မပျက်မကွက် လာခဲ့ပါ့မယ်"

"အိမ်း... သွား တော့၊ နောက်တစ်ခါလာလို့ စမ်းသပ်ချ အောင်မြင်ရင် မင်းဟာ ငါ့ပညာတွေကို သင်ကြားခွင့်ရမယ်၊ မအော မြင်ရင်တော့..."



"ကျွန်တော် အောင်မြင်အောင် ကြိုးစားပါ့မယ်ခင်ဗျာ"

"ဒီနေ့တော့ ဒီဂူထဲမှာပဲ အိပ်ပေတော့၊ မနက်ကျမှ တောင်ပေါ်က ဆင်း"

အဘိုးအိုသည် တောင်ဝှေး တဒေါက်ဒေါက် ထောက်ရင်း အပြင်သို့ထွက်သွား၏။

"သိုင်းပညာသင်ကြားရမှာ ပါရမီလိုတာ မှန်ပေမယ့် အမိ ဘ အရေးကြီးဆုံးလိုအပ်တာက ဇွဲပဲလူကလေးရဲ့၊ ကဲ... ကဲ... အိပ် တော့... ငါ သွားတော့မယ်"

ကန့်ဝင်ဆန်မှာ ဒူးတုပ်ဝပ်လျှိုးလျက် ကျန်ရစ်ရှာ၏။

သူ့မျက်လုံးများ၌ မျက်ရည်များဖုံးနေသဖြင့် အဘိုးအိုကိုပင် သချာစွာ မမြင်ရတော့ပေ။

ကန့်ဝင်ဆန်သည် သတိမေ့လော့က်အောင် ပင်ပန်းနွမ်း ယ်ခဲ့သော်လည်း အဘိုးအိုထွက်သွားပြီးချိန်၌ လုံးဝအိပ်၍ မရတော့ ပေ။

သူသည် နံနက်မိုးလင်းသည်နှင့် ဤရှန်လင်တောတန်းမှ က်ခွာသွားရတော့မည် မဟုတ်ပါလား။

သူ့အတွက် အခွင့်အရေးတစ်ခုရှိခြင်းမှာ နောင် သုံးလအ ၌ ဤတောင်တန်းသို့လာခွင့်ရှိခြင်းပေတည်း။

ဤသို့ဖြင့် နံနက်မိုးသောက် အရုဏ်တက်သောအခါ ကန့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆန်သည် သူ့အထုပ်ကလေးကိုပိုက်၍ အဘိုးအို၏ဂူရှေ့၌ ဒူးတုပ်ထိုင်၏။

"ဆရာကြီးခင်ဗျာ ကျွန်တော် သွားပါတော့မယ်၊ မသွားခင် ဆရာကြီးကို ရှိခိုးကန်တော့ခဲ့ပါတယ်"

ဂူထဲမှ မည်သည့်လှုပ်ရှားသံမျှ မကြားရပေ။

မုတ်ဆိတ်ဖြူအဘိုးအိုလည်း ထွက်မလာပေ။

ကန်ဝင်ဆန်သည် အတန်ကြာအောင် စောင့်နေသေး၏။

သို့တိုင် မုတ်ဆိတ်ဖြူအဘိုးအိုထွက်မလာသဖြင့် ကန်ဝင်ဆန်သည် အထုပ်ကလေးကိုလက်မောင်း၌ ချိတ်ဆွဲလျက် ရှန်လင်တောင်တန်းပေါ်မှ ဆင်းသက်ခဲ့ရလေတော့သည်။

မုတ်ဆိတ်ဖြူအဘိုးအိုသည် တခြားတောင်ထွတ် တစ်နေရာ၌ ရပ်ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် စောင့်ကြည့်နေသတည်း။

## အခန်း(၁၆)
## မြတ်ဘက်သိုင်းဆရာကြီး

ကန်ဝင်ဆန် ပြန်လည်ရောက်ရှိသွားသည့်နေရာမှာ ထမင်းိုင်ရှင် အဘိုးကြီး၏အိမ်ပင်ဖြစ်သည်။

အဘိုးကြီးအား အခြေအနေအပြည့်အစုံကို ပြောကြားသော ထမင်းဆိုင်ပိုင်ရှင်အဘိုးကြီးက သူ့တွင်လည်း လက်တိုလက်င်းခိုင်းရန် တပည့်သားမြေးမရှိသဖြင့် ကန်ဝင်ဆန် နေလိုလျှင်သားတစ်ဦးကဲ့သို့ နေထိုင်နိုင်ကြောင်း ခွင့်ပေးသည်။

စင်စစ် အဘိုးအိုသည် ရုပ်ရည်သားနားသော ကန်ဝင်ဆန်အ သားတစ်ယောက်သဖွယ် မေတ္တာထားမိသဖြင့် ဤသို့ခွင့်ပြု ဖြစ်ပေသည်။

ကန်ဝင်ဆန်မှာလည်း ၃တစ်လုံး တစ်ကောင်ကြွက်ဖြစ်နေ

www.burmeseclassic.com



ရာ အဘိုးအို၏ဖိတ်ခေါ်ခွင့်ပြုချက်ကို လိုလိုလားလား လက်သင့်ခံ… အိမ်သားတစ်ဦးကဲ့သို့ နေထိုင်တော့သည်။

ကန်ဝင်ဆန်သည် အမောမခံနိုင်သဖြင့် ရှန်လင်တော… တန်းပေါ်မှ ဆင်းသက်ခဲ့ရသည့်အဖြစ်ကို အသည်းထဲ၌ စွဲနေ၏…

ထို့ကြောင့် ထမင်းဆိုင်၌လုပ်ရမည့် ပင်ပင်ပန်းပန်း အလု… မှန်သမျှကို အားလုံးလုပ်ပေးရုံမျှမက ညနေတိုင်း ရေတစ်ထမ်း… ထမ်း၍ အပြေးလေ့ကျင့်သည်။

ရေတစ်ထမ်းဖြင့် အမောခံနိုင်သောအခါ ရေနှစ်ထမ်း… လေ့ကျင့်သည်။

ထို့ပြင် ကြီးမားသောကျောက်တုံးများကို ကြိမ်ခြင်းများ… သို့ထည့်၍ သူက မြင်းများနွားများပမာ ရှေ့သို့ဆွဲယူသည်။

ကန်ဝင်ဆန်၏ လေ့ကျင့်မှုများမှာ ကြောက်မက်ဖွယ်… ကောင်းလောက်အောင် ပြင်းထန်သဖြင့် ထမင်းဆိုင်ရှင် အဘိုးကြီး… ပင် တားယူရသည်။

"လူကလေး… သိုင်းပညာလေးတစ်ခုသင်ရဖို့အတွက် … လောက် ဖင့်ပင်ပန်းပန်းလေ့ကျင့်ဖို့ လိုမယ်မထင်ပါဘူး။ ငါတို့ ပြီး… က သိုင်းဆရာကြီးတွေကိုယ်တိုင် ဒီလိုလေ့ကျင့်တာ တစ်ကြိမ်တ… မျှ မတွေ့ဖူးဘူး"

ကန်ဝင်ဆန်က ခေါင်းယမ်းပြလေ၏။



"မတွေ့ဘူးဘဘ… မုတ်ဆိတ်ဖြူဆရာကြီးဟာ ဒီတစ်ခါ စမ်း…ဆပ်ချက်မခံနိုင်ရင် နောင် ဘယ်တော့မှ ကျွန်တော့်ကို လက်ခံတော့…မဟုတ်ဘူး"

ထမင်းဆိုင်မှ အဘိုးအိုမှာ ကန်ဝင်ဆန်၏အပင်ပန်းခံမှုကို …င်သပ်ရှုမောကြည့်ရုံမှအပ အခြား ဘာမျှမပြောနိုင်တော့ပေ။

သို့သော် ထမင်းဆိုင်မှ အဘိုးအိုသည် ကန်ဝင်ဆန်၏လေ့…ကျင့်မှုများ ပို၍ အဆင်ပြေစေရန်အတွက် ကျေးလက်တောရွာနေ…သူ ညီဖြစ်သူထံသို့ စေလွှတ်သည်။

သူ့အမည်မှာ တုန်ကျားဖြစ်၍ သူ့ညီ၏အမည်မှာ တုန်စိန်ဖြစ်၏။

"လူကလေး… ဒီနေရာက ကျင်းဆန်မြို့ရဲ့ဆင်ခြေဖုံး ဒေသ…ဆိုတော့ လူကလေးလေ့ကျင့်ပုံကိုကြည့်ပြီး လူတွေ အုတ်အော်သောင်းနင်းဖြစ်နိုင်တယ်၊ တောမှာနေတဲ့ ငါ့ညီ တုန်စိန်ဆီကိုသွားပါ။ …ဒီမှာ တောင်ယာစိုက်ပျိုးရေးလုပ်တော့ မင်း အပင်ပန်းခံပုံမျိုးနဲ့ငါ့ညီ…အကျိုးရှိမယ်၊ မင်းလဲ အကျိုးရှိမယ်၊ အုတ်အော်သောင်းနင်းလဲ မဖြစ်နိုင်ဘူး၊ ဘယ်လိုသဘောရသလဲ"

ကန်ဝင်ဆန် သဘောကျသွား၏။ ယခုတစ်လမျှ အတောအတွင်း မိမိ၏လေ့ကျင့်မှုကိုကြည့်ပြီး အချို့က သရော်နေကြလေပြီ။

"ဟုတ်ကဲ့ ဘဘရဲ့အစီအစဉ်က သိပ်ဆီလျော်ပါတယ်…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သွားပါ့မယ်”

“အေး... ဒါဖြင့်လဲ အသင့်ပြင်ပေတော့”

ကန်ဝင်ဆန်သည် နောက်တစ်နေ့နံနက်တွင်ပင် အဘိုးအို တုန်ကျား၏စာကိုယူဆောင်လျက် အဘိုးအို၏ညီဖြစ်သူ တုန်စိန်ထံသို့ သွားရလေ၏။

ရေလမ်းခရီးဖြင့် ခရီးသွားရခြင်းဖြစ်ရာ နှစ်ရက်မျှကြာ အောင် ခရီးသွားရသည်။

လေ့ဆိပ်၏ကျေးရွာသည် တုန်စိန်၏ကျေးရွာပင် ဖြစ်တော့ သည်။

တုန်စိန်၌လည်း သားယောကျ်ားမရှိသဖြင့် ကန်ဝင်ဆန်ကို လှိုက်လှဲပျူငှာစွာ ကြိုဆို၏။

နောက်တစ်နေ့ ကန်ဝင်ဆန် ခြံထဲ၌ အလုပ်ဝင်သည့်အခါ တွင်မူ တုန်စိန်မှာ မျက်လုံးပြူး မျက်ဆံပြူး အံ့သြရလေတော့၏။

ယခင်က သူနှင့်လူငှားနှစ်ယောက်လုပ်ရသော ယာခင်းကို ကန်ဝင်ဆန်တစ်ယောက်တည်း အလုပ်လုပ်သည်။

ညနေခင်း ရေလောင်းသည့်အခါတွင် လူငှားနှစ်ယောက် သည် ကန်ဝင်ဆန်ကိုမီအောင်ပင် ရေမလောင်းနိုင်ကြပေ။

အဘိုးအို တုန်စိန်က ရင်သပ်ရှုမော ပြောလေ၏။

“လူကလေး... ငါ့အစ်ကိုစာထဲမှာ ရေးထားတာတွေကို ငါက



မပြင်လို့ပဲ ထင်မှတ်ခဲ့တယ်၊ အခုမှ ပုံပြင်မဟုတ်မှန်း သိရတော့တယ်”

ကန်ဝင်ဆန်က ပြုံး၍ ပြောလေ၏။

“ကျွန်တော့်အကြောင်းနဲ့ကျွန်တော်ပါ ဘာဘာရယ်၊ ဘာ ကြောင့် ကျွန်တော် ဒီလောက် ပင်ပင်ပန်းပန်း လုပ်နေတယ်ဆိုတာ ဘာဘာသိတဲ့တစ်နေ့ အံ့သြတော့မှာ မဟုတ်တော့ပါဘူး”

“အေး... မင်းရဲ့နောက်ကြောင်းတော့ စာထဲမှာ ဘာမှမပါ ဘူးကွ”

“မပါပေမယ့် ကျွန်တော့်ဘဝမှာ ခိုးဆိုးလုယက်တဲ့နာမည် ဆိုးလုပ်ငန်းမျိုး ဘာမှမရှိပါဘူး ဘာဘာရယ်၊ ကျွန်တော်ပြောပြမယ့် အကြောင်းအရာကလဲ ပညာရှာဖွေတဲ့ရိုးရိုးသားသား အကြောင်းပါ”

“အေး... ဒါဆိုလဲ ပြီးတာပါပဲကွယ်”

ရက်သတ္တတစ်ပတ်အတွင်း တုန်စိန်၏တောင်ယာလုပ်ငန်း များသည် လွန်စွာ ပြီးစီးအောင်မြင်ခဲ့လေ၏။

ဒုတိယ ရက်သတ္တတစ်ပတ်၏ ပထမရက်တွင် ကန်ဝန်ဆန် သည် ယာခင်းထဲ၌ထိုင်၍ သူ၏ရှေ့ရေးကိစ္စကို စဉ်းစားတွေးတောနေ သည်။

ထိုအချိန်မှာပင် ခြံထဲသို့ အသက်ငါးဆယ်ကျော် ခြောက် ဆယ်ခန့်ရှိ အဘိုးကြီးတစ်ဦးဝင်လာသည်။

ထိုအဘိုးကြီး၌ ထူးထူးခြားခြား ပစ္စည်းဆို၍ တစ်စုံတစ်ခုမျှ

www.burmeseclassic.com

www.burmeseclassic.com



မပါလာချေ။

သို့သော် ခါး၌ စောင်လိုလို တဘက်လိုလို အရာဝတ္ထုတစ်ခုကိုပတ်ထား၏။

ထိုအဘိုးကြီး၏လှုပ်ရှားပုံကိုကြည့်သည်နှင့် သိုင်းပညာတတ်ကျွမ်းသူဖြစ်ကြောင်း ကန့်ဝင်ဆန် သိသည်။

"ဆရာကြီး ဘာများအလိုရှိပါသလဲ ခင်ဗျာ"

ကန့်ဝင်ဆန်က ယဉ်ကျေးပျူငှာစွာ ခရီးဦးကြိုပြုလေသည်။

အဘိုးကြီးက ဘောက်ဆတ်ဆတ် ဖြေ၏။

"ငါ့ဘာသာ ဝင်ချင်လို့ ဝင်လာတာ... မင်းကို ငါက အထွေအထူး အစီရင်ခံနေရဦးမှာလား"

စကားသံက ပြတ်တောက်မာကျောလှ၏။ အလွန်ဟရာ အငေါ်တူးသည့် စကားမျိုးဖြစ်သည်။

သို့သော် ကန့်ဝင်ဆန် စိတ်မဆိုးပေ။ သိုင်းလောက၌ လူထူးလူဆန်း သိုင်းဆရာကြီးများ များစွာရှိကြောင်း သူ ကြားသိထားဖူးလေပြီ။

ဤဆရာကြီးသည် ထိုဆရာကြီးမျိုးထဲမှ တစ်ယောက်သာ ဖြစ်လိမ့်မည်။

"မင်းကို ငါက စောင့်ကြည့်နေတာ သုံးရက်ရှိပြီ"

"ဗျာ...."



ကန့်ဝင်ဆန်မှာ ထိုအဘိုးကြီးကို လုံးဝသတိမပြုမိပေ။ သူလုပ်သင့်သမျှ တောင်ယာလုပ်ငန်းနှင့်မှတ်ဆိတ်ဖြူ ဆရာကြီးထံရောက်ပါက သက်လုံကောင်းစေရန် ကြံ့ခိုင်သန်စွမ်းစေရန် လေ့ကျင့်ခန်းများကိုလုပ်ခြင်းသာ ဖြစ်သည်။

ထိုအပြုအမူများကို ထိုဆရာကြီးစောင့်ကြည့်နေခဲ့ဟန် တူသည်။

"မင်းဟာ အင်မတန် ကြံ့ခိုင်တောင့်တင်းတာပဲ၊ ဒါပေမယ့် ငါ စောင့်ကြည့်နေတဲ့ တစ်ချိန်လုံး သိုင်းကွက်ကလေး တစ်ကွက်တလေ လေ့ကျင့်တာတောင် မတွေ့ရဘူး"

ကန့်ဝင်ဆန် ပြုံးလိုက်မိ၏။

"ကျွန်တော် ဘယ်လေ့ကျင့်မလဲ ဆရာကြီးရဲ့၊ ကျွန်တော်က သိုင်းပညာဆိုလို့ လုံးဝမတတ်ဘဲကိုး"

"ဩော်...."

ဆရာကြီးသည် အံ့ဩသွား၏။ အတန်ကြာ စဉ်းစားပြီးမှ သူခါး၌ ပတ်ထားသောအရာကို ဖြေချလိုက်သည်။

"ဟော့... ဒါ ဘာလဲဟေ့ ကြည့်စမ်း"

ကန့်ဝင်ဆန် လှမ်းကြည့်လိုက်သောအခါ မြတဘက်ကြီးဖြစ်နေသည်ကို တွေ့ရ၏။

အစိမ်းရောင်တဘက်ကို မြတဘက်ဟု ခေါ်ဝေါ်ခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ဆရာကြီးသည် သူ့လက်ထဲမှ မြတဘက်ကို တဖျန်းဖျန်းခါ ယမ်းပြ၏။

အလျား ခြောက်ပေခန့်ရှည်သော မြတဘက်ကြီးသည်လေထဲ၌ ပုံစံအမျိုးမျိုးဖြင့် ဝေ့ဝဲလှုပ်ရှားနေ၏။

တစ်ခါတစ်ရံ လှံတံတစ်ချောင်းကဲ့သို့ ဖြန်းခနဲ ထွက်သွားတတ်သည်။

တစ်ခါတစ်ရံ လှိုင်းတွန့်ကလေးများကို တဖြတ်ဖြတ် လွန်လူးလှုပ်ရှားသွားသည်။

ထို့နောက် မြတဘက်ကို ဖြန်းခနဲဆွဲယူပြီး ဆုပ်ကိုင်ထားလိုက်လေ၏။

"ဆ... ဆရာကြီးဟာ..."

"ဟုတ်တယ်... ငါ့ကို မြတဘက် ဆရာကြီးဝေ့ထင်းလို့ ခေါ်ကြတယ်"

သိုင်းပညာ ငတ်မွတ်နေသော၊ ဆရာရှာနေသော ကန်ဝင်ဆန်သည် ဒူးထောက်ထိုင်ပြီး ဦးညွှတ်ဂါရဝပြုသည်။

"ကျွန်တော် ဂါရဝပြုပါတယ် ဆရာကြီး၊ ကျွန်တော်ဟာ သိုင်းပညာကိုငတ်မွတ်နေတဲ့လူပါ။ ဆရာကြီးကသာ အဲဒီမြတဘက်ပညာကို သင်ပေးမယ်ဆိုရင်...."



"မင်းက ဒီမြတဘက်ပညာကိုကော အထင်ကြီးရဲ့လား"

"ကျွန်တော်က ဘယ်သိုင်းပညာကိုမဆို အထင်ကြီးပါတယ်"

အဘိုးအိုက ရှုံ့မဲ့သောမျက်နှာဖြင့် ကြည့်သည်။

ကန်ဝင်ဆန်ကို အထင်သေးစွာ ပြောလေ၏။

"ဒါနဲ့များ ဘာ သိုင်းပညာမှမသင်ဘဲ နေရသလားကွာ"

"ဆရာကြီး သိုင်းပညာကို အလကားသင်ပေးတဲ့လူ ရှိသလို ပိုက်ဆံပေးမှသင်ပေးတဲ့လူလဲ ရှိပါတယ်၊ ကျွန်တော်က ပိုက်ဆံမှမရှိဘဲ... ဘယ်သူက အလကား သင်ပေးမှာလဲ"

"မင်း သင်ချင်သလား"

"ဆရာကြီးကသာ သင်ပေးရင် ကျွန်တော် သင်ယူပါ့မယ်၊ ကျွန်တော်က အဖိုးအခ ပေးရဦးမှာလား"

"ဟား... ဟား... ဟား မပေးရပါဘူးကွာ၊ ငါက ငါ့ပညာကို လွယ်လွယ် သင်ယူနိုင်မယ့်လူ၊ ဇွဲရှိမယ့်လူကို ရှာတာပါ၊ မင်း သင်ချင်ရင် အလကား သင်ပေးမယ်ကွာ၊ ဒါပေမယ့်...."

"ဘာများလဲ ခင်ဗျာ"

"လူဆိုတာ အလကားရတဲ့ပစ္စည်းဆိုရင် တန်ဖိုးမထားတတ်ကြဘူး"

"အဲဒီတော့ ကျွန်တော်က ဘာ တန်ရာတန်ဖိုးပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ဆီမှာ တစ်သက်လုံး ကျွန်ခံရမယ်"

ကန်ဝင်ဆန် စိတ်ပျက်သွား၏။ ဤအဖြစ်မျိုးကိုတော့ သူ မရောက်ချင်ပေ။ မလိုလားပေ။

လူဆိုသည်မှာ တရားသဖြင့် လွတ်လပ်စွာ သွားလာခွင့်ရှိရ ပေမည်။ ထို့ပြင် သူ့၌ ကျိုးရန်ကိုရှာဖွေ၍ လက်စားချေရန် တာဝ လည်း ရှိသေး၏။

ထို့ကြောင့် ခေါင်းကို သွက်သွက်ကလေးခါယမ်းလိုက်သည် ကန်ဝင်ဆန် ထရပ်လိုက်၏။

"ကျွန်တော် မသင်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာကြီးကိုပေးရတဲ့တန်ဖိုးက ပိုက်ဆံပေးရတာထ တောင် တန်ဖိုးကြီးသေးတယ်"

"ဖြန်း...."

မြတဘက်ဆရာကြီးသည် သူ၏တဘက်ကြီးကို လေထဲ ခါယမ်းလိုက်သည်။

တဘက်အစသည် ကန်ဝင်ဆန်၏ခြေထောက်ကို လာ ရောက်ရစ်ပတ်နေ၏။ ကန်ဝင်ဆန် ရုန်းထွက်ရန် ကြိုးစားသည်

သူသည် သက်လုံကောင်းရန် လေ့ကျင့်ထားသဖြင့် အလွ သန်စွမ်းနေသည်။ သို့သော် ထိုခြေထောက်ကိုလွတ်အောင် မရုန်



နိုင်ချေ။

"ဘယ်လိုလဲကွ"

မြတဘက် ဆရာကြီးက ရယ်မောရှ် မေးလေ၏။ ကန်ဝင်ဆန် ထပ်မံ၍ ရုန်းကြည့်၏။ သံကွင်းဖြင့် စွပ်ထားသကဲ့သို့ နိုင်မြဲလှ သည်။

"ကောင်လေး... ငါ့ တဘက်ကို တစ်ချက်လောက် ခါယမ်း လိုက်တာနဲ့ မင်း ခြေထောက်တစ်ဘက် ပြုတ်ထွက်သွားလိမ့်မယ်"

ဝေ့ထင်းက တဘက်စကို ဆွဲလိုက်၏။

"ဝုန်း...."

ကန်ဝင်ဆန် ပြိုလဲကျသွား၏။ ဆရာကြီးသည် သူ့တဘက် ကို ပြန်လည်ဖြုတ်ယူလိုက်၏။

ထိုအခါကျမှ ကန်ဝင်ဆန် သက်သာရာ ရသွားတော့သည်။

ကန်ဝင်ဆန်သည် သိုင်းပညာကိုကျွမ်းကျင်စွာ တတ် မြောက်ပါလျက် မိမိအား အနိုင်ကျင့်ပိုသော ဆရာကြီးအား ခါးသီး စွာပြောလေ၏။

"ကျွန်တော် ကြားဖူးတာက သိုင်းဆရာကြီးတွေဟာ မ တော်မမှန်တာမလုပ်ဘူး၊ အရပ်သူ အရပ်သားနဲ့ သစ္စာတရားရှိတဲ့လူ တွေကို ညာတာတတ်တယ်လို့ ကြားဖူးတာပဲ၊ အခုတော့ ကျွန်တော် ကြားဖူးတာ လွဲနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြတဘက် သိုင်းဆရာကြီးက ရယ်၏။

"ဟား... ဟား... ဟား၊ ဒါကတော့ မင်း ဗဟုသုတ မရှိလို့ပါ၊ သိုင်းလောကမှာ အထက်လမ်းသိုင်းလောကနဲ့ အောက်လမ်းသိုင်းလောကဆိုတာ ရှိတာပဲ၊ အောက်လမ်းသိုင်းလောကထဲက သိုင်းဆရာကြီးတွေဆို ... တို့စိတ်မလိုတာနဲ့ မင်းရဲ့ဦးရေခွံကိုတောင် ခွာပစ် လိုက်ဦးမယ်"

"ကျွန်တော်... ကျွန်တော်"

"မင်း ဘာမှမစိုးရိမ်ပါနဲ့ကွ၊ မင်းကို ကျွန်ခံရမယ်ဆိုတာက နောက်တာပါ၊ ကျီစယ်တာပါ... မင်း သင်မလား"

ဂျာနဝင်ဆန်၏မျက်နှာမှာ တောက်ပြောင်ဝင်းလက်သွားသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော့်လောက် သိုင်းပညာသင်ချင်တဲ့လူကို ဆရာကြီး နောက်ထပ်ရှာလို့ တွေ့နိုင်မယ် မထင်ပါဘူးဗျာ"

"အေး... ကောင်းတယ်၊ ဒါပေမယ့် တချို့ကျတော့ ပင်ပန်းတယ်ဆိုပြီး မသင်ဘဲ ထွက်သွားတဲ့တပည့်တွေ ရှိတယ်ကွ"

"ကျွန်တော်ကတော့ ထွက်မသွားပါဘူးလို့ ကတိမပေးပါဘူး၊ ဒါပေမယ့် မိုးအဆုံး မြေအဆုံး ဆရာကြီးဆီက ပညာရအောင် တော့ ကျွန်တော် ကြိုးစားမယ်လို့ ကတိပေးပါတယ်"

ဆရာကြီးသည် ဂျာနဝင်ဆန်၏ကြံ့ခိုင်တောင့်တင်းပုံကို တစ်



ချက်မျှ အကဲခတ်လိုက်သည်။

"အင်း... ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ငါကလဲ မင်းကို ... ချိန် ကြာကြာ သင်မပေးနိုင်ဘူးကွ၊ အရှည်ဆုံး တစ်လပဲ"

ဂျာနဝင်ဆန်မှာ အလွန်ဝမ်းသာသွား၏။ သူသည် ... ပြန် ... ပြန်၍ အချိန်ဖြုန်းနေခဲ့သည်မှာ တစ်လကျော် ခဲ့ ... ပြီ။

သုံးလကြာလျှင် ရှန်လင်တောင်တန်းပေါ်သို့ ပြန်တက်ရပေ မည်။

အကယ်၍ ယခုဆရာကြီးကသာ သူ့အား အချိန်ကြာကြာ သိုင်းပညာသင်ကြားပေးမည်ဆိုပါက မုတ်ဆိတ်ဖြူ ... ဘိုးအိုထံ သိုင်းပညာသင်ကြားမည့်ကိစ္စကို လက်လွှတ်ရပေတော့မည်။

အဘိုးအိုကလည်း သူ့ကို လုံးဝအထင်သေးသွားပေတော့ မည်။

ယခု မြတဘက်သိုင်းဆရာကြီးက တစ်လသာ သင်ကြား ... မည်ဆိုသဖြင့် သူ့အတွက် အလွန် အဆင်ပြေသွား၏။

"ဆရာကြီး... ဆရာကြီး သင်ပေးမယ့် တစ်လအတွင်းမှာ ... ကျွန်တော် ကြိုးကြိုးစားစား သင်ယူပါ့မယ်"

"အေး... တစ်လဆိုတဲ့အချိန်ကတော့ ဘာမှမကြာဘူးကွ၊ ... အကုန်အစင်တော့ သင်ပေးနိုင်မှာ မဟုတ်ဘူး၊ နောက်ပြီး ... လူပြိန်းသက်သက်ဖြစ်နေတော့ ... အဆုံး သင်ပေးလို့မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး ဒါပေမယ့် မင်း ကြံ့ခိုင်အောင် လေ့ကျင့်နေပုံကို ငါကြည့်နေတာ သုံးရက်ရှိပြီ၊ ဒါဟာ အကြောင်းမဲ့ မဖြစ်နိုင်ဘူး၊ ဘာရည်ရွယ်ချက်ရှိ လဲ”

ကန်ဝင်ဆန်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်သည်

“အေး... ဒီလိုပဲ ဖြစ်ရမယ်၊ ငါကလဲ ငါ့ပညာကို ဒီလိုလူမျိုး ကိုပဲ သင်ပေးချင်တယ်၊ ကြိုတော့ ပြောထားမယ်နော်၊ မင်းဟာ အချိန်တို တိုအတွင်းမှာ သင်ကြားရတာဆိုတော့ မြတဘက်သိုင်း ရဲ့ အနှစ်သာရ အားလုံးကိုတော့ မရနိုင်ဘူး၊ သဘောလောက်ပဲ ရ မယ်”

“ဟုတ်ကဲ့... ကျွန်တော် သဘောပေါက်ပါတယ်”

“ရော့... ဒီတဘက်ကြီးကို ယူထားပေတော့၊ ငါ့သိုင်းကွက် ကို အသုံးပြုရင် ဒီမြတဘက်မပါလို့ မရဘူး”

ကန်ဝင်ဆန်သည် ထိုအစိမ်းရောင်တဘက်ကြီးကို လှမ်း လိုက်၏။ ထိုအချိန်မှစ၍ ထိုခြံထဲ၌ပင် မြတဘက်သိုင်းကို စတင် ယူခဲ့သည်။

တစ်လတိတိကြာသောအခါတွင် မြတဘက်သိုင်းကွက် ဆယ့်လေးကွက်ကို တတ်မြောက်ခဲ့လေ၏။

## အခန်း(၁၇)
## သိုင်းသမားအစ

တစ်လပြည့်သောနေ့၌.....။

“ကန်ဝင်ဆန်... မင်းဟာ ဉာဏ်အတော် ကောင်းပါတယ်၊ ငါ့ရဲ့ မြတဘက်သိုင်းကွက် ရှစ်ဆယ့်ခြောက်ကွက်မှာ သုံးဆယ့်လေး ကွက်ကို မင်း တတ်မြောက်ခဲ့ပြီ၊ ဒါဟာ အလွန်ဝီရိယရှိပြီး အလွန်ကြိုး စားလို့ ဒီလိုတတ်မြောက်တာပဲ၊ မင်းလို သိုင်းပညာ ဘာအခြေခံမှမရှိ တဲ့လူက ဒီလောက်တတ်မြောက်တယ်ဆိုတာပဲ အတော် အံ့ဩစရာ ကောင်းနေပြီ”

“ဆရာကြီးရဲ့ ကျေးဇူးပါပဲခင်ဗျာ”

“အေး... တစ်ခုတော့ ရှိတယ်၊ မင်း တတ်ထားတဲ့ပညာဟာ အကယ်တော့ တိုက်ပွဲဝင်နိုင်တဲ့အဆင့် မရောက်သေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ...."

"ပညာတစ်ခုဟာ အထပ်ထပ်လေ့ကျင့်မှ ကိုယ့်အသိစိတ်ထဲမှာ တသွေးတည်း တသားတည်း ကျသွားတတ်တယ်၊ စိတ်ကကြိုက်တာနဲ့ ခြေ၊ လက်၊ ဦးခေါင်းက တခါတည်း တိုက်ပြီးသားဖြစ်သွားတတ်တယ်၊ မင်းအခုနေနဲ့ ဘာမှတော့ စိတ်ခေတ်ကျစရာမရှိဘူး အခုရထားတဲ့တိုက်ကွက် သုံးဆယ်လေးကွက်ကို အထပ်ထပ်လေ့ကျင့်ရမယ်၊ ဒါမှ မြတဘက်ဟာ မင်းလက်ထဲမှာ သံထည်ပစ္စည်းတစ်ခုလို စွမ်းလာလိမ့်မယ်"

ကန့်ဝင်ဆန်သည် သင်ယူခါစက မြတဘက်ကို ထိထိမိမိ အသုံးမပြုနိုင်ခဲ့ပေ။

မြတဘက်သိုင်းဆရာကြီး ဝေ့ထင်းက တဘက်၏အစနှစ်ဘက်ကိုကိုင်ကာ တဘက်၏အစကို ဖျတ်ခနဲ ဆန့်ထုတ်ပြ၏။

ထိုရိုက်ခတ်အားဖြင့် တော်ရုံတန်ရုံ သစ်ပင်၏အခက်အညွှန့်များ ပြတ်ကျသွားကြောင်းကို လက်တွေ့ပြခဲ့ပေသည်။

"တွေ့လား... ဒါဟာ ဘာသိုင်းကွက်မှမဟုတ်သေးဘူး ... ဘက်ရဲ့ တဘက်အစွန်းကိုကိုင်ပြီး ခေါက်တံ့ဆွဲတာပဲ၊ လူတိုင်း ... လုပ်ကို လုပ်နိုင်တယ်၊ မြတဘက်သိုင်းပညာက အဲဒီအချက်တွေ ... တည်ပြီး တီထွင်ထားတာပဲ၊ ခက်လွန်းလှတဲ့ပညာ မဟုတ်ဘူး ဒါ ... မယ့် လွယ်လွန်းလှတယ်လို့လဲ သတ်မှတ်လို့မရဘူး၊ တော်ရုံတန် ...



သိုင်းပညာရှင်တစ်ယောက်ကို ဒီမြတဘက်သိုင်းပညာနဲ့ယှဉ်ပြိုင်လို့ရပါတယ်"

ကန့်ဝင်ဆန်သည် မြတဘက်သိုင်းပညာကို လုံးဝအထင်မသေးပါ။

ယခင်က ကျိုရှန်နှင့်ဆုံတွေ့လျှင် ကျိုရှန်၏မြေသိမ့်တုန်လက်သီးသိုင်းကို သူ့အနေဖြင့် မည်သို့မျှ ခုခံကာကွယ်နိုင်စွမ်းရှိမည်မဟုတ်ပါ။

ယခုသော် သူသည် မြတဘက်သိုင်းပညာကိုစတင်ကျွမ်းနေပေပြီ။ ထိုပညာဖြင့် ကျိုရှန်ကို ခုခံကာကွယ်နိုင်ပေတော့မည်။

ကန့်ဝင်ဆန်သည် အချက်တစ်ချက်ကို သတိပြုမိ၏။ ကျိုရှန်သည် မြေသိမ့်တုန်လက်သီးသိုင်းတစ်ခုတည်းနှင့် ကျေနပ်နေမည့်သူမဟုတ်ပေ။

တခြားသိုင်းပညာများကို ဆက်လက်လေ့လာနေဦးမည်သာဖြစ်၏။

ထို့ကြောင့် သူသည်လည်း မုတ်ဆိတ်ဖြူ ဆရာကြီးထံ၌ သိုင်းပညာသွားရောက် သင်ကြားရပေဦးမည်ဟု ဆုံးဖြတ်ထားမိခြင်းဖြစ်ပေသည်။

ကန့်ဝင်ဆန်သည် သူ၏ခြံထဲမှထွက်ခွာလာသော် မြတဘက်သိုင်းဆရာကြီး ဝေ့ထင်းအား ဦးခိုက်ရှိခိုးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရဲ့ ကျေးဇူးကတော့ အနန္တပါပဲခင်ဗျာ"

"အေး... ငါ သင်ပေးတဲ့ပညာနဲ့လူသားတွေကို ဒုက္ခမပေး နဲ့၊ တိုင်းပြည်အတွက်အကျိုးရှိရာရှိကြောင်းကိုပဲ ဆောင်ရွက်ပါ"

"မြေ၀ယ်မကျ နားထောင်ပါ့မယ်ဆရာကြီး"

မြတဘက်ဆရာကြီးဇေ့ထင်းသည် ကန်၀င်ဆန် အလုပ် လုပ်သည့် မြို့အတွင်းမှ ထွက်ခွာသွားတော့၏။

ကန်၀င်ဆန်မှာ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွား သော ဆရာကြီးဇေ့ထင်း၏ကျောပြင်ကို ငေးမောကြည့်ရင်း ကျန်ရစ် လေ၏။

## အခန်း(၁၈)

## အောင်မြင်သောတပည့်

ကန်၀င်ဆန်သည် သုံးလပြည့်မြောက်သည့်အချိန်တွင် ကျေးရွာရှင်တုန်စိန်အား ရှိခိုးကန်တော့လျက် ရှန်လင်တောင်တန်းသို့ နှုတ်ဆက်လေတော့၏။

သည်တစ်ကြိမ်တွင်မူ ပထမတစ်ကြိမ်ကလို ခက်ခက်ခဲခဲ ရှာရတော့ချေ။ လွယ်လွယ်ကူကူပင် တွေ့ရသည်။

မုတ်ဆိတ်ဖြူအဘိုးအိုသည် ပြုံးကြည့်ရင်း....

"အင်း... မင်း လာလိမ့်မယ်လို့ ငါ ယုံပါတယ်၊ ဒါပေမယ့် ငါ့ဆီမှာ ပညာသင်ခွင့်ရလိမ့်မယ်လို့တော့ မသေချာသေးဘူးကွယ့်"

ဤစကားအတွက် ကန်၀င်ဆန်မှာ မည်သို့မျှ စိတ်အနှောင့် အယှက်မဖြစ်ပါပေ။

www.burmeseclassic.com



သူသာ အဘိုးအို၏ ဆန်းစစ်ချက်ကိုမအောင်မြင်ပါက သူ့အနေဖြင့် အဘိုးအို၏ပညာများကို မည်သို့မျှ သင်ယူနိုင်ခွင့်ရှိ တော့မည်မဟုတ်ပေ။

“ကိစ္စမရှိပါဘူးခင်ဗျာ... ဆရာကြီးခိုင်းစေတဲ့အချက်တွေကို ကျွန်တော်ကြိုးစားပြီး ဆောင်ရွက်ပါ့မယ်၊ ဆရာကြီး ခိုင်းချင်တာခိုင်းပါ”

“အိမ်း... ကောင်းပြီ၊ ပထမဆန်းစစ်ချက်ကတော့ ရေထမ်းတင်ပေးဖို့ပဲ၊ ရက်သတ္တတစ်ပတ် စမ်းကြည့်မယ်၊ ကဲ... ဒီနေ့တော့နားပေဦး၊ မနက်ဖြန်မနက်ကစပြီး ခုနစ်ရက်တိတိ တောင်ခြေကနေ တောင်ထိပ်အထိ ရေထမ်းရမယ်၊ မွန်းတည့်ချိန်မှာ ခဏနားနိုင်တယ်၊ ပထမတစ်ကြိမ်က စမ်းသပ်ချက်အတိုင်းပဲ”

ကန်ဝင်ဆန်က ဂါရဝပြုပြီး သူ၏ဂူထဲ၌ သွားရောက်အနားယူလိုက်သည်။

နောက်တစ်နေ့နံနက်ခင်းတွင် ချွေးတရွှဲရွှဲဖြင့် ကန်ဝင်ဆန် ရေထမ်းနေတော့၏။

အဘိုးအိုသည် တစ်ကြိမ်တစ်လေသာ လာ၍ကြည့်၏။

သုံးလနီးပါး သက်လုံကောင်းအောင် အပြင်းအထန်လေ့ကျင့်ခဲ့သော ကန်ဝင်ဆန်သည် ပထမတစ်ရက်တွင် အောင်မြင်စွာ မြောက်မြောက်အောင် ရေထမ်းနိုင်ခဲ့လေ၏။



မည်မျှလေ့ကျင့်ခဲ့သည့်ဆိုစေ ကန်ဝင်ဆန်အဖို့ကား မသက်သာလှပေ။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေ၏။

ညနေချမ်း၌ ကန်ဝင်ဆန် သစ်သီးများ စားနေစဉ် အဘိုးအို ရောက်ရှိလာ၏။

“ဒီနေ့တော့ တယ်ဟုတ်ပါလား... မနက်ဖြန်ကော ဘယ်နှယ်လဲ”

“ကျွန်တော် ကြိုးစားပါ့မယ်ဆရာကြီး”

“အိမ်း... ကောင်းတယ်၊ ငါ ဆက်ကြည့်မယ်”

အဘိုးအို ပြုံးသွားလေ၏။ ထိုရက်သတ္တတစ်ပတ်လုံး၌ ကန်ဝင်ဆန်သည် တောင်ခြေမှ တောင်ထိပ်သို့ရေခပ်တင်ပေးသည့် အလုပ်ကိုအောင်မြင် ထမြောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့လေ၏။

“ပထမဆန်းစစ်ချက်တော့ ပြီးပြီ”

အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ ကန်ဝင်ဆန်၏ရင်ထဲ၌ စိုးရွံ့သွား၏။ ကြောက်လည်း မကြောက်ပေ။

သူသည် သက်လုံကောင်းစေရန် သုံးလမျှ ပင်ပင်ပန်းပန်း လေ့ကျင့်ခဲ့သည်မဟုတ်ပါလော။

မုတ်ဆိတ်ဖြူအဘိုးအိုခိုင်းသည့် ဒုတိယဆန်းစစ်ချက်မှာ သစ်ကိုင်းတစ်ကိုင်းတွင် ဒူးခေါက်ကွေးဖြင့် ချိတ်ဆွဲ၍ ဇောက်ထိုးနေနိုင်ခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကန့်ဝင်ဆန်သည် မြတ်ဘက်သိုင်းဆရာကြီးကို ကျိတ်၍ ကျေးဇူးတင်မိလေ၏။

မြတ်ဘက်သိုင်းဆရာကြီး၏ လေ့ကျင့်ခန်းများထဲတွင် ထို သို့သော လေ့ကျင့်ခန်းမျိုးပါဝင်ခဲ့၏။

သစ်ပင်၌ လင်းဆွဲကဲ့သို့ စောက်ထိုးချိတ်ဆွဲလျက် တစ်ဘ ရန်သူအား မြတ်ဘက်ဖြင့် တိုက်ခိုက်ပုံကို ကန့်ဝင်ဆန် လေ့ကျင့်ခဲ့ ၏။

သူ့အနေဖြင့်မူ ဤသို့သော ဆန်းစစ်ချက်မျိုးဖြင့် ဆန်း လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့သဖြင့် ဤကဲ့သို့လေ့ကျင့်ရန် စိတ်မ ခဲ့ပေ။

မြတ်ဘက်သိုင်းကွက်ကိုလေ့ကျင့်ရသည့်အခါ ထိုလေ့က ခန်း အလိုအလျောက် ပါလာသဖြင့် မုတ်ဆိတ်ဖြူအဘိုးအိုက နိုင်းသောအခါ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

သူသည် နံနက်မှ မွန်းလွဲအထိ တစ်ကြိမ်၊ မွန်းတည့်ချိ ညနေစောင်းတစ်ကြိမ် တစ်နေ့နှစ်ကြိမ်နှုန်းဖြင့် သုံးရက်တိတိ စော ထိုးဆွဲနေခဲ့ရသည်။

"ဒုတိယဆန်းစစ်ချက်တော့ ပြီးပြီ"

ကန့်ဝင်ဆန် မျက်ခုံးလှုပ်ရှုပြန်လေပြီ။

အဘိုးအိုသည် တောင်ဝှေးတဒေါက်ဒေါက်ဖြင့် ရော



သာပြီး အထက်ပါစကားကိုပြောလေ၏။

"ဒီတစ်ကြိမ်တော့ သိပ်မပင်ပန်းပါဘူး... ဟောဒီရှန်လင် တောင်တန်းရဲ့ ငါတို့နေနေတဲ့ တောကြောတစ်ခုလုံး လှည့်ပတ်ကြည့် ခုနစ်ရက်တိတိ ငါ ခွင့်ပြုမယ်၊ မင်း ပြန်လာတဲ့အခါမှာ ဘယ်နေ မှာ ဘာသစ်ပင်ရှိတယ်၊ ဘယ်လိုချောက်ကမ်းပါးမျိုးရှိတယ်၊ ဘယ်လို ရေတံခွန်ရှိတယ်ဆိုတာ ငါမေးမယ်၊ မေးခွန်း ဆယ်ခုမေး ိုင်း အနည်းဆုံး ခုနစ်ခုကိုဖြေနိုင်ရမယ်၊ မေးခွန်းသုံးဆယ်မေးမယ်၊ ဆယ့်တစ်ခုကို ဖြေနိုင်ရမယ်၊ ဒီနေ့တော့ မင်း နားပေတော့၊ မ က်ဖြန် မနက်ကစပြီး ဓားတစ်ချောင်းနဲ့ ခရီးထွက်ပေတော့"

ကန့်ဝင်ချောင်းမှာ များစွာ စိတ်သက်သာရာရသွားသည်။

သက်ပြင်းကိုကျိတ်၍ ချလိုက်ပြီး......

"ဟုတ်ကဲ့... ဆရာကြီးရဲ့အမိန့်အတိုင်း တသဝေမတိမ်း ိုက်နာဆောင်ရွက်ပါ့မယ် ဆရာကြီး"

အဘိုးအိုသည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ၏ဝှရှိရာသို့ လျှောက်သွားသည်။

အဘိုးအို၏လှုပ်ရှားမှုမှာ အလွန်တရာ နှေးကွေးလှသဖြင့် ိုင်းပညာပင် တတ်မှတတ်ပါလေ၏လောဟု အထင်မှား သံသယ ်ဖွယ်ရာ ရှိပေသည်။

ထိုရက်များအတွင်း၌ ကန့်ဝင်ဆန်သည် အလွန်ဝီရိယရှိ၏။

www.burmeseclassic.com



အစောဆုံးထပြီး အဘိုးအိုအတွက် သစ်သီးဝလံများနှင့် သူ့အတွက် သစ်သီးဝလံများကို ခူးဆွတ်ထားသည်။

သူ့အမြင်အရ အဘိုးအိုသည် သစ်သီးဝလံများကို မက်မက်မောမော စားသုံးခြင်းမရှိပေ။

သူ့ခန္ဓာကိုယ်အတွက် လိုအပ်သမျှလောက်သာ အနည်းငယ် စားသုံးပေသည်။

ကန်ဝင်ဆန်သည် နောက်တစ်နေ့နံနက် အရဏ်တက်သည်နှင့် စားတစ်ချောင်းဆွဲကာ ရှန်လင်တောင်တန်း၏ သူတို့နေထိုင်သည့် တောင်ကြောကို ခြေဆန့်ခရီးဆက်လေတော့၏။



## အခန်း(၁၉)

## မဟာသုတ

သူသည် တတ်နိုင်သမျှ ခရီးတွင်တွင်သွားသည်။

ချုံနွယ်ပိတ်ပေါင်းများကို စားဖြင့် ရှင်းလင်းခုတ်ထွင်၍ သွားသည်။

ထူးခြားသည့်နေရာများ၊ သစ်ပင်များ၊ ရေတံခွန်များကို ...ထားသည်။

ညနေမိုးချုပ်သည်နှင့် သူသည် ရောမသစ်ပင်ကြီးတစ်ပင် ...ကိုရှာဖွေကာ တက်၍ အိပ်စက်တော့၏။

မြေပြင်၌ အိပ်စက်ရန်မှ စိတ်ပင်မကူးဝံ့ချေ။ တောတောင် ...အစာဖြစ်သွားမည်မှာ သေချာလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြတဘက်သိုင်းဆရာကြီးထံမှ သိုင်းပညာသင်ကြားခွင့်ရခဲ့သည့်အတွက် သူ့တွင် များစွာအကျိုးရှိခဲ့သည်။

သိုင်းပညာတတ်မြောက်သူမဟုတ်လျှင် ဤတောင်ထဲ၌ ခုနစ်ရက်အတွင်း၌ နေရာအနှံ့ရောက်လိမ့်မည် မဟုတ်ချေ။

ယခုမှ သူသည် ခုနစ်ရက်အတွင်း တောင်ကြားတစ်ခုလုံး၌ ရောက်ပေါက်ခဲ့ပြီး ထူးခြားဆန်းကြယ်သည့်နေရာများကိုလည်း မှတ်သားနိုင်ခွင့်ရရှိလာခဲ့လေ၏။

ရှစ်ရက်မြောက်သောနေ့တွင် မုတ်ဆိတ်ဖြူ ဆရာကြီး၏ရှေ့သို့ ကန်ဝင်ဆန် ပြန်လည်ရောက်ရှိလာ၏။

ဆရာကြီးသည် မေးခွန်းပေါင်းသုံးဆယ်မေးရာ ကန်ဝင်ဆန်က မေးခွန်းနှစ်ဆယ့်ငါးခုကိုအောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည်။

အဘိုးအိုက သူ၏မုတ်ဆိတ်ဖြူကြီးကိုပွတ်သပ်၍ ပြောလေ၏။

"မင်း တော်တယ်... မင်းကို ဒီလိုဆန်းစစ်ချက်တွေ လုပ်မှ တပည့်အဖြစ် လက်ခံမယ်ဆိုတာ မင်းစိတ်ထဲမှာ ဘယ်လိုထင်သွားသလဲ"

"ပညာပြသင်တဲ့အခါမှာ တပည့်ဖြစ်တဲ့လူက ဉာဏ်မီ



ခလိုက်နိုင်မှာစိုးလို့ ဒီလိုဆန်းစစ်ချက်လုပ်တယ်လို့ပဲ ထင်မိပါတယ်"

အဘိုးအိုက ရယ်မောလေ၏။

"မင်း မှတ်ထား... အရင့်အမာ သိုင်းပညာရှင်တိုင်းဟာ လူတစ်ယောက်ကိုတွေ့တာနဲ့ သူ့ခန္ဓာကိုယ်တည်ဆောက်မှုဟာ သိုင်းပညာသင်ကြားဖို့ သင့်မတင့် တန်းသိတာပဲ၊ စိတ်ဓာတ်ကို အကဲခတ်ဖို့ကတော့ နည်းနည်းခက်တာပေါ့လေ"

"ဟုတ်ကဲ့ခင်ဗျာ... အမိန့်ရှိပါ"

"မင်းကိုမြင်တာနဲ့ သိုင်းပညာသင်ပေးဖို့ သင့်လျော်တဲ့ခန္ဓာကိုယ်တည်ဆောက်မှုရှိတယ်ဆိုတာ ငါ သိတယ်၊ ခုနက ပြောသလို အကယ်တမ်း စိတ်ဓာတ်ရှိသလားဆိုတာ ဆန်းစစ်ဖို့ လိုလာပြန်တယ်"

"ဟုတ်ကဲ့"

"အဲဒီအခါမှာ မင်းသာ ကြံ့ခိုင်တဲ့စိတ်ဓာတ်မျိုးရှိတဲ့လူဖြစ်ရင် သိုင်းပညာသင်ဖို့ ကိုယ်လက်ကြံ့ခိုင်မှု၊ သက်လုံကောင်းမှု အခြေခံဖို့အတွက် တပါတည်း အသင့်ဖြစ်အောင် မင်းကိုဆန်းစစ်မှု သုံးခုလုပ်ခဲ့တယ်၊ တောင်တက်တောင်ဆင်း ရေထမ်းဖို့ကိစ္စဟာ လုပ်တာမဟုတ်ဘူး၊ မင်းဟာ ပထမဆင့်ကိုအောင်မြင်တယ်၊ သစ်ပင်ပေါ်မှာ အောက်ထိုးဆွဲခိုင်းတာကလဲ မင်းကိုညှဉ်းချင်လို့ ညှဉ်းတာမဟုတ်ဘူး၊

www.burmeseclassic.com



မင်းရဲ့ သွေးကြောတွေ လှည့်ပတ်မှုမှန်သွားအောင် ဇောက်ထိုးဆွဲခိုင်းတာပဲ”

ကန်ဝင်ဆန်က ရုတ်တရက် ပြောလေ၏။

“ဒါဖြင့် ဒီတောင်ကြောပေါ်မှာ ခုနစ်ရက် လှည့်ပတ်ကြည့်ခိုင်းတာလဲ ရည်ရွယ်ချက်ရှိမှာပေါ့နော်”

“ရှိပြီလားကွယ်... မင်းဟာ ပထမခုနစ်ရက် ရေထမ်းရလို့ ပင်ပန်းနေတယ်၊ ဒုတိယသုံးရက် သစ်ပင်ပေါ်မှာ ဇောက်ထိုးနေရလို့ ဝင်ပန်းနေတယ်၊ ဒါကြောင့်မို့ တတိယခုနစ်ရက်မှာ မင်းရဲ့စိတ်ဓာတ်တွေကို လန်းဆန်းသွားအောင် တောထဲတောင်ထဲ တမင်လွှတ်လိုက်တာပဲ၊ မေးခွန်းသုံးဆယ် မေးခြင်းရဲ့ ရည်ရွယ်ချက်ကတော့ တောထဲတောင်ထဲ သွားလာတုန်း အမှုမဲ့ အမှတ်မဲ့မနေတတ်အောင် သတိရှိအောင် တပ်လှန့်ပေးတဲ့သဘောပဲ”

ကန်ဝင်ဆန်သည် အဘိုးအိုအား ဦးခိုက်ရှိခိုးလေ၏။

“ဆရာကြီး... ဒါဆိုရင် ကျွန်... ကျွန်တော်ဟာ ဆ... ဆရာကြီးရဲ့ တပည့်...”

အဘိုးအိုက ခေါင်းညိတ်လေ၏။

“ဟုတ်တယ်... မင်းကို ငါ့တပည့်အဖြစ် လက်ခံလိုက်ပြီ၊ မင်းကို ခြေသိုင်း... လက်သိုင်း လက်နက်စုံသိုင်း... လက်နက်မျိုးစုံ



သိုင်းတဲ့သိုင်း... အတွင်းအားပညာ... ကိုယ်ဖော့ပညာတွေကို သင်ပေးမယ်၊ အနည်းဆုံးတစ်နှစ်... အများဆုံး သုံးနှစ်ကြာမယ်ကွယ့်၊ ဘယ့်နှယ် လဲ... အဲဒီလောက် အချိန်ပေးသင်ကြားနိုင်ပါ့မလား”

“ဟာ... ဆရာကြီး၊ ကျွန်တော်က ဆရာကြီးဆီက ပညာသင်ကြားချင်တဲ့လူပါ၊ ဆယ်နှစ်ကြာအောင် သင်ကြားမယ်ဆိုရင်လဲ ကျွန်တော်က ဆယ်နှစ်ကြာအောင် သင်ယူမှာပါ”

“အိမ်း... အဲဒီလိုစိတ်ထားမျိုးမှကြိုက်တယ်၊ တစ်ခုတော့ရှိတယ်၊ ငါ့ပညာနဲ့တော့ သူတပါးကို မစော်ကားရဘူးကွယ့်၊ အဲဒီအချက်ကို မင်း လိုက်နာနိုင်ပါ့မလား”

ကန်ဝင်ဆန် တွေဝေသွား၏။

“ကျွန်တော်တို့ သားအမိကို အတိဒုက္ခရောက်အောင်လုပ်သွားတဲ့ လူယုတ်မာကိုပြန်ဆုံးမရင် ဆရာကြီးရဲ့ တားမြစ်ချက်နဲ့ မငြိနေမလားခင်ဗျာ”

အဘိုးအိုက ခေါင်းခါ၏။

“ဒါက ရန်ကြွေးပဲ၊ ရန်ကြွေးကိစ္စကိုတော့ ငါ ဘာမှမပြောလိုဘူး မင်းတို့သဘောပဲ... ငါ ပြောချင်တာက ငါ့ပညာနဲ့ လူကောင်းသူကောင်းတစ်ယောက်ယောက်ကိုသွားပြီး မစော်ကားစေဖို့ပဲ”

“အဲဒီကတိကို ကျွန်တော်ပေးနိုင်ပါတယ် ခင်ဗျာ၊ စိတ်ချပါ”

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူအဘိုးအိုသည် သူ့တောင်ဝှေးကို ကန့်ဝင်ဆန်၏ပခုံးပေါ်၌ လှမ်းတင်ကာ တီးတိုးရေရွတ်လေ၏။

"လူကလေး... မင်းဟာ ခုချိန်ကစပြီး တစ်ကိုယ်တော် တန်တင်းလျှောင်ရဲ့ တပည့်ဖြစ်ပြီ"

ကန့်ဝင်ဆန့်သည် မျက်ရည်များ ကျဆင်းလာ၏။

အဘိုးအို တန်တင်းလျှောင်က ဆက်ပြောသည်။

"ငါဟာ ဘယ်တပည့်ကိုမှ လက်မခံခဲ့ဘူး၊ မင်းကျမှ တပည့် အဖြစ် လက်ခံဖို့ ငါ့စိတ်ထဲမှာ ပေါ်ပေါက်လာတယ်၊ ဒါကတော့ မင်း ရဲ့ကံပေါ့... တစ်ခုလဲ ရှိတာပေါ့လေ၊ ငါသေရင် ငါ့ပညာတွေဟာ ... တော်လှကောင်းတစ်ယောက်ယောက်ရဲ့ လက်ထဲရောက်သွားရင် ... ဆိုးလှသွမ်း လူသရမ်းတွေကိုကာကွယ်နိုင်လိမ့်မယ်လို့ ငါ ယူဆတယ် ... ကဲ... ကဲ... လူကလေး နားပေဦးတော့၊ မင်း ပင်ပန်းလှပြီ"

အဘိုးအို တန်တင်းလျှောင်သည် ကန့်ဝင်ဆန်၏စကား... ကိုပင် မစောင့်တော့ဘဲ သူ့ဂူဆီသို့ ထွက်ခွာသွားလေတော့၏။

ကန့်ဝင်ဆန်မှာ သူ့ရည်မှန်းချက်အောင်မြင်ပြီဖြစ်၍ ... လက်ပစ် ကျန်ရစ်ခဲ့သည်။

မြတာဘက်ဆရာကြီး၏သိုင်းပညာဖြင့် ကျိရန်ကို အနိုင် ... ရန် မသေချာပေ။



ထို့ကြောင့် ဤဆရာကြီးထံမှ ပညာကိုရနိုင်ရန် ကြိုးစားရခြင်းဖြစ်သည်။

မြတာဘက်ဆရာကြီးနှင့် ဤမုတ်ဆိတ်ဖြူဆရာကြီးတို့၏ သိုင်းပညာသင်ရိုးကလည်း ကွာခြားလှသည်။

မြတာဘက်ဆရာကြီးဝှေထင်းက သူ့အား မြတာဘက်သိုင်းပညာကို တစ်လမျှသာ သင်ပေးခဲ့၏။

ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်ရန် ဆက်လက်လေ့ကျင့်သွားရသည်ဟု ဆိုခဲ့၏။

ယခုဆရာကြီးကမူ အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်သင်ကြားရမည်ဟု ဆိုသည်။

သင်ကြားရမည့်ပညာရပ်၏ပမာဏကိုခန့်မှန်း၍ ကြည့်နိုင်ခဲ့ပေသည်။

မုတ်ဆိတ်ဖြူဆရာကြီး တန်တင်းလျှောင်သည် ကန့်ဝင်ဆန်အား ရှုရှိုက်လေ့ကျင့်ခန်းများကို စတင်လေ့ကျင့်ပေး၏။

ထိုသို့လေ့ကျင့်ပြီး၍ သုံးလခန့်ကြာသောအခါမှ သိုင်းပညာကို စတင်သင်ကြားပေးသည်။

ဆရာကြီး တန်တင်းလျှောင် သင်ကြားပေးသည့်ပညာရပ်များမှာ လွန်စွာများပြားလှသဖြင့် ကန့်ဝင်ဆန်သည် သူ့လက်စားချေ

www.burmeseclassic.com

www.burmeseclassic.com



ရမည့် ကျိုရန်ကိုမဆိုထားနှင့် သေသွားလေသူမိခင်ကိုဝင် အမှတ်မရနိုင်အောင် ဖြစ်နေရရှာလေ၏။

တစ်နေ့သော နေ့လယ်ခင်း နားနေခိုက် သိုင်းကွက်ဓါးမြော မည်များ၌ တိရစ္ဆာန်တို့၏အမည်များပါရှိနေရသည့်ကိစ္စနှင့်ပတ်သက်၍ ဆရာကြီးက ရှင်းပြသည်။

"လူကလေး တိရစ္ဆာန်တွေဆီမှာ တစ်ကွက်ကောင်း တိုက်ကွက်တွေရှိတယ်၊ သူတို့ဆီကယူတဲ့ တိုက်ကွက်တွေကို ပြုပြင်တီထွင်လိုက်တဲ့အခါမှာ အလွန်တရာထက်မြက်တဲ့ သိုင်းကွက်တွေဖြစ်လာတယ်၊ အဲဒီတော့ သူတို့ကျေးဇူးကိုမမေ့လို့ ဖြစ်ပါ့မလား၊ အိမ်မြှောင်ကိုယ်ဖော့ပညာတို့ စွန်လက်သည်းကုတ် သိုင်းပညာတို့ဆိုတာတွေဟာ သူတို့ဆီက အတုခိုးသင်ထားတဲ့ပညာတွေပဲ၊ သားရဲတိရစ္ဆာန်တွေ တစ်ကောင်နဲ့တစ်ကောင် သတ်နေပြီဆိုရင် အင်မတန် သင်ထားကြည့်ကြတယ်၊ ဒါမှ သိုင်းကွက်အသစ်တွေကို တီထွင်နိုင်မယ်မဟုတ်လား၊ ကိုယ့်ဘာသာ စစချင်း အသစ်တီထွင်တယ်ဆိုတာ မကောင်းဘူးမဟုတ်ပါဘူး၊ ကောင်းပါတယ်၊ ဒါပေမယ့် ကောင်းတာတွေရှိသလို ချွတ်ယွင်းချက်တွေလဲ ကပ်ပါလာတတ်တယ်၊ ဒါကြောင့် လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ဆိုတဲ့ စကားကို လူသုံးများလာတာပဲ၊ ရှိပြီးသား လမ်းကြောင်းပေါ်မှာ ထပ်ထွင်တော့ ချွတ်ယွင်းချက်



သည်းသွားတာပေါ့"

"ဟုတ်ကဲ့… ဆရာကြီးမှာကြားတဲ့အချက်တွေကို ကျွန်တော် အသေအချာ မှတ်သားထားပါ့မယ်"

ဤသို့ဖြင့် ဥတုရာသီများ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။

ပထမတစ်နှစ်ကုန်သောအခါ ကန်ဝင်ဆန်သည် လက်နက်သိုင်းပညာကို အားလုံးနီးပါးလောက် တတ်ကျွမ်းလာခဲ့သည်။

ဒုတိယတစ်နှစ်တွင်မူ အတွင်းအားသိုင်းပညာနှင့်ကိုယ်ဖော့ င်းပညာများကို သင်ကြားပေးသည်။

ဒုတိယနှစ်ကုန်ဆုံးချိန်တွင် ကန်ဝင်ဆန်သည် ရှန်လင်ဘောင်တန်းကို သူ့အိမ်သူ့ယာပမာ မွှေနှောက်ကျွမ်းကျင်ပြီး ဖြစ်တော့သည်။

တတိယနှစ်အတွင်းတွင်မူ လက်နက်မျိုးစုံကိုင်ဆောင်တိုက်သည့် သိုင်းပညာကိုသင်ကြားပေးလေ၏။

ဆရာကြီးက….

"တကယ်တော့ ဓား… လှံ… လေး… မြားလက်နက်ဆိုတာ ယ့်သိုင်းသမားတွေအတွက် မလိုအပ်ပါဘူး၊ သိုင်းပညာရှင်တစ် ဘက်ရဲ့လက်ထဲကို ဝါးခြမ်းတစ်ပြားရောက်လာရင် ကျောက်ခဲတစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးရောက်လာမယ်ဆိုရင် အဲဒါဟာ လက်နက်ပဲ"

အဘိုးအိုသည် အနီး၌ရှိနေသော ကျောက်ခဲကလေးတ… လုံးကိုကောက်ယူလိုက်၏။

သစ်ပင်ထိပ်ဖျားမှ တဖျပ်ဖျပ် ပျံသန်းသွားသည့် ငှက်တ… ကောင်ကို လက်ထဲမှ ကျောက်ခဲကလေးဖြင့် ပစ်ခတ်လိုက်ရာ ငှ… တောင်များဖွာထွက်သွားပြီး ကောင်းကင်ထက်မှ ချာလပတ်လ… ကာ ကျလာလေ၏။

"တွေ့လား... ပျံနေတဲ့ ငှက်တစ်ကောင်ကိုတောင် လ… ပစ်နိုင်ရင် ကိုယ်နဲ့ရင်ဆိုင်မယ့်ရန်သူ အကောင်ကြီးကြီးကို ဘာဖြ… ခဲနဲ့ထိမှန်အောင် မပစ်နိုင်ရမှာလဲ၊ တစ်ခုတော့ ရှိတယ်၊ ရန်သူနဲ့… ဆိုင်ရတဲ့အခါတိုင်း စိတ်ထားတည်ငြိမ်ဖို့ အရေးကြီးတယ်၊ စိတ်ထား… တည်ငြိမ်ရင် ကိုယ် ဘာမဲလုပ်လုပ် တလွဲတချော်တွေ ဖြစ်သွား… တယ်"

မုတ်ဆိတ်ဖြူအဘိုးအိုသည် လက်တွေ့သိုင်းကွက်မျာ… သာမက သဘောတရားများကိုပါ သင်ကြားပေးသည်။

"ဒါကြောင့်မို့ သိုင်းပညာရှင်အရင့်အမာကြီးတွေဟာ … နက်ကိုင်ဆောင်လေ့ မရှိကြဘူး၊ လက်နက်ကိုင်ဆောင်တဲ့အဆင့်… အမြင့်ဆုံးအဆင့် မရောက်သေးဘူးလို့ မှတ်ယူရတယ်"



အဘိုးအိုသည် အနီးရှိ လူတစ်ရပ်ခန့်မြင့်သော ကျောက်တုံးကြီးတစ်တုံးပေါ်သို့ လွှားခနဲ ခုန်တက်သွားသည်။

"နောက်ပြီး ကိုယ့်ဖော့ပညာနဲ့ပတ်သက်ပြီး လူကလေးကို ပြောပြရဦးမယ်၊ ကိုယ်ဖော့ပညာကောင်းချင်ရင် အတွင်းအားပညာကို အဆက်မပြတ် လေ့လာရမယ်၊ နောက်ပြီး မြေပြင်ပေါ်မှာ ပြေးတာထက် တတ်နိုင်ရင် သစ်ပင်တစ်ပင်ပေါ်က တစ်ပင်၊ ကျောက်တုံးတစ်တုံးပေါ်က တစ်တုံး ကူးပြေးနိုင်ရမယ်၊ တစ်လှမ်းချင်း ပြေးလွှားတာထက် ခုန်လွှားခြင်းက ပိုအရာရောက်တယ်၊ ရန်သူကို ခြေရာဖျောက်နိုင်တယ်၊ ဒါတွေကို ငါ့အနေနဲ့ ပြောပြတာထက် လူကလေးဘာသာသိလာရင် ပိုကောင်းတယ်၊ အခုဆိုရင် လူကလေးဟာ ထိပ်တန်းသိုင်းသမားဘဝကိုရောက်ပြီ၊ ငါနဲ့တွေ့စက သတိပေးခဲ့တာကို မှတ်ရသေးသလား"

"ဆရာကြီးရဲ့သိုင်းပညာနဲ့ လူကောင်းသူကောင်းတွေကို မစော်ကားဖို့မဟုတ်လား ခင်ဗျာ"

"မှန်တယ်... မင်းဟာ မြတ်ဘက်သိုင်းဆရာဆီက သိုင်းကွက်တချို့ ရခဲ့ပြီးပြီ၊ တော်ရုံတန်ရုံ သိုင်းသမားကို အဲဒီမြတ်ဘက်ဘာနဲ့ပဲ ယှဉ်ပြိုင်ပါ၊ ငါ့ပညာကိုထုတ်သုံးမယ်ဆိုရင်တော့ နောက်ဆုံးအခြေအနေ၊ အဆုံးစွန်အခြေအနေကျမှ ထုတ်သုံးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဆရာကြီးရဲ့အမှာစကားကို ကျွန်တော့်ရင်ထဲမှာ အမြဲထည့်ထားပါ့မယ်"

"အေး.. မင်း လေ့ကျင့်စရာရှိတာကို လေ့ကျင့်ပေတော့"

ကန်ဝင်ဆန်သည် ဆရာကြီးတန်တင်းလျောင်၏ အမိန့်အတိုင်းဆက်၍ လေ့ကျင့်ခဲ့သည်။

သုံးနှစ်အတွင်း သူ သင်ကြားခဲ့သည့်ပညာများကြောင့် ကန်ဝင်ဆန်ဟူသောလူငယ်သည် ထိပ်တန်းသိုင်းသမားအဖြစ်သို့ ရောက်ရှိလာခဲ့လေပြီ။

သူသည် အားလပ်ချိန်အတွင်း၌ မြတ်ဘက်သိုင်းပညာကိုလည်း လေ့ကျင့်သည်။

သူ့၌ အတွင်းအားပညာ ပြည့်ဝလာခြင်းကြောင့် မြတ်ဘက်သိုင်းပညာသည်လည်း ပို၍ ထက်မြက်လာသည်။

သူ့စိတ်ထင်၌ ကျိုရန်ကို ထိုမြတ်ဘက်သိုင်းပညာနှင့်ပင် လက်စားချေနိုင်မည်ဟု ယုံကြည်လာ၏။

ဤသို့ဖြင့် သုံးနှစ်ဇေ့ပြောက်သွားသည်။

ကန်ဝင်ဆန်သည် မုတ်ဆိတ်ဖြူအဘိုးအိုအား နောက်ဆုံးနှုတ်ဆက်ကန်တော့လေ၏။

အဘိုးအိုက ဆုပေးရင်း....



"လူကလေး.. သိုင်းပညာဟာ မကောင်းမှုကို ကာကွယ်ဖို့ တီထွင်ခဲ့တဲ့ ပညာဖြစ်တယ်၊ ဒီပညာကိုအသုံးပြုပြီး အရပ်သားတွေကို နှိပ်စက်ကလူ ပြုတာတွေ့ရင် အဲဒီသိုင်းသမားကို လူလေးစိတ်တိုင်းကျ ဆုံးမနိုင်တယ်"

ကန်ဝင်ဆန်သည် ရှိခိုးကန်တော့ပြီးနောက် ရှန်လင်တောင်တန်းမှ ဆင်းသက်လာခဲ့တော့၏။

သူ့၌ နှစ်ဆယ့်တစ်နှစ်တာမျှ ကင်းဝေးပျောက်ကွယ်သွားသည့် ကျိုရန်အမည်ရှိသော လူဆိုးကို ရှာဖွေရဦးမည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)
## မီနီရာ

ကန်ဝင်ဆန်၏ဘဝသက်တမ်း နှစ်ဆယ့်တစ်နှစ်အတွင်း၌ ထူးခြားသောအပြောင်းအလဲများရှိသကဲ့သို့ ကန်ဝင်ဆန် လိုက်လံရှာဖွေနေသော ကျိုရန်၏ဘဝသည်လည်း ထူးခြားသောအပြောင်းအလဲများ ရှိပေသည်။

ကျိုရန်သည်လည်း လီလင်းအား ပစ်ထားခဲ့ပြီး တစ်ကိုယ်တည်း ထွက်လာခဲ့သည်။

ဆန်ပိုင်မြို့၏ အနောက်ဘက်တောင်ကုန်းကို ဖြတ်ကျော်လာခဲ့သောအခါ အာမခံပို့ဆောင်ရေးအဖွဲ့တစ်ဖွဲ့နှင့် တန်းတိုးလေသည်။



ထိုအာမခံအဖွဲ့ကား မြင်းဖြူအာမခံအဖွဲ့တည်း။

ထိုအဖွဲ့သည် အတော်အသင့် နာမည်ရ၏။ အဖွဲ့၏အုပ်ချုပ်ရေးမှူးမှာ ဆန့်တိန်ဖုံဖြစ်၏။

မြင်းဖြူအာမခံအဖွဲ့၌ ဆန့်တိန်ဖုံ အားထားသောသိုင်းဆရာ လေးယောက်ရှိသည်။

ထိုလေးယောက်သည် မြင်းဖြူအာမခံအဖွဲ့၏ အသက်ပင်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကျန်အဖွဲ့သားများမှာ သိုင်းပညာလုံးဝမတတ်သောကြောင့်တည်း။

အဖွဲ့သားနှစ်ဆယ်ခန့်ရှိရာတွင် သိုင်းဆရာလေးဦးက အုပ်ချုပ်၏။

အဖွဲ့သားများသည် မြင်းကိုယ်စီဖြင့် ဟန်ဟန်ပန်ပန် ပုံသဏ္ဌာန်မျိုးရှိကြသော်လည်း တကယ်တမ်းအားဖြင့် သိုင်းဆရာလေးယောက်ကို အသေကြောက်ကြရသည်။

သိုင်းဆရာလေးဦး၏အမည်မှာ ဟိုလီချွမ်း၊ ချားလုံ၊ ကျူးချုံကျင်းနှင့်ရန်မင်တို့ ဖြစ်ကြသည်။

ထိုလေးယောက်စလုံး နာမည်ဆိုးနှင့်ကျော်ကြားနေကြသူများသာ ဖြစ်သည်။

ထိုလေးဦး၌ နံပါတ်တစ် သိုင်းဆရာမှာ ဟိုလီချွမ်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်စက်ဆုံး အကြမ်းကြုတ်ဆုံးလူ ဖြစ်၏။

သူသည် အဆိပ်လက်ဝါးသိုင်းသမားဖြစ်၏။ သူ၏လက်ဝါးကြီးသည် ကြီးမားပြန့်ကားလှ၏။

သူသည် ခရီးသွားရင်းပင် မြင်းပေါ်မှနေ၍ သစ်ကိုင်း၊ သစ်ခက်များနှင့်တော်ရုံတန်ရုံ ပင်စည်များကို ရိုက်ချိုးဖျက်ဆီးသွားလေ့ရှိ၏။

တစ်နည်းအားဖြင့် သူ့လက်ဝါးကို လက်ရည်သွေးသွားခြင်းဖြစ်သည်။

ထိုအချက်ကို တွေ့မြင်နေရကြရသော လက်အောက်ငယ်သားတပည့်များသည် ဟိုလီချွမ်းကို သိပ်ကြောက်ကြသည်။

သူတို့ ပိုကြောက်ရသည့်အဖြစ်တစ်ခု ဖြစ်ပွားခဲ့သောအခါ လက်အောက်ငယ်သားများ၏ကြောက်ရွံ့မှုမှာ ဆိုဖွယ်ရာ မရှိတော့ပေ။ အကြောင်းမှာ ဤသို့တည်း။

တစ်နေ့တွင် လက်အောက်ငယ်သားတစ်ဦးသည် မြင်းပေါ်၌ အိပ်ငိုက်ရင်း လိုက်ပါလာသည်။

ဟိုလီချွမ်းက ဤသို့အိပ်ငိုက်ရပါမည်လားဆိုကာ လက်ဝါးဖြင့် ရိုက်သည်။

ထိုလက်အောက်ငယ်သားမှာ ထိုနေရာ၌ပင် တချက်တည်းဖြင့် သေဆုံးသွားခဲ့ရသည်။



ဒုတိယအဆိုးဆုံး သိုင်းဆရာကား ချားလုံဖြစ်၏။ သူသည် အဆုပ်အညှစ်သန်သောသိုင်းသမား ဖြစ်၏။

သူ မကျေနပ်လျှင် သူ့လက်ဝါးဖြင့် ဖမ်းဆုပ်ကိုင်ညှစ်တတ်၏။

ထိုအခါ အဆုပ်အညှစ်ခံရသူမှာ အရိုးများ ကျိုးကြေမတတ် ခံစားရသည်။

သူ့ကို'သံမဏိလက်ဝါး'သိုင်းသမားဟု ခေါ်ဆိုကြလေသည်။

ချားလုံအနီးသို့ ကပ်လာလျှင် လက်အောက်ငယ်သားတပည့်များသည် မသိမသာ ရှောင်သွားတတ်ကြ၏။

ချားလုံသည် မထင်လျှင် မထင်သလို လက်ဝါးဖြင့် ဖမ်းဆုပ်ကိုင်ညှစ်တတ်သည် မဟုတ်ပါလား။

တတိယမြောက်သိုင်းဆရာဖြစ်သည့် ကျူးချုံကျင်းမှာ လက်အောက်ငယ်သားများကို ဒုက္ခမပေးတတ်ပေ။

သို့သော် အမြဲတမ်း သုန်မှုန်နေသည့်မျက်နှာထားကိုကား ကြောက်လန့်ကြသည်။

သူသည် လက်နက်ပုန်းကိုင်ဆောင်သည့်သိုင်းသမားဖြစ် သည်။

သူဝတ်ထားသည့် အင်္ကျီလက်ကြီးသည် ပွပွရှည်ရှည်ကြီး ဖြစ်၏။

www.burmeseclassic.com



ထိုအကျိုလက်ပွဲကြီးအတွင်း၌ အဆိပ်လက်နက်ပုန်းများရှိနေသဖြင့် လက်အောက်ငယ်သားတပည့်များအားလုံးက သူ့အားကြောက်ရွံ့နေသည်။

ဆန့်တိန်ဖုံ၏နောက်ဆုံးတပည့်ဖြစ်သည့် သိုင်းဆရာမှာ ရန်မင်ဖြစ်၏။

သူသည် ကြေးနီတောင်ဝှေးတစ်ချောင်းကို အမြဲကိုင်၏။ ထိုကြေးနီတောင်ဝှေး၏ထိပ်တွင် အဆိပ်ရည်များ အပြည့်ရှိကြောင်း သိနေကြသည့် လက်အောက်ငယ်သားများသည် ရန်မင်ကို မည်သည့်အခါမျှ အတိုက်အခံ မပြောကြပေ။

ထိုသူလေးယောက်စလုံးသည် ရန်သူများနှင့်တွေ့ဆုံသည့်အခါတိုင်း မိုက်မိုက်ရိုင်းရိုင်း တိုက်ခိုက်တတ်ကြသည်ကို တွေ့ဖူးထားသဖြင့် လက်အောက်ငယ်သား အားလုံးက ရွံ့ကြောက်ကြသည်။

ဆန့်တိန်ဖုံသည် ထိုသိုင်းဆရာလေးယောက်ကို လက်မောင်းလက်ရုံးပမာ အားကိုးအားထားပြုလျက် သူ၏မြင်းဖြူအာမခံအဖွဲ့ကို လှုပ်ရှားနေခဲ့သည်။

ကျိုရန်သည် ထိုအဖွဲ့နှင့်လမ်းခုလတ်တွင် တွေ့ဆုံမိသည်။

မြင်းဖြူအာမခံအဖွဲ့သည် ပစ္စည်းတစ်ခုကိုအာမခံ၍ သယ်ဆောင်လာခြင်းဖြစ်၏။

သိုင်းသမားတစ်ယောက်ဟန်ပန်ရှိသော ကျိုရန်သည် ရှေ့ဆုံးမှဦးဆောင်လာသော ဆန့်တိန်ဖုံကို ဦးညွှတ်ဂါရဝပြုလေ၏။



"ဟေ့... ဘာလုပ်မလို့လဲ၊ ဖယ်စမ်း"

ကျိုရန်က...

"ကျွန်တော် တစ်ကိုယ်တည်းသမားပါ ခင်ဗျာ... ဆရာကြီးတို့ရဲ့အဖွဲ့ထဲမှာ ကျရာတာဝန်ကိုထမ်းပါရစေ၊ စားဖို့သောက်ဖို့ရရင် တော်ပါပြီ"

ဆန့်တိန်ဖုံက ကျိုရန်ကို အကဲခတ်ပြီး...

"မင်း ပစ္စည်းတွေကို အသယ်အချ လုပ်ပေးရမယ်၊ လုပ်နိုင်ပါ့မလား"၊

"လုပ်နိုင်ပါတယ် ခင်ဗျာ"

ဆန့်တိန်ဖုံက လက်အောက်ငယ်သားတစ်ဦးအား အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟေ့... မြင်းလှည်းနောက်မှ အပိုဆွဲလာတဲ့မြင်းတစ်ကောင် ပေးလိုက်စမ်းဟေ့"

ဆန့်တိန်ဖုံက သိုင်းဆရာလေးယောက်ကို လက်ညှိုးထိုးပြ၏။

"အဲဒါ မင်းရဲ့ဆရာ လေးယောက်ပဲ... သူတို့စကားကို မြေဝယ်မကျ နားထောင်ပါ၊ ကလန်ကဆန်လုပ်ရင်တော့ မင်းရဲ့အသက်ဟာ မင်းရဲ့ခန္ဓာကိုယ်နဲ့တွဲနေမှာ မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်သည် သိုင်းဆရာလေးယောက်၏ အခြေအနေကိုမြင်ရုံနှင့် အကဲခတ်နိုင်စွမ်းရှိ၏။

သူလည်း ထိုသူလေးယောက်ကဲ့သို့ လူဆိုးလူညစ်ပင် ဖြစ်သည် မဟုတ်ပါလော။

မြွေမြွေချင်း ခြေမြင်သည်ဟူသောစကားမှာ လူဆိုးလူညစ်အချင်းချင်းတစ်ဦးအကြောင်း တစ်ဦးသိသည်ဟူသောအဓိပ္ပာယ်ဟု ပြဆိုခြင်းပင် ဖြစ်လေသည်။

"စိတ်ချပါ ဆရာကြီး... ဆရာလေးဦးစလုံးရဲ့စကားကို နားထောင်ပါ့မယ်"

"ကောင်းပြီ... လှည်းတွေပေါ်တင်လာတဲ့ပစ္စည်းတွေကို ဂရုစိုက်၊ လမ်းမှာရန်သူနဲ့တွေ့ရင် ခုခံရဦးမယ်ဆိုတာလဲ မှတ်ထားဦး"

"ဟုတ်ကဲ့"

"မင်းမှာ ဓားမပါဘူး ဟုတ်လား... နောက်ဆုံးက လှည်းထဲမှာ ဓားလုံတွေပါတယ်၊ အဲဒီထဲက ဓားတစ်ချောင်းကိုယူလိုက်၊ နောက်ဆုံး လှည်းကိုစောင့်ရှောက်"

"ဟုတ်ကဲ့ ဆရာကြီး"

ကျိုရန်သည် ဆ တိန်ဖုံ၏အမိန့်အတိုင်း နောက်ဆုံးလှည်း၏နောက်မှ လိုက်ပါခဲ့သည်။

မြင်းအုပ်စုကို နောက်ဆုံးမှ ကြီးကြပ်လိုက်ပါလာသူမှာ



ဘျူချုံကျင်း ဖြစ်၏။

သူသည် ကျိုရန်၏ပခုံးကို လှမ်းပုတ်ပြီး...

"ဟေ့ကောင် လူသစ်... မြင်းဖြူအာမခံဌာနအကြောင်း ကြားဖူးတယ်မဟုတ်လား၊ ကြားဖူးရင် သေသေဝပ်ဝပ်နေ ကြားလား"

ကျိုရန်မှာ မြွေပွေးလို လူစားထက် ပိုဆိုးသောလူမျိုးဖြစ်ရာ ချက်ချင်းပင် ပြန်တိုက်ခိုက်လိုက်ချင်သည်။

သို့သော် တစ်ယောက်နှင့်လေးယောက်တိုက်ခိုက်လျှင် မိမိအတွက် အကြီးအကျယ် ဒုက္ခရောက်နိုင်ကြောင်းကို တွေးမိသဖြင့် ငြိမ်နေရသည်။

ထို့ပြင် မိမိသည် ယခုမှ မိုခိုရာ ရှာသူမဟုတ်ပါလား။

"အေး... နေကြဦးပေါ့ကွာ၊ တစ်နေ့ အခွင့်ကြုံရင်တော့ မြေသိမ့်တုန်လက်သီးဆိုတာ ဘယ်လိုလဲဆိုတာ အကြောင်းပြလိုက်ဦးမယ်"

ကျိုရန် ဆောင်ရွက်ရသည့်တာဝန်မှာ ကြီးလေးသည်တော့ မဟုတ်ပါ။

သူတို့သတ်မှတ်ထားသည့် မြို့သို့ရောက်လျှင် မြင်းလှည်းပေါ်မှ ပစ္စည်းများကို အခြားလူနှစ်ဆယ်နှင့်အတူ သယ်ချပေးရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကား ရင်အောင့်စရာ အကောင်းဆုံးအချိန်ပေ
တည်း။

မြင်းဖြူအာမခံဌာန၏ သိုင်းဆရာလေးယောက်သည် ထိုအ
ချိန်တွင် ဩဇာအာဏာအပြည့်အဝ အသုံးပြုတော့သည်။

အော်ဟစ်ငေါက်ငမ်းတတ်သည်။ တစ်ခါတစ်ရံ ရိုက်မောင်း
ပုတ်မောင်းပင်လျှင် ပြုလုပ်တတ်သည်။

အခြားလူနှစ်ဆယ်မှာ သိုင်းပညာဖြစ်ဖြစ် မြောက်မြောက်
တတ်ကျွမ်းသူများမဟုတ်၍ သိုင်းဆရာလေးယောက်ပြောဆိုသ
ခေါင်းငုံ့ခံကြရသည်ချည်း ဖြစ်၏။

ကျိုရုန်တစ်ယောက်သာ စိတ်ထဲ၌ မချိတရိ ခံစားနေရခြင်း
ဖြစ်သည်။

ထိုမြို့၌ အချို့သောပစ္စည်းများကိုသယ်ချပြီး အချို့သော
ပစ္စည်းများကိုတင်ဆောင်ပြီးသောအခါ ခရီးဆက်လက် ထွက်ခွာ
ခဲ့ကြလေတော့၏။

(ပထမပိုင်း) ပြီး

(ဒုတိယပိုင်း–ဇာတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ် နေလင်းအော

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ရှန်ပြိုးရှင်းပြေသိုင်းကာဗေ

ဒုတိယပိုင်း-ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)
## မိုက်ဇာတ်အစ

သိုင်းဆရာလေးယောက်သည် ကျိုရှန် အပါအဝင် လူဆယ့်တစ်ယောက်အား ငွေဝယ်ကျွန်များသဖွယ် အော်ဟစ်ကြိမ်းမောင်းရင်း ဘေးမှ ကြီးကြပ်လာသည်။

မိုင်နှစ်ဆယ့်ခန့် ခရီးနှင်ပြီးသောအခါ သစ်တောတစ်ခုအတွင်းသို့ ရောက်ရှိလာ၏။

ထိုသစ်တောကြီးမှာ သစ်ပင်ကြီးငယ်များဖြင့် ညှို့မှိုင်းအုပ်ဆိုင်းနေသဖြင့် မဟာမြိုင်သစ်တောကြီးဟု ခေါ်ဆိုလောက်ပေသည်။

ဤကဲ့သို့သော သစ်တောအတွင်း ခရီးဆက်လျှင် မည်သည့်သည်းနှင့်မျှ ညဘက်၌ ခရီးဆက်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် မြင်းဖြူအဖွဲ့၏အုပ်ချုပ်ရေးမှူး ဆန့်တိန်ဖုံက အော်ဟစ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရပ်ကြ... ဒီညအဖို့ ဒီနားမှာပဲ ရပ်မယ်၊ လိုအပ်တဲ့ ရွက်ဖျင်တဲတွေကို အောက်ကိုချကြ"

မြင်းလှည်းများနှင့် မြင်းစီးသံမားများသည် ရပ်တန့်သွားကြ၏။

ကိုရန်သည် သူ စောင့်ရှောက်ရသည့်မြင်းလှည်းပေါ်မှ အ ထုပ်တစ်ထုပ်ကို ပစ်ချလိုက်သည်။

"ဖုံး...."

ခပ်ပြင်းပြင်း ပစ်ချလိုက်သဖြင့် ကျယ်လောင်စွာ အသံမြည် သွားလေတော့၏။

"ဟေ့ကောင်... ပစ္စည်းကိုဖြည်းဖြည်း ချပါကွ၊ မင်းဘိုးအေ ပစ္စည်းမို့လို့ သောက်ရမ်းပစ်ချရတာလား"

ချားလုံက ဟိန်းဟောက်ကြိမ်းမောင်းလိုက်၏။

ကိုရန်သည် သူ့ဒေါသကို မထိန်းနိုင်တော့ပေ။

"ခင်ဗျား စကားပြောရင် ကောင်းကောင်းပြောပါ၊ ခင်ဗျား လဲ အလုပ်သမားပဲ... ကျုပ်လဲ အလုပ်သမားပဲ၊ ဆဲလား ဆိုလား မလုပ်ပါနဲ့၊ အခု ကျုပ်ပစ်ချတဲ့ပစ္စည်းက ဘာများပျက်စီးစရာရှိလို့လဲ"

သူ၏သိုင်းဆရာသက်တမ်းတစ်လျှောက်၌ တစ်ကြိမ်တခါ မျှ ဤသို့ပြောဆိုခြင်းမခံခဲ့ရသော ချားလုံမှာ ယမ်းပုံမီးကျသလို ထွက်သွားရလေတော့၏။

"ဘာကွ...."



ကိုရန်သည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်၏။

လှည်းတန်း၏ထိပ်၌ အုပ်ချုပ်ရေးမှူး ဆန့်တိန်ဖုံရှိရာ၊ ဆန့်တိန်ဖုံအနီး၌ ဟိုလီချွမ်း၊ ကျူးချုံကျင်းနှင့်ရန်မင်တို့သုံးယောက် ရပ်လျက် တစ်စုံတစ်ခု ဆွေးနွေးနေကြ၏။

ဤနေရာ၌ စခန်းချသင့် မသင့်ကို ဆွေးနွေးနေကြဟန်ရှိသည်။

ကိုရန်သည် ထိုအုပ်စုမကြားစေလိုသဖြင့် ခပ်တိုးတိုး ပြောသည်။

အသံသာတိုးသည်။ မခံချင်သည့်လေသံကမူ အပြည့်အဝ ပါနေသည်။

"ခင်ဗျားကိုယ်ခင်ဗျား ဘာထင်နေသလဲ၊ ရောမသိုင်းဆရာကြီး ထင်နေသလား၊ ခင်ဗျားတတ်တဲ့ သိုင်းပညာလောက်တော့ လူတိုင်းတတ်တယ်ဗျ၊ ကိုယ့်ကိုယ်ကို သိပ်လဲ အထင်ကြီးမနေနဲ့ဦး၊ ကျုပ်ပြောတာ သေသေချာချာ မှတ်ထားဦး"

ချားလုံ၏တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတော့သည်၊ ဒေါသထွက်လွန်းလှသဖြင့် စကားပင် မပီချင်တော့။

"မင်း မင်း... ခွေးသား... ဝက်သား မင်း မင်း ပြန်ပြင်ပြောမ်း"

ကိုရန်က ပြန်ဟောက်၏။ သူလည်း အဆုံးရှုံး ရင်ဆိုင်ရန် အသင့်ဆင်ပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးသား ဝက်သားက မင်းကွ၊ မင်းကိုယ်မင်း လူတော်ကြီးထင်နေသလား။ ခွေးသား ဝက်သား"

ချားလုံသည် ကျိုရန်ရှိရာသို့ခုန်ဝင်လာ၏။

လက်ဝါးဖြင့် လှမ်းရိုက်သည်။ လေထဲတွင် ဝှီးခနဲ မြည်သွားသည်။

ကျိုရန်က လွယ်ကူစွာ ရှောင်လိုက်၏။

"ဟား... ဟား... ဟား ဒီလိုရိုက်ချက်လောက်တော့ ငါ လွယ်လွယ်ကလေး ရှောင်နိုင်သကွ... တွေ့လား"

ချားလုံမှာ ထိန်းမနိုင် သိမ်းမရဖြစ်နေလေပြီ။ မျက်လုံးများကလည်း မီးကျီးမီးခဲကဲ့သို့ ရဲရဲတောက်နေလေပြီ။

သူ၏သေးကွေးကြုံလှီသည်ဟု ထင်မှတ်ရသော ခန္ဓာကိုယ်မှ အကြောမျှင်များသည် သံမဏိမျှင်များသဖွယ် မာကျောလာသည်။

လည်ပင်းကြောကြီးများပင် ထောင်ထနေကြောင်း တွေ့ရသည်။

ကျိုရန်ရှိရာသို့ ဒုတိယအကြိမ် ခုန်ဝင်ပြန်သည်။ လက်ဖြင့်ရှောင်ပြရိုက်ပြီး ညာခြေဖြင့် ပတ်ကန်၏။

ကျိုရန်က လေထဲ၌ ကျွမ်းထိုးရှောင်ပြီး မြေသိမ့်တုန်လာသည်။ သီးတစ်ချက် ပစ်သွင်း၏။

ဝီခနဲ အော်မြည်သွားသောလက်သီးသည် ချားလုံ၏



ပွတ်ကာသီကာကလေး လွဲထွက်သွားသည်။

ချားလုံ၏ လက်ဝဲလက်ျာလက်ဝါးစောင်းများသည် မာန်သွင်းသံနှင့်အတူ တဖျန်းဖျန်း ရိုက်ခတ်ဝင်လာသည်။

ကျိုရန်ကလည်း ပြန်ကာသည်။ လက်ဝါးရိုက်ချက်များ အရာမထင်သောအခါ ချားလုံသည် ဝဲယာခြေထောက်များဖြင့် ခတ်၏။

ထိုခြေထောက်များကိုလည်း ကျိုရန် ကောင်းစွာရှောင်နိုင်သည်။

ကျိုရန်သည် သူကသာ သူများအပေါ် မောက်မာချင်သူဖြစ်၏။ တပါးသူက သူ့အား မောက်မာလာလျှင်မူ လုံးဝသည်းမခံနိုင်သူဖြစ်၏။

ထို့ကြောင့် မြင်းဖြူအာမခံဌာနသိုင်းဆရာလေးယောက်အပေါ် သူ့အတော်ကလေး မကျေမနပ်ဖြစ်နေခဲ့ခြင်းဖြစ်သည်။ ယခု မကျေနပ်ချက် အစိုက်အခဲကြီး ပေါက်ကွဲထွက်လေပြီ။

သူသည် တစ်ရှိန်ထိုး လိုက်တိုက်၏။ သူတို့သည် တိုက်ကွက်ပေါင်းခြောက်ဆယ်မျှ တိုက်ခိုက်ခဲ့ပြီးလေပြီ။

ချားလုံမှာ မျက်လုံးပြူးလာလေပြီ။

ကျိုရန်ကို အသာစီးမှ မတိုက်ခိုက်နိုင်တော့ပေ။ တင်းဆုတ်တည်း ဆုတ်နေရသည်။

ဤသူကား ပညာကိုလျှို့ထားသည့် ရွက်ပုန်းသီးသိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



သာတကားဟု နားလည်သွား၏။

သို့သော် သူနားလည်မှုမှာ နောက်ကျနေလေပြီ။

သူသည် သူ့ရဲဘော်ရဲဘက် သိုင်းသမားသုံးယောက်၏ အကူအညီတောင်းရန် စိတ်ကူးသေး၏။

ချားလုံသည် အကြိတ်ရင်း အပြင်းအထန် ခုခံ၏။

ကျိုရန်ကလည်း ပွဲကိုအပြီးသိမ်းနိုင်ရန် တရကြမ်း တိုက်ခိုက်သည်။

စင်စစ် ချားလုံသည် အာမခံဌာန၏သိုင်းဆရာလုပ်မည့်သား လုပ်နေသည်။

ကျိုရန်လောက် သိုင်းပညာကောင်းသူမဟုတ်ပေ။ ကျိုရန်၏ပြိုင်ဘက်မဟုတ်ပေ။

ကျိုရန်သည် ဝုန်းခနဲ ခုန်ဆုတ်သွား၏။

စင်စစ် ကျိုရန်ဆုတ်ရန် မလိုပေ။ ပရိယာယ်ဆင်၍ ဆုတ်ပေးခြင်းသာဖြစ်သည်။

ထိုအချက်ကို ချားလုံမသိ။ သူ့အတွက် အခွင့်အရေးရပြီဟု ယူဆကာ ရှည်လျားသော မာန်သွင်းသံ ကျယ်လောင်စွာ အော်ပြီး ခုန်ဝင်၏။

ကျိုရန်သည် ထိုအကွက်ကိုမျှော်လင့်ပြီးသား ဖြစ်၏။

လက်ဝါးနှစ်ဖက်က ချားလုံ၏ရိုက်ချက်ကိုကာကွယ်ရင်း တောင်နှစ်ဖက်ဖြင့် ချားလုံ၏ရင်ဝသို့ ဆောင့်သွင်းလိုက်၏။



လေထဲမှ နှစ်ယောက်သား တစ်ပြိုင်တည်းပြန်ကျလာ၏။

ကျိုရန်က မတ်တတ်ရပ်လျက် ကျဆင်းလာသော်လည်း ချားလုံမှာမူ ကျွမ်းထိုးမှောက်ခုံ ခွေးကျကျလာ၏။

"ဝေါ့..."

နီရဲသောသွေးများသည် ချားလုံ၏ပါးစပ်ထဲမှ အန်ထွက်လာ၏။

ကျိုရန်အား မယုံကြည်နိုင်သောကြည့်ခြင်းဖြင့် မော့ကြည့်၏။ ထို့နောက် မြေပြင်ပေါ်သို့ ထိုးလဲကျသွားတော့သတည်း။

ထိုအချိန်တွင် သူတို့တိုက်ပွဲကို အာမခံအဖွဲ့သား အားလုံးသာမက ဆန့်တိန်ဖုံနှင့် အခြားသိုင်းဆရာသုံးဦးတို့ကပါ ဝိုင်းကြည့်နေကြလေပြီ။

ကြည့်နေသူများ၏စိတ်တွင်လည်း ကျိုရန်က ဤသို့အနိုင်ယူနိုင်လိမ့်မည်ဟု လုံးဝမထင်မှတ်သဖြင့် ငိုင်နေမိကြသည်။

ဆန့်တိန်ဖုံက ဒေါသတကြီး အော်ဟစ်လိုက်၏။

"ဟေ့ကောင်.. သူလျှိုကောင်၊ မင်းက ဘယ်အဖွဲ့ကလဲ ပြောစမ်းဟေ့"

ကျိုရန်သည် ဆန့်တိန်ဖုံအား မုန်းတီးသောမျက်လုံးအစုံဖြင့် စူးစိမ်းကြည့်သည်။

"ကျုပ်က ဘယ်အဖွဲ့ကမှ သူလျှိုမဟုတ်ဘူး။ ကျုပ်ကို စော်ကားမော်ကားပြောလို့ ခုလို ပြန်ခုခံတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကများ ငါတို့ကို ပြန်ခုခံရဲသလား"

ဟိုလီချွမ်းသည် အော်ဟစ်ရင်း ခုန်ဝင်သွား၏။

ကျိုရန်သည် ဤအုပ်စုထဲ၌ ဟိုလီချွမ်းတစ်ယောက်သာ စွမ်းအား အကောင်းဆုံးဖြစ်ကြောင်း သိသဖြင့် ထိပ်တိုက်မခုခံဘဲ ရှောင်တိမ်းပေးသည်။

"ခွေးကောင်... ဘာဖြစ်လို့ ရှောင်ပြေးရတာလဲ"

ကျိုရန်က...

"ကျုပ် ရှောင်မပြေးပါဘူး၊ ခင်ဗျားရဲ့သိုင်းပညာကို ပထာ မ စမ်းသပ်ကြည့်နေတာပါ"

"ဒါဖြင့် ထိပ်တိုက်ခုခံလေ"

အဆိပ်လက်ဝါးသိုင်းသမား၏လက်ဖဝါးသည် စိမ်းညို ရောင်သမ်းနေ၏။

ကျိုရန် သည်လောက်တော့ ပါးပါးသေးသည်။ ထိပ်တိုက်မ ခုခံဘဲ ရှောင်တိမ်းသည်။

"သရဲဘောကြောင်တဲ့ကောင်"

ဟိုလီချွမ်းမှာ စကားပင်ဆုံးအောင်မပြောနိုင်တော့ဘဲ ကျွမ်းပစ်ရှောင်တိမ်းလိုက်ရသည်။

ကျိုရန်က ကန်ကြောက်လိုက်သောကြောင့်တည်း။

ဟိုလီချွမ်းက ကြိုင်ငရဲပန်းသိုင်းကွက်ဖြင့် တိုက်သည်။ ထို တိုက်ကွက်မှာ ထောင့်သုံးထောင့်ကို တစ်ထောင့်စီနင်းပြီး လက်ဖဝါး



ဘဲတောင်၊ ခြေဖျားတို့ဖြင့် ပတ်ချာလှည့်တိုက်ခိုက်ခြင်း ဖြစ်၏။ ကျိုရန်က ဂရုမစိုက်ပေ။

တစ်ကြိမ်တွင် ဟိုလီချွမ်း အချိန်အဆလွန်ပြီး ကျုံထွက်လာ သော ကျိုရန်က မြေသိမ့်တုန်တိုက်ကွက်ဖြင့် ထိုးနက်တိုက်ခိုက်လိုက်လေ သည်။

ဟိုလီချွမ်း၏နားရွက်အနီးမှ ဖြတ်သန်းသွားရာ ဟိုလီချွမ်း ကိုယ်တိုင် အကြီးအကျယ် ချောက်ချားသွားလေတော့၏။

တိုက်ကွက်ဆယ့်ငါးကွက်မျှ တိုက်ပြီးသောအခါ နှစ်ဦးစလုံး နောက် ပြန်ဆုတ်ကြလေ၏။

ဟိုလီချွမ်းက...

"သူလျှိုကောင်... မင်း ဘယ်အဖွဲ့ကဆိုတာ မှန်မှန်ပြော၊ မင်းကိုအသက်ရှင်လျက် ခွင့်လွှတ်လိုက်မယ်"

"ဟား... ဟား... ဟား ဘယ်အဖွဲ့ကမှ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ မြင်းဖြူအဖွဲ့ထဲ အလုပ်လာတောင်းတာနဲ့မဲ ကျုပ်က သူ လျှိုဖြစ်ရတော့မှာလား၊ ကျုပ်ကိုမသက်ာရင် အစကတည်းက လက် ခံနဲ့ပေါ့ဗျာ"

"ကောင်းပြီ... မင်းကိုမသတ်ဘဲ အရှင်ဖမ်းမယ်၊ ပြီးမှ ညှဉ်း ပန်း မေးမယ်"

ဟိုလီချွမ်း ခုန်ဝင်လာပြန်၏။

ကျိုရန်ကလည်း မြေသိမ့်တုန်လက်သီးဖြင့် ပင့်သွင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဖုန်း....."

နှစ်ယောက်စလုံး လွင့်ထွက်လာခြန်သည်။

"မင်းက အစွမ်းထက်နေပါလား"

ဟိုလီချွမ်းသည် မရဏာလက်ဝါး ဓါ သေမင်းလက်ဝါးဖြင့် ထပ်ရိုက်သည်။

ကျိုရန် မြေသိမ့်တုန်လက်သီးဖြင့် ကာကွယ်လိုက်၏။ နှစ်ယောက်စလုံး အားကုန်သုံး၍ ရိုက်ခြင်း၊ ထိုးခံခြင်းဖြစ်ရာ နှစ်ဦးစလုံး တုန်လှုပ်သွားတော့သည်။

ဟိုလီချွမ်းနှင့်ကျိုရန်တို့သည် အတွင်းအားပညာ၌ အဆော် ကလေး တူညီနေ၏။

နောက်ထပ် သိုင်းကွက်ပေါင်း တစ်ရာကျော်မျှ တိုက်ခိုက် သည့်တိုင် အရှုံးအနိုင်မပေါ်သေးဘဲ ရှိနေသည်။

မာန်သွင်းသံနှင့် ဆူညံနေသောတိုက်ပွဲကို မည်သူက စော အပြတ်ဖြတ်နိုင်မည်ကို ဆန္ဒတိန်ဖို့နှင့် ၎င်း၏သိုင်းဆရာနှစ်ဦးက အ ကဲခတ်နေကြလေ၏။

သို့သော် ကျိုရန် လက်သီးတစ်ချက်ထိုးပြီးသောအချိန်တွင် ဟိုလီချွမ်းတစ်ယောက် တုန်တုန်ယင်ယင်ဖြစ်ပြီး နောက်ဆုတ်သွား ကြောင်း တွေ့ရသည်။ မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ထို့နောက် ဒူးထောက်ကျသွားလေ၏။



"ဝေါ့...."

ဟိုလီချွမ်းသည် ချားလုံကဲ့သို့ထိုးအန်ပြီး လဲကျသေဆုံးသွား ခြန်သည်။

မြေပြင်၌ သွေးများနီရဲသွားသည်။ ကျိုရန်သည် မားမား တ်မတ်ရပ်ရင်း ဟိုလီချွမ်းထလာသည်ကို စောင့်နေလိုက်၏။

သို့သော် ဟိုလီချွမ်းတစ်ယောက် လုံးဝထမလာတော့ပေ။ သေပြီးသူသည် အဘယ်မှာလျှင် ထလာနိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)
## သေပြေးရှင်ပြေး

"ဒီကောင့်ကို မလွှတ်စေနဲ့"

ဆန့်တိန့်ဖုံ၏အော်သံသည် ဟိန်း၍ ထွက်ပေါ်လာ၏။

မြင်းဖြူအာမခံအဖွဲ့သားနှစ်ဆယ်သည် သိုင်းပညာဖြစ်ဖြ မြောက်မြောက်တတ်သည့် လူများမဟုတ်၍ ထိုသူများကို ကြောက်ရွံ့ရန် မရှိချေ။

ဆန့်တိန်ဖုံ၊ ကျူချုံကျင်းနှင့်ရန်မင်တို့ သုံးယောက်မှာ သိုင်းပညာကျွမ်းကျင်သူများဖြစ်၍ သုံးယောက်ပေါင်းအားကို တစ် ယောက်တည်းနှင့် ရင်ဆိုင်ခုခံရန် မဖြစ်နိုင်ပေ။

ဆန့်တိန်ဖုံ၏အော်သံသည် ကျိုရန်ကို တပ်လှန့်ပေးသလို ဖြစ်သွားပြီး ကျိုရန်သည် သမင်တစ်ကောင်ကဲ့သို့ တစ်ဟုန်ထိုး ပြေး ထွက်သွားလေတော့၏။



ဆန့်တိန်ဖုံသည် အလွန်ဒေါသထွက်နေ၏။

ဘာမဟုတ် ညာမဟုတ် သာမည လူတစ်ယောက်က သူ၏ ...က်ရိုးသိုင်းဆရာနှစ်ယောက်ကို သတ်ဖြတ်သွားသဖြင့် ဇွေ့ဇွေ့ခုန် ...သည်။

သူ့ဒေါသ၏အတိုင်းအတာကိုသိရှိရန် ကိစ္စကလည်း လွန်စွာ ...ယ်ကူလှပါသည်။

လူနှစ်ဆယ်သယ်ဆောင်လာစသည့် အာမခံပစ္စည်းများကို ...ည်အတိုင်းပစ်ထားခဲ့ပြီး ကျိုရန်နောက်သို့ အားလုံးစုပြုလိုက်စေ ...င်းက ဆန့်တိန်ဖုံ၏ဒေါသအတိုင်းအတာကို ဖော်ပြနေပေသည်။

ကျိုရန်သည် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးသည်။

သူသည် အရက်သောက်ခြင်း၊ လောင်းကစားခြင်းတို့၌ မွေ့ ...ော်နေသူဖြစ်၍ သိုင်းပညာစွမ်းရည်ကျဆင်းနေသည်။

အားကုန်ပြေးရာတွင် အချိန်ကြာလာသောအခါ သက်လုံမ ...ာင်းတော့ပေ။ ပင်ပင်ပန်းပန်း အသက်ရှူရလေ အဆုတ်များ ...က်ကွဲကုန်မည်ကဲ့သို့ ခံစားလာရ၏။

ကျိုရန် နောက်သို့လိုက်နိုင်သူများမှာလည်း များများစားစား ...တော့ပေ။

မြင်းဖြူအာမခံဌာနအုပ်ချုပ်ရေးမှူး ဆန့်တိန်ဖုံ၊ ကျူချုံကျင်း ... ရန်မင်တို့သုံးယောက်မှု သူနှင့်မလှမ်းမကမ်းမှ လိုက်ပါနေကြ ...ည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့သည် သူတို့၏သွေးသောက်နှစ်ယောက်အတွက် ကျ ရန်ကို အရေးချွတ်ရန် ကြိုးစားကြမည်မှာ သေချာသည်။

ကျိုရန်အနေဖြင့် ထိုသူများကို ပြန်လှန်ခုခံရန်လည်း မဖြစ် တော့ပေ။ ထို့ကြောင့် အံကိုတင်းတင်းကြိတ်လျက် ရှေ့မှတစ်ဟုန်ထိုး ပြေးမြဲပြေးနေရတော့သည်။

ရန်သူများ၏လက်မှ လွတ်မြောက်ရန် ကြိုးစားသည့်ကျိုရန် သည် ရန်သူများ၏လက်၌ အမိခံရမည်ကဲ့သို့ဖြစ်လာသည်။

သူပြေးရာရှေ့၌ ချောက်ကမ်းပါးကြီးတစ်ခု တားဆီးနေ သည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။ အောက်၌ ရေများဖြတ်သန်း စီးဆင်းနေသည်ကို ကျိုရန်တွေ့သည်။

ရန်သူများကိုလှည့်၍ ရင်ဆိုင်မည်လော၊ ချောက်ထဲသို့ ခုန် ဆင်းမည်လောဟူသောအချက် နှစ်ချက်ကိုသာ သူ စဉ်းစားရတော့ သည်။

နောက်ဆုံး၌ ကျိုရန်သည် အသက်ရှင်ကောင်း ရှင်နိုင်မည့် ချောက်ထဲသို့ခုန်ချမည့်နည်းလမ်းကို ရွေးချယ်လိုက်လေတော့သည်။

ဆန့်တိန်ဖုံ၊ ကျူချုံကျင်းနှင့်ရန်မင်တို့ချောက်ကမ်းပါးစွန်းသို့ ရောက်လာသည့်အခါတွင် ကျိုရန်တစ်ယောက် ချောက်ထဲသို့ခုန်ချ သွားခဲ့လေပြီ။

"ဝုန်း...."

ကျိုရန်သည် လေဟာပြင်ထဲ၌ အတန်ကြာပျံဝဲခဲ့ပြီးနောက်



မြင်ပေါ်သို့ ကျလာ၏။ ရေစီးကလည်း သန်သည်။

ကျိုရန်သည် တစ်ဘက်ကမ်းသို့ရောက်ရှိနိုင်ရန် ကြိုးစား၍ တ်ရလေတော့၏။

ကျိုရန်သည် ချားလုံ၊ ဟိုလီချွမ်းတို့နှင့်ယှဉ်ပြိုင်တိုက်ခိုက် မက အသက်လုပြေးလွှားလာခဲ့ရသဖြင့် လွန်စွာ ပင်ပန်းနေ ၏ ထို့ကြောင့် ရေစီးသန်သောရေပြင်ကို ကူးခတ်ရာ၌ ကျိုရန်ခ လက်ပန်းကျလုလုဖြစ်လာရတော့သည်။

သို့သော် သူစိတ်လျှော့တော့မည့်ဆဲဆဲ၌ သူ့ခြေထောက် ် မြေကြီးကိုထောက်မိသွားသည်။

ထို့ကြောင့် ဝမ်းသာအားရပင် ကမ်းပေါ်သို့ထိုးတက်ပြီး ၌ ပက်လက်လှန် အိပ်နေမိတော့သည်။

"အင်း... တစ်ရန်တော့ အေးသွားပြီ"

သူ သည်အတိုင်း စိတ်ကူးမိ၏။ သို့သော် တကယ့်အဖြစ်မှာ ကူးအတိုင်း ဖြစ်မလာပါ။

သူနောက်ကျောရှိ ရေပြင်သို့လှမ်းကြည့်မိသောအခါ ဆန့် ကျူချုံကျင်းနှင့်ရန်မင်တို့ကို ရေထဲ၌ ကူးခတ်လာကြောင်း ်လိုက်ရသည်။

ကျိုရန်သည် ကမ်းစပ်မှနေ၍ အတွင်းပိုင်းသို့ တစ်ဟုန်ထိုး င်ရတော့သည်။

ရန်သူများက ခွဲကောင်းနေသည်။ မိမိကလည်း ခွဲကောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အသက်က ချမ်းသာခွင့်ရရှိပေလိမ့်မည်။

ရှေ့၌ သစ်ပင်အုပ်အုပ်ကလေးများကို မြင်ရသည်။ သစ်
အုပ်ကလေးများရှိလျှင် အိမ်ခြေရှိတတ်သည်။ ကျိုရန်သည် ထိုသ
ပင်အုပ်ကလေးသို့ အားသွန်၍ ပြေးလေတော့၏။

သူ ပထမဆုံးတွေ့ရသည်မှာ ခြံကြီးဝင်းကျယ်နှင့် အိမ်
အိမ်ကောင်းတစ်လုံးဖြစ်၏။ သူသည် ထိုအိမ်သို့ မဝင်ပေ။ ကျေ
ပြေးလာ၏။

ဆင်းရဲပုံရသော ခြံဝင်းတစ်ခုကိုတွေ့ရသောအခါ ပြေ
သည်။ အိမ်တံခါးကိုထုရင်း အော်ခေါ်၏။

"အိမ်ရှင်တို့...."

"အိမ်ရှင်တို့...."

"ဘယ်သူလဲဟေ့"

အဘိုးအိုတစ်ယောက် ထွက်လာ၏။ ရိုးသားပုံရသည်။

ကျိုရန်က အမောတကော တောင်းပန်၏။

"ဦး... ကျွန်တော့် အသက်ကိုရန်ရှာမဲ့ လူတွေလိုက်လာ
တယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်အသက်ကို ကယ်ပါ"

"ဟေ.. ဘယ်ကလူတွေ လိုက်လာကြတာလဲ"

"ကျွန်တော် နောက်တော့ ရှင်းပြပါ့မယ်"

ထိုအချိန်မှာပင် မိန်းမကြီးတစ်ဦးထွက်လာသည်။

"ဟုတ်သားပဲတော်... သတ်မဲ့လူ လိုက်လာပါတယ်ဆို



ရှင်းပြနေရင် သူ ဘယ်ပုန်းချိန်ရှိတော့မလဲ"

ကျိုရန်မှာ သက်ပြင်းချလိုက်မိသည်။ မိန်းမကြီးက လမ်း
နှန်သည်။

"ဟေ့.. အိမ်ဘေးကနေ ပတ်သွား၊ နောက်ဘက်မှာ တင်း
ပ်တစ်ခုရှိတယ်၊ အဲဒီခေါင်မိုးမှာကပ်ပြီး တက်ပုန်းနေ၊ အောက်မှာ
ကောက်ရိုးတွေရှိတယ်၊ ငါတို့ ကြည့်ပြောလိုက်မယ်"

ကျိုရန်သည် အချိန်မဖြုန်းတော့ပေ။ အိမ်နောက်ဘက်တဲ
ပ်၌ ဝင်ပုန်းတော့သည်။ သူပုန်းပြီး၍ မကြာမီမှာပင် ရန်သူသုံးဦး
ည် ဆိုက်ရောက်လာလေ၏။

ဆန့်တိန်ဖုံ၏အသံ....။

"အဘိုးကြီး ခင်ဗျားအိမ်ကို လူတစ်ယောက်ပြေးဝင် မလာ
သား"

"ဒီအိမ်ထဲကိုတော့ ဘယ်သူမှဝင်မလာပါဘူး။ ကျုပ် အပြင်
န်နေတုန်း ရေစိုအဝတ်နဲ့လူတစ်ယောက် မြောက်ဘက်ကိုပြေး
တာတော့ မြင်လိုက်တယ်၊ ဘာဖြစ်လို့လဲ"

အိမ်ရှင်၏လေသံက အဆင်ပြေလှသည်။ ဆန့်တိန်ဖုံတို့ သံ
မရှိတော့ပေ။ အိမ်ရှင်အား ဆက်မမေးတော့ဘဲ ပြေးထွက်သွား
တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)
## မိတ်ဖွဲ့တ်အလယ်

အိမ်ရှင်အဘိုးအိုနှင့် ဇနီးတို့သည် ဆန့်တိန်ဖိုတို့ ထွက်
သွားသည့်ဘက်သို့ မသိမသာ အကဲခတ်ကြသည်။

ထိုလူများ ပြန်လှည့်မလာကြောင်း သေချာသော
တင်းကုပ်ရှိရာသို့ လာပြီးခေါ်သည်။

"မောင်ရင်... မင်းကို ရန်ပြုမယ့်လူတွေ ထွက်ပြေး
ပြီ... ထွက်ခဲ့တော့"

ကျိုရန်သည် ကောက်ရိုးပုံပေါ်မှ ဆင်းလာ၏။ သူ့ကိုယ်
၌ ကပ်ငြိနေသည့် ကောက်ရိုးအစအနများကို သပ်ချနေ၏။

အဘိုးအိုက....

"မောင်ရင်... မင်းလူတွေက ဘယ်လိုလူတွေလဲကွ"

"ဘာဖြစ်လို့လဲ ခင်ဗျာ"



ကျိုရန်က လှူလည်း။ နှုတ်ချိုရမည့်အခါ ပျားသကာ လောင်း
ထားသည်ထက် ချိုသည်။

"သူတို့သုံးယောက်မျက်နှာတွေက ကြောက်စရာပဲ... မင်း
ကိုတွေ့ရင် အစိမ်းလိုက်တောင် ဝါးစားကြမလားမသိဘူး။ မင်းက
သူတို့ စိတ်ဆိုးအောင် ဘာများလုပ်ခဲ့မိလို့လဲ"

"သူတို့နဲ့တိုက်ခိုက်ခဲ့ရပါပဲ ဦးကြီး"

"သူတို့ဘက်တော်သားတွေ ခံလိုက်ရတယ်မဟုတ်လား။ ဒါ
ကြောင့် မကျေမချမ်းလိုက်လာတာပေါ့"

"ဟုတ်ပါတယ်"

"မင်း တော်တော်များများကို ဒုက္ခပေးခဲ့သလား"

"နှစ်ယောက်ထဲပါ"

"ဒဏ်ရာရရုံတင်ဆိုရင်တော့ ဒီလောက် အခဲမကျေဖြစ်မယ်
မထင်ဘူး"

"ဒဏ်ရာရရုံတင် မကပါဘူးဦးကြီး... နှစ်ယောက်စလုံး သေ
ကိုသေသွားကြပါတယ်"

"ဒါကြောင့်ကိုး...."

အဘိုးအို၏ဇနီး မိန်းမကြီးက ဝင်မေး၏။

"ဘယ်လိုဖြစ်ကြတာလဲကွယ်"

"ဒီလိုပါ သူတို့က မြင်းဖြူအာမခံပို့ဆောင်ရေးအဖွဲ့သား
တွေပါ၊ ကျွန်တော်က အလုပ်သမားတစ်ယောက်အဖြစ် ဝင်လုပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူတို့ကနှိပ်စက်တယ်၊ မောက်မောက်မာမာ ပြောတယ်၊ အဲ့
ကျွန်တော်လဲ မခံချင်ပြီဖြစ်ပြီး ပြန်ခုခံမိတာပဲ”

အဘိုးအိုက...

“မင်းနဲ့ဘဝတူ အလုပ်သမားချင်း သတ်တာတော့ ဟုတ်
မယ်မထင်ဘူး”

“ဘယ်ဟုတ်မလဲ ဦးကြီးရယ်... သူတို့က သိုင်းဆရာ
လေ၊ ဦးကြီးကိုမေးတာက အုပ်ချုပ်ရေးမှူး၊ သူ့နောက်မှာပါလာတဲ့
ယောက်က သိုင်းဆရာနှစ်ယောက်၊ ကျွန်တော့်က သူတို့ထဲ
ယောက်ရှိတဲ့အထဲက နှစ်ယောက်ကိုသတ်ပစ်လိုက်တာ၊ သူတ
ကိုယ်တပြန် တိုက်ရင်း သတ်နိုင်ခဲ့တာပါ၊ ကျွန်တော်က မတရားသ
ခဲ့တာ မဟုတ်ပါဘူး”

“အင်း... ဒါကြောင့် သူတို့ ဒီလောက်ဒေါသထွက်နေကြ
ပဲ၊ မင်းလဲ ဒီနားမှာတော့ ကြာကြာမနေသင့်ဘူး”

ကျိုရန်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုပြီး တောင်း
လေသည်။

“ဦးကြီးခင်ဗျာ... ကျွန်တော်ဟာ ဒီအရပ်မှာလူစိမ်းပါ၊ ကျွ
တော်လျှောက်သွားနေရင် ဒီလူတွေနဲ့ ထမ်တိုးမှာ သေချာပါ
ကျွန်တော့်ကို တစ်ရက်နှစ်ရက်လောက် ခေတ္တနားခိုခွင့်ပြုပါ ခင်ဗျာ
အဲဒီလိုဆိုရင် ကျွန်တော့်အသက်ကို ဦးကြီးတို့ကယ်တင်ပေး
ရောက်ပါတယ်ခင်ဗျာ”



အဘိုးအိုက ခေတ္တစဉ်းစားနေ၏။ မိန်းမကြီးက ဝင်ပြော၏။

“ရှင်က ဘာတွေစဉ်းစားနေတာလဲ၊ ကယ်လက်စနဲ့ ဆက်
ကယ်လိုက်ပါတော့”

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

“အေး... ကယ်တာပေါ့ကွာ၊ ဟိုလူတွေရဲ့ မျက်နှာတွေကိုလဲ
ငါ သိပ်သဘောမကျပါဘူး၊ ဒါပေမယ့် ဒီပတ်ဝန်းကျင်မှာတော့ အ
ကြာကြီး မနေသင့်ဘူးကွ”

“ဟုတ်ကဲ့... အလွန်ဆုံး နှစ်ရက်လောက် နေခွင့်ရရင် ကျေး
ဇူးကြီးလှပါပြီခင်ဗျာ”

“ကောင်းတယ်... နှစ်ရက်လောက်တော့ နေနိုင်ပါတယ်၊
ဒီတင်းကုပ်ထဲမှာပဲ ပုန်းပေါ့၊ အစားအစာတွေကို ဒီအမယ်ကြီး လာပို့
လိမ့်မယ်”

“ကျေးဇူးကြီးလှပါတယ် ခင်ဗျာ”

အဘိုးအိုသည် ကျိုရန်အား ကောင်းစွာ စောင့်ရှောက်သည်။
သူ စောင့်ရှောက်ခဲ့ခြင်းမှာ အခြား သူတစ်ပါးတို့ ဒုက္ခရောက်
စေရန် အဆိပ်ပင်ရေလောင်းသည့်အပြုအမူဖြစ်ကြောင်း အဘိုးအို
မှ သိရှာခဲ့ပေ။

နှစ်ရက်မျှ နားခိုပြီးသောအခါ အဘိုးအိုက ကျိုရန်အား ခေါ်
သွတ်လာ၏။

“မောင်ရင်... မင်း အခု ဘယ်ကိုသွားမလဲ”

www.burmeseclassic.com



"ကျွန်တော်... ကျွန်တော်"

ကိုရန်သည် ဆက်ပြောရန် စကားမရှိတော့ပေ။

လီလင်းအား တစ်ယောက်တည်း ထားပစ်ခဲ့ပြီး ခြေလွှတ်လက်လွှတ် ထွက်လာခဲ့ခြင်းသာဖြစ်သည်။

သူ့၌ ဦးတည်ရည်ရွယ်ချက် မရှိပေ။

အဘိုးအိုသည် ကိုရန်၌ သွားစရာမြေမရှိဖြစ်နေသည်ကို ချက်ချင်း ရိပ်မိလိုက်၏။

"ကောင်းပြီ... မင်း ဘယ်မှသွားစရာမရှိတော့ဘူး မဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့"

"ဒီလိုဆိုရင် ငါ လမ်းညွှန်လိုက်မယ်၊ ငါ့ သူငယ်ချင်းတစ်ယောက်ဆီ သွားပါ၊ သူ့ဆီမှာသွားနေရင် အဆင်ပြေလိမ့်မယ်"

"ကျေးဇူးကြီးလှပါတယ်ခင်ဗျာ... လမ်းသာ ညွှန်လိုက်ပါ၊ ကျွန်တော် သွားပါ့မယ်"

"အေး... ဟူအန်မြို့ကိုသွား၊ မြို့ ဆင်ခြေဖုံးမှာ နင်ကန်ထ[illegible] ဆိုတဲ့အဘိုးကြီးတစ်ယောက် ရှိတယ်၊ သူက ငါ့သူငယ်ချင်းပဲ... ငါက လွှတ်လိုက်တယ်လို့ပဲ ပြော၊ မင်းကို လက်ခံပါလိမ့်မယ်"

"ဟုတ်ကဲ့"

ကိုရန်သည် အဘိုးအိုနှင့်အဘွားအိုတို့ကို တကယ်ကျေးဇူးတင်သလောက် ရှိခိုးဂါရဝပြုခဲ့လေ၏။



သို့သော် တကယ်တမ်းအားဖြင့် သူ့၌ ကျေးဇူးသိတတ်သော စိတ်မရှိပေ။

ကိုရန်သည် အဘိုးကြီးညွှန်ပြသည့်လမ်းအတိုင်း ခရီးထွက်ခဲ့သည်။

အဘိုးကြီးပေးလိုက်သည့် ရိက္ခာခြောက်များကို စားသုံးပြီး ထွက်လာခဲ့ရာ နှစ်ရက်မျှကြာသောအခါ ဟူအန်မြို့ကလေးသို့ ဆိုက်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)
## အကျဥ်းသား

ဟူအန်မြို့ကလေးသည် ထိုက်ဟူတောင်ခြေ၌ရှိပြီး အလွန်သာယာသော မြို့ကလေးဖြစ်၏။

သို့ရာတွင် ကုန်သွယ်ရာ၌ အချက်အချာမကျသဖြင့် သာယာသလောက် လူစည်ကားခြင်းတော့မရှိပေ။

ကျိုရန်သည် အဘိုးအို နင်ကန်ထန်းထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွား၏။

အဘိုးအိုကလည်း လှိုက်လှဲပျူငှာစွာ ကြိုဆိုသည်။

"ချူကင်းက လွှတ်လိုက်တာလား။ ချူကင်းဟာ ငါ့မိတ်ဆွေကွ၊ သူ့ကျေးဇူး ငါ့အပေါ်မှာ အများကြီးရှိတယ်၊ သူ့မိတ်ဆွေဆိုရင် ငါ့မိတ်ဆွေပဲ၊ မင်း ပျော်သလောက်သာနေပါ၊ တစ်ယောက်အတွက်နဲ့တော့ ငါ့မှာ ဆာတာဝန်မှ မပိုပါဘူး"



နင်ကန်ထန်းနှင့်ဇနီးဖြစ်သူတို့သည် လွန်စွာ သဘောသဘာဝကောင်း၏။

လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သော ကျိုရန်အတွက် လွန်စွာ ရတနာပုံဆိုက်နေတော့သည်။

သူသည် ဟူအန်မြို့ကလေး၌ နေထိုင်ရသည်ကို အလွန်ပျော်နေလေ၏။

ဟူအန်မြို့သည် မြစ်ကမ်းနဖူး၌တည်ရှိသဖြင့် ဟူအန်မြို့သား အတော်များများသည် တံငါလုပ်ငန်း အတော်များများကို လုပ်ကိုင်ကြသည်။

အဘိုးကြီး နင်ကန်ထန်းကိုယ်တိုင် တံငါလုပ်ငန်းလုပ်ကိုင်သူဖြစ်ပေသည်။

နောက်ပိုင်းအနေကြာလာသောအခါ ကျိုရန်သည် နင်ကန်ထန်းနှင့်အတူ ငါးဖမ်းရာသို့လိုက်ပါသည်။

ဟူအန်မြို့ကလေး၌ နေထိုင်ရသည်မှာ လွန်စွာ အနေချောင်လှသဖြင့် ဤမြို့ကလေး၌ပင် တစ်သက်လုံး နေထိုင်တော့မည်ဟု ကျိုရန် ဆုံးဖြတ်မိသည်။

သို့သော် ကျိုရန်၏မိုက်ဇာတ်မှာ ဤမျှနှင့်မဆုံးနိုင်သဖြင့် ထိုက်ဟူတောင်ပေါ်၌ စခန်းချနေသော ဒမြကိုဏ်းကြီးဝေါ်ကိုဏ်းသည် တစ်နေ့သ၌ ဟူအန်မြို့ကလေးကို ဝင်စီးကြလေတော့၏။

ဒမြများ၏ခေါင်းဆောင်မှာ ရိုကျင်းယောင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာအထိုက်အလျောက် တတ်မြောက်သူဖြစ်သည်။ သူ့တပည့်များမှာ မိုက်မိုက်ကန်းကန်းများဖြစ်၍ ရိုကျင်းယောင်၏မှာ မည်ကို ဖိန့်ဖိန့်တုန်မျှ ကြောက်လန့်ကြပေသည်။

ရိုကျင်းယောင်သည် တစ်မြို့လုံးကိုဖြန့်၍ ငါးနင်းတိုက်ခိုက်ခြင်းဖြစ်ရာ အော်သံ၊ ဟစ်သံ၊ ငိုသံ၊ ယိုသံများ ဆူညံသွားတော့သည်။

ရိုကျင်းယောင်၏တပည့်များသည် ပစ္စည်းမရလျှင် ရိုက်နှက်သည်သာဖြစ်၏။ ဆင်းရဲချမ်းသာ ရွေးနေသည်မဟုတ်ပေ။

ဒမြများ ဝင်စီးနေချိန်တွင် အိမ်၌ နင်ကန်ထန်းနှင့်ကျိုရန်တို့ မနေပေ။

မြို့ပေါ်၌ ငိုသံယိုသံများကြားသောအခါ နင်ကန်ထန်းနှင့်ကျိုရန်တို့ မြို့ထဲသို့ အပြေးအလွှား ပြန်ဝင်လာခဲ့၏။

သူတို့ အိမ်ပြန်ရောက်သည့်အချိန်တွင် နင်ကန်ထန်း၏ဇနီးဟိုင်ရင်အား အပြင်းအထန် နှိပ်စက်နေကြသည်။

ကျိုရန်သည် မည်သည့်စကားမျှမပြောတော့ဘဲ ဒမြများကို ဝင်ရောက်တိုက်ခိုက်တော့သည်။

သူသည် ဒမြများထက် သိုင်းပညာသာသဖြင့် ဒမြခုနစ်ယောက်တိတိကို မြေ၌လှဲချနိုင်ခဲ့သည်။

သို့သော် သူသည် သူ့အား မျက်တောင်မခတ် စောင့်ကြည့်နေခဲ့သူတစ်ဦးကိုတော့ မမြင်ခဲ့ချေ။

ထိုလူကြီးသည် မြင်းကြီးတစ်စီးစီးလျက် အိမ်ပေါက်ဝမှ



စောင့်ကြည့်နေခဲ့၏။

လက်စွမ်းပြနေသော ကျိုရန်အား မျက်စိနောက်လာဟန်ဖြင့် တစ်စုံတစ်ခုဖြင့် လှမ်းပစ်လိုက်သည်။

"ဝှန်း..."

ကျိုရန်သည် သူ့ထံသို့ တစ်စုံတစ်ခု လာနေသည်ကိုသိ၏။

လေတိုးသံကြားသဖြင့် ငုံ့ရှောင်ရန် စိတ်ကူးသည်။

သို့သော် ရှေ့၌ရှိသော ရန်သူနှစ်ဦးက အတင်းထိုးခုတ်နေသဖြင့် ကျိုရန်မှာ စိတ်ထင်တိုင်း မရှောင်နိုင်ခဲ့ပေ။

နောက်ဆုံး ဝုန်းခနဲ လဲကျသွားပြီး အမှောင်ထုကြီးဖုံးလွှမ်းသွားခဲ့ရတော့သည်။

ဒမြများသည် ဟူအန်မြို့ကလေးကို စိတ်ရှိလက်ရှိ မွှေနှောက်တိုက်ခိုက်လုယက်သွားကြသည်။

အချို့သော မိန်းမပျိုကလေးများကိုပင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုအထဲ၌ ထူးထူးခြားခြား အကျဉ်းသားတစ်ယောက်ပါသွားခဲ့၏။ ထိုအကျဉ်းသားကား ကျိုရန်တည်း။

ကျိုရန်ခမျာ လွန်စွာ အဖြစ်ဆိုးလှသည်။

လက်နှစ်ဖက်မှာ ကြိုးချည်ခံထားရရုံမျှမက ခြေထောက်၌လည်း ထိတ်တုံးခတ်ခံထားရသေးသည်။

သူ့အား မြင်းလှည်းတစ်စင်းပေါ် တင်ဆောင်ဖမ်းဆီးလာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ရာ လမ်းကြမ်းကြမ်း၌ မြင်းကြမ်းကြမ်း မောင်းလိုက်သော ခါ ကျိုရန်ခမျာ စကောထဲ၌ ဇီးဖြူသီးအလှိမ့်ခံရသလို အကြီးအကျယ် ဒုက္ခရောက်ရရှာတော့သည်။

ထိပ်တုံး၏ရွေ့လျားမှုကြောင့် သူ့ခြေထောက်များ ပွန်းပဲ့ပြီး သွေးများ ယိုစီးထွက်လာကြတော့သည်။

ကျိုရန်မှာ အံကြိတ်၍သာ လိုက်ပါခဲ့ရတော့သည်။

အခန်း(၅)

လူသတ်လက်နက်

ကျိုရန်တို့ကိုဖမ်းဆီးခေါ်ဆောင်လာသည့် ဂူကြီးသည် အ ...နက်တရာ ကြီးမား၏။

ထိုက်ဟူတောင်တန်း၌ ဤကဲ့သို့သောဂူကြီးမျိုးရှိလိမ့်မည် ...ဟူအန်မြို့စားများပင် သိလိမ့်မည်မဟုတ်ချေ။

ကျောက်ဂူကြီး၏အမိုး၌ ရေးနှစ်ပေါင်းများစွာက ရေတိုက် ...ပြီး ကျန်ရစ်ခဲ့ဟန်တူသော ကျောက်ချွန် ကျောက်ခက်များသည် ...တို့ဖန်တီးထားသည့် ပန်းဆိုင်းပန်းခက်များထက် ပို၍ လှပတင့် ...ယ်နေပေသည်။

ကျိုရန်၏ခြေထောက်ရှိ ထိတ်တုံးကား မပြုတ်သေးပေ။ ...၌ ချည်ထားသောကြိုးများကား မရှိတော့ပေ။

ကျိုရန်သည် သူ့ကိုယ်သူ တတ်နိုင်သမျှ သက်သာအောင်

www.burmeseclassic.com



လှဲအိပ်ရင်း လှပသောကျောက်ဝှခေါင်မိုးကိုသာ အကဲခတ်ကြည့်ရှုနေမိတော့သည်။

"အင်း... တော်တော်ဟုတ်တဲ့ ဒမြတွေပဲ၊ သူတို့စခန်းချတဲ့ လိုဏ်ဂူက ဘုရင့်နန်းတော်ထက်တောင် နေရာကောင်းသေးတယ် သူတို့မို့လို့ ဒီလိုနေရာမျိုးကို ကြံကြံဖန်ဖန် တွေ့တတ်ပလေတယ်"

ကျိုရန်သည် နိုးနိုးခစ်ခစ် ရယ်သံကြားလိုက်ရသဖြင့် ရယ်သံကြားရာသို့ လှမ်းကြည့်လိုက်သည်။

"အလို"

သူ့မျက်လုံးများ ပြူးကျယ်သွားရလေ၏။

ဂူထဲရောက်သည့်တစ်ချိန်လုံး ခေါင်မိုးရှိ ကျောက်ခက် အချပ်အတက်များကိုသာ စိတ်ဝင်စားနေမိသည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။

သူ မြင်လိုက်ရသည်မှာ ခုတင်တစ်လုံးပေါ်၌ စည်းစိမ်ပြည့်အဝ ယစ်မူးနေသည့် ရီကျင်းယောင်ပေတည်း။

ကျိုရန်သည် ရီကျင်ယောင်း၏အမည်ကို သိသူမဟုတ်သော်လည်း ဤသို့သော် ဒမြများ အထူးကြောက်ရွံ့ပုံ၊ အရိုအသေပေးပုံများကိုကြည့်၍ ဤလူကား ဒမြဗိုလ်တည်းဟု သိရှိနေခြင်းဖြစ်သည်။

ရီကျင်းယောင်သည် ခုတင်ပေါ်၌ တစ်ယောက်တည်းသာ လျောင်းနေသည် မဟုတ်ပေ။

ခုတင်ပတ်လည်၌ အလွန်တရာလှပသော မိန်းကလေးသုံး



ယောက်လည်း ရှိနေသည်။

တစ်ယောက်က ရီကျင်းယောင်ခြေထောက်များကို နှိပ်နယ်ပေးလျက်ရှိ၏။

တစ်ယောက်က ရီကျင်းယောင်၏ခန္ဓာကိုယ်ကို နှိပ်နယ်ပေးနေသည်။

ကျန်တစ်ယောက်ကမူ စပျစ်သီးကလေးများကို ရီကျင်းယောင်၏ပါးစပ်ထဲသို့ ခွံ့ပေးနေသည်။

ရီကျင်းယောင်ကား အသက်ငါးဆယ်ကျော်ခန့် ရှိသောဒမြဗိုလ်ကြီးတည်း။

မိန်းမပျိုသုံးယောက်စလုံး၏အဝတ်အ[illegible]ဖဲရဲလျော့လျဲ့လျဲ့ ဖြစ်နေသည်။

ဤမိန်းမပျိုကလေးများမှာ ဒမြဗိုလ်ကြီး ရီကျင်းယောင်၏ မျှော်တော်ဆက်ကလေးများဖြစ်မည်မှာ သေချာလှတော့သည်။

ရီကျင်းယောင်သည် မြို့များ၊ ရွာများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီးတိုင်း မိန်းမချော မိန်းမလှကလေးများကို ဖမ်းဆီးလေ့ရှိသည်။

ထိုမိန်းမချောကလေးများမှာ ကံဆိုးသူမိန်းကလေးများပင် ဖြစ်တော့သည်။

သူတို့သည် နောက်ဆုံး၌ ဒမြဗိုလ်ကြီး ရီကျင်းယောင်၏ မျှော်တော်ဆက်ကလေးများဘဝသို့ ရောက်ရှိသွားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှ ထပ်မံကံဆိုးသူတို့မှာ ရိုကျင်းယောင်၏တပည့်များ လက်ထဲသို့ရောက်ရှိသွားပြန်သည်။

ရိုကျင်းယောင်သည် သူ ငြီးငွေ့သောမိန်းကလေးများကို တပည့်များအား စေတနာသဒ္ဓါတရားကြီးမားစွာဖြင့် စွန့်လွှတ်ရှိသည်။

ရိုကျင်းယောင်၏တပည့်ဂိုဏ်းသားများထဲမှ အထူးချွန်ဆုံး တပည့်များ၊ အရက်စက်ဆုံးသောတပည့်များသာ ရိုကျင်းယောင်၏ ပန်တော်ကျများကို ရလေ့ရှိ၏။

ရိုကျင်းယောင်၏ဖမ်းဆီးခြင်းခံလာရသော မိန်းကလေး များမှာ လောကငရဲသို့ကျရောက်ခံရခြင်းပင် ဖြစ်တော့သည်။

ဤအခြေအနေကို ကျိုရန် ချက်ချင်း သဘောပေါက်သည်။ သို့သော် ကျိုရန်သည် ထိုမိန်းကလေးများအတွက် စာနာစိတ်မပေါ် ပေ။

သူကိုယ်တိုင် လီလင်းကိုနှိပ်စက်ညှဉ်းပန်းခဲ့သည် မဟုတ်ပါ လော။

စင်စစ် သူနှင့်ဒမြဗိုလ်ရိုကျင်းယောင်တို့သည် ဒင်္ဂါးပြား တစ် ပြား၏ခေါင်းနှင့်ပန်းလောက်သာ ကွာခြားသူဖြစ်သည်။

ကျိုရန်သာ ရိုကျင်းယောင်၏နေရာသို့ရောက်နေလျှင် ရို ကျင်းယောင်ကဲ့သို့ပင် ရက်စက်ယုတ်မာမည်မှာ သေချာသည်။

ရိုကျင်းယောင်သည် သူ့တပည့်များအား အချက်ပြလိုက်၏။

"ဟိုကောင့် လက်ထိတ်ခြေထိပ်တွေ ဖြုတ်ပေးလိုက်



နောက်ပြီး ငါ့ရှေ့ကိုခေါ်ခဲ့"

ဒမြဂိုဏ်းသားနှစ်ယောက်သည် ကျိုရန်အား ထိတ်တုံးမှ ဖြုတ်ပေးလိုက်၏။

တစ်ဘက်တစ်ချက်မှဆွဲမကာ ဒမြဗိုလ်ကြီး ရိုကျင်းယောင် ရှေ့သို့ ခေါ်ဆောင်သွားလေ၏။

ရိုကျင်းယောင်သည် မိန်းကလေးများအား ဖယ်ရှားရန် လက်ဖြင့် အချက်ပြလိုက်၏။

မိန်းကလေးများ ထွက်ခွာသွားကြသောအခါမှ အခြားတစ် ဘက်ရှိ ဂူကြီး၏အခန်းတစ်ခန်းသို့ ကူးပြောင်းလျှောက်လာသည်။

ထိုအခန်းထဲ၌ ပစ္စည်းကိရိယာများ ရှုပ်ပွနေသည်။ အသေ အချာကြည့်မည်ဆိုပါက ထိုရှုပ်ပွနေသောပစ္စည်းများသည် လူသတ် လက်နက်များသာဖြစ်ကြောင်း သိမြင်နိုင်သည်။

ရိုကျင်းယောင်ကို အခန်းထောင့်တစ်နေရာသို့ ခေါ်ဆောင် သွားပြီး ပြသ၏။

"ဒီမှာ ကြည့်စမ်း... ဒါ ဘာလဲ"

ကလေးငယ်များ အမြင့်မှ အနိမ့်သို့လျှောစီးသကဲ့သို့ နိမ့် လျှောသစ်သားပြားတစ်ချပ်ကို မြင်ရသည်။

သို့သော် ထိုသစ်သားပြား၏အလည်တွင် သုံးလက်မခန့်ချွန် ထက်နေသော ဓားသွားတစ်ချောင်းသည် သစ်သားပြား၏အလယ် သည့်တည့်၌ ထိုးထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်သည် ထိုလူသတ်ပစ္စည်းကို ရိပ်မိသလိုလိုရှိသည်။

ရီကျင်းယောင်က….

"မင်း သဘောပေါက်တယ်မဟုတ်လား။ ငါ့ကို ဆန့်ကျင်တဲ့လူကို လက်ပြန်ကြိုးတုပ်၊ ဝမ်းလျားထိုးမှောက်ချပြီး အဲဒီသစ်သားပြားပေါ်မှာ လျှောစီးခိုင်းလိုက်တာပဲ၊ အဲဒီအခါမှာ ဒီလူဟာ အလိုလိုရင်ခွဲပြီးသားဖြစ်သွားတယ်၊ ကဲ… လာ… လာ၊ တခြားတစ်ခု ထပ်ကြည့်ကြရအောင်"

ရီကျင်းယောင်သည် ရှေ့မှဦးဆောင်ထွက်သွား၏။

တစ်နေရာတွင် တစ်ပေခန့် နှစ်ပေခန့်ရှည်သော သံချွန်ကြီးများထောင်ထားသည်ကို တွေ့ရ၏။ ထိုသံချွန်များ၏အထက်တွင် ဆယ့်ငါးပေခန့် ကျောက်စွန်းရှိသည်။

ထိုအခြေအနေကိုလည်း ကျိုရန် သဘောပေါက်သည်။

ရီကျင်းယောင်ကမူ ဆက်၍ ရှင်းပြ၏။

"အဲဒီကျောက်စွန်းပေါ်ကို အကျဉ်းသားတစ်ယောက်တင်ပေးထားမယ်၊ သူ့နောက်ကနေ မီးတုတ်တွေနဲ့ပိုင်းရှို့ပေးမယ်ဆိုရင် ဒီအကျဉ်းသားဟာ မီးရှို့ခံမလား၊ ခုန်ချမလားဆိုတဲ့ပြဿနာနဲ့ ရင်ဆိုင်ရတော့တာပဲ၊ နောက်ဆုံးတော့ မီးပူမခံနိုင်တာနဲ့ အောက်က သံချွန်တွေအပေါ် ကျသွားတော့တာပါပဲကွာ"

ကျိုရန်သည် အလွန်တရာ ရက်စက်သော ရီကျင်းယောင်အား စက်ဆုပ်စွာကြည့်မိ၏။



ဤပစ္စည်းများကို လိုက်လံပြသခြင်းမှာ မိမိအား မည်သည့်နည်းဖြင့် သေလိုသနည်းဟုမေးမြန်းခြင်းသာဖြစ်ကြောင်း ကျိုရန် သဘောပေါက်နေသည်။

"လာဦး လာဦး… နောက်တစ်ခုကို မင်း ပိုပြီး စိတ်ဝင်စားလိမ့်မယ်"

ကျိုရန်မှာ ဒမြနှစ်ယောက်ကြား၌ အေးချမ်းစွာပင် လိုက်လာသည်။

ဒမြခုနစ်ယောက်ကို သူသည် အပြင်းအထန် တိုက်ခိုက်ခဲ့သည်။

ထိုဒမြခုနစ်ယောက်အနက် မသေဘူးဆိုလျှင် အနည်းဆုံး ငါးယောက်ခန့် သေပေလိမ့်မည်။

ဒမြဗိုလ် ရီကျင်းယောင်သည် သူ့တပည့်များ သေဆုံးမှုအတွက် မိမိကိုခွင့်လွှတ်လိမ့်မည် မဟုတ်ချေ။

သတ်မည်မှာ သေချာသည်။ မိမိအနေဖြင့် တစ်ခုသာ စဉ်းစားထားရန် လိုသည်။

သူတို့က မသတ်မီ ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်းက ဖြောင့်ဖြောင့်တန်းတန်း သက်သက်သာသာနှင့်အသက်ပျောက်နိုင်သည့်အချက်ကိုပင် ဖြစ်သည်။

မိမိ ဘေးတစ်ဘက်တစ်ချက်မှ စောင့်ကြပ်လိုက်ပါလာသည့် ဒမြနှစ်ယောက်မှာ တော်ရုံတန်းရုံ ဒမြများဖြစ်ပုံမရချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျိုရန်သည် အခြေအနေကို အကဲခတ်လျ
အေးအေးဆေးဆေးပင် လိုက်ပါလာသည်။

တစ်နေရာသို့ရောက်သောအခါ လူတစ်ရပ်ခန့်မြင့်သော
ကျောက်ပြားကြီးနှစ်ချပ် ထောင်ထားသည်ကိုတွေ့ရ၏။

လူတစ်ယောက်၏လက်နှစ်ဖက်ကိုကြိုးဖြင့် ပူးချည်ပြီး ကြိုး
ဖြင့် ဆွဲချချည်၍ ချိတ်ထားနိုင်သည့် သံချိတ်ကြီးတစ်ခုသည်လည်း
ထိုကျောက်ပြားကြီးနှစ်ချပ်၏အလယ်တည့်တည့်၌ ရှိ၏။

လူတစ်ယောက်ကို ကြိုးဖြင့် ဆွဲချည်ချိတ်ထားပြီး သော
ကျောက်ပြားကြီးနှစ်ချပ်ကို လူအားဖြင့် ဖိတွန်းမည်ဆိုပါက ထို
ကျဉ်းသားခံမျာ အရိုးအရေများ ပြားချပ်ကုန်မည်မှာ သေချာ
သည်။

❀ ❀

အခန်း(၆)

လက်ရည်စမ်းပွဲ

ရှီကျင်းယောင်သည် ကျိုရန်၏မျက်နှာကို သေချာစွာ လှည့်
၍ အကဲခတ်၏။

ကျိုရန်၏ထိမထင်သောမျက်နှာကို တွေ့လိုက်ရသောအခါ
ရှီကျင်းယောင် ပြုံးသွားလေ၏။

"ကဲ... ကဲ... ဒီကောင့်ကို ပြန်ခေါ်လာခဲ့တော့၊ ရှေ့ဆက်ပြ
သ ဒီကောင် သိပ်စိတ်ဝင်စားမှာ မဟုတ်ဘူး"

သူတို့သည် မူလအခန်းထဲသို့ ပြန်လည်ရောက်ရှိလာ၏။

ရှီကျင်းယောင်က သူတပည့်များအား အမိန့်ပေးလိုက်၏။

"ဟေ့ကောင်တွေ... စားစရာ သောက်စရာတွေ ယူခဲ့ကြ
စမ်း၊ သူ ဆာနေရော့မယ်"

သူတပည့်များသည် အလွန်တရာ လျင်မြန်လှ၏။ စားစရာ

www.burmeseclassic.com

www.burmeseclassic.com



သောက်စရာများကို လျင်မြန်စွာ ယူလာ၏။ အရက်အိုးများလည်း ပါရှိလာ၏။

ကျိုရန်သည် ဟန်ပင် မဆောင်နိုင်တော့ဘဲ အရက်နှင့်အ ရာဟင်းလျာများကို အဝအပြ စားသောက်လေတော့၏။

ရီကျင်းယောင်သည် ကျိုရန်၏အပြုအမူကိုကြည့်လျ ခေါင်းတညိတ်ညိတ်ဖြင့် ဖြစ်နေ၏။

အတန်ကြာမှ ရီကျင်းယောင်က ဖြည်းဖြည်းပြောသည်။

“ငါ့ကိုစော်ကားတဲ့တစ်ကောင်ကို ‘ရင်ခွဲလျှာ’ပေါ် တင်ပေး လိုက်တယ်၊ နောက်တစ်ယောက်ကိုတော့ သံချွန်တွေပေါ် ခုန်ချိုင် လိုက်တယ်၊ သူ့ယောကျ်ားကိုသတ်ပြီး ငါ့ပျော်တော်ဆက်အဖြ ဆောင်ရွက်ဖို့ ငြင်းဆန်တဲ့မိန်းမကိုတော့ ကျောက်ပြားနှစ်ချပ်ထဲည ပြီး သတ်ပစ်လိုက်တယ်၊ ငါ့စိတ်သဘောထားကို မင်း ဘယ်လိုသ ဘောရသလဲ”

ကျိုရန်က သူ့ခွက်ထဲမှ အရက်ကိုကုန်စင်အောင် သောက်ပ လိုက်သည်။

“ဘာဆန်းသလဲဗျာ... တံငါသည်က ငါးတွေကိုသတ်မှာပဲ မုဆိုးက သားကောင်ကိုသတ်မှာပဲ၊ လူဆိုးဒမြကလူဆိုးဒမြ အလုပ် လုပ်မှာပဲ၊ ဒါ မထူးဆန်းပါဘူးဗျ၊ ဆရာကြီးက ကိုယ့်အလုပ် ကိုယ် လုပ်တာပဲ၊ ကျုပ်က ဘာ မှတ်ချက်ပေးနေရဦးမှာလဲ”

ထိုစကားကိုကြားသောအခါ ရီကျင်းယောင်မှာ အူလှိုက်



ည်းလှိုက် ရယ်မောလေတော့၏။

“ဟား... ဟား... ဟား ကောင်းတယ်ဟေ့၊ ငါကတော့ မင်း သားကို သိပ်သဘောကျသွားပြီ”

သူသည် အတန်ကြာမှ အရယ်ရပ်၏။

“ငါဟာ လူသတ်ရပေါင်းများလွန်းတော့ ငြီးငွေ့လာတယ်၊ ကို ရိုးရိုးမသတ်ချင်တော့ဘူး၊ ဆန်းဆန်းပဲ သတ်ချင်တော့မယ်၊ နေ့နေ့ လူကို ဘယ်လိုဆန်းဆန်းပြားပြား သတ်ရမလဲဆိုတာ းစားနေရတာနဲ့ပဲ ငါ့အဖို့ အချိန်ကုန်နေရတာပဲ”

ကျိုရန်သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက် လေ၏။

သူသည် သေရတော့မည်ကိုသိနေသဖြင့် ဒမြဗိုလ်ကြီး ရီ ကျင်းယောင်ကိုပင် သိပ်မကြောက်တော့ပေ။

ရဲရဲဝံ့ဝံ့ပင် ဆက်ဆံတောသည်။ အရက်သည် လူကို သွေး တက်စေသည် မဟုတ်ပါလား။

“ဟား... ဟား... ဟား... ဒါဆို ဆရာကြီးက တခြားဒမြတွေ ထက် ပိုတော်တာပေါ့ဗျ၊ တခြားဒမြတွေဆိုရင် ဘယ်ရွာကပစ္စည်း ဘယ်လောက်ရမယ်၊ ဘယ်မြို့ကပစ္စည်း ဘယ်လောက်ရမယ်ဆိုတာ ပဲ တွက်နေကြတာကိုးဗျ”

ဘေးမှ ဒမြဂိုဏ်းသားများသည် လွန်စွာ အံ့ဩနေကြလေ သည်။

www.burmeseclassic.com



သေရမည့်အကျဉ်းသားတစ်ယောက်က ဤသို့ရယ်ရွှင်ပတ်ရွှမ်း ပြန်ပြောနေသည်ကို သူတို့ မတွေ့မမြင်ဖူးခဲ့ကြသေးသော

ရှိကျင်းယောင်သည် အရက်ကိုမော့သောက်ရင်းမှ ကျိုရန်အကဲခတ်နေ၏။

"အင်း... ဒီကောင် ငါ့ကိုကြောက်ပုံမရတာတော့ အမှန်"

သူသည် အရက်ခွက်ကိုဆောင့်ချလိုက်၏။

"ဟေ့ကောင်... မင်းဟာ ငါ့တပည့်ငါးယောက်ကို သတ်တယ်၊ နှစ်ယောက်ကို သေလုမျောပါးဒဏ်ရာရစေခဲ့တယ်၊ မင်းငါ ဘာလုပ်မယ်ဆိုတာ မင်း သိရဲ့လား"

ကျိုရန်က ရယ်ပြီး...

"အလွန်ဆုံး သတ်ရုံပေါ့ဗျာ"

"ဟား... ဟား... ဟား... ဟား"

ရှိကျင်းယောင်သည် အတောမသတ်နိုင်အောင် ရယ်လေတော့၏။

အတန်ကြာ ရယ်မောပြီးမှ....

"ဟေ့ကောင်... မင်းနာမည် ဘယ်သူလဲ"

"ကျိုရန်...."

"မင်းသိုင်းပညာ မဆိုးပါဘူး"

"အတင့်အသင့်တော့ တတ်ပါတယ်"

"ငါက သတ်ရဲသေရဲတဲ့လူတွေကို ချစ်တယ်ကွ၊ သေ



ကြောက်တဲ့လူတွေကိုတော့ ငါ မုန်းတယ်၊ အဲဒီလူတွေ သေမှာကြောက်လေ ပိုကြောက်အောင် လုပ်ချင်လေပဲ၊ မင်းကျတော့ သေမှာ မကြောက်ဘူး၊ ဒီတော့ မင်းကို ငါ မသတ်ချင်ဘူးကွ၊ ဒါပေမယ့် မင်းကို ဒီအတိုင်းလဲ ပြန်မလွှတ်ချင်ဘူးကွ"

ကျိုရန်သည် လက်ထဲမှ အရက်ခွက်ကို ပြန်ချသည်။

"လက်ဖြတ်ခြေဖြတ်တော့ မရက်စက်ပါနဲ့ဗျာ၊ ဒါက သေတာထက် ဆိုးဝါးတဲ့ဘဝမျိုးပဲ၊ သတ်ချင်ရင်တော့ သတ်လိုက်ပါ ဆရာကြီးရာ"

"မဟုတ်ပါဘူးကွာ... မင်း ငါ့ဂိုဏ်းထဲဝင်ရင်တော့ မင်းကို အသက်ချမ်းသာရာပေးမယ်၊ တစ်ခုတော့ ရှိတယ်... သတ်မှာစိုးလို့ ဂိုဏ်းထဲဝင်တာမျိုးတော့ မလိုချင်ဘူး"

ကျိုရန်မှာ လွန်စွာ စိတ်ပေါ့ပါးသွား၏။ ဒမြဂိုဏ်းထဲဝင်ရန် ဆိုမှာ သူ့အဖို့ ခက်ခဲလှသောကိစ္စမဟုတ်ချေ။

ထို့ကြောင့် တဒင်္ဂအ တွင်းမှာပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ဝင်မယ်ဗျာ"

"ဟေ... မင်းဆုံးဖြတ်တာကလဲ မြန်လှချည်လား"

"မြန်ဆို ကျွန်တော်က ဆရာကြီးရဲ့လုပ်ရပ်တွေကို သဘောကျတာကိုးဗျ၊ ကျွန်တော့် အယူအဆက တစ်မျိုးလေ၊ ဘုန်းကြီးဆိုရင် သီလသမာဓိရှိမှ သဘောကျတယ်၊ လူဆိုးဆိုရင်လဲ ရက်စက်ကြမ်း

www.burmeseclassic.com



ကြုတ်မှ သဘောကျတယ်၊ ပြတ်သားပိုင်မှု ကျွန်တော်ကြိုက်တယ်"

"ဟား… ဟား… ဟား… ကောင်းသဟေ့၊ ငါကလဲ မင်း… ကြိုဆိုနေပါတယ်၊ လူဆိုးဒမြဗိုလ်ဆိုတာ လက်ရုံးရည်ကောင်းမှသာ ဆင်ပြေတာကွ၊ မင်း ငါ့တပည့်ခုနစ်ယောက်ကိုတိုက်ခိုက်ပုံကို ငါ … ထက်ထိ မျက်စိထဲက မထွက်သေးဘူး၊ ယောကျ်ားဆိုတာ အဲဒီ… တိုက်ရည်ခိုက်ရည် ကောင်းရမယ်၊ အခု ငါ့ဂိုဏ်းထဲဝင်ဖို့ ပိုင်ပိုင်နိုင်… ဆုံးဖြတ်နိုင်သလို ဆုံးဖြတ်ရဲရမယ်၊ တချို့က ဟိုလိုလို ဒီလိုလိုနဲ့ဖြ… သားမှု လုံးဝမရှိဘူး၊ မင်းနဲ့ငါ သဘောထားချင်းတူညီတယ်"

ထိုတခဏအတွင်းမှာပင် ရိုကျင်းယောင်သည် ဒမြဗိုလ်… သား အသစ်တစ်ယောက်ကို လက်ခံလိုက်သည်။

ထိုတခဏအတွင်းမှာပင် သူ့လက်ထောက်အဖြစ် ခန့်အ… လိုက်သည်။

ထိုစဉ်မှာပင် ရိုကျင်းယောင်၏အခြားလက်ထောက်တ… ဦးက တစခန်း ထလာလေတော့၏။

"ဆရာကြီး… အခုမှ ဂိုဏ်းထဲဝင်လာတဲ့ဂိုဏ်းသားအသ… တစ်ယောက်ကို ဆရာကြီးရဲ့ လက်ထောက်အဖြစ် ခန့်လိုက်တာ… တော့ မကောင်းပါဘူး၊ ကျွန်တော်တို့ကိုသိက္ခာချရာလဲ ကျပါတယ်"

ထိုလက်ထောက်ခေါင်းဆောင်မှာ ကျင်ကန်းဟု အမည်တွင်… ၏။

ကျင်ကန်းက သူ၏မကျေနပ်မှုကို ထုတ်ဖော်လိုက်သော…



အခြားသော လက်ထောက်ခေါင်းဆောင်နှစ်ယောက်ဖြစ်သည့် ချုကန် …သင်းနှင့် ချန်ဗိုင်လင်းတို့လည်း တစခန်းထလာလေတော့၏။

ကျိုရန်အား လက်ထောက်ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်း …ကို မကျေနပ်ကြောင်း ဝင်ပြောလာကြလေ၏။

ဒမြဗိုလ် ရိုကျင်းယောင်သည် ယခင်အချိန်များကသာ သူ့ …အား ဤသို့ပြောပါက ဒေါသထွက်ပြီး ဆဲဆိုမိမည်ဖြစ်၏။ ယခုမူ …ဟားဟား အော်ရယ်နေတော့၏။

"ကောင်းတယ်…ကောင်းတယ်… မင်းတို့ပြောတာလဲ မှန် …ယ်၊ ကဲ… ငါတစ်ခုပြောမယ်၊ ဟူအန်မြို့ကို ဝင်စီးတုန်းက ငါတို့ထဲက …ယောက်ကျဆုံးတယ်၊ နှစ်ယောက်ဒဏ်ရာရတယ်၊ အဲဒါ ဘယ်သူ့ …က်ချက်လဲ သိကြရဲ့လား"

"ဒီကောင့်လက်ချက်ဆိုတာ သိပါတယ်ဆရာကြီး"

"အေး… ဒါဆိုရင် သူ့လက်ရည်ကို မင်းတို့ခန့်မှန်းနိုင်ဖို့ …ောင်းတယ်၊ ကဲ… ဒီလိုလုပ်ကွာ ငါကလဲ သူ့ကိုမဆိုးဘူးဆိုပြီး …က်ထောက်ခန့်တယ်၊ မင်းတို့ကလဲ သူ့အရည်အချင်းကို သိပ်မယုံ …ဘူး၊ ဒီတော့ မင်းတို့သုံးယောက်နဲ့ သူ တစ်ယောက်စီ လက်ရည် …းကြစမ်း၊ အသေတော့ မလုပ်ကြနဲ့"

"ကျွန်တော်တို့ကြိုက်တယ် ဆရာကြီး"

ကျိုရန်မှာ ပို၍ ကြိုက်သွား၏။ သို့သော် သူ၌ မအီသာဖြစ် …သည့် အချက်တစ်ချက်သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဆင်နွှဲရမည်မှန်းမသိသဖြင့် အရက်နှင့်အစားအ
သောက်များကို အဝအပြဲ စားသောက်မိခဲ့ခြင်းသာတည်း။

သို့သော် စားသောက်ပြီးမှတော့ မတတ်နိုင်တော့ပေ။ အ
ဗိုလ်ကြီး ရှိကျောင်းယောင်ရှေ့ပြင် ယှဉ်ပြိုင်ရန် ပြင်ဆင်ရတော့၏

ကျိရန်က စိန်ခေါ်လိုက်၏။

"ကဲ… လာလေ၊ ခင်ဗျားက ကျုပ်ကိုမကျေနပ်တဲ့လူ
တော့ ခင်ဗျားကပဲ အရင်ဝင်တိုက်ပေါ့ဗျာ"

ကျင်ကန်းမှာ ထောင်းခနဲ ဒေါသထွက်သွား၏။

ကျိရန်ထံသို့ လွှားခနဲ ခုန်ဝင်သွား၏။ လက်ဖဝါး တံတော
ဒူးများ စုံသွား၏။

သို့သော် ကျိရန်အား တစ်ချက်မျှမထိပေ။ ကျိရန်က လွ
ကူစွာ ရှောင်တိမ်းသွား၏။

ထို့ကြောင့် ကျင်ကန်းမှာ ပို၍ ဒေါသထွက်လာလေ၏

နောက်တစ်ကြိမ် ခုန်မဝင်တော့ပေ။ သတိထားပြီး ချ
ကစ်သည်။

သူ၏လက်ဝါးတိုက်ကွက်များမှာ မဆိုးလှပေ။ သို့သော် ကျိ
ရန့်အဖို့ကား ဂရုပြုဖွယ်ရာ မဟုတ်ပေ။

"ဖြန်း… ဖြန်း… ဖြန်း"

ကျင်ကန်း၏လက်ဝါးရိုက်ကွက်များကို ကျိရန်က ပုတ်ထုတ်
ပစ်၏။



သူ့ရိုက်ချက်တိုင်း ကျိရန် ပုတ်ထုတ်နိုင်သည့်အတွက် ကျင်
ကန်းမှာ ကမူးရှူးထိုးဖြစ်လာသည်။

နောက်တစ်ကြိမ် ကျင်ကန်း ဝင်ပူးသောအခါ ကျင်ကန်း၏
အတောင်ဆစ်ကို ဖမ်းဆုပ်ကိုင်မိသွား၏။ ကျင်ကန်း ဒုက္ခတွေ့သွား
သပြီ။

ကျိရန်သည် ကျင်ကန်းကို ကိုင်မြှောက်လွှင့်တင်ပစ်လိုက်
၏။

"ဝုန်း…."

ကျင်ကန်းသည် ကိုင်အပစ်ခံလိုက်ရသော်လည်း ကြောင်ကျ
စေရန် သူ့ကိုယ်သူ ထိန်းထားနိုင်၏။

မကြာမီ သူသည် ကျိရန်ထံသို့ ခုန်ဝင်ပြန်သည်။ သည်တစ်
ကြိမ် ကျင်ကန်း၏တိုက်ကွက်မှာ ဒမြတစ်ယောက်အတွက် အတော်
လေး အဆင့်မြင့်သည်ဟု ပြောနိုင်လောက်သည်။

သိမ်းငှက်တောင်ပံရိုက်သိုင်းကွက်မှာ သိုင်းလောက၌ နာ
မည်ရှိသောသိုင်းကွက်ဖြစ်၏။

ဒမြတစ်ယောက်အနေဖြင့် ထိုသိုင်းကွက်ကို သုံးခြင်းမှာ သူ့
အဆင့်မနိမ့်ကြောင်း သက်သေပြခြင်းပင်ဖြစ်တော့သည်။

"ခင်ဗျားက ဘယ်ဆိုးလို့လဲ"

ကျိရန်က ချီးကျူးပြီး ကျင်ကန်း၏အပူးကို ခံသည်။

ကျင်ကန်း၏လက်ကောက်ဝတ်ကိုဖမ်းချုပ်သောအခါ ကျင်

www.burmeseclassic.com

www.burmeseclassic.com



ကန်း၏ဒူးက ဖြတ်ဝင်လာ၏။

ကိုရန်သည် ကိုယ်ကို အသာရှိကာ ဖြတ်ခနဲ နောက်သို့

ဝင်လိုက်၏။ တခဏအတွင်း၌ပင် သူသည် ကျင်ကန်း၏နောက်ကျော

သို့ ရောက်သွား၏။

သူ့အဖို့ လွန်စွာ လွယ်ကူသွားပေပြီ။ ကျင်ကန်း၏တတောင်

ဆစ်နှစ်ဖက်ကို ဖမ်းကုတ်လိုက်၏။

ကျင်ကန်း၏တစ်ကိုယ်လုံး တုံ့ကျင်သွား၏။ လွတ်မြောက်

အောင် ရုန်း၍လည်း မရတော့ပေ။

ကိုရန်က ရီကျင်းယောင်အား လှမ်းပြော၏။

"ဆရာကြီး ဒီတစ်ပွဲမှာတော့ ကျွန်တော်နိုင်သွားပြီ"

## အခန်း(၅)

## ကျွန်တော်နိုင်ပြန်ပြီ

ရီကျင်းယောင်က ကျင်ကန်းအား လွှတ်ပေးရန် အချက်ပြ

လိုက်၏။

ကိုရန်ကလည်း ကျင်ကန်းအား လွှတ်ပေးလိုက်၏။

"ဘယ့်နှယ်လဲ… ခင်ဗျားတို့နှစ်ယောက်ကော ပြိုင်ဦးမှာ

လား"

ကိုရန်က လှမ်းမေးသည်။ ချူကန်လင်းသည် သူ၏အပေါ်

အင်္ကျီကိုချွတ်ချပြီး ခုန်ဝင်လာ၏။

သူ၏လက်နက်မဲ့တိုက်ကွက်များသည် ကျင်ကန်းထက် ပို၍

ကျွမ်းကျင်လက်ဖျတ်လတ်၏။

ကိုရန်သည် ချူကန်လင်းကို ပို၍ သတိထားနေရ၏။

တစ်ချက်တွင် သူသည် ချူကန်လင်း၏ကန်ချက်တစ်ချက်

www.burmeseclassic.com



အထိခံလိုက်ရ၏။ အရှောင်မြန်၍ အနာသက်သာသွားခြင်းဖြစ်ေ
သည်။

"ဟား... ဟား... ဟား... ကျိုရန် ငါ့တပည့်တွေကို အထင်ေ
သေးနဲ့ကွ၊ သေးရင် မင်း ခံသွားရမယ်"

ရိကျင်းယောင်က အားရပါးရ ရယ်မောရင်း လှမ်းအော်
သည်။

ချူကန်လင်းသည် ကျင်ကန်းထက် သိုင်းပညာပိုကောင်း
၏။ ပို၍ သွက်လက်၏။ တချို့တိုက်ကွက်များတွင် အနာခံ၍ ဝင်တိုက်
သဖြင့် ကျိုရန်မှာ လွန်စွာ သတိဝီရိယထားနေရသည်။

တစ်ကြိမ်တွင် ကျိုရန် ရှောင်တိမ်းလိုက်သော်လည်း ချူကန်
လင်း၏လက်သီးသည် ကျိုရန်၏နားရွက်နားမှ ပွတ်၍ ထွက်သွား၏

တစ်ကြိမ်ထက်တစ်ကြိမ် ထိခိုက်ရန် ပိုနီးစပ်လာသောအခါ
ကျိုရန်မှာ သူ၏မြွေသိမ့်တုန်လက်သီးကွက်များကို စတင်အသုံးပြု
လာရတော့၏။

ကျိုရန်၏သိုင်းကွက်များ ဆန်းပြားလာသည်ကိုတွေ့ရသ
ဖြင့် ဒမြဗိုလ်ကြီးရိကျင်းယောင်သည် ပို၍ ဂရုစိုက်လာရလေ၏။

သူ၏ လက်ထောက်တပည့်အသစ်သည် သူ၏လက်ရုံးသ
ဖွယ် အားကိုးရမည့်သူဖြစ်ကြောင်း ပို၍ နားလည်လာ၏။

ချူကန်လင်းသည် ကျင်ကန်းကဲ့သို့ ကမ္ဘာ့ရှုးထိုးဝင်သူ မ
ဟုတ်ပေ။ ထို့ကြောင့် ကျိုရန်မှာ ကျင်ကန်းကို အနိုင်ယူသကဲ့သို့ လွယ်



လွယ်နှင့် အနိုင်မယူနိုင်တော့ပေ။

သို့သော် ကျိုရန်အတွက် ကံကောင်းသောအကွက်တစ်
ကွက် ပေါ်လာ၏။ ချူကန်လင်းသည် စွန်ရဲတစ်ကောင်ပျံဝဲသကဲ့သို့
ကျိုရန်အပေါ်သို့ ပျံဝဲတက်သွား၏။

ထိုသို့ပျံဝဲတိုက်ကွက်မျိုးမှာ လွန်စွာ သတိထားရသည်။ မိမိ
က ပိုင်နိုင်မှသုံးသင့်သော တိုက်ကွက်မျိုးဖြစ်၏။

ကျိုရန်သည် ချူကန်လင်း၏ စွန်လက်သည်းကုတ်သိုင်း
ကွက်ကို ဖယ်ထုတ်လိုက်ပြီး သူ့ဒူးနှစ်ဖက်ကိုကုတ်ဆွဲကာ အရှိန်နှင့်
တွန်းထုတ်လိုက်လေ၏။

ကျိုရန်၏လှုပ်ရှားမှုမှာ လွန်စွာ ဝင်တိုက်မိတော့သည်။

"ဝုန်း...."

ပြင်းထန်သောအရှိန်ကို မခံမထိန်းနိုင်တော့သဖြင့် ချူကန်
လင်းမှာ ကျောက်ဂူနံရံဘေး၌ ပုံ၍ လဲကျနေ၏။

ကျိုရန်သည် ရိကျင်းယောင်အား လှမ်းပြောလေ၏။

"ဆရာကြီး... ဒီတစ်ပွဲလဲ ကျွန်တော်နိုင်ပြန်ပြီ"

ရိကျင်းယောင်က ခေါင်းညိတ်၏။ လက်ခုပ်သုံးချက်တီးကာ
သူ့တပည့်များအား ခေါ်ယူလိုက်၏။

"ချူကန်လင်းကို ကောင်းကောင်း ပြုစုလိုက်ကြစမ်း... သူ
ဆော်ရာရသွားတယ်"

ချူကန်လင်းသည် သူ့အား လာရောက်ထူပေးသူများကို

www.burmeseclassic.com



တွန်းထုတ်ပြီး ဒယီးဒယိုင် ထလာ၏။ ထို့နောက် ရိုကျင်းယော
နောက်နား၌ လာရပ်သည်။

ရိုကျင်းယောင်က....

"ကဲ... ချန်ပိုင်လင်း... မင်းကော လက်ရည်စမ်းချင်
ရှိသေးရဲ့လား"

"ဟုတ်ကဲ့... ရှိပါသေးတယ် ဆရာကြီး"

"ကဲ... ဒါဖြင့် စမ်းပေတော့"

ချန်ပိုင်လင်းသည် သူ့နောက်ကျော၌ ချိတ်ဆွဲထားသည်
ကို လွှင့်ပစ်လိုက်၏။ မကြာမီ ကျိုရန်နှင့်ချန်ပိုင်လင်းတို့ အပြင်းအ
တိုက်ခိုက်ကြတော့၏။

ချန်ပိုင်လင်းသည် ကျိုရန်၏သိုင်းပညာအဆင့်ကို နားသ
သဘောပေါက်နေပြီဖြစ်၍ သူ၌ ရှိရှိသမျှသောပညာများကို အ
ကုန်ထုတ်သုံးသည်။

သူက အသေခံတိုက်ကွက်များကိုသုံးမှ ကျိုရန်ကိုမိရုံက
သာ ရှိမည်ကိုရိပ်မိသဖြင့် အသေခံတိုက်ကွက်များကို ထုတ်သုံး
သည်။

ကျိုရန်မှာ ဒမြဗိုလ်ကြီး ရိုကျင်းယောင်၏'အသေမလုပ်
ဟူသောစကားကြောင့် အကြီးအကျယ် ဒုက္ခရောက်နေရသည်။

သူကသာ သူ့သေကိုယ်သေတိုက်ကွက်များကို သုံးလို
က ချန်ပိုင်လင်းတစ်ယောက် ထိုနေရာ၌ မုချဒဏ်ရာပြင်းထန်



သွားပေမည်။ နောက်ဆုံး သေပင်သေသွားနိုင်သည်။

ရိုကျင်းယောင်သည် ချန်ပိုင်လင်း၏တိုက်ကွက်များ ကြမ်း
တမ်းပုံကို မသိမဟုတ်ချေ။ သိသည်။

သို့သော် ကျိုရန် မည်သို့ခုခံမည်ကို သိရှိလိုသဖြင့် တမင်
လွှတ်ပေးထားခြင်းသာ ဖြစ်သည်။

ကျိုရန်မှာ ပထမနှစ်ပွဲ၌ အသာစီးမှ တိုက်ခိုက်နိုင်သ
လောက် ယခုတစ်ပွဲ၌ အောက်စည်းမှသာ ခုခံနေရတော့သည်။ ကွေ့
ပတ်ရှောင်တိမ်းနေရတော့သည်။

တိုက်ပွဲမှာ လွန်စွာ လျင်မြန်လှသဖြင့် တော်ရုံတန်ရုံ အရည်
အချင်းရှိသောဒမြများမှာ ထိုတိုက်ပွဲ၏တိုက်ကွက်များကို ထွင်း
ဖောက် မသိမြင်နိုင်ကြပေ။ ကြည့်၍ မတွေ့နိုင်ကြပေ။

ရိုကျင်းယောင်၊ ကျင်ကန်းနှင့်ချူကန်လင်းတို့သာ ကြည့်၍
တတ်ကြသည်။

ကျိုရန်မှာ တဆုတ်တည်း ဆုတ်နေရသဖြင့် ချွေးပြန်လာ
တော့၏။ ပထမနှစ်ပွဲကိုလည်း သူတစ်ယောက်တည်း ဆက်တိုက်
တိုက်ခိုက်ထားရသဖြင့် ပင်ပန်းနေသည်။

"အင်း... ငါတော့ ဒီတစ်ပွဲမှာ ငါ့ မြေသိမ့်တုန်လက်သီးကို
အပြတ်သုံးမှ အနိုင်ရတော့မှာပဲ၊ သူလဲ ဒဏ်ရာရမှာ သေချာတယ်"

ကျိုရန်သည် သူ၏မြေသိမ့်တုန်လက်သီးတိုက်ကွက်များကို
တန်ပြန်အသုံးချရတော့၏။ ထိုအခါ ချန်ပိုင်လင်း၏တိုက်ကွက်များ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားလာရတော့၏။

ကျိုရန်မှာ မြေသိမ့်တုန်လက်သီးကိုသုံးရင်း တဖြည်းဖြည်း အရှိန်ရလာသဖြင့် နောက်မဆုတ်နိုင်တော့ပေ။ ချန်ပိုင်လင်းမှာ တဆုတ်တည်း ဆုတ်နေရတော့သည်။

ချန်ပိုင်လင်းသည် မထူးတော့ပြီဟု ဆုံးဖြတ်ပြီး သူ့မျက်နှာကို ဖွင့်ပေးပြီး ကျိုရန်၏မျက်နှာကို ပြင်းထန်သောလက်သီးဖြင့် ထိုး၏။ ကျိုရန် လန့်သွားသည်။

သို့သော် အလေ့အကျင့်က စကားပြောသွားသဖြင့် ချန်ပိုင်လင်း၏လက်သီးကိုပွတ်ကာသိကာ ရှောင်လိုက်နိုင်၏။

သူ့မြေသိမ့် တုန်လက်သီးကမူ ချန်ပိုင်လင်း၏မျက်နှာဆီသို့ တန်းဝင်သွားလေတော့သည်။

"ဝုန်း....."

ချန်ပိုင်လင်း၏မျက်နှာတစ်ခုလုံး သွေးများ ရဲသွား၏။ ကျိုရန်၏ပါးရိုး၌လည်း အသားကွဲသွားသည်။ သွေးများ စီးကျလာသည်။

ကျိုရန်က လက်မြှောက်ပြီး အော်လိုက်၏။

"ဆရာကြီး... ဒီတစ်ပွဲလဲ ကျွန်တော်နိုင်ပြန်ပြီ"

## အခန်း(၈)
## မြင်းဖြူအာဇာမခံဌာနကိုဖျက်ဆီးခြင်း

ဒမြဗိုလ်ကြီး ရီကျင်းယောင်၏ ပထမလက်ထောက်ဖြစ်သော ကျိုရန်သည် ရီကျင်းယောင်စိတ်ကျေနပ်လောက်အောင်ပင် စွမ်း ဆောင်တိုက်ခိုက်နိုင်စွမ်းရှိသူ ဖြစ်သည်။

ကျိုရန်၏မိုက်ဂုဏ်စွမ်းရည်ကြောင့် ရီကျင်းယောင်မှင်နေရာ တကာသို့လိုက်ပါတိုက်ခိုက်ခြင်း မရှိတော့ပေ။

ထိုက်ဟူတောင်ခြေသို့ ခြေကုတ်စခန်းအဖြစ်ထားလျက် ပတ်ဝန်းကျင်မြို့ရွာများကို လှည့်ပတ်တိုက်ခိုက်နေတော့သည်။

ကျိုရန်သည် ရက်စက်ခြင်း၊ သိုင်းပညာကောင်းခြင်း၊ ပြတ်သားခြင်း၊ ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းနိုင်ခြင်းအစရှိသည့် အရည်အချင်းများကြောင့် ရီကျင်းယောင်သည် ကျိုရန်အား သူ့ဂိုဏ်းကြီး၏ကိစ္စအဝဝကို လွှဲအပ်ထားပြီး သူကမူ ကျောက်လိုဏ်ဂူထဲ၌

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ခံ၍နေတော့သည် နေတော့သည်။

ကိုရင်၏စွမ်းရည်ကြောင့် ရီကျင်းယောင်၏ဒမြအဖွဲ့ကြီးမှာ လည်း တဖြည်းဖြည်း အင်အားတောင့်တင်းလာတော့သည်။

ရီကျင်းယောင်သည် သူ့ဒမြဂိုဏ်းကြီးကို အောက်လမ်းသိုင်း ဂိုဏ်းကြီးတစ်ဂိုဏ်းအဖြစ် ပြန်လည်ဖွဲ့စည်းကာ သူက ဂိုဏ်းချုပ်ကြီး ရီကျင်းယောင်အဖြစ် ခံယူလိုက်၏။

ကိုရင်မှာ လက်ထောက်ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခံရ၏။

ကျင်ကန်း၊ ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့မှာမူ ဌာနခွဲမှူး များအဖြစ် ခန့်အပ်ခံရလေ၏။

၎င်းတို့သည် ကိုရင့်တစ်ယောက် လက်ထောက်ဂိုဏ်းချုပ် ဖြစ်ခြင်းအတွက် မကျေမနပ် မဖြစ်ကြတော့ပေ။

ကိုရင်က သူ့တို့ထက် အရည်အချင်းသာလွန်ကြောင်း သူတို့ သိရှိပြီးလေပြီ။

ကိုရင်သည် ဤသို့ကြီးကျယ်လာသောအခါ ပထမဦးဆုံး ခြေလှမ်းအဖြစ် မြင်းဖြူအာမခံဌာနကို လက်စားချေရန် စဉ်းစား တော့၏။

သူသည် သူနှင့်မြင်းဖြူအာမခံအဖွဲ့တို့ မည်သို့ရန်ငြိုးဖွဲ့ခဲ့ သည့်ကိစ္စကို ဂိုဏ်းချုပ်ကြီးရီကျင်းယောင်အား အသေးစိတ် ရှင်းပြ လေ၏။

"ဆရာကြီး ကျွန်တော်က အဲဒီမြင်းဖြူအာမခံအဖွဲ့ကို တိုက်



ခိုက်ဖို့ အကြံပေးရတာက ကျွန်တော်နဲ့ရန်ငြိုးဖွဲ့ခဲ့လို့ချည်း မဟုတ်ပါ ဘူး၊ အခု ကျွန်တော်လူလွှတ်ပြီး စုံစမ်းခိုင်းရသလောက်ဆိုရင် မြင်း ဖြူအာမခံအဖွဲ့ဟာ အတော်ကလေး ချမ်းသာကြွယ်ဝနေပြီလို့ သိရ ပါတယ်၊ ကျွန်တော့်အတွက်လဲ လက်စားချေရင်း ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးအတွက်လဲ ရွှေငွေရတနာတွေ ရရှိနိုင်ပါတယ်"

ရီကျင်းယောင်အဖို့ သည်အစီအစဉ်ကို သဘောမတူရန် အ ကြောင်းမရှိပါ။

ကိုရင်သည် မြင်းဖြူအာမခံဌာနကိုတိုက်ခိုက်လျှင် ရန်ငြိုး ဖြင့် တိုက်ခိုက်မည်ဖြစ်ရာ မြင်းဖြူအာမခံဌာနတစ်ခုလုံး ထောင်းလ မောင်း ကြေသွားမည်မှာ သေချာသည်။

မိမိတို့ဂိုဏ်းအတွက် ရွှေငွေရတနာများ ရရှိမည်ကား အ လွန်သေချာလှသည်။

"ကောင်းတယ်... မြင်းဖြူအာမခံဌာနကိုတိုက်တဲ့အခါ ဟာ ကွက်မရှိအောင် အခုကတည်းက ကြိုတင်စီစဉ်ထားပေါ့"

ရီကျင်းယောင်ထံမှ ခွင့်ပြုချက်ရရှိလိုက်သဖြင့် ကိုရင်သည် အထောက်တော်များ ထပ်မံလွှတ်၍ မြင်းဖြူအာမခံဌာနအကြောင်း အသေးစိတ် စုံစမ်းစေသည်။

မြင်းဖြူအာမခံဌာနသည် ယခုအခါ လွန်စွာ ကြီးပွားစီး နေလေပြီ။

ဆန့်တိန်ဖုံမှာ လွန်စွာ ကြီးကျယ်ခမ်းနားသည့် နန်းတော်တ

www.burmeseclassic.com

www.burmeseclassic.com



မှု ဂေဟာကြီး၌ နေထိုင်လျက်ရှိပြီး ကျူချုံကျင်းနှင့်ရန်မင်တို့နှစ်ယောက်က အဖွဲ့သားတစ်ရာကျော်ကို ကြီးကြပ်အုပ်ချုပ်လျက်ရှိနေသည်။

အာမခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပတ်သက်သမျှတို့ကိုဆောင်ရွက်ရာတွင် ကျူချုံကျင်းနှင့်ရန်မင်တို့၏ စိတ်သဘောကျဆောင်ရွက်နိုင်ကြသည်။

ဆန့်တိန်ဖုံက တစ်လုံးတပါဒမျှ ဝင်၍ ဩဇာမပေးပေ။

ကျူချုံကျင်းနှင့်ရန်မင်တို့မှာလည်း နှစ်ပေါင်းကြာမြင့်စွာ ပူးတွဲလုပ်ကိုင်ခဲ့ကြပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး သဘောထားကွဲပြားခြင်းပင် သိပ်မရှိကြတော့ပေ။

ကျူချုံကျင်းက ငွေရေးကြေးရေးနှင့်စီးပွားရေးကိစ္စများ၊ ဘာရင်းအင်းကိစ္စများကို တာဝန်ယူသည်။

ရန်မင်က အာမခံပို့ဆောင်ရမည့်ကိစ္စများကို သယ်ယူပို့ဆောင်ပေးသောအခါ အာမခံဌာန၏သိုင်းဆရာများကို ကြီးကြပ်လျက် လိုက်ပါပို့ဆောင်ပေးလေ၏။

ထို့ကြောင့် မြင်းဖြူအာမခံဌာနသည် ဤမျှတိုးတက်မှုမြင့်ဆန်လာခြင်း ဖြစ်တော့သည်။

စည်းကမ်းတကျရှိသည့် မည်သည့်လူ၊ မည်သည့်အဖွဲ့အစည်းမဆို တိုးတက်မှုရှိရမည်မှာ သေချာသည်။

သို့သော် သေဆုံးသွားခဲ့ပြီဖြစ်သည့် သိုင်းဆရာနှစ်ဦးနှင့်



ကိုရန်တို့ဖွဲ့ရသည့် ရန်ငြိုးမီးသည် မအေးငြိမ်ဘဲ ရှိခဲ့သည်ကို ဆန့်တိန်ဖုံ၊ ကျူချုံကျင်းနှင့်ရန်မင်တို့သုံးဦးကမူ မသိရှိခဲ့ကြပေ။

သူတို့ကသာ ကိုရန်အပေါ် အခဲမကျေဖြစ်ခဲ့သည်ဟု ထင်ခဲ့ကြ၏။

ကိုရန်ကမူ သူတို့အား ကြောက်ရွံ့သဖြင့် ဤမြေကမ္ဘာပေါ်၌ ပုန်းစရာ ရှာမရလောက်အောင် ဖြစ်နေရှာပြီဟု သူတို့တွေးတောခဲ့ကြ၏။

ဤသို့တွေးထင်ရလောက်အောင်ပင် ကိုရန်သည်သူတို့ရှေ့မှ ခွေးပြေးဝက်ပြေး ပြေးခဲ့သည်မဟုတ်ပါလော။

သို့သော် အထင်ကား အထင်သာဖြစ်၏။ ပကတိအဖြစ်အမှန်နှင့် အလွန်တရာ ခြားနားလှပေသည်။

သူတို့အားလုံး စည်းစိမ်ခံ၍ကောင်းနေသော ညတစ်ညတွင် သူတို့မြင်းဖြူဂေဟာပတ်ဝန်းကျင်တွင် ထူးခြားသောငှက်အော်သံများကို ကြားလိုက်ကြရသည်။

ရန်မင်သည် အစဉ်သတိဝီရိယထားပြီး အာမခံပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေရသူဖြစ်၍ ထူးခြားသောငှက်အော်သံကြားသည်နှင့် ချက်ချင်းထိုင်ရာမှထသည်။

"ကျူချုံကျင်း... ဒါ ဘာသံလဲ"

သူတို့သည် အခန်းထဲ၌ အေးငြိမ်းစွာ အရက်သောက်နေသည်ဖြစ်ရာ လွန်စွာ စည်းစိမ်ရှိနေ၏။

www.burmeseclassic.com



ဆန့်တိန်ဖုံမှာ ရန်မင်း၏စကားကို လုံးဝဂရုမစိုက်ပေ။

ကျူချုံ ကျင်းက လက်ကာပြပြီး....

"ရန်မင်း... မင်း ဘာတွေပြောနေတာလဲ၊ အကာလ ညအခါမှာ ညငှက်တွေ အော်ကြမှာပေါ့၊ ဒါ ဆန်းသလား"

"အရင်တုန်းက ဒီနားမှာ ဒီလိုငှက်မျိုး တစ်ခါမှ မအော်ဖူးတာဘဲ"

"ဟား... ဟား.. ဟား တစ်ခါတစ်ရံတော့လဲ ငှက်တစ်ကောင်တလေ မျက်စိလည် လမ်းမှားလာမှာပေါ့၊ ထိုင်စမ်းပါ... အေးအေးဆေးဆေး ထိုင်သောက်စမ်းပါ"

အကယ်၍ ရန်မင်း၏စကားကိုသာ သူတို့အလေးအနက်ထားခဲ့ပါက မြင်းဖြူအာမခံဌာနသည် တရှုတ်ပြည်၌ ဆက်လက်တည်တန့်ကောင်း တည်တန့်ပေမည်။

အနည်းဆုံး သူတို့သုံးယောက်တော့ အသက်ဘေးမှလွတ်မြောက်နိုင်ပေသည်။

ကျန်လူနှစ်ယောက်၏ အေးဆေးမှုကြောင့် ရန်မင်းမှာ စိတ်မနိုးစနောင့်ဖြင့် ထိုင်ချလိုက်ရသည်။

နောက်တစ်နာရီခန့်ကြာသောအခါ ထိုးသံခုတ်သံများ ကြားရပြီးနောက် မြင်းဖြူအာမခံဌာနမှာ ကျိုရန်တို့၏တိုက်ခိုက်ခြင်းကိုခံရတော့သည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် ကျိုရန်၏ဘက်တော်



သားများသည် မြင်းဖြူအာမခံဌာနအတွင်းသို့ တစ်ဟုန်ထိုးဝင်၍ ထိုးခုတ်တိုက်ခိုက်ကြတော့၏။

မီးတုတ်များ တလူပ်လူပ် တယမ်းယမ်းဖြင့် တိုက်ခိုက်နေကြပုံမှာ မရဏာတိုင်းပြည်မှ မရဏာတပ်သားများ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ပုံမျိုးနှင့် အလွန်တူသည်။

အတွင်းဘက် အခန်းများဆီသို့ပြေးဝင်သွားသည့်လူများမှာ ကျိုရန်၊ ကျင်ကန်း၊ ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့ ဖြစ်ကြသည်။

သူတို့လေးယောက်သည် မြင်းဖြူအာမခံဌာန၏ထိပ်သီးဆရာကြီး သုံးယောက်နှင့်မတွေ့မီ အာမခံဌာနမှ သိုင်းဆရာငါးယောက်နှင့်တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားကြတော့သည်။

ကျိုရန်က အော်ဟစ်အမိန့်ပေး၏။

"အဲဒီကောင်တွေကို အပြတ်ရှင်း... အတွင်းကိုရောက်အောင် အမြန်ဝင်ကြ"

မြင်းဖြူအာမခံဌာန၏သိုင်းဆရာ ငါးယောက်မှာ ကျင်ကန်း၊ ချူကန်လင်းနှင့်ချန်ပိုင်လင်းတို့အား အချိန်အတော်ကြာ တားထားနိုင်သည်။

ဆန့်တိန်ဖုံတို့လွတ်မြောက်သွားမည်ကို စိုးရိမ်သည့်ကျိုရန်က တရကြမ်း ဝင်ရောက်တိုက်ခိုက်သောအခါမှာ သိုင်းဆရာငါးယောက်အနက် လေးယောက်သေဆုံးသွားသည်။

ဒဏ်ရာရသွားသော သိုင်းဆရာတစ်ယောက်ကမူ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ဆုတ်ပြေးသွား၏။

"အဲဒီကောင်နောက်ကို လိုက်… သူ့ဆရာကြီးတွေဆီပြေးမှာ သေချာတယ်"

ကျိုရန်သည် အော်ဟစ်အမိန့်ပေးပြီးသည်နှင့် သူပါတရကြမ်းပြေးလိုက်သည်။

ကျင်ကန်း၊ ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့လည်း ထက်ကြပ်မကွာ လိုက်ပါသွားကြသည်။

သူတို့အားလုံး ခန်းမကြီးထဲသို့ရောက်သွားသောအခါ သူတို့အား အသင့်စောင့်ကြိုနေသည့် ဆန့်တိန်ဖုံတို့ကို တွေ့လိုက်ရတော့သည်။

## အခန်း(၉)

## အသက်တိုသူများ

"ဟား… ဟား… ဟား… ခုလို စုံစုံညီညီ တွေ့ရတာ သိပ်ဝမ်းသာပါတယ်"

ကျိုရန်သည် တဟားဟား ရယ်ရင်း ရှေ့သို့တိုးလာသည်။

သူတို့ကွဲကွာသွားသည်မှာ နှစ်နှစ်ခန့်သာ ရှိသေးသဖြင့် ဆန့်တိန်ဖုံ၊ ကျူးချူကျင်းနှင့် ရန်မင်တို့သည် ကျိုရန်ကို ကောင်းစွာ မှတ်မိသိရှိကြ၏။

"ဘယ်လိုလဲ… ကျုပ်ကို မှတ်မိကြရဲ့လား"

ဆန့်တိန်ဖုံက အံကြိတ်၍ ပြောလေ၏။

"အေး… ဇက်ကောင်းလို့ ဓားတောင်းတဲ့ကောင်ကို ဘယ်ကလဲ အစွမ်းကုန် ဖြည့်ဆည်းပေးရမှာပေါ့"

ပွဲကြီးပွဲကောင်း တွေ့ကြလေပြီ။ ဆန့်တိန်ဖုံတို့၏ မီးခဲပြာဖုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသောဒေါသများသည် လေအလာ ပြာလွင့်သွားသည့်အခါ တ
ညီးညီး တရဲရဲ တောက်လာသည့် မီးကျီးမီးခဲများပမာ တောက်ပလာ
တော့၏။

အားလုံး ဓားကိုယ်စီကိုင်ပြီး ရင်ဆိုင်ကြလေပြီ၊ တစ်ဦးနှင့်
တစ်ဦး ရန်ငြိုးကြီးစွာ ကြည့်နေမိကြလေပြီ။

သွေးချောင်းစီးတိုက်ပွဲကြီးတစ်ခုကိုတိုက်ခိုက်ရန် တာဆူ
ကြလေပြီ။

"ကျုပ်ကလဲ ခင်ဗျားတို့ကိုလက်စားချေဖို့ အချိန်စောင့်နေ
တာကြာပြီ၊ ခုတော့ အချိန်ရောက်လာပြီ၊ ခင်ဗျားတို့သုံးယောက်နဲ့
လည်ချောင်းသွေးနဲ့ခြေဆေးမယ်၊ မြေသိမ့်တုန်လက်သီးသိုင်းသဓား
ရဲ့အငြိုးဟာ ဘယ်တော့မှမပြေဘူးဆိုတာ မှတ်ထားစမ်းပါ"

"စကားမရှည်နဲ့ တက်ခဲ့ကြ"

ဆန့်တိန်ဖုံက အော်လိုက်ရာ ကျိုရန်တို့သည် တစ်ပြိုင်နက်
ခုန်လွှားဝင်၍ တိုက်ခိုက်ကြလေတော့၏။

ကျိုရန်နှင့်ဆန့်တိန်ဖုံတို့က တစ်တွဲ၊ ကျူးချုံကျင်းနှင့်ကျင်
ကန်းက တစ်တွဲ၊ ရန်မင်နှင့်ချူကန်လင်းကတစ်တွဲ၊ ဒဏ်ရာရနေ
သော မြင်းဖြူအာမခံဌာနမှ သိုင်းဆရာနှင့်ချန်ပိုင်လင်းတို့ကတစ်တွဲ
အတွဲညီညီဖြင့် အပြင်းအထန်ထိုးခုတ်တိုက်ခိုက်နေကြတော့၏။

ဆန့်တိန်ဖုံသည် ကျိုရန်အပေါ်၌ အငြိုးကြီးသည်မှာ မှန်
သော်လည်း သိုင်းပညာလေ့ကျင့်မှုနှင့် ကင်းဝေးလျက် စည်းစိမ်ခံ



များပြားနေခဲ့သဖြင့် ကျိုရန်၏ပေါ့ပါးမှုကိုမယှဉ်နိုင်ဘဲ ဖြစ်နေတော့
၏။

မကြာမီ လေးပင်သော ဆန့်တိန်ဖုံမှာ ကျိုရန်၏ဓားချက်ကို
မိသွားလေ၏။

"မင်း... မင်း... မင်းကို ငါ ဆယ်သက်မကျေ..."

သူ့စကားမဆုံးမီ ကျိုရန်က သူ့အသည်းနှလုံးရှိရာသို့ ဓားနှင့်
စွပ်ခနဲ ထိုးချလိုက်၏။

ဆန့်တိန်ဖုံမှာ ပါးစပ်မှသွေးများ ပွက်ခနဲထိုးအန်ကာ သေ
ဆုံးသွားလေတော့၏။

"ဟား... ဟား... ဟား၊ ဒီတစ်သက်မှာတော့ ငါ့ကိုနိုင်
အောင် မတိုက်နိုင်ဘဲနဲ့ သူကများ ဆယ်သက်မကျေဘူးတဲ့၊ ဟား...
ဟား... ဟား"

ကျိုရန်က ဆန့်တိန်ဖုံကိုသတ်လိုက်သည့်အချိန်တွင် ဒဏ်ရာ
ရနေသည့် မြင်းဖြူသိုင်းဆရာကို ချန်ပိုင်လင်းကလည်း ထိုးသတ်
လိုက်လေ၏။

"အား...."

မြင်းဖြူအာမခံဌာန၏ သိုင်းဆရာမှာ အတော်ဖွဲ့ကောင်းသူ
ဖြစ်၏။

ဒဏ်ရာကြီးရထားလျက်မှ ဤမျှကြံ့ကြံ့ခံ နိုင်သည်မှာ
တော်ရုံတန်ရုံ ခံနိုင်ရည်အား မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ နောက်ပိုင်းတွင်ကား လေးယောက်နှစ်ယောက်၏ တိုက်ပွဲဖြစ်၍ ကြည့်မကောင်းတော့ပေ။

ကိုရန်သည် တရားမျှတခြင်းကို ဂရုစိုက်သူမဟုတ်သဖြင့် ကျူချုံကျင်းနှင့်ရန်မင်တို့ အမြန်ဆုံးသေအောင် တရကြမ်း ဝင်ရောက် တိုက်ခိုက်တော့သည်။

ကျူချုံကျင်းက....

"ခွေးမသား... သတ္တိရှိရင် တစ်ယောက်ချင်း တိုက်ပါလား" ဟု အော်ဟစ်သည်။

"ဟား... ဟား... ဟား၊ မင်းတို့သိုင်းဆရာလေးယောက်စ လုံးကို ကျန်ခဲ့တဲ့နှစ်နှစ်ကတည်းက ငါက မှုခဲ့တာမဟုတ်ဘူးကွ၊ လွန်း တဲ့နှစ်နှစ်ကလဲ မင်းတို့ရဲ့အပေါင်းအသင်းနှစ်ယောက်ကို ငါသတ်ပြီးပြီ အခုတစ်ယောက်ချင်းသတ်နေရင် အချိန်ကြာမှာစိုးလို့ကွ... သိရဲ့ လား"

ကိုရန်သည် မှန်သောစကားကိုဆိုခြင်းသာ ဖြစ်သည်။ သူ့ အနေဖြင့် တစ်ယောက်ချင်းတိုက်ရန် ဝန်မလေးချေ။

အချိန်ကြာမည်ကိုစိုးရိမ်သဖြင့် မြန်မြန်ပိုင်းတိုက်ခြင်းဖြစ် သည်။

မြင်းဖြူအာမခံဌာန၏ခေါင်းဆောင်များကို သတ်ဖြတ်ရုံသည် လျှင် အကြောင်းမဟုတ်ပေ။

ယခုကိစ္စမှာ ရွှေငွေရတနာပစ္စည်းများကို ရှာဖွေရမည်ဖြစ



ဝန်ကပါ ပါနေသေးသည်။

ထို့ကြောင့် နှစ်ယောက်သမားကို လေးယောက်ကဝိုင်း၍ အပြတ်ရှင်းကြခြင်းဖြစ်၏။

မကြာမီ ကျူချုံကျင်းရော ရန်မင်ပါ သေဆုံးသွားတော့၏။ မြင်းဖြူအာမခံဌာနသည် ထိပ်သီးခေါင်းဆောင်အားလုံး သေဆုံး သွားပြီဖြစ်၍ တန်းလည်ဆစ်ကျိုးဖြစ်သွားလေပြီ။

ကိုရန်၏လက်အောက်ငယ်သားများကလည်း မြင်းဖြူဂေ ဟာကြီးတစ်ခုလုံးကို အုပ်စီးမိသွားခဲ့လေပြီ။

ကိုရန်က အော်ဟစ်အမိန့်ပေး၏။

"ဟေ့... ဘယ်သူမှ အဆောက်အအုံကို မီးမရှို့ရဘူး၊ ရွှေငွေ ရတနာတွေကို ရှာဖွေရခက်သွားမယ်၊ တချို့အခန်းတွေကို မြေလှန် ပြီးသင့် ရှာရမယ်၊ တချို့အလုပ်သမားတွေကို မသတ်နဲ့၊ သူတို့ဟာ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ သိနေတယ်"

ကိုရန်၏ဘက်တော်သားများသည် မြင်းဖြူအာမခံဌာနပိုင် ရွှေငွေရတနာများနှင့် အခြားသောလူပုဂ္ဂိုလ်များ၊ အခြားသောအဖွဲ့ အစည်းများက အပ်နှံထားသည့်အဖိုးတန်ပစ္စည်းများကို မြင်းလှည်း များပေါ်သို့ သယ်ဆောင်ကြလေတော့၏။

ကိုရန်သည် မြင်းဖြူအာမခံအကြောင်းကို အတော်အတန် သိထားသဖြင့် မြေအောက်ခန်းများကိုပါ ရှာဖွေတူးဖော်သည်။

ဌာနခွဲရုံးများဖြစ်သော ကျင်ကန်း၊ ချူကန်လင်းနှင့် ချန်ပိုင်

www.burmeseclassic.com



လင်းတို့သည် ကျိုရန်၏ဇွဲစပ်မှုကိုကြည့်ပြီး အထင်ကြီးသည်ထက်ကြီးလာတော့၏။

သူတို့သည် မြင်းဖြူအာမခံဌာနပိုင်ပစ္စည်း အားလုံးနီးပါးကို ရရှိပြီးသောအခါ ကျိုရန်က အဆောက်အအုံအား မီးရှို့ရန် အမိန့်ပေးလိုက်လေတော့၏။

အဆောက်အအုံကြီး မီးဟုန်းဟုန်း တောက်နေသည်ကို ကျိုရန်ကကြည့်ပြီး....

"ဒီအဆောက်အအုံကို မီးရှို့ခိုင်းရတာ အကြောင်းရှိတယ်ကွ ဒီထဲကအလောင်းတွေဟာ မြေမြှုပ်သင်္ဂြိုလ်ဖို့မဆုံဘူး၊ ဒါကြောင့် မီးရှို့ပစ်ခိုင်းတာ၊ ကဲ ငါ့လူတို့ ထိုက်ဟူတောင်တန်းကိုမောင်းကြပေတော့၊ ဂိုဏ်းချုပ်ကြီး မျှော်လှရော့မယ်"

မြင်းစီးသမားများနှင့်ပစ္စည်းများ တနင့်တပိုး တင်ဆောင်ထားသော လှည်းတန်းရှည်ကြီးသည် ထိုက်ဟူတောင်တန်းသို့ စတင်ခရီးနှင်လေတော့၏။

ဤတိုက်ပွဲ၌ ကျိုရန်တို့ အပြတ်အသတ် အောင်မြင်မှုရသည်။ သူတို့ဘက်မှ ဂိုဏ်းသားခြောက်ယောက်သာ ကျဆုံးသည်။

မြင်းဖြူအာမခံအဖွဲ့ကား လုံးဝပြုတ်ပြုတ်ပြုန်းသွားခဲ့ရသည်။

မီးကြွင်း မီးကျန်နှင့် ရန်ကြွင်းရန်စကို မည်သည့်အခါမှ အကြွင်းအကျန် မထားမကောင်းဟူသော ရှေးပညာရှိတို့၏အဆိုကား



မှန်လှ၏။

မီးကြွင်းမီးကျန်ကြောင့် တစ်မြို့လုံး တစ်ရပ်လုံး ပြာကျမီးလောင်သွားနိုင်သလို ရန်ကြွင်းရန်စကြောင့်လည်း တစ်ဖွဲ့လုံး ပြုတ်ပြုတ်ပြုန်းပေသည်။

ကျိုရန်အား အထင်သေးမိသော ဆန့်တိန်ဖုံ၊ ကျူချုံကျင်းနှင့်ရန်မင်တို့မှာ သူတို့ပြုစုပျိုးထောင်ခဲ့သည့် မြင်းဖြူအာမခံဌာန၏ တိုးပွားမှုများကို နှစ်ရှည်လများ စားသုံးခွင့်မရဘဲ အသက်တိုတိုနှင့် သေဆုံးသွားခဲ့ရရှာပေသည်။

မြင်းဖြူအာမခံဌာနကြီးကို လောင်ကျွမ်းသည့်မီးများ ငြိမ်းသေသွားသည့်အချိန်တွင် ကျိုရန်တို့၏ဒမြဂိုဏ်းတဖြစ်လဲ အောက်လမ်း သိုင်းဂိုဏ်းကြီးသည် ထိုက်ဟူတောင်ခြေသို့ အောင်လံလွှင့်၍ ဆိုက်ရောက်လာလေ၏။

ဂိုဏ်းချုပ်ကြီးရိကျင်းယောင်သည် ကျိုရန်၏စီမံကွပ်ကဲမှုကို အားရကျေနပ်လှသဖြင့် သူကိုယ်တိုင်သာမက သူ၏သမီးဖြစ်သူ ရိဟန်လင်းနှင့်အတူ တောင်ခြေသို့လာရောက်ကြိုဆိုလေ၏။

ကျိုရန်၏ စန်းအပွင့်ဆုံးအချိန်ဖြစ်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)
## သွေးဆာနေသူ

မြင်းဖြူအာမခံဌာနကို သွားရောက်တိုက်ခိုက်ရာမှ ပြန်လာပြီးသောအခါ ဂိုဏ်းချုပ်ကြီး ရီကျင်းယောင်သည် သမီးဖြစ်သူ ရီဟာန်လင်းနှင့်ကျိုရန်အား လက်ထပ်ထိမ်းမြားပေးလေ၏။

ရီဟာန်လင်းမှာ ဖအေတူသမီးဖြစ်ရာ နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း မဟုတ်ပေ။

ကြမ်းကြမ်းတမ်းတမ်း မိန်းကလေးဖြစ်၍ ကျိုရန်နှင့်စရိုက်တူသည်။

အသွင်မတူ အိမ်သူမဖြစ် ဟူသောစကားရှိရာ ကျိုရန်နှင့် ရီဟာန်လင်းတို့သည် အသွင်တူသဖြင့် အိမ်သူဖြစ်ကြရတော့သည်။

ရီဟာန်လင်းသည် သူ့ဖခင်နှင့်အတူ တိုက်ရာခိုက်ရာတွင် အမြဲလိုလိုပါဝင်ခဲ့သဖြင့် တိုက်ခိုက်သတ်ဖြတ်ပွဲဆိုသည်မှာ သူ့အတွက်



အဆန်းမဟုတ်တော့ပေ။

ရီဟာန်လင်းနှင့်တစ်နှစ်ခန့် ပေါင်းသင်းမိသည်နှင့် ကျိုရန်မှာ သားတစ်ယောက်ရရှိတော့သည်။

ထိုသားငယ်၏အမည်ကို ကျိုထန်စိုက်ဟု အမည်ပေးထား၏။

ကျိုရန်သည် ရီဟာန်လင်း ကိုယ်ဝန်ဆောင်နေရစဉ် အတွင်းက တစ်စုံတစ်ခုကို အမြဲတမ်း တွေးတောနေ၏။

ဤသည်ကို ရီဟာန်လင်းသာမက ရီကျင်းယောင်ပါ သတိပြုမိကြ၏။

ရီဟာန်လင်းသည် သူ၏ခင်ပွန်းသည် တစ်စုံတစ်ခုအတွက် ဦးနှောက်ခြောက်နေသည်ဟု ထင်မိ၏။

ထို့ကြောင့် ဖွင့်မေး၏။ ကျိုရန်က ဖွင့်မပြောချေ။

ရီကျင်းယောင်ကမူ သားမက်ဖြစ်သူသည် မြို့တစ်မြို့ သို့မဟုတ် ရွာတစ်ရွာကို တိုက်ခိုက်လုယက်ရန် ကြံစည်တွေးတောနေသည်ဟုယူဆသဖြင့် ထုတ်မမေးပေ။

ကျိုရန်တိုက်ခိုက်လျှင် အောင်မြင်ရန် ရာနှုန်းများသဖြင့် သူ့အနေဖြင့် ဝင်ရောက်တားမြစ်ရန်မလိုဟု စိတ်ထဲ၌ ကြိုတင်ဆုံးဖြတ်ထားသူဖြစ်၏။

ဤသို့ဖြင့် ရီဟာန်လင်းသည် ကျိုထန်စိုက်ကို မွေးဖွားလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထန်စိုက် သုံးလသားအရွယ်သို့ရောက်သောအခါမှ ကိုရန်သည် ယောကျ္ာမဖြစ်သူနှင့် သူစဉ်းစားနေသည့်အကြောင်းအရာကို ပြောပြတိုင်ပင်တော့သည်။

"ဆရာကြီး... ကျွန်တော့်စိတ်ထဲမှာ မကျေလည်တဲ့အချက်တစ်ချက် ရှိနေပါတယ်"

"ဘာများလဲကွယ့်"

"ကျွန်တော် ရှမ်းအမ်းမြို့ကိုသွားပြီး တိုက်ချင်တယ်"

"ဟာ...."

ရီကျင်းယောင်သည် ပါးစပ်မှ အာမေဋိတ်သံထွက်သွား၏။ ကိုရန်၏မျက်နှာကိုလည်း စူးစိုက်ကြည့်မိသည်။

"ကိုရန်... မင်း ဘယ်လိုစိတ်ကူးပေါက်လာတာလဲ"

"ဆရာကြီး... ကျွန်တော်စိတ်ရူးပေါက်တာ မဟုတ်ဘူး ဒီရှမ်းအမ်းမြို့ကို တိုက်ကိုတိုက်ချင်နေတယ်၊ တိုက်ရင် လုယက်ရင် အောင်မြင်မယ်လို့ ကျွန်တော်ယူဆတယ်"

ရီကျင်းယောင်မှာ ခေါင်းတခါခါ လည်တခါခါဖြင့် ဖြစ်သွားသည်။

"ကိုရန်... မင်းပဲ သေသေချာချာ စဉ်းစားစမ်းပါဦး၊ ရှမ်းအမ်းဟာ ဒီကနေသွားရင် အဝေးကြီးကွ၊ ဘယ့်နှယ် ရှမ်းအမ်းကိုသွားတိုက်ရမှာလဲ၊ မင်းမှာ ရန်ငြိုးရန်စများ ရှိလို့လားကွာ"

ကိုရန်က ခေါင်းခါလိုက်၏။



"ဟင့်အင်း... ရန်စရှိလို့မဟုတ်ပါဘူး၊ ကျွန်တော့်စိတ်ထဲမှာ ရှမ်းအမ်းကိုသွားပြီး လုယက်ရင် ရွှေငွေရတနာတွေ အများကြီးရလိမ့်မယ်လို့ ထင်နေလို့ပါ"

ကိုရန် ခေါင်းခါသည်ထက် ရီကျင်းယောင်က ပို၍ ခေါင်းခါလိုက်လေ၏။

"ကိုရန်... ရွှေငွေတွေအတွက်တော့ ဒီလောက် ဝေးဝေးလံလံကို စိတ်ကူးမနေပါနဲ့ကွာ၊ ဒီထိုက်ဟူတောင်ရဲ့ပတ်ဝန်းကျင်မှာပဲ ငါတို့လိုချင်သလောက် ရွှေငွေတွေ ရနိုင်ပါတယ်ကွ"

ရီကျင်းယောင်သည် တွေးတွေးဆဆ လေးလေးနက်နက် ပြောလေ၏။

"တစ်ခုတော့ ရှိတယ်၊ ငါတို့ဟာ အောက်လမ်းသိုင်းဂိုဏ်းကြီးတစ်ခုအဖြစ် ဂိုဏ်းကိုပြောင်းလဲထားပေမယ့်၊ ဒမြဂိုဏ်းကတော့ ဒမြဂိုဏ်းပဲ ဖြစ်နေသေးတယ်၊ ဒါကြောင့်မို့ တခြားသိုင်းဂိုဏ်းကြီးတွေကို သတိထားရမှာဖြစ်သလို၊ အင်အားတောင့်တင်းတဲ့မြို့ကြီးတွေကိုလဲ သွားပြီးမလုယက်မိအောင် သတိထားရမယ်"

ကိုရန်သည် သူ့အား ရက်ရက်စက်စက် ရိုက်နှက်ညှဉ်းပန်းခဲ့သည့်ကိစ္စအတွက် ရှမ်းအမ်းမြို့စားကြီး၏သမီး လီလင်းကိုပင် အနိုင်ကျင့်ခဲ့ရာမှ အပြစ်မြင်သွားခဲ့သည်။

ရက်ရက်စက်စက် ညှဉ်းပန်းပြီး ပစ်ထားခဲ့သည်။

သူသည် ထိုမျှနှင့်မကျေနပ်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်အမ်းမြို့စားကြီးကိုဖမ်းဆီးပြီး တိုင်တစ်တိုင်၌ ကြိုးနှင့် ချည်ကာ သူ့အား ရိုက်ပုတ်သကဲ့သို့ ပြန်လည်ညှဉ်းပန်းလိုသေးသည်။

ရီဟန်လင်း ကိုယ်ဝန်ဆောင်နေစဉ်က သူသည် ထိုအချက်ကို တတွေးတည်း တွေးနေခဲ့သည်။

ရှမ်အမ်းမြို့သည် ထိုက်ဟူတောင်နှင့်ဝေးကွာလှသဖြင့် ရီကျင်းယောင်သဘောတူမည် မဟုတ်သည်ကို သူ တွေးမိ၏။

အကယ်၍ သူ့ရန်ငြိုးကိုစို့ပြောပြပါက ရီကျင်းယောင်သဘောတူကောင်း တူနိုင်သည်ဟုလည်း တွေးသည်။

သို့သော် ရီကျင်းယောင်မှာ ဦးနှောက်မရှိသူမဟုတ်ပေ။

ဤမျှဝေးကွာသောအရပ်သို့ သွားရောက်တိုက်ခိုက်ခြင်းမှာ မိမိတို့၏အင်အားကို ဖြုန်းတီးခြင်းသာဖြစ်သည်ဟု နားလည်ပြီးသူ ဖြစ်သည်။

ထို့ကြောင့် ဤမျှခါးခါးသီးသီး ငြင်းဆန်ခြင်းလည်း ဖြစ်သည်။

ရီကျင်းယောင်က ကျိရန်အား နှစ်သိမ့်လိုက်၏။

"ကျိရန်... အေးအေးဆေးဆေး နားနေစမ်းပါကွာ၊ ဟောဒီ ထိုက်ဟူတစ်ဝိုက်မှာ မြို့စောင့်တပ်အင်အားနည်းပါးတဲ့ ကျေးရွာတွေ မြို့တွေအများကြီး ရှိပါတယ်၊ နောက်တော့ ထပ်ပြီး တိုင်ပင်ကြသေးတာပေါ့"

ရီကျင်းယောင်သည် ကျိရန်တင်ပြသည့် ရှမ်အမ်းမြို့အား



တိုက်ရန် အစီအမံကိုဌာနခွဲမှူးသုံးယောက်အား လုံးဝပြန်ပြောမပြတော့ပေ။

သားမက်ဖြစ်သူ ကျိရန်အား အရှိအသေတန်သွားမည်ကို စိုးရိမ်သဖြင့် ဤသို့လျှို့ဝှက်ထားခြင်းသာ ဖြစ်ပေသည်။

နောက်ဆုံး၌ ကျိရန်မှာ ရှမ်အမ်းမြို့တိုက်ရန် အစီအမံကို လုံးဝလက်လျှော့လိုက်ရတော့သည်။

သူသည် ယခင်ကလို တက်တက်ကြွကြွ မရှိတော့ပေ။ ငြိမ်၍သာ စဉ်းစားနေတော့သည်။

ရီဟန်လင်းမှာမူ သားငယ် ကျိုထန်စိုက်ကို ဂရုစိုက်နေသဖြင့် ခင်ပွန်းဖြစ်သူ ကျိရန်ကို သိပ်ဂရုမစိုက်မိတော့ပေ။

ထိုအချိန်အတွင်း၌ 'ဓားမောက်'ဟူသော အောက်လမ်းသိုင်းဂိုဏ်းသည် တဖြည်းဖြည်း နာမည်ကြီးလာသည်။

မြင်းဖြူအာမခံဌာနကို တိုက်ခိုက်ပြီးသောအခါ ဓားမောက်ဂိုဏ်း၏နာမည်မှာ အကြီးဆုံးဖြစ်လာ၏။

အခြား အခြားသောအာမခံဌာနများကလည်း ရီကျင်းယောင်၏ ဓားမောက်ဂိုဏ်းကို အထူးအာရုံစိုက်လာကြရတော့သည်။

ဤသို့ဖြင့် သုံးလခန့် ကြာမြင့်သွားလေတော့၏။

တစ်နေ့တွင် ဓားမောက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ရီကျင်းယောင်အား အဆိုတစ်ခု တင်ပြပြန်တော့သည်။

"ဆရာကြီး... ကျွန်တော်တို့ တီဆန်ထုံးမြို့ကို သွားတိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်”

အရက်များကို နေ့မလင်း ညမလင်း သောက်နေသည့် ရိ
ကျင်းယောင်၏မှေးနေသောမျက်လုံးများသည် ကြောက်မက်ဖွယ်ရာ
ပြူးကျယ်သွားပြန်သည်။

“ဟေ... တီဆန်ထူးမြို့ကိုတိုက်မယ် ဟုတ်လား”

“ဟုတ်တယ်... တီဆန်ထူးကိုတိုက်မယ်၊ ကျွန်တော်တို့ သိ
နားဖို့လဲ မကောင်းတော့ဘူးလေ”

“ကျိုရန် အဲဒီမြို့ကိုသွားမတိုက်နဲ့၊ အဲဒီမြို့စားက သူ့ရဲ့မြို့
စောင့်တပ်အင်အားကို အမြဲတမ်း အားဖြည့်ပြုစုနေတာကွ၊ အဲဒီမြို့
သွားတိုက်ရင် ငါတို့အားလုံး စုတ်ပြတ်ပြီး ပြန်ပြေးလာရမှာ သေချာ
တယ်”

“ဟာ... ဒါတော့ ဆရာကြီး အစိုးရိမ်လွန်တာပါ၊ မန်ချူးဧ
ယာ ဝါးအစည်းပြေသလိုဖြစ်နေတဲ့ တရုတ်ပြည်ကြီးကို ဘယ်လို
အုပ်ချုပ်နိုင်တော့ပါဘူး၊ ဒီမြို့စားတွေလဲ စည်းစိမ်ခံဖို့လောက်ပဲ စဉ်း
စားနေကြတာပါ”

“ကျိုရန် မင်းမှားပြီ၊ အဲဒီတီဆန်ထူးမြို့ကို ငါကိုယ်တိုင်
ဦးစီးပြီး သွားတိုက်ဖူးတယ်၊ ကဲ... ဘာကြောင့် ငါ တားနေတယ်ဆို
တာ ရှင်းပြီလား”

“ဗျာ... ဆရာကြီး တိုက်ဖူးတယ်ဟုတ်လား”

ကျိုရန်နှင့်ရိကျင်းယောင်တို့၏ ဆက်ဆံရေးပုံစံမှာ အထူးဆန်း



ဖြစ်၏။

ကျိုရန်သည် သူ့ကိုယ်ပွားတစ်ယောက်လောက် အားကိုးနေ
ရရုံမျှမက သားမက်ပင် တော်စပ်နေသဖြင့် ဂိုဏ်းချုပ်ကြီး ရိကျင်း
ယောင်ကို ကျိုရန်က အထက်ပါအတိုင်း ပြောရဲဆိုရဲခြင်း ဖြစ်ပေသည်။

“တီဆန်ထူးမြို့စားဟာ အမြဲတမ်း သတိဝီရိယရှိတယ်... သူ့
မြို့စောင့်တပ်သားတွေကိုလဲ အမြဲတမ်း ဂရုစိုက်တယ်၊ အဲဒီမြို့စောင့်
တပ်သားတွေကလဲ တိုက်ရည်ခိုက်ရည်ပြည့်ဝကြတယ်”

ကျိုရန်က တစ်ချက် ထောက်လိုက်၏။

“အဲဒီတုန်းက ကျွန်တော်တို့ဟာ ခုလောက် အင်အားမ
တောင့်တင်းသေးဘူးလေ၊ ဒါကိုလဲ ထည့်တွက်ဦးမှပေါ့”

“ဟာ... သူကလဲ အဲဒီတုန်းကအတိုင်း သူ့ရဲ့မြို့စောင့်တပ်ကို
ဘယ်ဖွဲ့စည်းထားပါ့မလဲ၊ အခုဆိုရင် တပ်သားဦးရေတိုးပြီပေါ့”

“မတူဘူး ဆရာကြီး... ကျွန်တော်တို့ရဲ့အင်အားဟာ ဆယ်
ဆမက တိုးတက်လာနေပြီ၊ သူတို့ကို ငြိမ်ငြိမ်သက်သက် နေနိုင်ခြင်း
ဟာ စားမောက်ဂိုဏ်းကြီးအတွက် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်း
စွပ်စေတာပဲ”

“ဟေ....”

“ဟုတ်တယ်လေ... ဂိုဏ်းသားသစ်တွေဟာ တက်ကြွနေကြ
တယ်၊ သူတို့အတွက် တိုက်ပွဲသစ်တွေ လိုနေတယ်၊ မထူးသဖြင့်
မြို့စောင့်တပ်အင်အား လုံလုံခြုံခြုံ၊ ပြည့်ပြည့်စုံစုံရှိတယ်ဆိုတဲ့ တီဆန်

www.burmeseclassic.com

www.burmeseclassic.com



ထူးမြို့လို မြို့မျိုးကို အပြင်းအထန် တိုက်ပေးရမယ်၊ ဒါမှ ကျွန်တော်
ဂိုဏ်းသားသစ်တွေရဲ့သွေးတွေဟာ ပူနွေးလာမယ်၊ ရန်သူကိုမြ
တွေးပြီး ကြောက်နေတာထက် အင်အားချင်းရင်ဆိုင်ပြီး စမ်းသ
ကြည့်တာက ပိုကောင်းပါတယ်ဆရာကြီး”

ဂိုဏ်းချုပ်ကြီး ရီကျင်းယောင်သည် ကျိုရန်အား ထပ်မံ
တားမြစ်လိုတော့ချေ။

ပထမတစ်ကြိမ် ရှမ်အမ်းမြို့ကို သွားတိုက်မည်ဆိုစဉ်က သူ
တားမြစ်ခဲ့၏။

အကြောင်းပြချက်ကလည်း ကောင်းသည်။ တားမြစ်
လည်း ကောင်းသည်။

ယခုတီဆန်ထူးမြို့မှာမူ တားမြစ်၍ မကောင်းတော့ချေ
မိမိ တို့အင်အားမှာ အဆမတန် ကြီးထွားလာသဖြင့် တီဆန်ထူးမြို့
စောင့်တပ်ကို ဤမျှကြောက်ရန်လည်း မလိုပေ။

ထို့ကြောင့် ရီကျင်းယောင် ခေါင်းညိတ်လိုက်၏။

“အေး... မင်း သဘောပဲ၊ အမှန်တော့လဲ သိပ်စိုးရိမ်ဖို့တော့
အကြောင်းမရှိပါဘူး၊ တို့က အတော်ကလေး အင်အားကြီးထွားနေ
တာပဲ”

ရီဟန်လင်းက သည်တစ်ကြိမ်တွင်တော့ သူမ၏ဖခင်ထက်
သာသွား၏။

သူ့ယောက်ျား ကျိုရန်ကို တားမြစ်ခြင်း မရှိပေ။ လူဆိုတာ



ရှင်တစ်ခါ သေတစ်လှည့်ပဲဟု ဆိုသည်။

“တိုက်သာ တိုက်”ဟု မှာကြားသည်။

ကျိုရန်ကား လွန်စွာ သဘောကျသွားလေတော့၏။ သူ
အားအောင်ပွဲရရှိထားသဖြင့် သွေးယားနေသူဖြစ်၏။

ယခုတွင် သူ့အား ရီကျင်းယောင်နှင့်ရီဟန်လင်းတို့နှစ်
ယောက်စလုံးက ခွင့်ပြုကြလေပြီ။

ဌာနခွဲမှူးများဖြစ်သည့် ကျင်ကန်း၊ ချူကန်လင်းနှင့် ချန်ပိုင်
သင်းတို့မှာမူ စောဒက တက်ဝံ့သူများ မဟုတ်ချေ။

ရီကျင်းယောင်နှင့်ကျိုရန်တို့က ခေါ်ပြောသည်နှင့်အမိန့်ကို
သေချာစွာ နာခံကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)
## ရှုံးနိမ့်သောစားဓောက်ပိုက်း

သူတို့သည် ကျိုရန်၏ဈွမ်းရည်ကိုယုံကြည်ကြ၏။

ကျိုရန်သာ တကယ်စေ့စေ့စပ်စပ်စီစဉ်လျှင် တီဆန်ထူးမြို့ကို
လည်း အနိုင်ရနိုင်သည်ဟု ယူဆ၏။

ထို့ကြောင့် တစ်ရာခန့်ရှိသော ပိုက်းသားများကို ဌာနခွဲ
သုံးယောက်တို့က လက်နက်များ ဖြင့်ဆင်စေတော့၏။

တိုက်ပွဲဆင်လျှင် မည်သို့လမ်းကြောင်းဆင်၍ တိုက်ခို
မည်ကို ရှင်းလင်းပြသည်။ ကိုယ်စီယူရမည့်တာဝန်များကိုသာ
အုပ်စုလိုက် မည်သို့ စည်းစည်းလုံးလုံး ရှိရမည်ကိုပါ ရှင်းပြသည်။

ကျိုရန်သည် တီဆန်ထူးမြို့ကို ညဘက်၌ ဝင်စီးရန် စီစဉ်
ဤသည်မှာ အကြောင်းရှိသည်။

တီဆန်ထူးမြို့ကို အထောက်တော်များလွှတ်၍ လေ့လာ



သောအခါ အုံ့ညြဖွယ်ကောင်းလောက်အောင် အစောင့်အကြပ်များကို
နေ့ဘက်၌ ပိုမိုချထားသည်ကိုတွေ့ရလေ၏။

ဤသို့ဖြင့် ကျိုရန်သည် တပ်စုသုံးစုခွဲကာ တီဆန်ထူးမြို့ကို
ဝင်တိုက်၏။

ဝင်တိုက်သည်နှင့် သူတို့သည် တီဆန်ထူးမြို့စား၏လှည့်
ကွက်၌ မိသွားခဲ့ပြီဖြစ်ကြောင်း နားလည်လိုက်တော့သည်။

တီဆန်ထူးမြို့စားသည် နေ့ဘက်၌ မြို့စောင့်တပ်သားအ
များအပြားချပြီး ညဘက်၌ ထိုတစ်ဝက်မျှသာ ချထားသကဲ့သို့ သရုပ်
ပြ၏။ သို့သော် တကယ်တမ်းတွင် ညဘက်၌ချထားသည့် မြို့စောင့်
တပ်သားဦးရေမှာ ပိုမိုများပြားသည်။

မည်သို့ပင်ဖြစ်စေ ကျိုရန်အနေဖြင့် မြို့စား၏လှည့်စားချက်
ကို သေချာစွာ စဉ်းစားသင့်၏။ လှည့်စားထားခြင်းသာ ဖြစ်နိုင်သည်
ဟုလည်း နားလည်သဘောပေါက်သင့်၏။

သို့သော် သူ၏အောင်မြင်မှုများက သူ့ဦးနှောက်အမြင်တွင်
အိမ်သလွှာဖုံးစေခဲ့ပြီး စဉ်းစားရန် သတိမရခဲ့ချေ။

ကျိုရန်၏တပ်များသည် မြို့တွင်းသို့မဝင်နိုင်ပေ။

မြို့ကိုစဝင်သည်နှင့် မြို့စောင့်တပ်သားများနှင့် အပြင်းအ
ထန် တိုက်ခိုက်ရတော့သည်။

စစ်ကြောင်းသုံးကြောင်းခွဲ၍ဝင်ရာ သုံးကြောင်းစလုံး မြို့
တွင်းသို့မဝင်နိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



မြို့စောင့်တပ်သားများ၏တိုက်ခိုက်မှု စွမ်းရည်သည် အ
တော်ထက်မြက်သဖြင့် ကျိုရန်၏ခေါးမောက်ဂိုဏ်းသား ထက်ဝက်မျှ
ကျဆုံးကုန်သည်။

ထို့ကြောင့် ကျိုရန်က အားလုံးဆုတ်ခွာရန် အမိန့်ပေးရလေ
တော့၏။ ကျင်ကန်းသည် ထိုတိုက်ပွဲ၌ သေဆုံးသွား၏။

ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့မှ ကသောင်းကနင်းဖြစ်နေ
သည့် သူတို့၏ဂိုဏ်းသားများကို အတော်ကြီး စုစည်းပြီး ပြန်ခေါ်ခဲ့ရ
သည်။ ကျိုရန်က မြင်းတစ်စီးဖြင့် လိုက်လံအမိန့်ပေး၏။

"ချူကန်လင်း၊ ချန်ပိုင်လင်း၊ လက်ရွေးစင် ဂိုဏ်းသားတွေ
ရွေးထုတ်ပြီး ဆုတ်သွားတဲ့ ဂိုဏ်းသားတွေနောက်က ခံထား၊ မြို့စော
တပ်သားတွေ လိုက်တိုက်မှာသေချာတယ်"

မှန်သည်။ ကျိုရန်တွက်ချက်သည့်အတိုင်းပင် မြို့စောင့်တပ်
သားများသည် တရကြမ်း လိုက်တိုက်တော့သည်။

လက်ရွေးစင်ဂိုဏ်းသားများကို ကျိုရန်ကိုယ်တိုင် ဦးစီးပြီး
တိုက်ခိုက်ရာ မြို့စောင့်တပ်သားများသည် စိတ်ထင်တိုင်း မတိုက်နိုင်
ကြတော့ပေ။

"ဆုတ်ကြ... ဆုတ်ကြ... အမြန်ဆုတ်ကြ"

ကျိုရန်သည် မအောင်မြင်သည့် သူ့အစီအစဉ်အတွက် အ
နည်းအပါးသက်သာမှုရရှိစေရန် အပြင်းအထန် အကာအကွယ်ပေး
သဖြင့် လိုက်တိုက်သည့်မြို့စောင့်တပ်သားများသည် ပြန်လည်ဆုတ်



သွားကြသည်။

သည်တစ်ကြိမ်ကား ကျိုရန်တို့ အထိနာလှ၏။ ဂိုဏ်းသား
ထက်ဝက်မျှ သေဆုံးကုန်ပြီး အချို့မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြ
ရာ ရီကျင်းယောင် ဒမြဂိုဏ်းစတည်ထောင်သည့် အခြေအနေမျိုးသို့
ပြန်လည်ရောက်ရှိသွား၏။

ထိုက်ဟူတောင်ရှိ ရုံးခန်းများသို့ရောက်သောအခါ ဂိုဏ်း
သားများအားလုံး ခြေပစ်လက်ပစ် ဖြစ်သွားကြလေတော့၏။

"ကဲ... ငါ မပြောဘူးလားကျိုရန်၊ တီဆန်ထူးမြို့စားဟာ
အမြဲတမ်း သတိဝီရိယရှိတယ်၊ ငါတို့ နောက်တစ်ကြိမ် ဒီလိုအင်အား
မျိုးထပ်ရဖို့ မလွယ်တော့ဘူး"

ရီကျင်းယောင်က ဂိုဏ်းသားငါးဆယ်ကျော် သေဆုံးသွား
သည်ကို ရည်ညွှန်းလျက် ကျိုရန်ကို အပြစ်တင်နေ၏။

ရီကျင်းယောင်က ခေတ္တနားပြီးမှ ဆက်ပြော၏။

"ဒီကြားထဲမှာ ပိုဆိုးတာက ဌာနခွဲမှူးကျင်ကန်း သေဆုံး
သွားတာပဲ၊ ဒါဟာ လက်မောင်းတစ်ဖက်ပြုတ်ခြင်းပဲ"

"ကျွန်တော်လဲ ကြိုးစားတာပဲ ဆရာကြီးရာ၊ တီဆန်ထူးမြို့
စားဟာ ညဘက်မှာ အစောင့်တွေ အများကြီးချထားတယ်၊ ကျွန်
တော်တို့သတင်းရမှားသွားလို့ ဒီလိုဖြစ်ရတာပါ"

"အေးလေ... နည်းနည်းများများ ငါတို့ကတော့ ဒီအင်အားနဲ့
တိုက်မှာ မဟုတ်လား၊ ရှုံးမှာကတော့ ရှုံးမှာမဟုတ်လား၊ တီဆန်

www.burmeseclassic.com

www.burmeseclassic.com



ထူးကိုတိုက်မယ်ဆိုကတည်းက ငါ စိတ်ထင့်နေခဲ့တယ်၊ ကဲ ရှိစေတော့ ဂိုဏ်းသားတွေကို ငါလိုက်ပြီး အားပေးမယ်၊ သူတို့စိတ်ဓာတ်မကျ စေနဲ့”

ဒမြမိုလ်တဖြစ်လဲ ဂိုဏ်းချုပ်ကြီးရီကျင်းယောင်သည် အ မြော်အမြင်ရှိ၏။

ဒဏ်ရာရသူများနှင့် ရှုံးနိမ့်လာသူများအား တစ်ဦးချင်းအား ပေးသည်။ ကျိုရန်လည်း နောက်မှလိုက်ပါလာသည်။

ရီကျင်းယောင်က....

“မင်းတို့ ဘာမှအားမငယ်ကြနဲ့၊ ငါတို့ဟာ ပထမတုန်း ဒီလောက် အင်အားကလေးနဲ့ ဒမြဂိုဏ်းလေးတစ်ဖွဲ့ ဖွဲ့ပြီးစတင်လှုပ် ရှားခဲ့တာပဲ၊ အခုဆိုရင် ငါတို့မှာအတွေ့အကြုံတွေ အများကြီး ရှိ တယ်”

ဂိုဏ်းချုပ်ကြီး ရီကျင်းယောင်သည် မိန်းကလေးများနှင့် စည်းစိမ်ခံစားနေရာမှ စတင်လှုပ်ရှားလာသည်။

ဤဂိုဏ်းကြီးကို ကျိုရန်၏လက်ထဲသို့ ဝကွက်၍အပ်နှံ ဖြစ်နိုင်တော့ဟု တွေးသည်။

သို့သော် သူသည် စည်းစိမ်ခံလွန်းသဖြင့် ဝလွန်းနေပေ

လူဆိုးလူမိုက် လူသရမ်းများကို တကယ်တမ်း အုပ်ချုပ်နိုင် ရန်အတွက် သူ၏သိုင်းပညာများကို ပြန်လည်လေ့ကျင့်ရပေတော့ မည်။



ကျိုရန်၏ဇနီး ရီဟာန်လင်းကမူ အရှုံးအနိုင်အတွက် မည်သို့မျှ စိတ်အနှောက်အယှက် မရှိပေ။

သူမ၏သားကလေး ကျိုထန်စိုက်ကို ချော့မြှူလျက် ခပ်အေး အေးပင် ရှိသည်။

ကျိုရန်သည် ရီဟာန်လင်း ဤသို့နေသဖြင့် စိတ်သက်သာမှုရှိ သည်ကား အမှန်ပင်။

သူသည် ဂိုဏ်းချုပ်ကြီးရီကျင်းယောင်နောက်သို့ လျှောက် လိုက်ကြည့်ရင်း ဤတိုက်ပွဲရှုံးနိမ့်သွားခြင်းကြောင့် သူ၏လုပ်ပိုင်ခွင့် အာဏာများ အတော်ကလေး ဆုံးရှုံးသွားတော့မည်ဖြစ်ကြောင်း နား လည်လာသည်။

“တောက်... ဒီတစ်ပွဲသာ နိုင်လိုက်ရင် ရှမ်အမ်းမြို့ကိုတိုက်ဖို့ ကိစ္စအတွက် ဂိုဏ်းချုပ်ကြီးရီကျင်းယောင်ကို သေချာပေါက် ဆွဲ ဆောင်လို့ရမယ်၊ အခုတော့....”

ကျိုရန်သည် စိတ်ထဲမှ တောက်ခေါက်ရင်း ပြောမိလေ၏။

သူ၏အသည်းနှလုံးထဲဝယ် ရှမ်အမ်းမြို့စားကြီးအပေါ် မုန်း နေသည့် အမုန်းတရားများကား ယခုထက်တိုင် ရှိနေပေသေးသည်။

ယခုအခြေအနေတွင်ကား သူ့အမုန်းတရားများကို မ ကောင်အထည်ဖော်နိုင်တော့မည် မဟုတ်ချေတကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)
## ကံဆိုးသောသားငယ်

ဂိုဏ်းချုပ်ကြီးရီကျင်းယောင်သည် လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ ဖြစ်လာ၏။

သူ့အနီးရှိ ပျော်တော်ဆက်မိန်းကလေးများလည်း အကပ်မခံတော့ပေ။ သိုင်းပညာများကို ပြန်လည်လေ့ကျင့်လာသည်။

သို့သော် သူ၏လေ့ကျင့်မှုများကား လုံးဝအရာမရောက်တော့ပေ။

အဘယ်ကြောင့်ဆိုသော် မကြာမီအချိန်အတွင်းမှာပင် ဓားမောက်ဂိုဏ်း ပြိုကွဲပျက်စီးတော့မည်ဖြစ်ခြင်းကြောင့်တည်း။

ဖြစ်ပုံကား ဤသို့တည်း။

တီဆန်ထူးမြို့စားကြီးသည် ဓားမောက်ဂိုဏ်းအထိနာသွားသည်ကို သိရှိရသောအခါ အခြားမြို့စားကြီးများ၏ အကူအညီကို



တောင်းယူပြီး ထိုက်ဟူတောင်ခြေသို့ အလုံးအရင်းနှင့် ချီတက်လာကြလေတော့၏။

ရီကျင်းယောင်၏ဂိုဏ်းသားတို့မှာ အလွန်တရာ အင်အားကြီးမားသော တီဆန်ထူး၏မြို့အစောင့်တပ်နှင့် အခြားသောမြို့စောင့်တပ်များ၏ စုပေါင်းအင်အားကို လုံးဝမခုခံနိုင်တော့ပေ။

ထိုတိုက်ပွဲကိုဦးဆောင်သူမှာ တီဆန်ထူးမြို့စားကြီးနှင့် သူ၏စစ်သေနာပတိ ဗိုလ်မှူးစင်ကန်းရွှေ့တို့ဖြစ်သည်။

အဘက်ဘက်မှ ဝိုင်းဝန်းဝိတ်ဆို့တိုက်ခိုက်ခြင်းဖြစ်ရာ ကျိုရန်တို့မှာ အငိုက်မိသွားကြသည်။

ရီကျင်းယောင်၊ ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့သည် အလွန်ခေါင်းဆောင်ဝီသကြ၏။

သူတို့သုံးယောက်နှင့် အခြားလက်ရွေးစင်ဂိုဏ်းသားများကို ဦးဆောင်လျက် မြို့စောင့်တပ်သားများကို အပြင်းအထန်ခုခံတိုက်ခိုက်သည်။

ရီကျင်းယောင်က....

"ကျိုရန်... သမီးနဲ့ မင်းသား ကျိုထန်စိုက်ကိုခေါ်ပြီး ထွက်ပြေးစမ်း။ ငါ ခုခံထားလိုက်မယ်၊ မင်းတို့သာ လွတ်အောင်ပြေး"

ကျိုရန်သည် ကျိုထန်စိုက်ကို တစ်ဘက်ကပွေ့ရင်း ဓားတစ်ချောင်းဖြင့် ခုခံဖောက်ထွက်သည်။

ရီဟန်လင်းလည်း ဓားတစ်ချောင်းနှင့်အကူ နောက်မှကပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လာ၏။

ဓားမောက်ဂိုဏ်းသားများသည် ဖရိုဖရဲဆုတ်ခွာကြသည်။

သို့သော် အထပ်ထပ် ဝိုင်းဝန်းပိတ်ဆို့ထားသည့် မြို့စောင့်တပ်သားများကို မကျော်နိုင်ဘဲဖြစ်နေသည်။ အားလုံးလိုလို သေဆုံးကုန်သည်။

ကျိုရန်၊ ကျိုထန်စိုက်၊ ရီဟန်လင်းတို့သားအမိ သားအဖသုံးယောက်သည် လှိုဏ်ဂူပေါက်မှထွက်လာကြသဖြင့် အခြားသူများကဲ့သို့ အန္တရာယ်များမတွေ့ပေ။ ဤသို့ဖြင့် တောင်ခြေသို့ ဆိုက်ရောက်လာ၏။

"ဟော့... မပြေးနဲ့"

ကံဆိုးမိုးမှောင်ကျပြီဆိုလျှင် မည်သူမျှ ထိုမိုးမှောင်အတွင်းမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

တီဆန်ထူးမြို့စောင့်တပ်မှ ဗိုလ်မှူးစင်ကန်းရွှေနှင့် သူ့တပ်သည် ကျိုရန်တို့ထွက်လာသည့် လှိုဏ်ဂူပေါက်အနီး၌ စခန်းချလျက်သားဖြစ်နေသဖြင့် ကျိုရန်တို့မှာ ထိုတပ်စုနှင့်အပြင်းအထန် တိုက်ခိုက်ရတော့၏။

ထိုတိုက်ပွဲတွင် ရီဟန်လင်းမှာ ဒဏ်ရာရပြီး လဲကျသွား၏။

"ကျိုရန်... ရှင်သာ လွတ်အောင်ပြေးပါ၊ သားကို လွတ်အောင်ကယ်ထုတ်သွားပါ"

ရီဟန်လင်းမှာ ထိုစကားသာ ပြောနိုင်တော့သည်။ ထို



ကားပြောပြီးသည်နှင့် သေဆုံးသွားတော့၏။

ကျိုရန်မှာ ရန်သူများက သူ့အား မထိခိုက်စေရန်သာ ခုခံရင်းဆုတ်ပြေးပြေးသည်။

သူသည် ထိုက်ဟူတောင်၌ ကျွမ်းကျင်သူဖြစ်၍ မကြာမီ ဗိုလ်မှူးစင်ကန်းရွှေတို့လက်မှ လွတ်မြောက်သွားခဲ့၏။

တောင်ပေါ်၌ ခုခံကာကွယ်နေကြသော ရီကျင်းယောင်၊ ချူကန်လင်းနှင့် ချန်ပိုင်လင်းတို့သည် အလွန်တရာ ရဲရင့်စွာ ခုခံကာကွယ်ကြသဖြင့် မြို့စောင့်တပ်သားများသည် အချိန်အတော်ကြာ တိုက်ခိုက်နေကြရသည်။

သို့သော် အင်အားချင်းကွာခြားသဖြင့် ဂိုဏ်းချုပ်ကြီးရီကျင်းယောင် စတင်ကျဆုံး၏။

ထို့နောက် ချန်ပိုင်လင်းကျဆုံးပြီး နောက်ဆုံး၌ ချူကန်လင်းသေဆုံးသွား၏။

တကယ်တမ်း စစ်တမ်းထုတ်ကြည့်လျှင် ဒမြဂိုဏ်းတဖြစ်လဲ ဓားမောက်ဂိုဏ်းသည် ကျိုရန်နှင့်ကျိုထန်စိုက်မှတပါး အားလုံးသေဆုံးကုန်သည်။ တစ်ယောက်ဆို တစ်ယောက်မျှ မကျန်ပေ။

တီဆန်ထူးမြို့စားကြီးသည် ထိုက်ဟူ၌ ရှိရှိသမျှသော မျှားအား မြေလှန်ရှာရာ ရွှေငွေကျောက်သံပတ္တမြား အမြောက်အမြားရရှိသည်။

ထိုက်ဟူတောင်ကို ခြေကုတ်ယူပြီး ဒုက္ခပေးနေသော ဓား

www.burmeseclassic.com

www.burmeseclassic.com



မောက်ဝိုဏ်းပျက်စီးသွားခြင်းအတွက် တီဆန်ထူးမြို့စားကြီး လွန်စွာ ကျေနပ်သွား၏။

ကျိုရန်သည် သူ အလွန်ချစ်သည့်သားကလေး ကျိုထန်စိုက် ကိုပခုံးပေါ်တင်၍ ထိုက်ဟူတောင် နယ်နိမိတ်မှလွတ်အောင် ပြေး တော့သည်။

သူသည် လူသွားလမ်းများကိုရှောင်ကွင်း၍ ပြေးသည်။ ချုံ ဖုတ်များ နွယ်ပင်များကိုရှင်းလင်း၍ ထွက်သည်။

ထို့ကြောင့်သာ သူသည် အသက်ဘေးမှလွတ်ကင်းခြင်း ဖြစ် တော့သည်။

ထိုက်ဟူတောင်ခြေနှင့်တောင်ခြေသို့သွားသည့် လူသွား လမ်းမှန်သမျှ၌ တီဆန်ထူးမြို့စောင့်တပ်မှ အစောင့်များ ချထားရာ လူသွားလမ်းအတိုင်းပြေးပါက ကျိုရန်အနေဖြင့် မည်သို့မျှ မလွတ် မြောက်နိုင်ပေ။

ဤသို့ဖြင့် သူသည် ဟိုပိုင်မြို့သို့ရောက်ရှိလာ၏။ သူ့အဝတ် အစားများမှာလည်း စုတ်ပြဲလျက်ရှိနေပြီ။

ကျိုထန်စိုက်ကလေးမှာလည်း ဆာလောင်လှသဖြင့် ငိုယိုနေ ရှာလေပြီ။

သူသည် ဟိုပိုင်မြို့စွန်ရှိ ခြံတစ်ခြံအတွင်းသို့ဝင်၍ ကလေးအ တွက် အစားအစာ အနည်းငယ်တောင်းသည်။

အိမ်တံခါးပွင့်လာပြီး အိမ်ရှင်လင်မယား ထွက်လာ၏။



ထိုလင်မယား၏အမည်ကား ကျင်းထိန်နှင့်လုစံတည်း။

၎င်းတို့သည် အိမ်တံခါးဝ၌ စုတ်ပြတ်နေသောလူတစ် ယောက်နှင့် ကလေးငယ်တစ်ယောက်ကိုတွေ့လိုက်ရသောအခါ အံ့ ဩသွား၏။

“ရှင်… ရှင်တို့…”

“ဟုတ်ပါတယ်ဗျာ… ကျွန်တော့်ကလေးဆာနေလို့ စားစရာ ကလေးများ ရလိုရငြား ဝင်တောင်းတာပါ”

ကျန်းထိန်နှင့်လုစံတို့သည် ကျိုရန်အား သာမန်အရပ်သား တစ်ယောက်အဖြစ်သာ မြင်ကြသည်။

“ဘယ်လိုဖြစ်လာတာလဲရှင်”

“ကျွန်တော်တို့လင်မယား ဓမြအတိုက်ခံရတာပါခင်ဗျာ၊ ကျွန်တော့်မိန်းမလဲ သေသွားပြီ၊ သူတို့ကလူများလို့ ကျွန်တော်လဲ သားကိုခေါ်ပြီး ကိုယ်လွတ်ရုန်းပြေးခဲ့ရတာပါ”

“ကျွတ်… ကျွတ်… ရှင်တို့ ခု ဘယ်သွားကြမလို့လဲ”

လုစံသည် တစ်နှစ်သားကလေးမျှသာ ရှိသေးသော က လေးငယ်ကို ချစ်ခင်သောမျက်လုံးများဖြင့် လှမ်းကြည့်ရင်း မေးလေ ၏။

ကျန်းထိန်က သူ့မိန်းမသဘောကို သိသည်။ သူ့မိန်းမသည် အရွယ်ရောက်ကလေးလေးကို မွေးစားချင်နေလေပြီ။

ကျိုရန်က….

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလို့ ဘယ်လာရမှန်းတောင် မသိတော့ပါဘူးဗျာ"

"ဒါဖြင့် ကလေးအတွက် ဒုက္ခပေါ့ရှင်"

"ဟုတ်ပါတယ်ဗျာ… ကျွန်တော်လဲ ဒီကလေးအတွက်ပဲ ပူနေရပါတယ်၊ ကလေးကလဲ ငယ်တယ်မဟုတ်လား"

"ဒီလိုလုပ်ပါလားရှင်"

လှစ်သည် သူ့ယောကျ်ားကို တစ်ချက်လှမ်းကြည့်၏။

သဘောထားတောင်းခံသည့် အကြည့်ပေတည်း။ ကျန်းထိန်ကလည်း ခေါင်းညိတ်ပြ၏။ သဘောတူကြောင်း အချက်ပြခြင်းပေတည်း။

"ရှင့် သားကလေးကို ဒီမှာစိတ်ချလက်ချ ထားခဲ့ပါလားဟင် ဒီကလေးရဲ့ ရေးရေးအတွက် ရှင် ဘာမှမပူပါနဲ့၊ သူကိုလူတစ်လုံး သူတစ်လုံးဖြစ်သွားအောင် ကျွန်မတို့ပြုစုပါ့မယ်၊ ကျွန်တော်တို့က ဒီကလေးကို မြင်မြင်ချင်း ချစ်မိပါတယ်"

ကျိုရန်က….

"ခင်ဗျားတို့မှာ သားသမီးမရှိဘူးလား"

"မရှိပါလို့ပေါ့ရှင်… ကျွန်မက ကလေးသိပ်လိုချင်နေတယ် ရှင်သာ ဒီကလေးကိုခေါ်သွားမယ်ဆိုရင် ကလေးလဲဒုက္ခရောက်မယ် ရှင်လဲ ဒုက္ခရောက်မယ်၊ ကျွန်မတို့ဆီမှာသာ ထားမယ်ဆိုရင်တော့ ရှင်လဲ အဆင်ပြေမယ်၊ ကလေးရဲ့ ရေးရေးလဲ ကောင်းစားမယ်"



ကျိုရန်မှာ စဉ်းစားတွေဝေနေသည်။

သူသည် လီလင်းကိုယ်ဝန်ရှိစဉ်က မည်သို့မျှ သံသယစိတ်မဖြစ်ခဲ့ချေ။

သူနှင့်ရရှိသော ကိုယ်ဝန်မဟုတ်မှန်း သိနေ၍ဖြစ်သည်။ ယခုမူ သူ့သေး သူ့သားဖြစ်သဖြင့် မိုက်တိမိုက်ကန်းလူမျိုးဖြစ်သော်လည်း ကိုယ့်သွေးကိုမူ ချစ်ရမှန်းသိနေသည်။

ကျန်းထိန်က….

"စဉ်းစားပါ… ကျုပ်တို့ကလဲ ခင်ဗျားသားကို အရမ်းမတောင်းပါဘူး မိတ်ဆွေ၊ ကျွေးမွေးပြုစုမျိုးထောင်နိုင်မယ်ဆိုရင်တော့…."

ကျိုရန် ငိုင်နေသည်။

"အင်း… လီလင်းလဲ ကျုပ်နှမ်နဲ့ရတဲ့ကိုယ်ဝန်ဟာ မွေးပြီးလောက်ပြီ၊ ခုဆို အတော်လေးတောင် ကြီးပြင်းနေရောမယ်၊ ဒီသားကလေးကိုပေးပစ်ခဲ့လို့ ဖြစ်ပါ့မလား၊ ရီဟန်လင်းက သူ့သားကို ပြုစုပါလို့ မသေခင်က မှာခဲ့သေးတယ်"

ကျိုရန်တစ်ယောက်က အတွေးမျိုးစုံဖြင့် ရှုပ်ထွေးနေစဉ် လှစ်က….

"ရှင် စဉ်းစားလေ… ရှင့်ကလေးက ငယ်သေးတယ်၊ ရှင်သာ အတည်တကျ မနေသေးရှေ့ ဒီကလေးဟာ ဒုက္ခရောက်နေမှာပဲ၊ ကျွန်မတို့ကတော့ အတည်တကျသမားတွေပဲ၊ ရှင့်ကလေး ဘယ်လိုမှ ဒုက္ခ

www.burmeseclassic.com



မရောက်နိုင်ဘူး။ သူ့နာမည်က ဘယ်သူတဲ့လဲ၊ ရှင့် နာမည်တော့..."

"ကျုပ်နာမည်က ကိုရှန်ပါ... ကလေးနာမည်က ကိုထန်စိုက်တဲ့"

လုစ်က ကလေးငယ်ကိုအစားအစာများ ကျွေးမွေးရင်း ခေါင်းကလေးကိုပွတ်သပ်ပေး၏။

"ကိုထန်စိုက်...."

ကလေးငယ်သည် လုစ်ကိုပြုံးပြ၏။ သူသည် လူ့လောက၏ ဒုက္ခသုခများကို မသိရှာသေးပေ။

ကျန်းထိန်က....

"ကလေးဟာ သနားစရာပါဗျာ၊ အခုတော့ ဘယ်လောက်ဆာလောင်နေရှာသလဲ၊ ခင်ဗျား သူ့ကိုခေါ်သွားရင် အိမ်တိုင်းမှာဝင်တောင်းနေရမှာပဲ၊ ဒါမှမဟုတ်ရင် ခင်ဗျား ဒမြတိုက်ပြီး ခင်ဗျားကလေးကိုရှာကျွေးရလိမ့်မယ်၊ ကလေးအတွက် စေတနာထားတယ်ဆိုရင် ထားသာထားခဲ့ပါဗျာ၊ ကလေးအတွက် ကျုပ်တို့တာဝန်ယူတယ်"

ဂျိုရှန်သည် ကျန်းထိန်တို့လင်မယားပြောသည့်အချက်များကို လက်ခံလာသည်။

"ကောင်းပါပြီ... ကျွန်တော် သဘောတူပါတယ်၊ ဒါပေမယ့်...."

"ပြောပါ... ရှင်ကြိုက်တာ ပြောပါ"

"ကျွန်တော့်သား ကြီးလာရင်တော့ သိုင်းပညာသင်ပေးစေချင်ပါတယ်"



"ဩော်... ရှင်က သိုင်းသမားလား"

"ဟုတ်ကဲ့... မြေသိမ့်တုန်လက်သီးသိုင်းသမားကိုရှန်ဆိုတာ ကျွန်တော်ပါပဲ၊ သိုင်းသမားရဲ့သားဟာ သိုင်းပညာမတတ်ဘူးဆိုရင် ကြားမကောင်းပါဘူး"

ကျန်းထိန်နှင့်လုစ်တို့က ကတိပေး၏။

"စိတ်ချပါ... သူဟာ သိုင်းပညာတတ်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်ရပါစေ့မယ်၊ ကျွန်မတို့ ကောင်းကောင်းပြုစုမယ်ဆိုတာ ကတိပေးပါတယ်"

"ကောင်းပါလေရဲ့ဗျာ... ကျွန်တော်ကလဲ ခင်ဗျားတို့ကို အများကြီး ကျေးဇူးတင်ပါတယ်၊ ကဲ... ကျွန်တော် သွားတော့မယ်"

"ကောင်းပါပြီ... ကျွန်မတို့ဆီက ရိက္ခာကလေး ဘာကလေးများ ယူသွားပါဦးလား"

"တော်ပါပြီဗျာ... ကျွန်တော့်အတွက် တစ်လုပ်တစ်ဆုပ်ဆိုတာ ဘာမှမခဲယဉ်းပါဘူး၊ ဩော်... တစ်ခုတော့ မေးပါရစေ"

"ဘာများလဲရှင်... မေးပါ"

"ကျွန်တော့်သားအရွယ်ရောက်ရင် ကျွန်တော်ဟာ သူ့အဖေဆိုတာ ခင်ဗျားတို့ ထုတ်ပြောနိုင်မလား"

ကျန်းထိန်နှင့်လုစ်တို့ တွေဝေသွား၏။ အတန်ကြာမှ ခေါင်းညိတ်သည်။ နောင်ခါလာ နောင်ခါချေး သဘောပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီရှင်… သူ့အရွယ်ရောက်ရင် ကျွန်မတို့ဟာ မွေးစားအမေနဲ့အဖေ၊ ရှင်ကတော့ အဖေအရင်းဆိုတာ ကျွန်မတို့ရှင်းပြလိုက်ပါ့မယ်"

ကျိုရန်သည် လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလေ၏။

"ကျေးဇူးကြီးလှပါပေတယ်ဗျာ… ခင်ဗျားတို့ လင်မယားနှစ်ယောက်လောက် သဘောထားကြီးမြင့်တဲ့လူမျိုးတော့ ရှိတော့မယ် မထင်ပါဘူး။ ကဲ… ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ကျိုရန်သည် နှုတ်ဆက်ထွက်ခွာသွားတော့၏။

ကျိုရန် ခြံဝင်းအပြင်သို့ရောက်သောအခါ ကျန်းထိန်က လှမ်းအော်လိုက်၏။

"မိတ်ဆွေကြီး ကျိုရန် ကျုပ်တို့မြို့ဟာ အလုပ်ပေါပါတယ် ခင်ဗျား ဒီမှာ အခြေစိုက်ပါလား"

"ရှိပါစေတော့ဗျာ… ကျွန်တော့်မှာ တခြားလုပ်ကိုင်စရာလေးတွေ ရှိပါသေးတယ်၊ ဒါကြောင့်မို့ သွားရတာပါ"

"ကဲ… ကဲ… ဒါဆိုရင်လဲ သွားပေရော့ဗျာ၊ ခင်ဗျားသားအတွက်တော့ စိတ်ချပါ"

"ခင်ဗျားတို့ကျေးဇူးကို မမေ့ပါဘူးဗျာ"

ကျိုရန်သည် ခပ်သုတ်သုတ် လှည့်ထွက်သွားလေတော့၏။

ကျန်းထိန်နှင့်လုစံတို့သည် ကျိုရန် ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိကြလေ၏။



လုစံက….

"ကျွန်မတို့ ကလေးလိုချင်တာ ကလေးပေးမယ့်လူက အိမ်တိုင်ယာရောက် ရောက်လာတယ်၊ အံ့တော်ပဲနော်"

ကျန်းထိန်နှင့်လုစံတို့သည် ကျိုထန်စိုက်ကလေးအား လွန်စွာချစ်ခင်ကြ၏။ ချစ်မြတ်နိုးစွာ ပြုစုစောင့်ရှောက်ကြသည်။

ဤသို့နေလာရာမှ တစ်နေ့တွင် လုစံက….

"ကျန်းထိန် ကျွန်မတို့တော့ ဒုက္ခပဲ"

"ဟေ… ဘာဖြစ်လို့လဲ"

"ကျွန်မှာ ကိုယ်ဝန်ရှိနေပြီ"

ကျန်းထိန်က တဟားဟား အော်ရယ်လေ၏။

"ဒါများကွာ… ဘာဖြစ်သလဲ"

"ဟြော်… သူများကလေးကို မွေးစားပြီးမှ…."

"ဒါက ဒီလိုပဲဖြစ်တတ်တယ်… ဘာဖြစ်သလဲကွာ၊ သားသမီးနှစ်ယောက်ရတာပေါ့"

တစ်နှစ်မျှကြာသောအခါ လုစံသည် သမီးငယ်တစ်ယောက်ကို ကျန်းမာစွာမွေးဖွားပေးလေ၏။

မောင်နှမနှစ်ယောက် ကစားဖော်ရလေပြီဟု ကျန်းထိန်နှင့်လုစံတို့ ဝမ်းသာအားရ ဖြစ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)
## ဆယ်ကျော်သက်ချစ်သူနှစ်ဦး

နေ့ရက်တို့သည် သူ့အလိုအလျောက် တရွေ့ရွေ့ ခရီးသွားနေတတ်မြဲ မမွှတာ့အတိုင်း နှစ်ပေါင်းဆယ့်ရှစ်နှစ်ကို ကျော်ဖြတ်လာခဲ့ တော့သည်။

"ရီရင်ရေ လာဟေ့... ချောင်းထဲမှာ ရေသွားချိုးမယ်လေ"

ကျိုထန်စိုက်က ချောမောလှပသော မိန်းမပျိုလေးရီရင်ကို ရေချိုးသွားရန် ခေါ်လိုက်သည်။

"ကိုကို့ဘာသာ ချိုးပါလား"

"လာပါဟာ... နင်မပါရင် ငါက ပျင်းတယ်ဟ"

ကျိုထန်စိုက်က မရမက ခေါ်ငင်နေသည်။

ကျိုထန်စိုက်နှင့်ရီရင်တို့သည် မောင်နှမသဖွယ် ဆက်ဆံနေကြသော်လည်း သွေးရင်းသားရင်းမောင်နှမမဟုတ်ကြကြောင်းသိရှိ



နေလေပြီ။

ထိုအကြောင်းကို ကျန်းထိန်နှင့်လုစံတို့က ကျိုထန်စိုက်နှင့်ရီရင်တို့အား ခေါ်ယူပြီး အတိအလင်း ရှင်းလင်းဖွင့်ပြောထားပေသည်။

ကျိုထန်စိုက်၏ဖခင်မှာ မြေသိမ့်တုန်လက်သီးသိုင်းသမားကျိုရန်ဆိုသူဖြစ်ကြောင်း၊ ရီရင်ကသာ သူတို့၏သမီးရင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြခဲ့လေသည်။

ထိုသို့ဖွင့်ပြောမည်ဟု ကျိုရန်အား သူတို့ကတိပေးထားခဲ့သည် မဟုတ်ပါလား။

ထိုအချိန်မှစ၍ ကျိုထန်စိုက်နှင့်ရီရင်တို့မှာ တစ်ဦးနှင့်တစ်ဦး မရိုးမသား ဖြစ်လာကြတော့သည်။

နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး သံယောဇဉ်လည်း ရှိနေကြ၏။

မောင်နှမအချစ်မှ အကြင်လင်မယားအချစ်သို့ ကူးပြောင်းချင်နေကြသည်။

ထိုအချက်ကို ကျင်းထိန်နှင့်လုစံတို့ မသိမဟုတ်ပေ။ သိသည်။

သမီးရီရင်အား အခြားလူငယ်များနှင့်လည်း သဘောမတူသဖြင့် ကျိုထန်စိုက်နှင့်ညားလိုက ညားစေတော့ဟု လွှတ်ထားခြင်းသာဖြစ်သည်။

ကျိုထန်စိုက်က အလုပ်ကြိုးစားသည်။ အနည်းငယ် ခက်ထန်မာကျောသည်မှအပ ကျန်သောအမူအကျင့်များကို ပြုပြင်၍ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သို့ပင်ဖြစ်စေ ကျန်းထိန်နှင့်လုစ်တို့ပြောစကားကိုတော့ ကျော်ထန်စိုက်က နားထောင်သည်။

ကျော်ထန်စိုက်သည် သူ့အဖေ ကျော်ရန်နှင့်အလွန်တူလှသည်။

ကျော်ရန်ကဲ့သို့ပင် အသတ်အပုတ်ဝါသနာပါ၏။ သူတို့မြို့ထဲမှ လူငယ်များသည် ကျော်ထန်စိုက်ကို ကြောက်ကြရ၏။

ကျော်ထန်စိုက်က မြို့ကိုဖြတ်သန်းသွားလာတတ်သော သိုင်းဆရာကြီးများထံမှ သိုင်းပညာကိုလည်း သင်ယူထားလိုက်လေသည်။

ကျန်းထိန်နှင့်လုစ်တို့ကလည်း လိုလိုလားလား သင်ယူခဲ့၏။

အိမ်ထဲတွင် ရီရှင်သည် လျှော်ဖွတ်ရန် အဝတ်အစားများကို စုစည်းယူငင်နေသည်။ ကျော်ထန်စိုက်က အိမ်ပေါက်ဝမှ ရပ်စောင့်နေသည်။

ကျန်းထိန်နှင့်လုစ်တို့က ယာခင်းထဲသွားနေကြသောကြောင့် အိမ်တွင်မည်သူမျှမရှိ။

"ကြာတယ်ဟာ... ငါ မစောင့်နိုင်တော့ဘူး၊ ဘာတွေလုပ်နေတာလဲ"

ကျော်ထန်စိုက်က အိမ်ရှေ့မှအော်ရင်း အိပ်ခန်းတွင်းသို့ဝင်လာ၏။

"ဟယ်... ကိုကို၊ မကောင်းဘူး ထွက်ထွက်... ဒီမှာ ရီရှင်အ



ဝတ်အစားလဲနေတာ... ထွက်ဟာ ကိုကို"

ကျော်ထန်စိုက်က မကြားသလို ထုံပေပေလုပ်၍လှပနွဲ့နှောင်းသော ရီရှင်၏ကိုယ်လေးကိုပွေ့ဖက်လိုက်သည်။

"ရီရှင်ကို ချစ်တယ်ကွယ်"

"အို...."

ရီရှင်က သူ့အား ပွေ့ဖက်ထားသော ကျော်ထန်စိုက်၏လက်များကို အသာအယာ ဖြုတ်ဖြေနေ၏။

"သွားပါ.. တော်ကြာ ဖေဖေတို့ပြန်လာလိမ့်မယ်"

"အို... လာလာပေါ့၊ လာတော့လဲ ဖေဖေ့သမီးကို သားချစ်နေပြီလို့ ပြောလိုက်ရုံပဲပေါ့... ကဲ... ကဲ"

ကျော်ထန်စိုက်က ရီရှင်၏ပါးပြင်ကိုမွှေးကြူလိုက်၏။

ရီရှင်သည် ရုန်းကန်ခြင်းမပြုတော့ဘဲ ကျော်ထန်စိုက်၏အပွေ့အဖက်တွင်သာ သာယာကြည်နူးနေလေသည်။

"ကိုကို ကျော်ထန်စိုက်"

"ဘာလဲ"

"ရီရှင်နဲ့ အမြဲတမ်း အတူတူ နေရမယ်နော်"

"နေမှာပေါ့ ရီရှင်ရဲ့၊ ကျော်ထန်စိုက် သွားတဲ့နေရာလဲ ရီရှင်ကို အမြဲတမ်း ခေါ်သွားမှာပဲ"

"သွားပါ.. ကိုကိုက သက်သက်ညာနေတာ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပဲ့တစ်ခါကပြောတယ်လေ... ငါက နင်တို့နဲ့ဘာမှမတော်ဘူးတဲ့၊ ငါ့အဖေက ဟိုအဝေးကြီးမှာနေတာ၊ ငါ တစ်နေ့နေ့အဖေ့ကိုမတွေ့တွေ့အောင် ရှာမယ်ဆို"

ကျိုထန်စိုက်သည် ရီရှင်၏စကားကြောင့် ငိုင်တွေတွေ ဖြစ်သွားသည်။

ဟုတ်သည်။ ကျိုထန်စိုက်သည် အရွယ်ရောက်လာသည်နှင့်အမျှ သူ့အဖေ ကျိုရှန်ကိုတွေ့မြင်ချင်လာသည်။

သူ့အဖေသည် အဘယ်ကြောင့် ဟိုပိုင်မြို့ကလေးမှာ သူ့ကိုထားခဲ့၍ အဝေးတစ်နေရာသို့ ထွက်ခွာသွားရဘိသနည်း။

ကျိုထန်စိုက် မတွေးတတ်ချေ။ သူ့ရင်ထဲမှာ သူ့အဖေနှင့်အမေကိုမှန်းဆပြီး လွမ်းဆွတ်သတိရနေသည်။

သူ့အဖေကို ရှာဖွေချင်သည့်စိတ်ကလည်း ရင်ထဲမှာ ပြည့်သိပ်နေ၏။

"ဟုတ်တယ်... အဖေ့ကိုတော့ တွေ့အောင် ရှာချင်သေးတယ်၊ ဒါပေမယ့် ရီရှင်ကိုတော့ အကြာကြီး ခွဲမသွားပါဘူး"

"ဟင့်အင်း... ရီရှင်တော့ တစ်ရက်မှမခွဲနိုင်ဘူး"

ရီရှင်က ကျိုထန်စိုက် ပွေ့ဖက်ထားသောလက်တွင်းမှ မသိမသာ ရုန်းထွက်ရင်း ပြောဆိုလိုက်၏။

"ငါလဲ ဘယ်ခွဲချင်ပါ့မလဲ ရီရှင်၊ ငါ့ကိုလဲ ကိုယ်ချင်းစာကြည့်ဦးလေ၊ ငါ့အဖေကို ငါ တွေ့ချင်မှာပေါ့... မဟုတ်ဘူးလား"



"ရီရှင်လဲ အတူတူ လိုက်ခဲ့မယ်"

"မေမေနဲ့ဖေဖေက ဘယ်လွှတ်ပါ့မလဲ ရီရှင်ရဲ့"

"ရီရှင်တော့ အတင်းလိုက်မှာပဲ"

"ငါကတော့ မခေါ်ဘူးဟေ့"

ကျိုထန်စိုက်က တမင်ဘုပြောလိုက်သည်။ ရီရှင်က ကျိုထန်စိုက်၏ကျောပြင်ကို တအုံးအုံးနှင့် ထုနှက်လိုက်၏။

ထို့နောက် ဟိုပိုင်မြို့ရှိ ပိုင်ကျုံးချောင်းတွင် ရေချိုးရန် အတူတကွ ထွက်ခွာခဲ့ကြသည်။

ညနေဆည်းဆာချိန် ဖြစ်သည်။ နေမင်းကြီးသည် သူ၏ပုနှင်းဆီရောင်ဝတ်ရုံကြီးကိုလှပစွာ ဖြန့်ကျက်လိုက်၏။

အနီရောင်နောက်ခံမိုးသားကို ဖြတ်သန်းပျံသွားသွားကြသော ငှက်ကလေးများကို မြင်ရသည်။

လေတဟူးဟူး တိုက်ခတ်နေသောကြောင့် ကျိုထန်စိုက်နှင့်ရီရှင်တို့၏ဆံပင်များ တလူလူ လွင့်နေကြသည်။

ကျိုထန်စိုက်၏လက်ကလေးကို ရီရှင်က ကိုင်ဆွဲကာ ချောင်းရိုးအတိုင်း လမ်းလျှောက်လာ၏။

ငယ်စဉ်ကလေးသူငယ်ဘဝကတည်းက ဤချောင်းရိုးမှာပင် သူတို့ ပြေးလွှားဆော့ကစားခဲ့ကြသည်။

ယခုလည်း ဤချောင်းရိုးမှာပင် သူတို့၏ချစ်သူဘဝသာယာကြည်နူးမှု ပန်းချီကားကိုဖန်ဆင်းနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ရီရင်....”

“ဘာလဲ ကိုကို”

“ကျိုထန်စိုက် တစ်ခုပြောမယ်၊ ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ တကယ်လို့ ဒီလောက မြေပြင်အနှံ့ ကျိုထန်စိုက် ဖေဖေ့ကို လိုက်ရှာလို့တွေ့မယ်ဆိုရင်လေ ဖေဖေနဲ့လဲ အတူတူနေချင်တယ် သိလား”

“ရီရင် ကိုယ်ချင်းစာတတ်ပါတယ်”

“ဖေဖေက ဘာလို့များ ကျိုထန်စိုက်ကို ရီရင်တို့ ဖေဖေဆီမှာ ပေးပစ်ခဲ့တာလဲ မသိဘူးနော်”

“ခေါ်သွားလို့မဖြစ်နိုင်လို့ နေမှာပေါ့”

ရီရင်က သူထင်သည့်အတိုင်း ဝေဖန်ချက်ချလိုက်၏။

“အင်းလေ.. ဖေဖေဟာ ဘာအလုပ်အကိုင်တွေလုပ်ပြီး ဘယ်နေရာတွေမှာ သွားနေသလဲမသိဘူးနော်”

“ဒါတော့ ရီရင်လဲ ဘယ်ပြောတတ်ပါ့မလဲ၊ ဒါကို မေမေတောင် တိတိကျကျမှမသိတာ ကိုကိုရယ်”

“အင်းလေ... ကျိုထန်စိုက်ရဲ့ဘဝက ပေးအပ်လာတဲ့အခြေအနေတွေပဲ”

“တော်ပါတော့ ကိုကိုရယ်၊ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့”

“ရီရင်နဲ့အတူတူ ရေကူးမယ်”



ရီရင်က ရေကူးဖို့အဝတ်အစားကို သေသေသပ်သပ် ပြုပြင်လိုက်ကာ ကျိုထန်စိုက်၏လက်ကိုဆွဲလိုက်၏။

ကျိုထန်စိုက်က ရီရင်ကိုဆွဲကာ ချောင်းကမ်းပါးပေါ်သို့ ပြေးတက်လိုက်သည်။

ထို့နောက် လက်တွဲမဖြုတ်ဘဲ ရေထဲသို့ အတူတကွ ခုန်ချလိုက်ကြလေသည်။

ချောင်းရေ၏အေးစက်သောပွေ့ဖက်မှုကို လန်းဆန်းစွာခံစားရ၏။

ရီရင်က ကျိုထန်စိုက်ကို စ၍ ထွက်ပြေး၏။

ကျိုထန်စိုက်က ရီရင်ကို သဲသဲမဲမဲ လိုက်ဖမ်း၏။ ရေကူးကျွမ်းကျင်သောကြောင့် တော်တော်နှင့်မမိ။

မမိသောအခါ ရီရင်က စသည်ကို ကျိုထန်စိုက်က ဒေါပွဟန်ဖြင့် ရေကူး၍လိုက်၏။ ရီရင်က ပြေး၏။

နောက်ဆုံးတွင် ရီရင်သည် ရေကူးရင်း မောလာသောကြောင့် ကျိုထန်စိုက်၏အမိကို ခံလိုက်ရလေသည်။

ကျိုထန်စိုက်သည် ရေများ စိုရွှဲနေသော ရီရင်၏ကိုယ်လုံးကလေးကို အားရပါးရ ပွေ့ဖက်၍ ဖျစ်ညှစ်လိုက်သည်။

“အား... အား.. အရိုးတွေ ကြေကုန်လိမ့်မယ်ကိုကို”

ထိုအဖြစ်အပျက်များကို ချောင်းကမ်းပါးတစ်နေရာမှနေ၍ ရပ်ကြည့်နေသော လူကြီးတစ်ယောက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထန်စိုက်နှင့်ရီရင်တို့ အားရပါးရ ရေချိုးကစားကြ[illegible] နောက် ကုန်းပေါ်သို့တက်လာကြသောအခါတွင် ထိုလူကြီးနှင့်[illegible] နှာချင်းဆိုင်မိကြလေသည်။

ရီရင်သည် သူမ၏မလုံခြုံသောအလှကို လက်ကလေး[illegible] ဖက်ဖြင့် ဖုံးအုပ်ထားလိုက်၏။

ကျော်ထန်စိုက်သည် ထိုလူကြီးကို ဤမြို့၌ တစ်ကြိမ်တ[illegible] မြင်တွေ့ဖူးခြင်းမရှိပေ။

သို့သော် သူ့စိတ်တွင်းမှ မြင်ဖူးသလိုလိုရှိ၏။

ရပ်ကြည့်နေသောလူကြီးက သူတို့ရှိရာသို့ လေးကန်သေ[illegible] ခြေလှမ်းများဖြင့် လျှောက်လာ၏။

"ဒီမှာသူငယ်... ဒါ ဟိုပိုင်မြို့လား"

"ဟုတ်ပါတယ် ဦးရီး... ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

"အင်း... နှစ်သိပ်ကြာတော့ သတိတွေလဲ မကောင်းတော[illegible] ပါဘူးကွာ၊ နာမည်တွေတောင် မေ့တော့တော့ပဲ၊ ကျန်းထိန်ပဲ မှတ[illegible] တော့တယ်၊ ကျန်းထိန်ဆိုတာ လူကလေး ဒီမြို့မှာ ကြားဖူးသလား"

ကျော်ထန်စိုက်ကော ရီရင်ပါ မျက်လုံးပြူးသွားကြ၏။ ကျ[illegible] ထိန်သည် ရီရင်၏အဖေ မဟုတ်ပါလား။

လာရောက်မေးမြန်းသောလူကြီး၏မျက်နှာတွင် အမာရွတ်[illegible] နှင့် ကြောက်စရာကောင်းလှသောကြောင့် ရီရင်က ချောက်ချား[illegible] ကြည့်နေမိ၏။



"ကျန်းထိန်ဆိုတာ ကျွန်တော်တို့ဖေဖေပါ"

ထိုလူကြီး၏မျက်နှာသည် ဝင်းထိန်သွားလေ၏။ ကျော်ထန် [illegible]တ်ကို ထိုလူကြီးက ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ဒါနဲ့ လူကလေးနာမည်က ဘယ်သူလဲကွယ့်"

"ကျွန်တော့်နာမည် ကျော်ထန်စိုက်ပါ ဦးရီး... ဒီနာမည်ကို [illegible]ကျွန်တော့်အဖေက ပေးသွားခဲ့တာပါ"

"သား... လူကလေးဟာ အဖေ့ရဲ့သား"

မျက်နှာတွင် အမာရွတ်များဖြင့် ပြည့်နှက်နေသော ကျိုရန် [illegible]သည် သူ၏သားဖြစ်သူကျော်ထန်စိုက်အား တုန်ရင်သောလက်များဖြင့် [illegible]ဖက်လိုက်၏။

"တော်သေးတာပေါ့ သားရယ်၊ အဖေဟာ သားကို ဒီတစ် [illegible]တ်မှာ ပြန်မတွေ့ရတော့ဘူးလို့ အောက်မေ့နေတာ"

ရီရင်သည် သားအဖနှစ်ဦး၏တွေ့ဆုံပွဲကို အံ့ဩစွာ ငေး [illegible]ကြည့်နေလေသည်။

"ကျွန်တော်လဲ အဖေ့ကို သိပ်တွေ့ချင်နေတာပါဖေဖေ၊ ဖေ [illegible]ဟာ ကျွန်တော့်ကို ဘာလို့ သူများအိမ်မှာ ထားခဲ့ရတာလဲ"

"သူများအိမ်မှာ ငါ့သားကို ဖေဖေ ဘယ်ထားခဲ့ချင်ပါ့မလဲ [illegible]ပေမယ့် နေစရာမရှိ စားစရာမရှိနဲ့ ဖေဖေ့နောက်မှာ ရန်သူတွေ [illegible]တ်လာလို့ ဖေဖေ သားကိုထားခဲ့ရတာပါ"

ကျိုရန်၏မျက်လုံးအိမ်တွင် မျက်ရည်များ ဝိုင်းတက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုထန်စိုက်သည် သူ့အဖေကဲ့သို့ပင် မျက်ရည်များ သီးဝေနေ၏

ရီရင်ကလည်း ရော့ယောင်ကာ မျက်ရည်များ ဝေ့ဝဲနေသော သည်။

"ဖေဖေ... ကျွန်တော့်ကိုလာခေါ်တာလားဟင်"

ရီရင်းက စိုးရိမ်စွာ နားထောင်နေသည်။

"အင်း... ဖေဖေ သားနဲ့အတူတူနေဖို့လာတာ ဆိုပါတော့"

ကျိုရန်၏ဖြေသံကိုကြားလိုက်ရတော့မှ ရီရင်၏စိုးရိမ်မှုများ မျက်ပြယ်သွားရှာသည်။

ကျိုရန်က ရီရင်ကိုကြည့်လိုက်၏။

"သူက ဘယ်သူလဲ သား"

"ကျွန်တော့်ကိုမွေးစားတဲ့ ဖေဖေကျန်းထိန်နဲ့မေမေ လုစ်တို့ ရဲ့သမီးပါ ဖေဖေ"

"ဪ... သူငယ်မလေးကလဲ ချောသားပါလားကွယ်"

ကျိုရန်၏ချီးမွမ်းမှုကြောင့် ရီရင်သည် ရှက်ရွံ့စွာ ခေါင်းငုံ့နေ လိုက်တော့၏။

အိမ်ရှိရာသို့ ကျိုရန် လိုက်ပါလာသောအခါတွင် ကျန်းထိန် နှင့်လုစ်တို့ မျက်လုံးပြူးသွားကြတော့သည်။

"ဘယ်က လူကြီးကိုခေါ်လာတာလဲ သားရဲ့"

"ကျွန်တော့်အဖေ ကျိုရန်လေ... မေမေတို့ မမှတ်မိတော့ဘူး လား၊ သေသေချာချာ ကြည့်ပါဦး"



သည်တော့မှာပင် ကျန်းထိန်သည် ကျိုရန်ကို မှတ်မိသွား တော့၏။

"ခင်ဗျားလဲ နေနိုင်တဲ့လူဗျာ၊ ထွက်သွားပြီးကတည်းက ပေါ်မလာလိုက်တာ၊ အခုမှပဲ ရောက်လာတော့မယ်"

"ကျုပ်လဲ စိတ်လေလေနဲ့ ထင်ရာတွေ လျှောက်သွားနေမိ တော့တာပဲဗျို့၊ ကြုံတဲ့အလုပ်လုပ် ကြုံတဲ့နေရာနေ ဆိုပါတော့၊ ကျုပ် မှာ ငွေတော်တော်များများ ပါလာပါတယ်၊ ခင်ဗျားတို့ကို ကျေးဇူး ဆပ်ဖို့ပေါ့"

ကျိုရန်က သူလွယ်ထားသော အိတ်ကြီးကို အိမ်ပေါ်သို့ ပစ် ချရင်း ပြောလိုက်၏။

"မလိုပါဘူးဗျာ... ကျုပ်တို့မှာ ပစ္စည်းတွေ ရှိပါတယ်၊ ခင် ဗျားပစ္စည်းလဲ မယူပါရစေနဲ့၊ ခင်ဗျားဘာသာ ခင်ဗျားကြိုက်သလို သုံးစွဲပါ"

www.burmeseclassic.com

## အခန်း(၁၄)
## ကတိ

ကျိုရန်သည် ဟိုပိုင်မြို့၌ အိမ်တစ်လုံးဝယ်လိုက်သည်။

ထို့နောက် သူ့သား ကျိုထန်စိုက်အား ရင်းနှီးငွေများ ထုတ်ပေး၏။

သူ၏ဘဝ အေးချမ်းသွားသောအခါ ကျိုရန်သည် အတိတ်ကာလကို သတိရလာမိတော့၏။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သူ့ကိုချစ်မြတ်နိုးသော လီလင်းသည် ကျိုရန်၏စိတ်တွင်း၌ အကြိမ်ကြိမ် လာရောက်နှောင့်ယှက်နေလေသည်။

သူ ရိုက်ပုတ်ညှဉ်းဆဲခဲ့သောအချိန်၌ လီလင်းမှာ ကိုယ်ဝန်ရှိနေသည်ကို အမှတ်ရမိ၏။

သူ၏မကျေမချမ်း ကလဲ့စားချေမှုကြောင့် ဒုက္ခရောက်ရှာ



သည့် သားကောင်နှစ်ကောင်ကို သူတွေး၍ သနားလာသည်။

ဆန်ပိုင်မြို့သို့ ကျိုရန်သည် တစ်ခေါက်မျှ ပြန်မရောက်ခဲ့။

အခြားမြို့ရွာများမှာသာ နေချင်သလို လှည့်လည်နေခဲ့သည်။

ယခု သူ့တွင် ငွေကြေးများစွာ ရှာ၍ ရထားသည်။ လီလင်းတို့ကို ငွေဖြင့် ထောက်ပံ့ချင်သည်။ အတိတ်မှ ကြွေးကျန်တို့ကို ပြန်လည်ပေးဆပ်ချင်သည်။

သူသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ ခရီးဝေးသွားလာ၍ မသင့်တော့။

သူ့သား ကျိုထန်စိုက်ကို လီလင်းတို့ထံ လွှတ်ချင်သည်။ လီလင်းမှာ အသက်ရှင်လျက်ရှိပါဦးမည်လောဟု သံသယလည်း ဖြစ်မိသည်။

ကျိုရန်က အခေါ်ခိုင်းသည်ဆိုသောကြောင့် ကျိုထန်စိုက်လာခဲ့ရသည်။

ကျိုရန်က သူ့သားဖြစ်သူကို သူ့ရှေ့မှာ ထိုင်ခိုင်းသည်။

"သားကိုခေါ်ခိုင်းလိုက်တာ တခြားတော့ မဟုတ်ဘူးကွ၊ ဖေဖေ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က မိန်းမတစ်ယောက်ယူခဲ့ဖူးတယ်၊ ငါ့သား မေမေနဲ့မတွေ့မီက ဆိုပါတော့၊ ဒီမိန်းကလေးဟာ ချမ်းအမ်းမြို့စားရဲ့သမီး လီလင်းဆိုတာပဲ သား၊ လီလင်းဟာ ဖေဖေ့ကို ချစ်လို့ ဖေဖေခေါ်ရာနောက်ကို လိုက်ခဲ့ရရှာတယ်၊ အဲ...သူ့အဖေ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်အမ်းမြို့စား ကန်လီဆန်က ဖေဖေ့ကိုဖမ်းပြီး ရိုက်နှက်ဖူးလို့ ဖေ ဖေကလွဲစားချေချင်တာနဲ့ သူ့သမီး လီလင်းကိုခိုးယူပြီး ပေါင်းသင်းတာပဲ ဆိုပါတော့၊ တိုတိုပြောရရင်ကွာ ဖေဖေဟာ လီလင်းပါလာတဲ့ ရွှေတွေ၊ ငွေတွေနဲ့ထိုင်စားပြီး လီလင်းကိုနှိပ်စက်ခဲ့တယ်၊ အဲဒီအချိန်က ဖေဖေ့ရဲ့စိတ်ဟာလဲ သိပ်ဒေါသကြီးတာ၊ လူတစ်ယောက် မုန်းပြီဆိုရင် သူနဲ့ ပတ်သက်တဲ့လူတွေကိုပါ အကုန်မုန်းမိတော့တာပဲ လီလင်းဟာ မြို့စားကျိုဝှမ်နဲ့ ယူတော့မယ်ဆဲဆဲပေါ့၊ ဖေဖေနဲ့လိုက် လာတော့ သူ့မှာ ကိုယ်ဝန်ပါလာတာ ဖေဖေမသိဘူး၊ ကိုယ်ဝန်ရှိမှန်းလဲသိရော ဖေဖေဟာ သူ့ကိုရိုက်နှက်ပြီး ထားခဲ့တယ်၊ ငွေလဲမရှိ လင်သား အားကိုးစရာလဲမရှိနဲ့ တော်တော်ဆင်းရဲဒုက္ခတွေ့မှာပဲ"

သူ့အဖေ ကျိုရန်၏လေရှည်ကြီးကို ကျိုထန်စိုက်သည် စိတ်ဝင်စားစွာ နားထောင်နေ၏။

"အခု ဖေဖေ့မှာ ငွေတွေလဲ ရှိတယ်၊ အဲ... ပြီးတော့ လီလင်းကို ဖေဖေ ငွေတွေပေးချင်တယ်"

"သား... ဘာလုပ်ပေးရမှာလဲဟင်"

"သားက လီလင်းရှိတဲ့ဆန်ပိုင်မြို့ကို သွားပေးဖို့ပါပဲ"

"ဆန်ပိုင်မြို့က တော်တော် ဝေးသလားဖေဖေ"

"ဝေးတော့ ဝေးတယ်၊ ဒီကနေ ရက်သုံးလေးဆယ်လောက် သွားမှရောက်မှာ"

ကျိုထန်စိုက်သည် ရီရှင်နှင့် လက်ထပ်ကြတော့မည့်ဆဲဆဲ



ဖြစ်သောကြောင့် ခရီးထွက်ရန် ဝန်လေးနေသည်။

သို့သော် သူ့ဖခင်၏စိတ်ချမ်းသာမှုကို ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

"သား... သွားပေးပါ့မယ် ဖေဖေ"

"အေး... ဖေဖေလဲ အသက်ကကြီးလာတော့ အရင်က မိုက်ခဲ့သမျှတွေကို နောင်တရလာတယ်ဆိုပါတော့သားရယ်၊ မကောင်းဘူးကွာ၊ ဖေဖေဟာ တော်တော်ဆိုးရွားတဲ့အပြုအမူတစ်ခုကို ပြုလုပ်ခဲ့မိတာပဲ"

"အခု ဖေဖေ သူတို့ကိုပြန်စောင့်ရှောက်ဖြိုပဲ ဖေဖေရယ်"

"ဒါတော့ ဒါပေါ့ကွာ... ဒါပေမယ့် မင်းမှာလဲ လက်ထပ်မယ့်ဆဲဆဲ မဟုတ်လား"

ကျိုထန်စိုက်သည် ရီရှင်၏မျက်နှာကိုကွက်ခနဲ မြင်လိုက်မိသောကြောင့် ရင်တွင်းမှ လေးလံသွားသည်။

သည်လအတွင်းတွင် ကျိုထန်စိုက်နှင့်ရီရှင်ကို လက်ထပ်ပေးစားရန်အတွက် ကျန်းထိန်က စီစဉ်ထားသည်။

"ဘယ်တတ်နိုင်မလဲ... ဒီကိစ္စက ပြန်လာမှဆက်ပြီး စီစဉ်နိုင်လဲ ဖြစ်ပါတယ်၊ သား သွားဖြစ်အောင် သွားမယ်၊ သား ပြန်မလာခင် သူတို့စီစဉ်ထားကြမှာပေါ့"

"အေးလေ... အဖေလဲ အနှောင့်အယှက်ပေးသလို မဖြစ်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ကျိုထန်စိုက်သည် သူ့အဖေ ပြောပြသောဆန်ပိုင်မြို့သို့သွား ရ မည့်ခရီးစဉ်ကို အသေးစိတ် နားထောင်နေသည်။

ကျိုရန်က ရေကြောင်းခရီးဖြင့်သွားလျှင် ရက်သုံးလေးဆယ် ခန့်သွားရမည်ဟုဆိုသဖြင့် အသွားအပြန် သုံးလကျော်လောက်သွား မည်ဟု ကျိုထန်စိုက် တွက်ချက်မိလိုက်သည်။

သည်အကြောင်းများ ရီရင်သိလျှင် စိတ်ဆင်းရဲရပေဦးမည် မည်သို့တတ်နိုင်ပါမည်နည်း။

သူ၏အဖေစိတ်ချမ်းသာမှုအတွက် ရှေးဦးစွာဆောင်ရွက် ပေးရပေမည်။

ကျိုထန်စိုက်သည် သူ့အဖေ၏စကားများကိုနားသာထောင် နေရသည် စိတ်က ရီရင်ဆီသို့ ရောက်နေ၏။

နောက်ဆုံး ကျိုရန်သည် ကျိုထန်စိုက်ကို မြေပုံကြမ်းတစ်ချပ် ဆွဲပေးလိုက်လေ၏။

"ကဲ... အဲဒီခရီးလမ်းအတိုင်းရောက်အောင် သွားပေတော့ တကယ်လို့ တစ်နေရာကိုပြောင်းရွှေ့သွားပြီလို့ကြားရင်လဲ စုံစမ်းမေး မြန်းပြီး ဒီငွေတွေကိုတော့ ရောက်အောင်ပေးလိုက်ပါ"

"စိတ်ချပါ ဖေဖေ"

ကျိုထန်စိုက်သည် သူ့အဖေကို ကတိပေးပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။



ရီရင်သည် ကျိုထန်စိုက်ကို အိမ်ပေါက်ဝမှ စောင့်ကြိုနေလေ သည်။

"ဘာတွေ ခေါ်ပြောတာလဲကိုကို"

"ဘာမှမဟုတ်ပါဘူး... ခရီးတစ်ခုသွားဖို့ မှာတာပါ"

"ဘယ်သူသွားမှာလဲဟင်"

"ကျိုထန်စိုက် သွားရမှာပေါ့"

ရီရင်၏မျက်နှာပြင်က ရုတ်ခြည်းညှိုးလျှော်ဖြူရော်သွားသည်။

သူသည် ကျိုထန်စိုက်ကို တစ်ရက်မျှပင် ခွဲခွာ၍ နေချင်သူမ ဟုတ်ပေ။

"ဘယ်လောက်ကြာမှာလဲ"

"တစ်လလောက်တော့ ကြာမယ်ထင်တယ်"

ကျိုထန်စိုက်က လျော့လျော့ပေါ့ပေါ့ ပြောလိုက်ရသည်။

သုံးလလောက် ကြာမည်ဟု အတိအကျ ပြောလိုက်လျှင် ရီရင်က အတင်းတွယ်ကပ်ကာ မလွှတ်ဘဲနေမည်။

သံယောဇဉ်ဆိုသည်က ခက်သည်။ ရီရင်က သက်ပြင်းရှည် ကြီးကိုချလိုက်၏။

"မသွားလို့ မဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့ ရီရင်ရယ်... ဖြစ်ရင် ဘယ်သွားပါ့မလဲ"

"မေမေတို့က ဒီလအတွင်း ကိုကိုနဲ့လက်ထပ်ပေးဖို့ စီစဉ် ယ်လို့ ပြောထားသားနဲ့ ဘာလို့ ဒီအချိန်ကြီးမှာခရီးသွားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ကိစ္စမို့ပေါ့ ရီရင်"

ကျိုထန်စိုက်၏စကားကြောင့် ရီရင်သည် စိတ်ဆိုးကာ အိမ်တွင်းသို့ဝင်သွားလေသည်။

ကျန်းထိန်နှင့်လုစံတို့ လယ်ထဲမှပြန်လာကြသည်။

အခါတိုင်းဆိုလျှင် ရီရင်က သူ့အဖေနှင့်အမေကို ပြေးထွက်၍ ကြိုတတ်၏။

"ကျိုထန်စိုက် ရီရင် ဘယ်သွားလဲ"

"ရှိတယ် အမေ... အိမ်ထဲမှာ"

ကျန်းထိန်က အခြံမှာ အိမ်ပွယ်ကို နားမလည်သလို ကြည့်၏။ လုစံက ကျိုထန်စိုက်၏မျက်နှာကို အကဲခတ်မိလိုက်၏။

"ရီရင် စိတ်ကောက်နေတယ်ထင်တယ်"

"ဟုတ်တယ်... ကျွန်တော်က အဖေကျိုရန် ခိုင်းတဲ့ကိစ္စအတွက် ခရီးသွားစရာရှိတာကို သွားရပါ့မလားဆိုပြီး စိတ်ဆိုးနေတယ်"

"ဒီကောင်မလေးက ဒီလိုပဲ ကလေးကျနေတာပဲ၊ ဒါနဲ့ကျိုရန်က မင်းကို ဘယ်သွားခိုင်းလို့လဲ"

"ဆန်ပိုင်မြို့ ကိုပါ"

"အေးလေ... အရေးကြီးတဲ့ကိစ္စဆိုရင် သွားရမှာပေါ့၊ တို့ကြည့်ပြောလိုက်ပါ့မယ်ကွာ၊ ကဲ... မင်း ဘယ်တော့ခရီးထွက်မှာလဲ"

"နက်ဖြန်မနက် စောစောသွားမယ်"

"အေးအေး... ဒီလိုဆို ခုညနေထဲက အားလုံးစီစဉ်ထားပေါ့"



ကျိုထန်စိုက်က သူယူငင်သွားရမည့်ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေသည်။

ရီရင်သည် အမေနှင့်အဖေတို့ဖျောင်းဖျသောကြောင့် ကျိုထန်စိုက်၏ပစ္စည်းများကို ကူညီသိမ်းဆည်းပေးနေ၏။

ယခုတော့လည်း ရီရင်သည် အကောင်းပကတိဖြစ်နေပြန်သည်။

"အကြာကြီး မသွားနဲ့... ရီရင် အောက်မေ့လို့ သေသွားလိမ့်မယ်"

"ကျိုထန်စိုက်လဲ ရီရင်ကို အကြာကြီး ခွဲမသွားနိုင်ပါဘူး"

"သွားပါ... ရီရင်ကို အကြာကြီး ခွဲမသွားနိုင်တဲ့နဲ့ ဘာလို့သွားသေးလဲ"

ရီရင်၏ဘုဆတ်ဆတ်ပြောသံကို ကျန်းထိန်က ကြားသွား၏။

"ဟဲ့... သမီး၊ ခရီးသွားမယ့်ဆဲဆဲလူကို ဒီလိုမပြောရဘူးလေ"

ထိုညတွင် ကျိုထန်စိုက်နှင့်ရီရင်တို့ တော်တော်နှင့်အိပ်ရာမဝင်နိုင်ကြ။

လရောင်အောက်တွင် နှစ်ယောက်သား အလွမ်းသယ်နေကြသည်။

အေးမြသောရာသီဥတုက ချစ်သူနှစ်ဦးကို ပိုက်ထွေးယုယ

www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"ရီရင်...."

ရီရင်သည် ကျိုထန်စိုက်ကိုမော့ကြည့်လိုက်၏။ မျက်ရည်များဝဲနေသည်။

"မသွားမဖြစ်လို့ သွားရတာကို စိတ်မကောင်းအောင် ငိုမနေပါနဲ့"

ကျိုထန်စိုက်က ရီရင်၏မျက်ရည်စများကိုသုတ်ပေးကာ ချော့မော့၏။

ကျိုထန်စိုက်က ရီရင်ကိုပွေ့ဖက်ထားရင်း သက်ပြင်းရှည်ကြီးကိုချလိုက်သည်။

ညသည် ချစ်သူနှစ်ဦး၏ယုယမှုကို မကြည့်ရက်သလို မှောင်မိုက်သွား၏။

လဝန်းသည် တိမ်များအကြားတွင် ခေါင်းလျှိုဝင်နေလိုက်လေသည်။

## အခန်း(၁၅)
## ရေထဲမှဒုက္ခသည်

ကျန်းထိန်သည် မြစ်ကမ်းပါးပေါ်တွင် ရပ်ကာ လေကောင်းလေသန့်ကို ရှူရှိုက်လိုက်၏။

ဟိုပိုင်မြို့ အနောက်ဘက်ရှိ ယန်ချင်းမြစ်သည် တိတ်ဆိတ်ငြိမ်သက်သောညတွင် ရေစီးသံ ညင်ညင်သာသာဖြင့် စီးဆင်းနေ၏။

လေသည် တဖြည်းဖြည်း ပိုမိုပြင်းထန်စွာ တိုက်ခတ်လာသောအခါတွင် လှိုင်းလုံးကြီးများ လိပ်ကြွတက်လာကြလေသည်။

ပင်လယ်ပြင်ဘက်မှ လေပြင်းတိုက်ခိုက်ဟန်ရှိသည်။ မြစ်ရေတို့သည် စိတ်ပြောင်းသွားသလို တဟဲဟဲဖြင့် လှိုင်းများတက်လာတော့သည်။

မြစ်ဝတွင် ,ချွန်ထက်သော ကျောက်ဆောင်ကလေးများရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတိုက်ခတ်လျှင် သည်နေရာ၌ ရွက်လှေများ အန္တရာယ် မကြာခဏ တွေ့ကြုံရတတ်သည်။

ယခုလည်း မြစ်ဝမှ ရွက်လှေကြီးတစ်စင်းဝင်လာသည်ကို ကျန်းထိန် တွေ့လိုက်ရ၏။

လှိုင်းလုံးကြီးများ၏ရိုက်ပုတ်မှုကြောင့် ရွက်လှေကြီးမှာ ထလူးလူး တလိမ့်လိမ့် ဖြစ်နေ၏။

"ဟာ… လေမုန်တိုင်းကျပြီထင်တယ်၊ ဟိုရွက်လှေတော့ ဒုက္ခရောက်တော့မှာပဲ"

ကျန်းထိန်က စိုးရိမ်စွာ ရေရွတ်လိုက်မိသည်။

ရွက်လှေပေါ်မှ လူများ၏ဆူးဆူးညံညံ အော်ဟစ်သံကိုကြားနေရသည်။

ကျန်းထိန်သည် မြို့တွင်းသို့ အလျင်အမြန် ပြေးလွှားဝင်သွားသည်။

ထို့နောက် သူနှင့်ခင်မင်သော မိတ်ဆွေများအား အဖြစ်အပျက်ကို ပြောပြသည်။

ကျန်းထိန်၏လှုံ့ဆော်မှုကြောင့် မြို့သားတော်တော်များများ မြစ်ဝသို့လိုက်ပါလာကြသည်။

အချို့က ကြိုးများနှင့်သံချိတ်များ၊ ဝါးလုံးများပါ တပါတည်း ယူဆောင်လာကြသည်။

သည်မြစ်ဝသည် ရွက်လှေ မကြာခဏပျက်တတ်သော မြစ်ဖြစ်သောကြောင့် ဟိုပိုင်မြို့သူမြို့သားများက ကယ်ဆယ်ရေးလုပ်ငန်းတွင် ကျွမ်းကျင်နေကြသည်။

ရွက်လှေကြီး၏အခြေအနေမှာ တစထက်တစ မကောင်းတော့။

လေဒဏ်မိုးဒဏ်ကြောင့် မီးရောင်မှုံမှုံကလေးဖြင့် လူးလိမ့်နေသည်ကိုသာ မြင်နေရ၏။

"လေကတော့ သိပ်ပြင်းနေတယ်၊ ကျောက်ဆောင်တွေနဲ့မတိုက်မိဖို့ပဲ အရေးကြီးတယ်"

ကျန်းထိန်က မှတ်ချက်ချသည်။

"နီးတဲ့ကမ်းတစ်ခုခုကို ကပ်နိုင်ဖို့ ကြိုးစားနေသလားမသိဘူး"

ကျန်းထိန်၏အနီးသို့ရောက်လာသောကျိုရန်က ထင်ကြေးပေးလိုက်၏။

"ကမ်းနဲ့နီးသွားရင် ပိုဆိုးသွားနိုင်တယ်… ကျောက်ဆောင်တွေက ကမ်းပါးမှာရှိတာ"

သူတို့တစ်ယောက်တပြန် မှတ်ချက်ချနေစဉ်မှာပင် လေအားဒဏ်မခံနိုင်တော့သော ရွက်လှေကြီးသည် ကျောက်ဆောင်တစ်ခုနှင့် ပြင်းပြင်းထန်ထန် ရိုက်ခတ်ကာ နှစ်ပိုင်းကွဲသွားလေတော့သည်။

မြစ်ပြင်ထဲသို့ ခုန်ချသောလူများကို ဖွေးဖွေးလှုပ်မျှ မြင်လိုက်ရသည်။ အော်ဟစ်သံတို့ ပွက်လောညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ရေထဲသို့ရောက်သည်နှင့်ပင် စုန်းစုန်းမြုပ်သွားကြလေတော့သည်။

ဟိုပိုင်မြို့ကမ်းပါးနှင့် အတော်ဝေးနေသောကြောင့် ဘယ်သူမျှ ကယ်တင်ရန် အခွင့်မရကြပေ။

"တော်တော်ကံဆိုးတဲ့ ရွက်လှေပဲ... ဟိုဘက်ကမ်းမှာ သွားပြီးပျက်တာယ်၊ တို့ ဘယ်လိုလုပ်ကြမလဲ၊ လေကလဲ သိပ်ပြင်းနေတယ်၊ ရေစီးကလဲ မြန်တယ်၊ မြစ်ထဲကိုဆင်းကယ်ဖို့တော့မဖြစ်ဘူးထင်တယ်"

မြို့သားတစ်ယောက်က ကျန်းထိန်ထံမှ အကြံဉာဏ်တောင်းခံသည်။ ကျန်းထိန်က ခေါင်းကိုသွက်သွက် ခါလိုက်၏။

"အင်း... ဘယ်တတ်နိုင်ပါ့မလဲလေ"

ကျန်းထိန်က စိတ်မကောင်းစွာ ပြောလိုက်၏။

လေ၏နောက်တွင် လှေပျက်ကြီးသည် တရွေ့ရွေ့ ပါသွားပြီးနောက် ရေထဲသို့ တဖြည်းဖြည်း နစ်မြုပ်သွားလေ၏။

မြင်ကွင်းမှာ စိတ်မချမ်းသာစရာ မြင်ကွင်းများသာဖြစ်၏။

ရွက်လှေ၏ပတ်ဝန်းကျင်တွင် ဝဲကတော့ကြီးတစ်ခုဖြစ်ပြီးနောက် လူယက်ကူးခတ်နေသူများကို ရေအောက်ထဲသို့ဆွဲချလိုက်သည်။

ညသည် ပိုမို၍ မည်းမှောင်လာသောကြောင့် ဘာမျှသဲသဲကွဲကွဲ မမြင်ရတော့ချေ။



ထိုစဉ်မှာပင် ဟိုပိုင်ကမ်းဘက်သို့ တဖြည်းဖြည်း ရွေ့လျားလာသောအရာတစ်ခုကို တွေ့ရသည်။

သစ်လုံးကြီးတစ်လုံး ဖြစ်သည်။ သစ်လုံးဘေးတွင် လူတစ်ယောက်တွယ်ကပ်လိုက်ပါလာသည်ကို မြင်လိုက်ရ၏။

ကျန်းထိန်က ရေစီးချောင်းတွင် မျောပါလာသောသစ်လုံးကို သံချွန်ဖြင့်ပစ်ဆွဲရန် ပြောလိုက်သောကြောင့် မြို့သားတစ်ဦးက သံချိတ်ပါသောကြိုးကွင်းဖြင့် သစ်လုံးရှိရာသို့ လှမ်းပစ်လိုက်သည်။

ကျန်းထိန်သည် ရေစီးအား သန်လှသောကြောင့် သစ်လုံးမျောမသွားရန် ကူဆွဲသည်။ ရေစီးအားက ပြင်းထန်လှ၏။

ကြိုးကို ရေစီးအားနှင့် မျောနေသောသစ်လုံးက ဆောင့်ဆွဲသကဲ့သို့ဖြစ်သွားသောကြောင့် မြို့သားတစ်ဦးနှင့်ကျန်းထိန်တို့ မြစ်ထဲပြုတ်ကျသွားကြသည်။

သည်တော့မှပင် မြို့သားများ ဝိုင်းဝန်းကာ ကြိုးစားပန်းစား ကြိုးစကို အမိဖမ်း၍ ဆွဲယူကြတော့သည်။

တော်ပေသေးသည်။

ကျန်းထိန် ရေစီးအားနှင့်မျောပါမသွားအောင် ကျောက်ဆောင်တစ်ခုကို အတင်းတွယ်ဖက်ထားလိုက်ရ၏။

ကျောက်ဆောင်နှင့်ခေါင်းအနည်းငယ် ရိုက်ခတ်မိသွားသည်။ ကျန်းထိန်၏ခေါင်းမှ သွေးများစီးကျလာ၏။

သစ်လုံးကို ကမ်းဘက်သို့ဆွဲယူကြရသည်။ သစ်လုံးပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါလာသော လှေငယ်တစ်ဦးကို ကယ်ဆယ်လိုက်နိုင်လေသည်။

ကျန်းထိန်သည် ကျောက်ဆောင်ကိုဖက်လျက် ရေစီးနောက် ပါမသွားအောင် ခိုကပ်နေရသည်။

ဤသည်ကို ကျိုရန်က သတိထားမိလိုက်သည်။

"ဟာ.. ဟိုမှာ ကျန်းထိန်ကို ကယ်ကြပါဦး"

"ဝေ့ချင်းရော... ဝေ့ချင်း ဘယ်ရောက်သွားပြီလဲ"

"ဝေ့ချင်းလား... ဝေ့ချင်း အပေါ်ပြန်ရောက်နေပြီ"

ကျန်းထိန်၏နောက်မှ မြစ်ထဲသို့ကျသွားသော ဝေ့ချင်းသည် ရေစီးကိုဆန်ကျင်ကာ မြစ်ဘက်သို့ပြန်ကူးနိုင်ခဲ့သောကြောင့် ကမ်းပေါ်သို့ ပြန်ရောက်နေခဲ့ပြီ ဖြစ်ပေသည်။

ကျန်းထိန်မှာမူ အသက်အရွယ်လည်း ကြီးရင့်ပြီဖြစ်သဖြင့် ရေစီးအားကိုဆန့်ကျင်၍ မကူးခတ်နိုင်ရှာပေ။

ထို့ကြောင့်လည်း ကျောက်ဆောင်နှင့်ခေါင်းရိုက်မိသွားခြင်း ဖြစ်သည်။

သူသည် သတိကိုအနိုင်နိုင်ထိန်းကာ အသက်ရှင်သန်ရေးအတွက် ကြိုးစားနေရသည်။

ကျိုရန်က ကြိုးစတစ်ဘက်ကို သူ့ခါးမှာချည်၍ ကျန်းထိန်ထံသို့ အရောက်သွားသည်။

ကျန်းထိန်၏ကိုယ်ကြီးကိုသယ်ယူကာ ကုန်းပေါ်သို့ပြန်၍ ဆွဲတင်နိုင်ခဲ့ကြသည်။



"ဒဏ်ရာသိပ်များ များသွားသလားမသိဘူး"

"အား... သိပ်များတယ်ထင်တယ် မူးတယ်"

ကျန်းထိန်က မချိမဆန့် ညည်းတွားရင်း ပြန်ပြော၏။

"ကဲ... ကဲ... အချိန်မရှိတော့ဘူး။ ကျန်းထိန်ကို ဆေးထည့်ဖို့ အိမ်ကိုမြန်မြန်ရောက်အောင် သွားကြမှဖြစ်မယ်"

ရွာသားတစ်ဦး၏လှုံ့ဆော်မှုကြောင့် ကျန်းထိန်နှင့်ရေထဲမှ ဆယ်ယူရရှိခဲ့သော လှေငယ်တို့ကို မိုးထဲလေထဲ ထမ်းယူပြီး မြို့ထဲသို့ ပြန်ဝင်ခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)
## ကြားမှဖောက်ဝင်သောအန္တရာယ်

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကန်ဝင်ဆန်လို့ ခေါ်ပါတယ်"

ကျန်းထိန်၏အမေးကို လူရွယ်က ရည်ရည်မွန်မွန်ပင် ပြန်ဖြေလိုက်၏။

လုစံနှင့်ရီရင်တို့က ဘေးနားမှာထိုင်၍ ကြည့်နေကြသည်။

"မင်းကိုကယ်ဆယ်ရင်းနဲ့ သူ ဒီလိုဒဏ်ရာရလာတာ ကွယ်"

လုစံက ကျန်းထိန်ခေါင်းမှ ပတ်တီးကိုလက်ညှိုးထိုးပြရင်း ပြောကြားလိုက်၏။

"ကျွန်တော့်အတွက် ဒီလိုဒုက္ခဖြစ်ရတာကို ကျွန်တော်စိတ်မကောင်းပါဘူးခင်ဗျာ၊ ကျွန်တော်ကူညီနိုင်တာမှန်သမျှ ကူညီပါရစေ"



"ရပါတယ်ကွာ... မင်းကြောင့်ရယ်လို့လဲ ဘယ်ဟုတ်ပါ့မလဲ"

ကျန်းထိန်က အိပ်နေရာမှ အားယူကာ ပြောလိုက်၏။

ရီရင်သည် ကျိုထန်စိုက်ထွက်သွားပြီးနောက် နွမ်းနွမ်းလျလျကလေးသာ နေခဲ့ပေသည်။

လန်းလန်းဆန်းဆန်းလည်း မရှိ။ ဖခင်ဖြစ်သူ ဒဏ်ရာအပြင်းအထန်ရ၍ အိပ်ရာမှမထနိုင်သောအခါ ပို၍ စိတ်ဆင်းရဲသွားလေတော့သည်။

"ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော့်ကို အားမဆိုင်းပါ။ ကျွန်တော် လုပ်ပေးပါ့မယ်"

ကန်ဝင်ဆန်က ရိုကျိုးစွာ ထပ်ပြော၏။

သူသည် အိမ်ခြေရာ ခြေရှိသူလည်း မဟုတ်။ သူ့မိခင်အားနှိပ်စက်သွားသူကို လက်စားချေရန် နေရာအနှံ့လိုက်လံရှာဖွေရင်း နောက်ဆုံး ဤရွက်လှေကြီးဖြင့် လိုက်ပါလာမိခြင်းဖြစ်သည်။

ကံဆိုးချင်တော့ ရွက်လှေက ဤမြို့နားသို့ လာပျက်သည်။

ကန်ဝင်ဆန်ရှိနေစဉ်အတွင်း ကျိုရန်သည် ကျန်းထိန်တို့အိမ်သို့လာရောက်သတင်းမေးမြန်းတွေ့ဆုံသော်လည်း ကန်ဝင်ဆန်သည် ကျိုရန်ကို သတိမထားမိချေ။

သူလက်စားချေရမည့် သူမှန်းလည်း မသိပေ။ သူသည် ရီရင်၏အလှ၌ ယစ်မူးနေမိသည်ကတော့ အမှန်ပင်။

အိမ်တွင်သုံးရန်အတွက် ထင်းများကို တောထဲတွင် ရီရင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူတူသွား၍ ခုတ်ကြရသည်။

ထို့ကြောင့် တဖြည်းဖြည်း တစစ ရင်းနှီးလာကြ၏။

"အစ်ကိုက ဘယ်ကလာတာလဲဟင်"

"ဟိုအဝေးကြီးကပေါ့... ဘာဖြစ်လို့လဲ ရီရင်"

"ဪ... အစ်ကိုဟာ ကျိုထန်စိုက်နေရာကို လူစားရောက်လာတဲ့လူလိုပဲ၊ အစက ညီမတို့အိမ်မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ သူက ကိစ္စရှိလို့ ခရီးထွက်သွားတာ ခုထိပြန်မလာသေးဘူး"

"သူက အစ်ကိုအရင်းလားဟင်"

ကန်ဝင်ဆန်က ရီရင်ကိုမေးလိုက်သည်။

"အစ်ကိုအရင်းတော့ မဟုတ်ပါဘူး... အဖေက သူ့ကိုမွေးစားတာပါ၊ ညီမတို့ကို လက်ထပ်ပေးဖို့စီစဉ်ထားပြီးသား ဆိုပါတော့"

ကန်ဝင်ဆန် နားလည်လိုက်သည်။ ရီရင်သည် ပိုင်ဆိုင်ပတ်သက်သူ ရှိနေချေပြီ။

ထို့ကြောင့် ရီရင်ကိုချစ်မိသောစိတ်များကို ချိုးနှိမ်ပစ်လိုက်ရသည်။

သို့ရာတွင် မိန်းကလေးများနှင့်ရင်းနှီးစွာ မနေဖူးသော ကန်ဝင်ဆန်အဖို့ ရီရင်အား မေ့ပစ်ရန်ကိစ္စမှာ လွန်စွာ ခက်ခဲလှတော့သည်။

ကျုန်းထိန်၏ဒဏ်ရာကား တစ်နေ့တခြား ပို၍ဆိုးရွားလာလေသည်။



ဆေးဆရာကြီးများ ပင့်ကုသော်လည်း ကျုန်းထိန်သည် အသက်အရွယ်ကြီးရင့်နေသည်ကတစ်ကြောင်း၊ အားအင်ဆုတ်ယုတ်နေသည်က တစ်ကြောင်းကြောင့် လက်လျှော့သွားကြရလေတော့၏။

ကျုန်းထိန် မသက်သာသောကြောင့် ကန်ဝင်ဆန် ပို၍ အနေရ အထိုင်ရခက်နေလေသည်။

"ကျွန်တော့်ကြောင့် ဒုက္ခတွေ့ရတာပါ... ကျွန်တော်သေသွားတာကမှ ပိုကောင်းဦးမယ်"

ဟု ကန်ဝင်ဆန်နှုတ်မှ အကြိမ်ကြိမ် ပြောမိတတ်လေသည်။

"အို... ကံတရားအတိုင်း ဖြစ်တာပဲကွယ်၊ ဘယ်တတ်နိုင်မလဲ... မင်း ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့"

လုစ်က ကန်ဝင်ဆန် စိတ်မကောင်းမဖြစ်ရန် ဤသို့နှစ်သိမ့်တတ်သည်။

ကျိုရန်သည်လည်း ကျုန်းထိန်ထံသို့ မကြာခဏ ရောက်လာတတ်လေသည်။

သို့ရာတွင် ကန်ဝင်ဆန်နှင့်သိပ်မျက်နှာချင်း မဆိုင်မိ။ ကန်ဝင်ဆန်ကိုလည်း သူက မျက်နှာကြော မတည့်လှပေ။

အဘယ်ကြောင့် ဆိုသော် သူ့သားနှင့်လက်ထပ်မည့်ရီရင်အား ကန်ဝင်ဆန်နှင့်နီးစပ်သွားမှာ စိုးသောကြောင့်ပင် ဖြစ်သည်။

ကန်ဝင်ဆန်ကမူ ကျိုရန်ကို သူရှာဖွေနေသည့်လူဟု မထင်မိပေ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရိပ် မျက်နှာထားနှင့်ရီရင် ယောက္ခမလောင်းကြီးမှာ သဘောပေါက်ထားသောကြောင့် ခပ်ခွာခွာပင်နေသည်။

ကျီရန် ရောက်လာလျှင် ကန်ဝင်ဆန်က အိမ်ထဲမှရှောင်၍ ထွက်သွားတတ်သည်။

ဤသို့ဖြင့် ရန်သူတော်နှစ်ဦးမှာ တွေ့လွဲလွဲနေကြတော့သည်။

လုစ်မှာ ကျီယန်စိုက်ပြန်မလာသောကြောင့် စိတ်ပူနေသည်။

လင်ဖြစ်သူ ကျန်းထိန်အခြေအနေမကောင်းသောကြောင့်လည်း စိတ်ဆင်းရဲနေရသည်။

သမီးဖြစ်သူ ရီရင်အတွက်လည်း ရတက်မအေး ဖြစ်ရ၏။

လုစ်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသောကိစ္စမှာ ရီရင်အား ပိုးပန်းနေသည့်လူငယ်များ၏ အရေးပေတည်း။

ထိုလူငယ်များသည် ကျီထန်စိုက်မရှိသည်ကို အခွင့်ကောင်းယူ၍ ရီရင်၏အချစ်ကိုရရှိရန် ကြိုးစားနေကြသည်။

အထူးဒုက္ခပေးသူများမှာ ကျင်းဖန်နှင့်ဟိုက်ထန်တို့ဖြစ်၏။

ရီရင်တစ်ယောက်တည်း ဘယ်မှခိုင်း၍ လွှတ်၍မဖြစ်။ ကန်ဝင်ဆန်ကို အဖော်ထည့်နေရသည်။

ကန်ဝင်ဆန်က စိတ်တော့ချရပါသည်။

သို့ရာတွင် ရီရင်နှင့်နီးစပ်ပြီး ချစ်သွားကြမည်ကိုလည်း စိုး



ရိမ်ရသေးသည်။

တစ်နေ့တခြား ကျန်းထိန်သည် အင်အားဆုတ်ယုတ်လာ၏။ လမ်းမလျှောက်နိုင်သောအခြေအနေမှ အစာမစားနိုင်သောအခြေအနေသို့ ဆိုက်ရောက်လာ၏။

"ကျီထန်စိုက်ကလဲ ခုထိ ပြန်မလာသေးဘူးနော်အမေ"

"အေးလေ... ဒီလိုအချိန်မျိုးမှာ သူ ရှိနေဖို့ကောင်းတယ်"

လုစ်က သမီးဖြစ်သူအား ပြောလိုက်၏။

"သူ့အဖေကပြောတော့လဲ ခရီးလမ်းက သိပ်ဝေးတယ်ဆိုပဲ၊ လမ်းမှာများ တစ်ခုခုဖြစ်နေလို့ပဲလား မသိဘူး"

သားအမိနှစ်ယောက် စကားပြောနေရာသို့ ကန်ဝင်ဆန် ရောက်လာသည်။

"အင်း... ဦးလေးအခြေအနေကလဲ မကောင်းဘူး၊ ကျွန်တော် သမားတော်ကြီးတွေကို မေးကြည့်ပြီးပါပြီ၊ နောက်သုံးရက်ထက်ဆက်ပြီး အသက်မရှင်နိုင်တော့ဘူးလို့ပြောတယ်၊ ဒါတွေအားလုံးဟာ ကျွန်တော့်အပြစ်ပါ၊ ကျွန်တော့်အတွက် ဦးလေးကျန်းထိန်အားစာခံရတာပါ"

ရီရင်က တသိမ့်သိမ့် ရှိုက်ငိုနေသည်။

လုစ်၏မျက်လုံးအိမ်တွင်လည်း မျက်ရည်စများ ဝေ့ပနေကြ၏။

ကျီရန်က ညနေပိုင်းတွင် အိမ်သို့ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... လူတစ်ယောက်ကို ဒါကြောင့် အရမ်းမကယ်ရဲ ကျုပ် ကျန်းထိန်ကို ခဏခဏ ပြောပါတယ်၊ သူကိုယ်က ကြိုဟ်ဝင်ပြီး ဟိုအကောင်ကို သွားကယ်တာ၊ အခုတော့ အိမ်မှာလဲ ရှပ်သေး ကိုယ့်အသက်ကိုလဲ ထိခိုက်သေးတယ်"

ကျိုရန်က အကွက်ရသွားသောကြောင့် ကန်ဝင်ဆန် ကြား လောက်အောင် အော်၍ ခပ်ဖိဖိကလေး ပြောလိုက်၏။

ရိရှင်က ကန်ဝင်ဆန်ကို အားနာသောကြောင့် ခေါင်းငုံ့နေ သည်။

"နေပါဦး... ခင်ဗျားက အနေသာကြီးပါ၊ ဒီမှာ စိတ်မ ကောင်းဖြစ်ရတဲ့ကြားထဲမှာ ခင်ဗျားစကားပြောပုံက ကျုပ်ကို စော် ကားနေသလိုပဲ"

ကန်ဝင်ဆန်က မခံမရပ်နိုင်သောကြောင့် စကားတုံ့ပြန်၍ ပြောဆိုလိုက်၏။

ကျိုရန်က ကန်ဝင်ဆန်ကို နီရဲသောမျက်လုံးများဖြင့် စိုက် ကြည့်နေသည်။

"ငါက မှန်တာပြောတာကွ၊ မင်းက ဘာလျှာရှည်နေတာလဲ ကွ"

"ကျုပ်ကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကျုပ်သိလို့ ဒီအိမ်က အလုပ်တွေ ကျုပ်အကုန်လုပ်ပေးနေတာ ခင်ဗျား မမြင်ဖူးလား"

ကျိုရန်က ခပ်မာမာပြန်ပြောလာသော ကန်ဝင်ဆန်ကို



သတ် ချင်စိတ်ပေါ်လာသည်။

သူသည် လူပေါင်းများစွာကို သတ်ခဲ့ဖူးသူဖြစ်သည့်အပြင် ဒမြစိုလ်လည်း လုပ်ခဲ့ဖူးသောကြောင့် ဒေါသနောက်တွင် လက်က ပါတတ်စမြဲဖြစ်သည်။

"ဦးလေးကျိုရန်... ဦးလေးကျိုရန်"

အိမ်အပြင်မှ အော်ခေါ်လိုက်သည့်အသံများကို ကြားလိုက် ရသောအခါ ကန်ဝင်ဆန်မှာ နားထဲ၌ မိုးကြိုးပစ်သံလို ကျယ်လောင် စွာ ခံစားလိုက်ရသည်။

သူသည် ကျိုရန်နှင့်မကြာခဏ ဆုံမိသော်လည်း ထိုလူကြီး ၏အမည်ကို ကျိုရန်ဟု မသိခဲ့ပေ။

ယခု ကျိုရန် ဆိုပါကလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

## လျှို့ဝှက်သောအတွေ့အစည်

ကန်ဝင်ဆန်သည် သူ့အသည်းနှလုံးသို့တိုင်အောင် သွေးများပျံ့နှံ့ဆူပွက်လာ၏။

ကျိုရန်… ကျိုရန်ဟု သူ့နှုတ်ဖျားမှရေရွတ်လိုက်မိ သည်။

အပြင်မှ လှမ်းခေါ်သူများမှာ ကျင်းဖန်နှင့်ဟိုက်ထန်တို့ဖြစ်၏။

"ဦးလေး ကျိုရန်… ကျုပ်တို့နဲ့ခဏလောက် လိုက်ခဲ့စမ်းပါ… ပြောစရာရှိလို့"

ကျိုရန်က ကန်ဝင်ဆန်ကို သတိကြပ်ကြပ်ထားဟူသောအကြည့်မျိုးဖြင့် ကြည့်ရင်း နေရာမှထသွားလေတော့သည်။

ခြံဝင်းအပြင်၌ ဟိုက်ထန်၊ ကျင်းဖန်တို့နှင့်တွေ့ဆုံသည်။

"ဘာလဲ ကျင်းဖန်"



"ဦးလေးကျိုရန်ပဲ ကျုပ်ကိုပြောတယ် မဟုတ်လား၊ ရှီရှင်ကို တစ်နေရာရာ ခေါ်သွားရမယ်ဆို၊ အဲဒါ ဒီည လုပ်လိုက်ရမလား"

"အေး… အခြေအနေကြည့်လုပ်လေ၊ အခု ကျန်းထိန် ဆုံးကာနီးပြီ၊ ကျန်းထိန်သေတာနဲ့ လုစံက အားကိုးစရာမရှိတော့ဘူး၊ ဟိုကန်ဝင်ဆန်ဆိုတဲ့ကောင်ကလဲ ရှီရှင်ကိုကြိုက်နေပုံရတယ်၊ ဒီကောင်နဲ့ငါ ခုတင် စကားများလာသေးတယ်၊ ငါ ဒီကောင့်ကို ချက်ချင်းထသတ်ချင်တာ၊ လူ့မဟာအိမ်မှာဆိုတော့ မကောင်းဘူး မဟုတ်လား"

"ဦးလေးကျိုရန် ဘာမှမလုပ်ပါနဲ့… မသိချင်ယောင်ဆောင်နေစမ်းပါဗျာ၊ ကျုပ်တို့ ဒီကောင့်ကို ကြည့်ရှင်းလိုက်ပါ့မယ်"

ဟိုက်ထန်က ကျိုရန်ကို သူ့အစီအစဉ်အား ပြောပြလိုက်ပါသည်။

ကျိုရန်က ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။ အမှန်တော့ ဒီမြို့တွင် ကျိုရန်သည် နာမည်ပျက်မခံချင်တော့။

တခြားမြို့ရွာသို့ပြောင်း၍ နေရန်ကလည်း ကျိုထန်စိုက် ပြန်မလာမခြင်း မဖြစ်နိုင်ချေ။

သို့သော် သူ၏ဆိုးမိုက်သောအကျင့်အား ဖျောက်ဖျက်၍မရနိုင်အောင် ဖြစ်နေ၏။

မြို့ထဲမှ ကျင်းဖန်နှင့်ဟိုက်ထန်တို့ကဲ့သို့ လူဆိုးကလေးများကို သူသည် အသုံးလိုက သုံးနိုင်ရန် မွေးမြူထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကမူ သားအတွက် စိတ်ပူသောကြောင့် စိစဉ်နေခြင်းသာ ဖြစ်ပါသည်။

ကျင်းဖန့်ကလည်း ကျိုရန်၏အကြံကို သိပါသည်။

ကျိုရန်အား လှည့်စားကာ ရီရင်ကို အပြီးခိုးယူသွားရန် သူက ကြံစည်ထားလေသည်။

"ဘယ်လိုလဲ ဟိုက်ထန်၊ မင်း ငါ့အတွက် မကူညီနိုင်ပါဘူးလား"

"ရီရင်ကို မင်း ခေါ်သွားဖို့တော့ ငါက ခွင့်မပြုနိုင်ဘူး"

ဟိုက်ထန်က ကျိုရန်၏ဘက်တော်သား ဖြစ်နေသည်။

အမှန်မှာ ဟိုက်ထန်နှင့်ကျင်းဖန့်သည် ငယ်ပေါင်းများ ဖြစ်သည်။

ဟိုက်ထန်က ငွေမက်သူဖြစ်သည်။

ကျိုရန်ထံမှ ရီရင်နှင့်ပတ်သက်၍ ငွေကို ရသလောက် ညှစ်ယူချင်သူဖြစ်၏။

"ကျိုရန်နဲ့ချိန်းထားတဲ့နေရာကို ခေါ်မသွားဘဲ ငါ စီစဉ်ထားတဲ့နေရာကို ခေါ်သွားဖို့တော့ မင်း သဘောတူတယ်မဟုတ်လား"

"ဒါကိုတော့ ငါ လက်ခံတယ်လေ"

"မင်း ငါ ကောင်းစားတာကို မလိုလားဘူးလား။ ကျိုရန်ရဲ့လက်ထဲ ရီရင်ကိုပြန်အပ်လိုက်ရင် ငါ ရည်မှန်းချက်တွေ ဆုံးရှုံးပြီပေါ့ကွ"



ဟိုက်ထန်က ခေါင်းကိုသွက်သွက်ခါအောင် ယမ်းလိုက်ပါသည်။

"မင်းအတွက် ငါ ကူညီလိုက်ရင် ငါ့ရည်မှန်းချက်တွေ ဆုံးပြီပေါ့"

"ဘာဖြစ်လို့ ဆုံးရှုံးရမှာလဲ"

"ငါက ကျိုရန်ဆီက ငွေကိုလိုချင်တယ်၊ ကျိုရန်ဟာ ရီရင်ကို ပြန်မအပ်နိုင်ရင် ငါ့ကို ငွေပေးမတဲ့လား"

"မင်းအတွက် ငါက ငွေပေးမှာပေါ့"

"မင်းမှာ ဘာတစ်ပြားရှိလို့လဲ... တော်စမ်းပါ ကျင်းဖန့်ရာ၊ မင်းရဲ့မဖြစ်နိုင်တဲ့စိတ်ကူးကို မေ့ပစ်လိုက်စမ်းပါ"

ပြီးစလွယ်ပြောလိုက်သော ဟိုက်ထန်၏စကားကြောင့် ကျင်းဖန့်၏မျက်နှာကြီး ရှုံ့တွသွားလေသည်။

သည်ကဲ့သို့သော ကျင်းဖန့် အဖြစ်မခံနိုင်ပါ။

သည်အကြံအစည်ကို စတင် အကောင်အထည်ဖော်ခဲ့သည်မှာ ကျင်းဖန့်ပင်ဖြစ်သည်။

ကျင်းဖန့်က သူဆင်ထားသောအကွက်ထဲသို့ ကျိုရန်ဝင်ရောက်လာပြီးမှ ရီရင်ကို လက်လွှတ်မခံနိုင်ဖြစ်နေသည်။

သူသည် ငွေကိုမလိုချင်။ လှသောချောသော ရီရင်ကိုသာ လိုချင်သည်။

မည်သူတားမြစ်သည်ဖြစ်စေ ကျင်းဖန့်သည် ရီရင်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မရရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့စိတ်ကူးမှာ ကျိုရန်ကိုသာမက ဟိုက်ထန်ကိုပါ လှည့်စားရန် ထည့်တွက်လိုက်၏။

"အေးလေ... ငွေကိုတော့ ငါလဲ လိုချင်ပါတယ်"

ကျင်းဖန့်က ဟိုက်ထန်၏စကားကို အလိုက်သင့် ပြန်ပြောလိုက်လေ၏။

"နေဦးကွ... ရီရင်ကို ဒီညခေါ်သွားဖို့က တို့သေသေချာချာ စီစဉ်မှဖြစ်မယ်"

ဟိုက်ထန်က လုပ်ငန်းပိုင်းအတွက် ဆွေးနွေး၏။

"ဒါက လွယ်ပါတယ်ကွာ၊ ရေချိုးထွက်တဲ့အချိန်မှာ ဆွဲခေါ်သွားရင်ဖြစ်မှာပဲ မဟုတ်လား"

"မင်းက ဟိုတစ်ကောင်ကို ထည့်မတွက်ဘူးလား"

"ကန်ဝင်ဆန်လား... ကန်ဝင်ဆန်က ရီရင် ရေချိုးရင် အနားမှာ ဘယ်တော့မှနေတာမှ မဟုတ်တာ၊ ရေချိုးတဲ့နေရာခပ်ဝေးဝေးက ရပ်စောင့်နေတာ ငါ အမြဲတမ်း တွေ့ရတာပဲ"

ကျင်းဖန့်က ရီရင်၏အခြေအနေကို အမြဲတမ်း စောင့်ကြည့်နေတတ်သူဖြစ်သည့်အတိုင်း အခြေအနေကိုပြောပြလိုက်၏။

"ကဲ... သူ မြင်သွားရင်ကောကွာ"

"သူမြင်သွားရင် မင်းက ပြန်တိုက်နှင့်ပေါ့၊ ငါက ရီရင်ကို မြင်းနဲ့အပါ ခေါ်သွားမယ်"



"မင်းနဲ့ငါ ဘယ်မှာဆုံမလဲ"

"ဟိုပိုင်မြို့ အနောက်ဘက် တောစပ်မှာပေါ့"

"ကျိုရန် လိုက်လာရင်ကော"

ဟိုက်ထန်က ကျင်းဖန့်၏မျက်နှာကို သေသေချာချာ ကြည့်၍ မေးမြန်းလိုက်၏။ ကျင်းဖန့် အနည်းငယ် တွေဝေသွား၏။

"ချက်ချင်းတော့ လိုက်မလာပါဘူး"

"အေး.. ဒီလိုဆိုလဲ လုပ်လေ"

ဟိုက်ထန်နှင့်ကျင်းဖန့်တို့သည် နှစ်ယောက်သား သဘောတူညီမှု ရရှိသောကြောင့်ပြန်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားရန် မလုပ်လိုပေ။

ရီရင်၏အဖေ ကျန်းထိန်သည် သေဆုံးပျောက်မည်ဖြစ်၏။

သူ့အဲ့သုဘကို ကောင်းကောင်းမွန်မွန်ဖြစ်အောင် စီစဉ်ပေး ချင်သည်ဟု သူ နားလည်သည်။

ထို့ကြောင့် သူသည် ကျိုရန်နှင့်စာရင်းရှင်းဖို့ကိစ္စကို ဆိုင်း ထားရခြင်းဖြစ်ပါ၏။

သူ့ကို ကျိုရန်က လီလင်း၏သားဟု မသိသေးသောကြောင့် ၍ လွတ်လပ်နေသည်။

ရီရင်ကလည်း သူ၏စိတ်တွင်းမှ အဖြစ်အပျက်များကို မသိ သေးသောကြောင့် သူ့ အိမ်မှထွက်သွားလျှင် စိတ်မကောင်းဖြစ်သွား မည်ဟု တွေးမိလေသည်။

ရီရင်ကို ရေချိုးရန် သူလိုက်ပို့ဖို့ပြင်ဆင်နေစဉ် ကျင်းထိန် သေဆုံးသွားခဲ့လေသည်။ ရီရင်လည်း ရေချိုးမသွားနိုင်တော့ပေ။

လုစ်သည် တစ်ချက်သာ အော်ဟစ်ငိုယိုပြီးနောက် လဲကျ သွားလေသည်။

ရီရင်နှင့်ကန်ဝင်ဆန်တို့ အလုပ်ရှုပ်နေကြလေသည်။

မကြာမီ သတင်းကြားသောကြောင့် ကျိုရန် ရောက်လာ၏။

ကျိုရန်၏မျက်နှာထားသည် တင်းမာခက်ထန်နေ၏။

"နောက်ဆုံးတော့ ဒီလိုပဲ ဖြစ်မှာပေါ့လေ"

ဟု ကျိုရန်က အေးစက်စက် မှတ်ချက်ချလိုက်၏။

www.burmeseclassic.com

## အခန်း(၁၈)
## ကြေကွဲဖွယ်ရာအဖြစ်အပျက်

ကျန်းထိန်၏အခြေအနေမှာ တစထက်တစ ပိုမို ဆိုးရွားလာ ရာ ညနေပိုင်းလောက်တွင် အမောဖောက်လာလေ၏။

ကျိုထန်စိုက်၏နာမည်ကို တစ်ခါတစ်ခါ အော်ဟစ်ခေါ် ငင်လိုက်၊ ရီရင်ကို တစ်ခါတစ်ခါ အော်ဟစ်ခေါ်ငင်လိုက်ဖြင့် က ယောင်ကတမ်း ဖြစ်နေလေသည်။

လုစ်သည် အနားမှ စိတ်မကောင်းစွာ ကြည့်နေ၏။

ကန်ဝင်ဆန်လည်း အိမ်ပေါက်ဝတွင် ငူငူကြီးထိုင်နေလေ သည်။

သူသည် ကျိုရန်ကိုမှတ်မိပြီးသည့်နောက် လက်စားချေဖို့ အစီအစဉ်ကို တွေးတောနေလေ၏။

လောလောဆယ် ကျန်းထိန်၏ကိစ္စ မပြီးဆုံးသေးသော

www.burmeseclassic.com



ကန့်ဝင်ဆန်က အသုဘအတွက် လိုအပ်သောကိစ္စများ စီစဉ်ရန် လုစံ၏အမျိုးအိမ်သို့ ထွက်သွားခဲ့သည်။

ကန့်ဝင်ဆန် ထွက်ခွာသွားပြီးသည့်နောက် အချိန်အနည်းငယ်ကြာသောခါ မျက်နှာဖုံးစွပ်ထားသောလူနှစ်ယောက်သည် ကျွန်ုပ်ထိန်၏အသုဘရှိရာအိမ်သို့ မြင်းကိုယ်စီဖြင့် အပြင်းစိုင်းနှင်လာကြသည်။

အသုဘအိမ်မှ လူများ ရတ်ရတ်သဲသဲ ဖြစ်သွားကြ၏။ ထိုအချိန်တွင် ကျိုရန်သည် အိမ်တွင်းမှာပင် ရှိနေပေသည်။

မြင်းပေါ်မှခုန်ချလာသော မျက်နှာဖုံးစွပ်သူနှစ်ဦးသည် အသုဘအိမ်တွင်းသို့ ခြေလှမ်းသွက်သွက်ဖြင့် ဝင်ရောက်လာကြလေ၏။

“မဆိုင်တဲ့လူတွေ အေးအေးနေပါ… အားလုံး ဒုက္ခရောက်သွားမယ်”

အချို့လူတို့သည် ထိတ်လန့်တကြား ထွက်ပြေးသွားကြ၏။

ရီရင်သည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လုစံကို ဖက်ထားလိုက်သည်။ ကျိုရန်က နေရာမှထလာ၏။

“မောင်ရင်တို့ ဒီမှာအသုဘကိစ္စ ဖြစ်နေပါတယ်၊ ဘာအလိုရှိလို့လဲ”

ကျိုရန်မှာ ရိုသေလေးစားစွာ မေးလိုက်၏။

ကျိုရန်၏ရင်ဘတ်ကို မျက်နှာဖုံးစွပ်ထားသောလူတစ်ဦးက



ဆောင့်တွန်းပစ်လိုက်သည်။

ထို့နောက် မိခင်ဖြစ်သူကိုဖက်ထားသော ရီရင်၏လက်မောင်းအိုးကိုကိုင်၍ ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုက်သည်။

ရီရင်သည် အားချင်းမမျှသောကြောင့် ဆွဲခေါ်ရာသို့ တရွတ်တိုက်ပါသွားလေသည်။

ကျိုရန်သည် မျက်နှာဖုံးစွပ်တစ်ဦးနှင့် အပြင်းအထန် သတ်ပုတ်နေရလေသည်။

ကျိုရန်၏လက်သီးချက်များသည် မျက်နှာဖုံးစွပ်လူတစ်ဦး၏ ကျင်လည်စွာ ရှောင်တိမ်းမှုများကြောင့် လွဲချော်၍နေသည်။

မျက်နှာဖုံးစွပ်သူသည် သိုင်းပညာတော်တော် ကျွမ်းကျင်ပုံရလေသည်။

ကျိုရန်မှာ တိုက်ခိုက်နေရင်းမှ ဇဝေဇဝါဖြစ်လာ၏။

ခပ်ပြင်းပြင်း ကန်လိုက်သောခြေထောက်ကြောင့် ကျိုရန် ပက်လက်လန်ကျသွားသည်။

ကျိုရန် ခုန်ထလိုက်၏။ မျက်နှာဖုံးစွပ်သူ၏ နောက်တစ်ကြိမ် ပြင်းထန်စွာ ကန်ခြင်းကို ခံလိုက်ရပြန်သည်။

ကျိုရန် အံ့ဩနေရာမှ စိုးရိမ်လာမိသည်။

ထို့ကြောင့် သူ၏ ပြင်းထန်သောလက်သီးများကို အကွက်ကျကျ အသုံးပြုနိုင်ရန် ကြိုးစားနေသည်။

မျက်နှာဖုံးစွပ်ထားသူတစ်ဦးကမူ ရီရင်ကို မြင်းပေါ်သို့အ

www.burmeseclassic.com

www.burmeseclassic.com



တင်းဆွဲတင်ကာ ဒုန်းစိုင်းနှင်သွားခဲ့လေပြီ။

နောက်ဆုံးတွင် အသက်အရွယ်အိုမင်းပြီဖြစ်သော ကျွန်သည် လဲကျကျန်ခဲ့တော့၏။

မျက်နှာဖုံးစွပ်သူသည် မြင်းပေါ်သို့လွှားခနဲ ခုန်တက်လိုက်ကာ ထွက်ခွာသွားလေတော့သည်။

ထိုအဖြစ်အပျက်များကို ကန်ဝင်ဆန် မသိလိုက်ပေ။

ကန်ဝင်ဆန် ပြန်လာသောအချိန်တွင် ကျိရန်သည် သူ့အိမ်သို့ ပြန်သွားခဲ့ပြီဖြစ်ပါ၏။

လုစံတစ်ယောက်သာ ငိုယို၍ ကျန်ခဲ့တော့သည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

"မောင်ရင် ထွက်သွားပြီး သိပ်မကြာခင်မှာပဲ မျက်နှာဖုံးစွပ်ထားတဲ့လူနှစ်ယောက် အတင်းဝင်လာပြီး ရီရင်ကို ဖမ်းသွားတယ်ကွယ်"

"ဘာလို့သူမှမရှိဘူးလား အဒေါ်ကြီး"

"ကျိရန်က သူတို့ကို ခံတိုက်ပါသေးတယ်၊ ဒါပေမယ့် မနိုင်ဘူးကွယ့်"

"တော်တော် ယုတ်မာတဲ့လူတွေပဲ"

ကန်ဝင်ဆန် ဘာလုပ်ရမည်မသိ ဖြစ်သွားသည်။ ရီရင်ကို ရွာထဲမှ လူငယ်တော်တော်များများက နှစ်သက်နေ ကြောင်းကို ကန်ဝင်ဆန် သိသည်။



မည်သူ့လက်ချက်ဖြစ်မည်ကို မတွေးနိုင်အောင် ဖြစ်နေ၏။

"ဘယ်ဘက်ကို သူတို့မြင်းစီးသွားကြလဲ"

"အနောက်ဘက်ကိုပဲကွယ့်"

ကန်ဝင်ဆန်သည် အိမ်နီးချင်းတစ်ဦးထံမှ မြင်းတစ်စီးကိုငှားကာ အနောက်ဘက်သို့ဒုန်းစိုင်း၍ လိုက်ပါသွားလေတော့သည်။

သူသည် တောအနှံ့ တောင်အနှံ့ ရီရင်ကိုဖမ်းဆီးသွားသူအား လိုက်လံရှာ ဖွေမည်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

## အခန်း(၁၉)
## အပြေးအလွှား

အတန်ကြာမျှ မြင်းကို စိုင်းလာခဲ့မိသောအခါ သူ့ရှေ့မှ မြင်းတစ်စီး ပြေးလွှားနေကြောင်း သူ အကဲခတ်မိလာ၏။

သူ စီးလာသော မြင်းကိုရပ်လိုက်ကာ အသံကိုနားစွင့်ကြည့်၏။

မြင်းခွာသံသည် ရှေ့သို့ဝေးသွားခြင်းမဟုတ်ဘဲ သူ့ရှိရာသို့ ဦးတည်လာနေကြောင်း သူ သိသည်။

ထို့ကြောင့် သူသည် သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသော မြင်းတစ်စီး သူရှိသောနေရာအတိုင်း တည့်တည့်ပြေးဝင်လာသည်။

မျက်နှာဖုံးစွပ်ထားသူကိုတွေ့လိုက်ရသောကြောင့် ကန်ဝင်



ဆန်သည် နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

သစ်ပင်အောက်တည့်တည့်သို့ရောက်သောအခါ ကန်ဝင်ဆန်က မြင်းစီးလာသော မျက်နှာဖုံးစွပ်ထားသူ၏ကိုယ်ပေါ်သို့ တည့်တည့်ခုန်ချလိုက်၏။

နှစ်ယောက်လုံး မြေပြင်ပေါ်သို့လုံးထွေးကျသွားသည်။ ကန်ဝင်ဆန်သည် တစ်ချက်ဖြတ်ရိုက်လိုက်၏။

"အား...."

ဤအသံကိုကြားဖူးသလိုလို ရှိသည်။ မည်သူ့အသံဟူ၍ကား ကန်ဝင်ဆန် အတတ်မပြောနိုင်။

ကန်ဝင်ဆန်က ကိုယ်ချင်းအခွာလိုက်တွင် ထိုသူက နေရာမှ လူးလဲထကာ မြင်းရှိရာသို့ပြေး၏။

ကန်ဝင်ဆန်က လေထဲသို့ခုန်တက်လိုက်ကာ ထိုလူ၏ကျောပြင်ကို ကန်ထည့်လိုက်၏။

"အင့်... အင်း"

ရှေ့သို့မှောက်လျက် လဲကျသွားသည်။ ပြန်အထတွင် ကန်ဝင်ဆန်သည် နောက်တစ်ကြိမ် ထပ်ကန်လိုက်သည်။

မျက်နှာဖုံးစွပ်ထားသူက ကျင်လည်စွာ တိမ်းရှောင်လိုက်၏။ ထို့နောက် ကန်ဝင်ဆန်ကိုခုန်၍ တိုက်ပြန်သည်။

ကန်ဝင်ဆန်သော သူ၏လက်ကို လှမ်းကူစွာ ဆုတ်ထုတ်ပစ်လိုက်သည်။

www.burmeseclassic.com



ကန်ဝင်ဆန်သည် မျက်နှာဖုံးစွပ်ထက် သိုင်းပညာ အဆင့်မြင့်သူဖြစ်၍ စိတ်အေးအေးဖြင့် တိုက်ခိုက်နေသည်။

ကန်ဝင်ဆန်ကို သူထင်သလိုတိုက်ခိုက်၍မရကြောင်း နားလည်လာသောအခါ မျက်နှာဖုံးစွပ်ထားသူမှာ အုံဩလာတော့၏။

မျက်နှာဖုံးစွပ်သူသည် လေထဲသို့ခုန်တက်လိုက်ကာ သစ်ပင်များပေါ်မှတစ်ဆင့် ပြေးဖို့ကြိုးစားလိုက်သည်။

ကန်ဝင်ဆန်က အလွတ်မပေးဘဲ ထိုသူ၏နောက်သို့ လွှားခနဲ ခုန်လိုက်သွား၏။

သစ်ပင်ပေါ်တွင် အပြန်အလှန် တိုက်ခိုက် ကြပြန်သည်။

မျက်နှာဖုံးစွပ်သူသည် အခြေအနေမဟန်သောကြောင့် အောက်သို့ခုန်ချလိုက်၏။

ကန်ဝင်ဆန်သည် ထိုသူ၏အပေါ်သို့ အထပ်လိုက်လိုက်ပါသွားလေတော့သည်။

နောက်ဆုံး ကန်ဝင်ဆန်၏လက်ဝါးရိုက်ချက်များကြောင့် မျက်နှာဖုံးစွပ်သူသည် မြေပြင်ပေါ်သို့လဲကျသွားတော့သည်။

ကန်ဝင်ဆန်က ပြင်းထန်သောလက်ဖြင့် ထိုသူ၏ဝမ်းဗိုက်ကို နှစ်ချက်သုံးချက် ဆင့်ရိုက်လိုက်သည်။

ထို့နောက် မျက်နှာဖုံးစွပ်ကို ဆွဲချွတ်လိုက်လေတော့သည်။

ကျင်းဖန်....။

ဟုတ်ပါသည်။ ကန်ဝင်ဆန်နှင့်ကျိုရန်တို့ စကားများနေစဉ်



ကျန်းထိန်တို့အိမ်ရှေ့မှ ကျိုရန်ကိုလာရောက်ခေါ်ငင်သော ကျင်းဖန်ပင် ဖြစ်သည်။

"ကျင်းဖန်... မင်း မှန်တဲ့အတိုင်းပြောရင် မင်းကို ငါ လွှတ်ပေးမယ်"

ကန်ဝင်ဆန်က ကျင်းဖန်၏အကြောများကို ထိုးပိတ်လိုက်၏။

ကျင်းဖန်တစ်ကိုယ်လုံး ထုံကျင်သွား၏။ စကားပြောရုံမှအပ အခြားလှုပ်ရှားမှုကိုပြုလုပ်၍ မရတော့ပေ။

"ကျုပ် အမှန်အတိုင်း ပြောပါ့မယ်ဗျာ"

"မင်း ရီရင်ကိုခေါ်သွားတယ် မဟုတ်လား"

"ကျုပ်ခေါ်သွားတာ မဟုတ်ဘူး၊ ဟိုက်ထန် ခေါ်သွားတာပါ"

"မင်းနဲ့ဟိုက်ထန်က အတူတူပဲ မဟုတ်လား... အခု ရီရင် ဘယ်မှာလဲ"

"ပထမ အစီအစဉ်အရ ရီရင်ကို ကျုပ်ခေါ်သွားဖို့ပါ၊ နောက်ပိုင်းကျတော့ ဟိုက်ထန်က ကျုပ် သစ္စာဖောက်မှာစိုးတယ်ဆိုပြီး ရီရင်ကိုဆွဲခေါ်သွားတယ်၊ တိုက်စရာရှိရင် မင်းတိုက်ဆိုပြီး ကျုပ်ကိုတာဝန်ပေးတယ်"

အင်အားကုန်ခမ်းနေသောကြောင့် ကျင်းဖန်သည် အနည်းငယ် နားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦး"

"သူက ရီရင်ကိုဆွဲခေါ်သွားတုန်းက ဝင်ပြီးတားတဲ့ ကိုရန့်ကို ကျူပ်က တိုက်တယ်၊ အခုချိန်းထားတဲ့နေရာရောက်တော့ ရီရင်ရော ဟိုက်ထန်ပါ မတွေ့ဘူး... သူ... သူ"

"ဘယ်သွားတာ ဖြစ်နိုင်လဲ"

"တခြားကိုတော့ မသွားနိုင်ပါဘူး၊ သူ သွားတတ်တဲ့နေရာဟာ ဂူပျက်စခန်းပါ"

"ဂူပျက်စခန်းက ဘယ်မှာလဲ"

"ဟိုဝိုင်မြို့ မြောက်ဘက်က တောထဲမှာပါ"

ကန်ဝင်ဆန်ကိုသနားစဖွယ် မျက်လုံးများနှင့်ကျင်းဖန့်သည် စိုက်၍ ကြည့်ရှုနေ၏။

သူ့မျက်လုံးများတွင် တောင်းပန်တိုးလျှိုးသော အသွင်သဏ္ဌာန်များကို မြင်နေရသည်။

"နေပါဦး... မင်းတို့က ဘာဖြစ်လို့ ရီရင်ကိုဖမ်းခေါ်ရတာလဲ"

ကျင်းဖန့်သည် အဖြေပေးရန် ပါးစပ်ကိုဟလိုက်၏။

ထိုစဉ် အလင်းတန်နှစ်ခုကို လှစ်ခနဲ ကန်ဝင်ဆန် မြင်လိုက်ရသည်။

သူ့ထံသို့ ပြေးဝင်လာသောအလင်းတန်းတစ်ခုကို ကန်ဝင်ဆန်က အကျိုလက်စရှည်ဖြင့် ရိုက်ထုတ်ပစ်လိုက်၏။



လက်နက်ပုန်း တစ်ခုဖြစ်သည်။

ကန်ဝင်ဆန်သည် အလင်းတန်းတစ်ခုကိုသာ တားဆီးနိုင်သောကြောင့် အလင်းတန်းတစ်ခုသည် ကျင်းဖန့်၏လည်ချောင်းထဲသို့ စိုက်ဝင်သွားလေသည်။

ကျင်းဖန့်သည် တစ်ချက်နှစ်ချက်လူးလွန့်လိုက်ကာ အသက်ထွက်သွားလေတော့သည်။

ကန်ဝင်ဆန်သည် နေရာမှ လွှားခနဲခုန်လိုက်ကာ တရားခံကို ရှာလိုက်သည်။

သို့သော် ခပ်ဝေးဝေးမှ မြင်းခွာသံသဲ့သဲ့တစ်ခုသာ ကြားလိုက်ရသည်။ မမြင်လိုက်ရတော့။

ကျင်းဖန့်ပြောသည့် ဂူပျက်စခန်းရှိရာသို့ သွားရပေတော့မည်။

ကျင်းဖန့်သည် သေဆုံးသွားပြီဖြစ်သောကြောင့် မည်သည့်အတွက် ရီရင်ကိုဖမ်းဆီးဖို့ ကြိုးစားကြကြောင်းကို မသိလိုက်ရပါချေ။

ဂူပျက်စခန်းရှိရာသို့ အမြန်ရောက်ရှိနိုင်ရန် မြင်းကို ကန်ဝင်ဆန် အပြင်းနှင်လာခဲ့သည်။

ကန်ဝင်ဆန်သည် ရှေ့သို့လောကြီးနေ၏။ သူ့စိတ်သည် ရီရင်ကို အချိန်မီကယ်တင်ရန်အတွက် စိတ်စောနေသည်။

သည်မျှ စိတ်မကောင်းစရာအခြေအနေတွင် ရီရင် ဆုံးရှုံးသွားမည်ကို စိုးရိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညသည် မှောင်မည်းတိတ်ဆိတ်နေ၏။ လရောင်သည် တိမ်ကြားမှ အားယူကာ မှုန်ပျပျသာ အလင်းရောင်ပေးနိုင်ရှာသည်။

နားထဲတွင် လေသံသည် တရွှီးရွှီး ကြားနေရ၏။ ရှုပျက်စခန်းကို ညအချိန်မှာ ရှာဖွေတွေ့ရှိနိုင်ရန် မလွယ်ကူလှပေ။

ရှုပျက်စခန်းကို လျှိုကြီးများက ပတ်ပတ်လည် ဝန်းရံထားသည်။

ကန်ဝင်ဆန်သည် မြင်းကို အရှိန်ဖြင့် စီးလာသောကြောင့် ရုတ်တရက် သူ့ခန္ဓာကိုယ်သည် လေထဲသို့ မြောက်ခနဲဖြစ်သွားသည်ကိုသာ သိလိုက်ရပြီးနောက် လောကကြီးတစ်ခုလုံး မှောင်အတိကျသွားလေတော့သည်။

## အခန်း(၂၀)
## သေသူနှင့်သတ်သူ

ငိုသံတစ်ခုကို မသဲမကွဲ ကြားနေရသည်။ သံတံခါးတစ်ခုက ပိတ်ကာထား၏။

အပြင်ဘက်မှ အလင်းရောင်ကို မှုန်ဝါးဝါးသာ မြင်ရသည်။ တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲနေသော ကန်ဝင်ဆန်သည် အားယူကာ လက်ထောက်၍ ထလိုက်ရ၏။

သူ ဘယ်နေရာသို့ရောက်နေသည်ကိုပင် တိတိကျကျ မသိ။

မြင်းစီးလာရင်း ရန်သူ့ထောင်ချောက်အတွင်း အမိခံလိုက်ရသည်ကို သတိရလိုက်မိသည်။

အပြင်မှ စကားပြောသံကို မသဲမကွဲကြားနေရသဖြင့် နားစွင့်လိုက်မိသည်။

“ဒီကောင့်ကို နင်ကိုယ်တိုင်သတ်ရမယ် ရှင်”

www.burmeseclassic.com

www.burmeseclassic.com



"သမီး မသတ်ချင်ဘူး... သူမှာ ဘာအပြစ်မှမရှိဘူး"

"အောင်မယ် ရီရင်... မင်းဟာ ငါ့သားကို အစက ချစ်လှပါရဲ့ ဆို၊ အခုတော့ ဘာမဟုတ်တဲ့အကောင်ကို မေတ္တာသက်ဝင်နေပြီလား"

ခပ်ကြမ်းကြမ်း စကားပြောသံကိုကြားလိုက်ရမှ အသံရှင်ကို သူ မှတ်မိလိုက်တော့သည်။ အသံရှင်မှာ ကျိုရန်ပင်ဖြစ်၏။

သူသည် ကျိုရန်ကို လက်စားချေရန်အတွက် နေရာအနှံ့ လိုက်ရှာဖွေခဲ့သည်။

ယခုမူ ကျိုရန်၏ကျောက္ခင်းအတွင်းသို့ ဆင်းသက်မိချေပြီ။

"ကျိုထန်စိုက်ရဲ့မျက်နှာကို ထောက်ပါဦးရီရင်... ကျိုထန်စိုက်ဟာ မင်းရဲ့ချစ်ဦးသူပါ"

ဟိုက်ထန်က ဝင်ပြောလိုက်ခြင်းဖြစ်၏။

တကယ်တော့ ဟိုက်ထန်သည် ငွေမက်၍ ကျိုရန်၏ဘက်မှ လိုက်ပါထောက်ခံနေခြင်းသာ ဖြစ်ပေသည်။

"အို... ရီရင် သစ္စာမဖောက်ပဲ၊ အစ်ကို ကန်ဝင်ဆန်ကလဲ လူကောင်းပဲ"

"သစ္စာမဖောက်ရင် ကန်ဝင်ဆန်ကို သတ်ရဲရမှာပေါ့၊ မသတ်ချင်ရင် အဲဒီကောင်ကို ချစ်နေလို့ပဲ"

"ဒါတော့ အပြစ်မရှိတဲ့သူကို သက်သက်သတ်ခိုင်းတာပဲ"

"မိန်းမများဟာ အနေနီးလာရင် စိတ်ပြောင်းလာတာပဲ၊ ငါ့



သားဟာ နင့်ကို ဘယ်လောက်ချစ်သလဲ၊ ဒီကမ္ဘာပေါ်မှာရှိသမျှ မိန်းမအားလုံး သူ့ကိုတန်းစီးပြရင်တောင် သူဟာ ခေါင်းခါပြီး ငြင်းပယ့် ကောင်မျိုး၊ နင် ဒါတွေကို နားလည်ရင် ဒီကန်ဝင်ဆန်ဆိုတဲ့ကောင်ကို ဘာသနားစရာရှိသလဲ"

ရီရင် သဘောပေါက်သွားသည်။

ရီရင် သဘောပေါက်သွားသည်မှာ အခြားမဟုတ်၊ ကန်ဝင်ဆန်သည် လူကောင်းတစ်ယောက်ဖြစ်၏။

ကျိုရန်ကိုလှည့်စား၍ ကန်ဝင်ဆန်ကိုကယ်တင်ဖို့ ဆုံးဖြတ်လိုက်သည်။

သည်မျှ ရက်စက်သော ကျိုရန်ကို ယောက္ခမတော်ရမည်ကိုလည်း ရီရင် ထိတ်လန့်သွား၏။

"ကောင်းပြီလေ... ရီရင် ကန်ဝင်ဆန်ကို သတ်မယ်"

"ဟား... ဟား... ဟား... ဒီလိုဖြစ်ရမှာပေါ့၊ ငါက ဒီအဖြေကို လိုချင်တာ၊ သံယောဇဉ်ဆိုတာ ဖြတ်သင့်ရင် ဖြတ်ရတယ်၊ ဘာမှငဲ့မနေနဲ့၊ ကဲ... သမီး အနားယူဦး၊ အဖေလဲ နားဦးမယ်"

ကျိုရန်သည် အလွန်ပင် ကျေနပ်အားရသွားသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေတော့သည်။

ကျိုရန် အိပ်ပျော်သွားသောအခါတွင် ရီရင်သည် ဟိုက်ထန်ကို ကြည့်လိုက်၏။

ဟိုက်ထန်က ကျိုရန်အိပ်နေစဉ်အတွင်း မိန်းမချင်း ထိုင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်မည့်ပုံမျိုး ဖြစ်နေသည်။

"ဟော... မြင်းခွာသံလိုလို ကြားတယ်... ရှင်ရော မကြားမိဘူးလား"

ဟိုက်ထန် လန့်ကာ ထရပ်လိုက်၏။

"ကိစ္စမရှိပါဘူး... တို့ရှိတဲ့နေရာကို ဘယ်သူမှသိမှာ မဟုတ်ဘူး"

ရီရင်က ပရိယာယ်ကောင်းသည်။ ခပ်ပေါ့ပေါ့ ပြောသည်။

"ဒါတော့ ရှင့်သဘောပေါ့လေ... ကျွန်မကတော့ ဘာမှမဆိုပါဘူး"

ဟိုက်ထန်ကလည်း ကျင်းဖန့် သူ့နေရာသို့ လိုက်လာမည်ကို စိုးရိမ်နေသူဖြစ်၏။

ကျင်းဖန့်သည် သူ့ကိုကျော့နပ်မည်မဟုတ်ကြောင်း သိနေသဖြင့် နောက်ကြောင်းမအေးသူဖြစ်၏။

အမှန်မှာ ကျင်းဖန့် သေဆုံးခဲ့လေပြီ။ ဤအဖြစ်ကို ကျိုရန်က ပြန်၍ ပြောမပြခဲ့ချေ။

ကျင်းဖန့်သေသည်ကို ဟိုက်ထန် မသိဘဲ ဖြစ်နေသည်။

ထို့ကြောင့် ကျင်းဖန့်များလားဟု စူပျက်ထဲမှထွက်ကာ အပြင်သို့ငေးမျှော်ကြည့်သည်။

ဟိုက်ထန် သူ့ကိုကျောပေးသွားစဉ်မှာပင် ရီရင်သည် ကျိုရန့်ဘေးမှ တံခါးသော့ကို ကောက်ယူလိုက်သည်။



ထို့နောက် ကန်ဝင်ဆန်ကိုထည့်ထားရာ သံတံခါးအား အပြေးအလွှားသွား၍ ဖွင့်လိုက်လေတော့၏။

တံခါးသော့ဖွင့်သံကြောင့် ဟိုက်ထန် ပြေးဝင်လာသည်။

"သစ္စာဖောက်မ... နင်ဟာ သစ္စာဖောက်ပဲ ရီရင်၊ နင် ဘာလုပ်တာလဲ"

ထိုအချိန်မှာပင် ကန်ဝင်ဆန်သည် အပြင်သို့ခုန်ထွက်လာသည်။ ကန်ဝင်ဆန်ကို ဟိုက်ထန်က တိုက်ခိုက်သည်။

ဟိုက်ထန်သည် သိုင်းပညာ၌ ခေသူမဟုတ်ပေ။

သို့သော် ကန်ဝင်ဆန်ကဲ့သို့ မြတာဘက်သိုင်းဆရာကြီးထံ၌ ရော၊ မုတ်ဆိတ်ဖြူအဘိုးအို တန်တင်းလျောင်ထံ၌ပါ သိုင်းပညာသင်ကြားခဲ့သူအဖို့ ကလေးငယ်သဖွယ်ဖြစ်နေသည်။

ကန်ဝင်ဆန်သည် အချိန်မဆွဲလိုတော့သဖြင့် လျှပ်တစ်ပြက် ပတ်ခြေဖြင့် ကန်လိုက်၏။

ဟိုက်ထန်ကို သနားသဖြင့် သူသည်သူ၏အတွင်းအားကို အားကုန်ထုတ်မသုံးလိုက်ပေ။

"အွန်း....."

ဟိုက်ထန် လွင့်ထွက်သွားသည်။ ဟိုက်ထန်သည် အခြေနေမဟန်တော့သည်နှင့် လဲကျနေသည့်နေရာမှ လစ်ပြေးရန် ကြိုးစားလိုက်သည်။

ထိုအချိန်တွင် ကျိုရန် နိုးထလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်က သူ့မျက်လုံးများကို သူ မယုံသလို ပွတ်ကြည့်လိုက်သည်။

မျက်လုံးမှ လက်ခွာလိုက်သောအခါ အဆိပ်ပါသော လက်နက်ပုန်းများ ထွက်လာကြ၏။

အတန်းလိုက်ထွက်ပေါ်လာသော အလင်းတန်းကလေးများသည် ကန်ဝင်ဆန်ထံသို့ အစီအရီ ရောက်လာကြသည်။

ရုတ်တရက်ဆိုလျှင် ကန်ဝင်ဆန်သည် လက်နက်ပုန်းထိ၍ သေဆုံးသွားနိုင်ပေသည်။

သို့ရာတွင် ကန်ဝင်ဆန်က လက်နက်ပုန်းများကို အချိန်မီ ရိုက်ထုတ်ပစ်နိုင်သည်။

ဟိုက်ထန်မှာ အားအင်ကုန်ခန်းသွားသောကြောင့် ကန်ဝင်ဆန်ကို ဝင်၍မတိုက်ရဲတော့ပေ။

သူသည် သွေးရူးသွေးတန်းဖြင့် ဝူပျက်စခန်းအတွင်းမှ ပြေးထွက်သွားလေတော့သည်။

ကန်ဝင်ဆန်၏လှုပ်ရှားမှုများမှာ လွန်စွာသွက်လက်လှသည်။

လျှပ်တစ်ပြက် ပစ်ခတ်လိုက်သည့်လက်နက်ပုန်းများကို အကျိုလက်စရှည်ဖြင့် ခါယမ်းဖယ်ထုတ်လိုက်ခြင်းက သူ့ပညာအဆင့်အတန်း မည်မျှမြင့်ကြောင်း ပြသနေသည်ဟု ကျိုရန် နားလည်သဘောပေါက်လာသည်။



သူကမူ သာမန် မြေသိမ့်တုန်လက်သီးသိုင်းသမားတစ်ဦးသာ ဖြစ်သည်။

ထို့ကြောင့် ပရိယာယ်ဖြင့် အနိုင်ယူရန် ချက်ချင်းဆုံး ဖြတ်လိုက်သည်။

"မင်း... ရီရင့်ကို လာကယ်တာ မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ရီရင့်ကိုခေါ်သွားပေတော့"

"ရီရင့်ကိုခေါ်သွားရုံတင် မပြီးသေးဘူး... ကျုပ်မှာ ကိစ္စရှိသေးတယ်"

"ဘာကိစ္စလဲ"

"လူသတ်ဖို့ကိစ္စ"

ကန်ဝင်ဆန်၏စကားကြောင့် ကျိုရန်၏မျက်နှာကြီး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"မင်းက ငါ့ကိုသတ်မလို့လား"

ကျိုရန်က ချောက်ချားစွာ မေးလိုက်၏။

"ဟုတ်တယ်... ကျုပ် ခင်ဗျားကိုသတ်ဖို့ လိုက်ရှာနေတာကြာပြီ"

ကျိုရန် အံ့ဩသွားလေသည်။

ရီရင်လည်း အံ့ဩသွားလေသည်။

"မင်းနဲ့ငါ ဘယ်လိုပတ်သက်လို့လဲ... ငါ ရီရင့်ကိုဖမ်းထားလို့

www.burmeseclassic.com

www.burmeseclassic.com



လား"

ကန့်ဝင်ဆန်က ခေါင်းခါပြလိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ခင်ဗျားဟာ လူယုတ်မာ... လောကကြီးမှာ ရှိမနေသင့်တဲ့ လူ၊ ဒါပေမယ့် ခင်ဗျား ဘာကြောင့် သေသွားရတယ်ဆိုတာ သိသွားအောင်တော့ ကျုပ် ပြောပြချင်သေးတယ်၊ ကျုပ် ဘယ်သူလဲ သိလား"

ကန့်ဝင်ဆန်ကို ပြူးကြောင်သောမျက်လုံးအစုံဖြင့် ကျိုရန် စိုက်ကြည့်နေသည်။

ကျိုရန့်၏မျက်လုံးများနှင့် ကန့်ဝင်ဆန်၏မျက်လုံးများ ဆုံသွားသည်။

ကျိုရန်သည် ထိုမျက်လုံးမျိုးကို တစ်နေရာရာမှာ တွေ့ဖူးသည်ဟု မှတ်မိသွား၏။ မှန်သည်။

ကန့်ဝင်ဆန်၏မျက်လုံးများသည် လီလင်း၏မျက်လုံးများနှင့် အလွန်တူနေကြောင်း ချက်ချင်း သတိပြုလာမိသည်။

"မင်း... မင်း လီလင်းရဲ့သားလား"

"သေချာတာပေါ့... ခင်ဗျားကိုသတ်ဖို့ ရည်ရွယ်ချက်နဲ့ကျုပ် တော်တော် ပင်ပန်းခဲ့တယ်ဗျာ၊ ကျုပ်အမေဟာ ခင်ဗျားကို တော်တော်သတ်စေချင်တာဗျ။ ဟုတ်တာပေါ့... ခင်ဗျား ကိုယ်ချင်းစာကြည့်လေ၊ ကိုယ့်မိဘနဲ့ကိုယ်ဘဝကို ဖျက်ဆီးတဲ့လူကို ကျုပ်က မသတ်ဘူး



ဆိုရင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲ... မဟုတ်ဘူးလား"

"ငါ နောင်တရနေပါပြီကွာ... မင်းနဲ့မင်းအမေအတွက် ငါ့သားကျိုထန်စိုက်ကို ငွေပို့ခိုင်းလိုက်တယ်၊ ငါ့ရဲ့ထောက်ထားညှာတာမှုကိုလဲ ထည့်စဉ်းစားပါဦး"

ကျိုရန်က တုန်ယင်စွာဖြင့် ပြောပြသည်။

"ဘာဗျ... လောကကြီးမှာ မရှိတော့တဲ့လူတစ်ယောက်အတွက် ငွေဟာ ဘယ်လိုအသုံးကျတော့မှာလဲ၊ ခင်ဗျား နှိပ်စက်ခဲ့တဲ့ဒဏ်ရာတွေနဲ့ ကျုပ်အမေ သေသွားခဲ့ပြီဗျ။ ခင်ဗျားကြောင့် ကျုပ်ဘဝဟာ ဘယ်လိုဖြစ်နေပြီလဲ ကြည့်စမ်း၊ ကျုပ်အဖေရှိတဲ့လန်ဆန်မြို့ကို ကျုပ် မသွားရဲဘူး၊ ကျုပ်အဖေကလဲ ကျုပ်ဟာ သူ့သားပါဆိုတာကို ဒီအချိန်ကျမှ ယုံပါဦးမလား"

ကျိုရန်သည် သူ၏မိုက်ပြစ်အတွက် ဒဏ်ခတ်ခံရတော့မည်ဟု နားလည်လိုက်သည်။

သို့သော် သူသည် ဉာဏ်များသောသိုင်းသမားတစ်ဦးဖြစ်သည့်အတိုင်း အလွယ်တကူဖြင့် အရှုံးမပေးလိုက်ပါချေ။

"ပြီးခဲ့တာတွေ ပြီးပါစေတော့ကွာ"

"ခင်ဗျားက လုပ်ခဲ့ရတဲ့သူဆိုတော့ ပြီးနိုင်တာပေါ့၊ ကျုပ်က မပြီးနိုင်ဘူး... ခင်ဗျားကို...."

ကန့်ဝင်ဆန်၏စကားမဆုံးမီမှာပင် ကျိုရန်က ခုန်ဆင်း၍ မြေသိမ့်တုန်လက်သီးတစ်လုံး ပစ်သွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကန်ဝင်ဆန်သည် နောက်သို့ခုန်ရှောင်လိုက်၏။

ဤတိုက်ကွက်မျိုးကတော့ ကန်ဝင်ဆန်အတွက် ကလေးက စားစရာမျှသာ ဖြစ်သည်။

ကျိုရန်၏လက်သီးသည် မြတဘက်၏ တင်းကျပ်စွာ ဆုပ်ညှစ်ထားမှုကို ခံနေရသည်။

"ဒီလောက်နာမည်ကြီးပြီး အစွမ်းထက်တဲ့လက်သီး သွားပေတော့"

ကန်ဝင်ဆန်က မြတဘက်ကို ဆောင့်ခါလိုက်သည်။

နာကျင်စွာ အော်ဟစ်လိုက်သောကျိုရန်၏အသံ စူးစူးဝါးဝါးထွက်ပေါ်လာသည်။

"အား..."

ကျိုရန်၏လက်သည် မြတဘက် ဖြုတ်လိုက်သောအခါ လက်ကောက်ဝတ်မှ ကျိုးထွက်သွားလေသည်။ ကျိုရန် ထွက်ပြေးဖို့ ကြိုးစားလိုက်သည်။

ကန်ဝင်ဆန်က အလွတ်မပေးတော့ချေ။ ကျိုရန်၏ညာခြေတစ်ဖက်ကို မြတဘက်ဖြင့် ဖမ်းယူလိုက်ပြန်သည်။

ကျိုရန်သည် နာကျင်လွန်းသဖြင့် တဆတ်ဆတ် တုန်နေ၏။

ရီရင်သည် တုန်လှုပ်စွာ ကြည့်နေသည်။ ဤအဖြစ်မျိုးကို တစ်ကြိမ်မျှ မကြုံတွေ့ဖူးသဖြင့် ဆွံ့အနေမိတော့သည်။

ကျိုရန်သည် မြတဘက်သိုင်းကွက်ထဲမှ ဘယ်လိုမှရုန်းမ



ထွက်နိုင်တော့ပေ။

ကန်ဝင်ဆန်သည် ကျိုရန်၏ခြေတစ်ဖက်ကိုလည်း မြတဘက်ဖြင့် ဆောင့်ဆွဲကာ ချိုးပစ်လိုက်ပြန်သည်။

"အား... ကျွတ်... ကျွတ်"

မချိမဆန့် ညည်းညူလိုက်သော ကျိုရန်၏အသံသည် ဝူပျက်ထဲမှာ စိတ်မချမ်းမြေ့ဖွယ်ကြားနေရသည်။

"ခင်ဗျားလဲ သူများကိုနှိပ်စက်တာ ဝါသနာပါတဲ့လူပဲဗျာ... ခင်ဗျားကြောင့် ကျုပ်အမေဟာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့သေသွားခဲ့ရပြီ၊ အခု ခင်ဗျားအလှည့်ပဲ"

ကန်ဝင်ဆန်က ကျိုရန်ပြန်အထကို စောင့်နေသည်။

ကျိုရန် ပြန်ထလာသောအခါ ရင်ဝတည့်တည့်သို့ ခြေထောက်ဖြင့် ကန်ပစ်လိုက်သည်။

"အား..."

ကျိုရန်၏ပါးစပ်အတွင်းမှ သွေးများ တပွက်ပွက် အန်ကျလာလေသည်။

နောက်ဆုံး၌ ကျိုရန် မချိမဆန့် သေဆုံးသွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)
## နောက်ကြောင်း

"သူ အသက်မရှိတော့ဘူးလား အစ်ကို"

အနီးမှ တစ်ချိန်လုံး စိတ်မချမ်းမမြေ့နှင့် ရပ်ကြည့်နေခဲ့ရသော ရီရင်သည် တုန်ယင်စွာဖြင့် မေးမြန်းလိုက်လေ၏။

"ဟုတ်တယ် ရီရင်... အသက်မရှိတော့ဘူး"

"အစ်ကိုက သူ့ကိုသတ်ဖို့လိုက်ရှာနေတယ်ဆိုတာ လျှို့ဝှက်ထားတာကို၊ ဟိုတစ်ညက သူနဲ့စကားများကြတုန်းကလဲ အစ်ကို သူ့ကိုမုန်းနေတယ်ဆိုတာ အကဲခတ်မိပါတယ်"

"ဘာကို အကဲခတ်မိတာလဲ ရီရင်"

"အစ်ကို့မျက်လုံးတွေကိုပေါ့... တော်တော် နာနာကျည်းကျည်းနဲ့ အစ်ကို့ရဲ့ကြည့်ပုံရှုပုံကိုက အကြောင်းတစ်ခုခုရှိသလိုပဲ"

"အစ်ကို့အမေကို သူဟာ အသက်တိုအောင် လုပ်ခဲ့တာကို။



အစ်ကို လူမသတ်ဖူးပါဘူး။ အခု ဒါဟာ အစ်ကို့ရဲ့ ပထမဦးဆုံး လူသတ်ခြင်းပါပဲ၊ ဒီအဘိုးကြီးကတော့ လူ့အသက်ကို ပစ္စက်ဆိတ်ကလေးတွေလို သဘောထားတာလဲ၊ ကျင်းဖန့်လဲ သူ့လက်ချက်နဲ့သေသွားပြီ၊ လက်နက်ပုန်းနဲ့သတ်သွားတာ သူပဲ"

"ကျင်းဖန့် သေသွားပြီဟုတ်လား"

"ဟုတ်တယ်"

ကန့်ဝင်ဆန်သည် သိုင်းဆရာကြီးရှေ့ထင်းထံမှ ရရှိထားသောမြတဘက်ကို သူ့ခါး၌ ပြန်ပတ်လိုက်သည်။

ရီရင်သည် ကျိုရန်အတွက် စိတ်မကောင်းသော်လည်း ဘာမှပြန်မပြောနိုင်တော့ပေ။

ကျိုရန်၏ဒုက္ခပေးခြင်းကိုခံရသူက များလှပြီမဟုတ်ပါလား။

"အိမ်ပြန်ကြစို့ အစ်ကို"

"ဟုတ်သားပဲ... အိမ်မှာ စီစဉ်စရာတွေ ကိစ္စတွေ ရှိသေးတယ်နော်"

ရီရင်က ခေါင်းညိတ်လိုက်၏။

ကန့်ဝင်ဆန်သည် ရီရင်၏လက်မောင်းကိုယုယစွာ တွဲ၍ ဂူပျက်စခန်းအတွင်းမှ ထွက်လာခဲ့သည်။

ကန့်ဝင်ဆန်၏ရင်တွင်း၌ ရီရင်ကိုချစ်သောစိတ်တို့ လှိုင်ရှားနေသည်။

ကျန်းထိန်၏အသုဘကိစ္စလည်း ပြီးစီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုစံသည် အားကိုးရာမဲ့သော မုဆိုးမတစ်ဦးဖြစ်သောကြောင့် ကန်ဝင်ဆန်ကို အားထားနေရသည်။

သူ၏စိတ်သဘောမှာ ကျိုထန်စိုက်ကိုမျှော်မနေတော့ပဲ ကန်ဝင်ဆန်နှင့်ရီရင်တို့ကို လက်ထပ်ပေးစားလိုက်ချင်တော့သည်။

ကန်ဝင်ဆန်၏စိတ်ရင်း စေတနာရင်းကို သူမ သိခဲ့ရပြီမဟုတ်ပါလား။

ကျိုရန်ကိုသတ်သည့်ကိစ္စကိုလည်း သူမ အပြစ်မတင်ပေ။ ကန်ဝင်ဆန်၏မိခင်ဘက်မှ စာနာနိုင်ခဲ့ပေသည်။

ကန်ဝင်ဆန်နှင့်ရီရင်တို့မှာ တတွဲတွဲ ဖြစ်နေကြတော့သည်။

တစ်နေ့တွင် ရီရင်က ပြော၏။

"အစ်ကို... ဦးလေးကျိုရန်ရဲ့လက်သီးက သိပ်ပြင်းထန်တာပဲနော်"

"သူဟာ ဒီလက်သီးနဲ့နာမည်ကြီးခဲ့တဲ့ သိုင်းသမားပဲ ညီမရယ်၊ သူ့ကြောင့် အသက်ဆုံးရှုံးသွားတဲ့သိုင်းသမားတွေလဲ မနည်းတော့ဘူးပေါ့"

"အစ်ကို... သူ့အကြောင်း အတော် စုံစမ်းခဲ့ပြီးပြီလားဟင်"

"အစ်ကိုလဲ နယ်တကာနှံ့နေပါပြီ... သူ့သတင်းတွေကတော့ ကြားရပါတယ်၊ ထိုက်ဟူတောင်ခြေမှာ ဒမြဗိုလ်လုပ်ပြီး လူတွေသတ်နေသတဲ့၊ နောက်တော့ ဒမြဗိုဏ်းကြီးပြိုကွဲသွားပြီး ဗိုဏ်းသားအားလုံး သေသွားတော့ ကျိုရန်ပါ သေသလိုလို ကြားရတယ်၊ ကံကောင်းထောက်မလို့ အခု လာတွေ့ရတာပဲ"

"အစ်ကိုပြောတဲ့အတိုင်းဆိုရင်တော့ ဦးလေးကျိုရန်ဟာ လူဆိုးကြီးပဲပေါ့နော်"

"အစ်ကိုက ညာပြောပါ့မလားကွယ်... အစ်ကို သိုင်းပညာတတ်ပါတယ်၊ ဒါပေမယ့် တစ်ကြိမ်တစ်ခါမှ လူမသတ်ခဲ့ဖူးဘူး။ အခု ပထမဦးဆုံးအကြိမ် သတ်ခြင်းပါပဲ၊ ကျိုရန်ကြောင့် သေဆုံးခဲ့ရသူတွေ၊ ဒုက္ခရောက်ခဲ့ရသူတွေ မရေတွက်နိုင်တော့ပါဘူး... တကယ်တော့..."

"တကယ် သူသေသင့်တယ်ဆိုတာ ညီမ လက်ခံပါပြီ အစ်ကိုရယ်"

ရီရင်သည် ရုပ်ရည်ချောမောသလောက် သိုင်းပညာတော်သော၊ သိုင်းပညာတော်သလောက် ရည်မွန်ပြေပြစ်သော ကန်ဝင်ဆန်၏လက်မောင်းကို အားကိုးစွာ ဖက်တွယ်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)
## မြတာဘက်သိုင်းဒေဝီ

တကယ်တော့ ကျိုထန်စိုက်သည် ခရီးလမ်းကျွမ်းကျင်သူလည်း မဟုတ်ချေ။

သူတစ်သက်၌ တစ်ကြိမ်တစ်ခါမျှလည်း ခရီးထွက်ဖူးသူ မဟုတ်ချေ။ သူဖခင်၏စိတ်ချမ်းသာမှုရရှိရန်သာ ထွက်ခဲ့ရခြင်းဖြစ်၏။

သို့နှင့် တစ်ရွာဝင် တစ်ရွာထွက်ကာ အခက်အခဲများကို ရင်ဆိုင်ရသည်။

ကျိုထန်စိုက် ခရီးသွားနေသောအချိန်တွင် မူလက လီလင်း ဘို့နေထိုင်ခဲ့သော ဆန်ပိုင်မြို့ကလေးမှာ ယခင်ကလို အေးအေးချမ်းချမ်း မရှိတော့ပေ။

အောက်လမ်းသိုင်းသမားများ ကြီးစိုးနေပြီး မြို့သူမြို့သားများကို ကောင်းကောင်းကြီး ဒုက္ခပေးနေချိန်ဖြစ်တော့သည်။



ကျိုထန်စိုက်သည် ဆန်ပိုင်မြို့သို့ရောက်ရောက်ချင်း လီလင်း၏မိသားစုသတင်းကို မေးသည်။

နှစ်ကာလကြာညောင်းခဲ့ပြီးဖြစ်သဖြင့် အချို့လူများသည် လီလင်း၏နာမည်ကိုပင် မကြားဖူးကြတော့ပေ။ အသက်အရွယ်ကြီးရင့်သော လူကြီးပိုင်းသို့ ကျိုထန်စိုက်ချဉ်းကပ်၍ မေးမြန်းရ၏။

"လီလင်းဆိုတာလား... ကြားတော့ ကြားဖူးပါတယ်၊ သူ့မှာ သားတစ်ယောက်နဲ့လေ၊ သူ့ယောကျ်ားဆိုတဲ့လူက သိပ်ဆိုးတာပဲ၊ အရက်သောက် လောင်းကစားပြီး နေ့တိုင်းနှိပ်စက်နေတာ၊ အဲ... နောက်တော့ ကိုယ်ဝန်ကြီးနဲ့ပစ်ထားပြီး ထွက်သွားတယ်ထင်ပါရဲ့"

အဘိုးအိုကြီး ထန်ပင်းက စဉ်းစား၍ ပြောနေသည်။ ကျိုထန်စိုက် ဝမ်းသာသွားသည်။ သဲလွန်စရပြီ မဟုတ်ပါလော။

"ဟုတ်ပါတယ် အဘ၊ အဲဒီလီလင်းပါ၊ အခု ဘယ်မှာလဲ ဟင်"

"အင်း... အခု မရှိတော့ဘူးကွယ့်၊ သူ ဆုံးသွားရှာပြီ"

"အို... ဟုတ်လား"

ကျိုထန်စိုက် စိတ်ပျက်သွားသည်။

"သူဆုံးသွားတာတောင် ကြာပြီပဲကွယ်... တော်တော်ကို သိလိုက်ဆိုးတဲ့ မိန်းကလေးပါ၊ သူ့သားလေးမွေးတော့လဲ ဆင်းဆင်းရဲရဲ မွေးခဲ့ရတာ၊ အဲဒီသားနာမည်က ဘာတဲ့၊ ကန်ဝင်ဆန် ဆိုလားပဲ၊ ဟုတ်တယ်... ဟုတ်တယ်၊ ကန်ဝင်ဆန်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သူကော အခု ဘယ်မှာနေလဲ"

"အင်း... အဲဒါလဲ အဘ မပြောနိုင်တော့ဘူး၊ သူ့အမေ သေပြီးတာနဲ့ သူလဲ ဒီမြို့က ပြောင်းသွားတာပဲ"

"ဘယ်ကိုပြောင်းသွားလဲ"

"ဆန်ပိုင်မြို့က ပြောင်းသွားတာပဲ အဘတော့ သိတယ်၊ ဘယ်ထွက်သွားတယ်ဆိုတာတော့ အဘဲ မပြောနိုင်ဘူး"

အဘိုးအို ထန်ပင်း၏စကားကြောင့် ကျိုထန်စိုက် စိတ်ဓာတ်ကျသွားလေသည်။ လမ်းစပျောက်သွားပြီ ဖြစ်၏။ သည်အတိုင်းဆိုလျှင် ကျိုထန်စိုက် ဘယ်ဆက်၍ သွားရမှန်းပင် မသိတော့ပေ။

သူသည် သက်ပြင်းရှည်ကြီးတစ်ချက်ကိုချလိုက်သည်။

"အင်း... ကျွန်တော်က လီလင်းအပေါ် တကယ်ဆိုးသွမ်းခဲ့တယ်ဆိုတဲ့ ကျိုရန်ရဲ့သားပါ"

"ဩော်...."

အဘိုးအိုထန်ပင်းက မှုန်မှိုင်းနေသောမျက်လုံးများဖြင့် ကြည့်၏။ ကျိုထန်စိုက်က ဆက်ပြောသည်။

"သူတို့သားအမိ အသက်ရှိသေးတယ်ဆိုရင် တောက်ပံ့မလို့ လာတာပါ"

"အေး... အတော် ကံဆိုးတာပဲကွယ်၊ သူတို့ မရှိတော့ဘူး၊ ငါ့မြေး ဘာလုပ်ချင်သလဲ"

ထန်ပင်းက လေးတွဲ့စွာ မေးလိုက်၏။



ကျိုထန်စိုက်နှင့်ထန်ပင်းတို့ စကားပြောနေသည်ကို အိမ်ဘေးအကွယ်တစ်ခုမှ ချောင်းကြည့်နေသူတစ်ဦးရှိသည်။

ထိုသူသည် ကျိုထန်စိုက်လွယ်ထားသောအိတ်ကို တောက်ပြောင်သောမျက်လုံးအစုံဖြင့် ကြည့်နေပြီးနောက် နေရာမှ လှစ်ခနဲ ထွက်ခွာသွားလေသည်။

ကျိုထန်စိုက်က လွယ်အိတ်တွင်းမှ ရွှေတုံးကလေးတစ်ခုကို ထုတ်ကာ အဘိုးအိုထန်ပင်း၏ရှေ့တွင် ချလိုက်၏။

"ကျွန်တော် လမ်းစရိတ်ကုန်နေပြီ အဘ၊ ဒါကိုပဲ ကျွန်တော့်အတွက် ခရီးစရိတ်ရအောင် ထုခွဲပေးစမ်းပါ"

"မောင်ရင်... မောင်ရင့်ပစ္စည်းကို ပြန်ထည့်ထားလိုက်ပါကွယ်၊ အချိန်အခါက သိပ်မကောင်းဘူးကွယ့်၊ ဒီဆန်ပိုင်မြို့မှာ အခု လူဆိုးအမြတွေ သောင်းကျန်းနေတယ်"

"ရပါတယ် အဘ... ကိစ္စမရှိပါဘူး"

အဘိုးအိုထန်ပင်းသည် ကျိုထန်စိုက်ထုတ်ပေးသော ရွှေတုံးကလေးကို တုန်ယင်သောလက်အစုံဖြင့် ကောက်ယူလိုက်သည်။

"ကျွန်တော် ဒီကစောင့်နေရမလား"

"အေး... ဒီကပဲစောင့်တာ ကောင်းမယ်ထင်တယ်၊ အဘယုံကြည်ရတဲ့လူတွေဆီ အရင်သွားကြည့်မယ်၊ သွားသာ သွားရတယ် အဘလဲ ကြိုးလန့်စာစားပဲ"

"စိတ်ချ အဘ... ကျွန်တော် ဒီကစောင့်နေပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေတုံးကလေးကို အဝတ်ဖြင့် အထပ်ထပ်ထုပ်ကာ အဘိုးအို ထန်ပင်းသည် အိမ်တွင်းမှ ထွက်ခွာသွားတော့သည်။

သိပ်မကြာလိုက်။ လမ်းပေါ်မှ ထန်ပင်း၏စူးစူးရှါးရှါး အော် သံထွက်ပေါ်လာသည်။

"အား...."

ကျိုထန်စိုက်သည် အိမ်တွင်းမှ လမ်းမပေါ်သို့ခုန်ထွက်လိုက် လေ၏။ လမ်းမပေါ်တွင် လဲကျနေသော အဘိုးအိုထန်ပင်းကို တွေ့ လိုက်ရသည်။

အနီးအပါးမှ မည်သူမျှမရှိ။ တိတ်ဆိတ်ငြိမ်သက်နေသည်။

"အင်း... တစ်ခုခုတော့ တစ်ခုခုပဲ"ဟု ကျိုထန်စိုက် မှတ်ချက် ချလိုက်မိ၏။

အဘိုးအို ထန်ပင်းကိုသွား၍ မထူလိုက်သောအခါတွင်ကား အသက်မရှိတော့ပေ။ အဝတ်ဖြင့်ထုပ်ယူသွားသော ရွှေတုံးကလေး လည်း မရှိတော့ပေ။

ကျိုထန်စိုက်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက် ၏။

လေထဲမှ ပျံဝဲထွက်ပေါ်လာသောအရာတစ်ခု လည်ပတ်နေ



သောကြောင့် မည်သည့်အရာဝတ္ထုဖြစ်သည်ဟု ကျိုထန်စိုက် မခန့်မှန်း နိုင်ပေ။ ကျိုထန်စိုက်က ရှောင်လိုက်သည်။

သူ့နောက် ခြံစည်းရိုးတိုင်တွင် စိုက်ဝင်သွား၏။

"ဒုတ်...."

ကြောက်မက်ဖွယ်ကောင်းသော ဆူးသီးတစ်ခုဖြစ်နေသည်။

လူ၏အသားတွင်းသို့ဝင်သွားလျှင် မလွယ်ဟု ကျိုထန်စိုက် သိလိုက်သည်။

မရှေးမနှောင်းပင် ခြံစည်းရိုးများကြားမှ လူသုံးဦးခုန် ထွက် လာကြ၏။

"မင်းလွယ်အိတ် ဒီကိုပစ်ပေးလိုက်ပါ"

ကျိုထန်စိုက်ကိုကြည့်၍ ခေါင်းဆောင်ဖြစ်သူက ခပ်မာမာ ပြောလိုက်၏။

"သူစကားကို နားထောင်လိုက်ပါ... အသက်အန္တရာယ်လဲ ကင်းတာပေါ့၊ မဟုတ်ဘူးလား ကျိုင်းကွန်"

သူ့ဘေးမှလူကို သက်သေတည်၍ အရုပ်ဆိုးဆိုးနှင့်လူတစ် ယောက်က ဝင်ပြော၏။

"ဟုတ်တယ်... အဘိုးအိုထန်ပင်းလဲ မင်းလို ခေါင်းမာလို့ အသက်ထွက်သွားပြီ"

နှီးပြားကဲ့သို့ ရှည်မျောသော သံမဏိပြားလေးကို ခါယမ်း နေသူက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုထန်စိုက် အခြေအနေကို အကဲခတ်ကြည့်ရှုနေသည်။

သူတို့သုံးဦးသည် ကျိုထန်စိုက်ကိုတိုက်ခိုက်ရန်အတွက် ကြိုတင်ပြင်ဆင်နေကြလေပြီ။ ထိုသူတို့ကား တြိဂံသိုင်းသမားများဟု နာမည်ကြီးနေသော ဒမြဂိုဏ်းသားများ ဖြစ်ကြသည်။

သူတို့သည် ဆန်ပိုင်မြို့ နေရာအနှံ့အပြားတွင် ဖြတ်သန်းသွားလာနေသူများကို သတင်းထောက်၍ လုယက်နေကြသူများဖြစ်၏။

သူတို့နှင့်တွေ့သူသည် ပြန်လမ်းမရှိဟု သတင်းကြီးနေလေသည်။

ကျိုထန်စိုက်က စတင်လှုပ်ရှားလိုက်သည်။ လေထဲမှာ ထိုသူသုံးဦးနှင့် ကျိုထန်စိုက်တို့ ဆုံမိကြ၏။

သံမဏိပြားကိုင်ထားသူက ကျိုထန်စိုက်၏လည်ပင်းကို ဖြတ်ခနဲ လှမ်းရိုက်လိုက်သည်။ နေရောင်မှာ လက်သွား၏။

ကျိုထန်စိုက် မြန်လွန်းသောကြောင့်သာ အသက်ပါမသွားခြင်း ဖြစ်ပေသည်။

မြေပြင်ပေါ်သို့ ပြန်ကျလာသောအခါ တြိဂံသိုင်းခေါင်းဆောင်က ကျိုထန်စိုက်ကို သဲသဲမဲမဲတိုက်ခိုက်၏။

ကျိုထန်စိုက်သည် ခြံစည်းရိုးကိုကျောပေးကာ ခုခံကာကွယ်နေရသည်။ လွယ်တော့ မလွယ်လှပေ။

လူသတ်သံမဏိပြားသည် ခြံစည်းရိုးတိုင် သုံးလေးချောင်း



ကို ဖြတ်ပြီးသွားပေပြီ။

ထိုအချိန်မှာပင် မိန်းမပျိုတစ်ဦး၏ သာယာလှသောသီချင်းသံကို ရုတ်တရက် ကြားလိုက်ရလေ၏။

ထိုသီချင်းသံကိုကြားလိုက်သည်နှင့် တြိဂံသိုင်းဒမြများ၏ တိုက်ခိုက်မှုသည် ရုတ်တရက် ရပ်တန့်သွားတော့သည်။

အံ့ဩဖွယ် ကောင်းလေစွ။ သီချင်းသံနှင့် ဤသိုင်းဒမြများ မည်သို့ပတ်သက်ဆက်စပ်လေသနည်း။

သီချင်းသံသည် တဖြည်းဖြည်း နီးလာသည်။

ထိုအခါ တြိဂံသိုင်းဒမြများ ပြူးပြူးပြာပြာဖြစ်လာသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထွက်ပြေးသွားကြတော့သည်။

"ဟင်း... အကော်ဟုတ်တဲ့ ဒမြတွေပဲ၊ မိန်းမသီချင်းသံကြားတာနဲ့ ပြေးလိုက်တာ တန်းနေတာပဲ"

ကျိုထန်စိုက် တွေးတောနေစဉ်မှာပင် အလွန်တရာလှပသော မိန်းမပျိုလေးတစ်ယောက်နှင့် ဆန့်ကျင်ဘက် အသွင်သဏ္ဌာန်ရှိသော လူနှစ်ယောက်ရောက်ရှိလာသည်။

တစ်ယောက်က ပိန်ပိန်လှီလှီ အရပ်ရှည်ရှည်၊ တစ်ယောက်က ပုပုဝဝ။ အလွန် မလိုက်ဖက်သောသူများပင်တည်း။

သို့သော် သူတို့နောက်ကျော၌ ဓားတစ်ချောင်းစီ ချိတ်ဆွဲထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက....

"ဝူဖူး... ဒီလူ ဒီမှာ ဘာလာလုပ်နေတာလဲ... မေးစမ်း"

ပုပ္ပဝဝက ရှေ့သို့တိုးလာပြီး....

"ဟေ့ကောင်..., လမ်းမအလယ်ခေါင်မှာ မင်း ဘာလာလုပ်နေတာလဲ... ပြောစမ်း"

ကျိုထန်စိုက်မှာ မိုက်ကန်းကန်း စိတ်ထားမျိုးရှိသဖြင့် သူ့အား ခပ်ကြမ်းကြမ်းမေးသောအခါ ခပ်ကြမ်းကြမ်းပင် ပြန်ဖြေလိုက်၏။

"ကျုပ် လမ်းပေါ်မှာသွားတယ်၊ လူသုံးယောက်က ကျုပ်ပစ္စည်းကိုလုဖို့ကြိုးစားတယ်၊ ကျုပ်က လွယ်လွယ်ကူကူ မပေးတော့ ဝိုင်းတိုက်တယ်... ဒါပဲ"

"မင်းစကားပြောတာ မှာလှချည်လား"

"ကျုပ်က ဒီလိုပဲပြောတတ်တယ်"

"မင်းစကားကို ဘယ်လိုယုံရမှာလဲ"

"ဟောဟိုမှာကြည့်...."

ကျိုထန်စိုက်က သေဆုံးနေသော အဘိုးအိုထန်ပင်းကို ညွှန်ပြလိုက်၏။

# အခန်း(၂၃)
# ချစ်ဧည့်သည်

"ကျုပ်က ရွှေစလေးတစ်စပေးပြီး ရောင်းခိုင်းလိုက်ပါတယ်၊ အဲဒီအမြသုံးယောက်က သတ်သွားတော့တာပဲ... ဘာလဲ... ခင်ဗျားက မြို့စောင့်တပ်သားလား"

ပုပ္ပဝဝလူမှာ ရှုံ့မဲ့သွား၏။ ထိုလူဆက်၍ စကားပြောရန်ဟန်ပြင်နေစဉ်မှာပင် မိန်းမပျိုကလေးက တားမြစ်လိုက်၏။

"ဝူဖူး... နေတော့"

ကျိုထန်စိုက်သည် လှပသောမိန်းကလေးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ရှင်... ဧည့်သည်နဲ့တူတယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

သည်တစ်ကြိမ်တွင်တော့ ကျိုထန်စိုက်က ပြေပြေပြစ်ပြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ မပြော၍လည်း မဖြစ်ချေ။

ဤမိန်းကလေးကို တြိဂံသိုင်းအမြဲသုံးဦးကပင် ကြောက်သွားကြသည်မဟုတ်ပါလား။

သူသည် လာရင်းကိစ္စကို အတိုချုပ်ပြောလိုက်၏။

"သြော်... ရှင်က ကိစ္စနဲ့ကိုး၊ ရှင် ဒီအတိုင်း လျှောက်သွားနေရင်တော့ မလွယ်ဘူး၊ တစ်ကြိမ်မဟုတ်တစ်ကြိမ် ဒုက္ခရောက်မှာပဲ၊ ကဲ... ကျွန်မတို့အိမ်ကို ခဏလိုက်ခဲ့၊ ကျွန်မဖေဖေက ရှင့်အတွက် တစ်ခုခုတော့ စီစဉ်ပေးနိုင်ကောင်းပါရဲ့"

ဝူဖူးက....

"သခင်မလေး... ဖြစ်... ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ... ဒီအတိုင်းလွှတ်လိုက်ရင် မကြာခင် ခေါင်းပြုတ်သွားမှာပေါ့၊ ရှင် သူ့နောက်ကလိုက်ပြီး စောင့်ရှောက်ပေးနိုင်လို့လား"

ဝူဖူး ပါးစပ်ပိတ်သွားလေ၏။

"ကဲ... လိုက်ခဲ့"

ကိုထန်စိုက်သည် အကျိုးယုတ်စရာ 'အကြောင်းမမြင်ဟု' ယူဆကာ မိန်းမပျိုခေါ်ဆောင်ရာနောက်သို့ လိုက်သွားလေတော့၏။

သူတို့သည် ဆန်ပိုင်မြို့စွန်ရှိ ကြီးမားသော ခြံဝင်းကြီးတစ်ခုသို့ ရောက်ရှိလာ၏။

ထိုခြံကြီးနှင့်အိမ်ကြီးရှင်ကား အခြားသူမဟုတ်ပေ။ မြတ



ဘက်သိုင်းဆရာကြီး ဝေ့ထင်းသာ ဖြစ်တော့သည်။

ဝေ့ထင်းသည် ဆန်ပိုင်မြို့ကို အလွန်နှစ်သက်သူဖြစ်သည်။

ဆန်ပိုင်မြို့ကို မကြာခဏ ဖြတ်သန်းသွားလာရာမှ သဘောကျသောကြောင့် ဆန်ပိုင်မြို့စွန်တွင် အိမ်ကြီးတစ်လုံးဆောက်လုပ်ကာ နေထိုင်ခဲ့ခြင်းဖြစ်လေ၏။

တစ်ခါက ဝေ့ထင်းသည် ချင်ကျူးဆိုသူနှင့်သိုင်းပညာယှဉ်ပြိုင်ရာ၌ ချင်ကျူးသေဆုံးသွားသည်။

ချင်ကျူးတွင် သမီးကလေးတစ်ယောက်ရှိကြောင်း သိရသောအခါ ဝေ့ထင်းမှာ စိတ်ထိခိုက်သွားသည်။

ထို့ကြောင့် ချင်ကျူး၏သမီး ချင်ဖန့်ကို ဝေ့ထင်းက သမီးအဖြစ် မွေးစားထားလိုက်ရတော့သည်။

ဝေ့ထင်းသည် သူတတ်ထားသောသိုင်းပညာကို ချင်ဖန့်အား သင်ပေးထား၏။

ထို့ကြောင့် ချင်ဖန့်သည် မြတဘက်သိုင်းပညာတွင် တစ်ဘက်ကမ်းခတ် တတ်မြောက်လာ၏။

ချင်ဖန့်ကို မြတဘက် သိုင်းဒေဝီဟု သိုင်းလောက,က ခေါ်ကြသည်။

www.burmeseclassic.com



ယခု ကိုထန်စိုက်ကို ချင်ဖန်က ခေါ်ဆောင်လာသောအခါ ဇေ့ထင်း မျက်လုံးပြူးသွားလေသည်။

"သမီး သူက ဘယ်သူလဲ… ဘာလုပ်ဖို့ ခေါ်လာတာလဲ"

ဇေ့ထင်းက ကိုထန်စိုက်ကို လက်ညှိုးညွှန်၍ မေးလိုက်၏။

"ဆန်ပိုင်မြို့ကို မသိနားမလည်ပဲ ရောက်လာတဲ့ဧည့်သည်ပါ ဖေဖေ"

"ဟေ… သူက လမ်းဖယ်မပေးလို့လား"

"မဟုတ်ပါဘူး… ကျွန်တော်က ရန်သူနဲ့တိုက်ခိုက်နေရလို့ ရုတ်တရက် လမ်းမဖယ်နိုင် ဖြစ်သွားတာပါ"

"ဟုတ်လား သမီး"

"ဟုတ်တယ် ဖေဖေ"

"သမီး နားထဲမှာ ခပ်ဝေးဝေးကတည်းက လေသံတွေ တိုက်ခိုက်သံတွေ ကြားနေရတယ်၊ သူနဲ့တိုက်ခိုက်ခဲ့တဲ့ သိုင်းသမား တွေက ဩဂ်သိုင်းသမားတွေပါ"

ကိုထန်စိုက်သည် ချင်ဖန့်၏စကားကိုကြားလိုက်ရသော အခါ ချင်ဖန့်၏သိုင်းပညာနှင့် သက်တမ်းကို ထိတ်လန့်အံ့ဩသွားရ လေသည်။

လက်နက်များ လေတိုးသံကြားရုံနှင့် ခန့်မှန်းနိုင်စွမ်းရှိသော သူ၏သိုင်းပညာမှာ အဘယ်မှာလျှင် အဆင့်အတန်း မမြင့်ပဲနေပါအံ့ နည်း။



ဇေ့ထင်းသည် ကိုထန်စိုက်ကို ခဏခဏ ကြည့်ရှုလိုက်လေ သည်။

ကိုထန်စိုက်သည် သိုင်းပညာ အတော်ကလေး သင်ကြား တတ်မြောက်ပြီးသူဖြစ်ကြောင်း ဇေ့ထင်း နားလည်လိုက်သည်။

ဤအရပ်ဒေသတွင် နေထိုင်သူတစ်ဦးမဟုတ်ကြောင်းကား ကိုထန်စိုက်၏အသားအရည်နှင့်ရုပ်သွင်တို့က ပြောကြားနေကြပေ သည်။

"နေပါဦး… မင်းက ဒီမြို့ကို ဘာလာလုပ်တာလဲ"

ဇေ့ထင်းက ကိုထန်စိုက်ကို စူးစမ်းသလိုနှင့်မေးလိုက်၏။

"လူ လာရှာတာပါ"

"ဘယ်သူတွေလဲ… ဘာလုပ်သလဲ"

"ဩော်… လီလင်းဆိုတဲ့ အဘွားကြီးတစ်ယောက်ရယ်… သူ့ သား ကန်ဝင်ဆန်ရယ်ပါ"

"ဘာ… ကန်ဝင်ဆန် ဟုတ်လား"

ဇေ့ထင်းက သူ့တပည့်တစ်ယောက်၏နာမည်ကို ကြားလိုက် ရသောကြောင့် အံ့ဩစွာ မေးမြန်းလိုက်၏။

"ဟုတ်ပါတယ် ကန်ဝင်ဆန်ပါ"

"ငါလဲ သူ့ကိုတွေ့ချင်နေတာပဲ… ငါ့တစ်သက်မှာ ပညာကို ပထမဆုံး သင်ပေးခဲ့တာ ကန်ဝင်ဆန်ပဲ၊ သူ ဒီမြို့က ထွက်သွားတာ သူ့အမေ ဆုံးကတည်းကပဲ၊ ဒါနဲ့ မင်းက ဘယ်လိုများ ပတ်သက်နေလို့

www.burmeseclassic.com



လဲ"

"ကျွန်တော့်အဖေက သူ့အမေလီလင်းရဲ့ ယောကျ်ားပါ"

"ဩော်... အေး... သူတို့ ဒီမှာမရှိတော့ဘူးကွ၊ ဒါပေမယ့် ကန်ဝင်ဆန်နဲ့ပတ်သက်နေတော့ မင်းလဲ ဒီမှာ အေးအေးဆေးဆေး နေပေါ့၊ ပြီးတော့ ဒီနယ်မှာ သိုင်းသမားလူဆိုးတွေ သောင်းကျန်းနေတယ်၊ ခရီးသွားလာလို့မကောင်းဘူး၊ ငါ့သမီးကို တစ်နေ့တစ်ခေါက် ထွက်ပြီး နှိမ်နင်းနိုင်းနေရတယ်"

"ကျွန်တော်လဲ ကူညီပါ့မယ်"

လူဆိုးဒမြများကို နှိမ်နင်းရာ၌ ကူညီမည်ဆိုသောကြောင့် ဝေ့ထင်းသည် ကျိုထန်စိုက်အား စိတ်ဝင်စားသွား၏။

"လူဆိုးဒမြတွေကို မင်း တကယ်နှိမ်နင်းချင်လို့လား"

"တကယ်ပေါ့ဗျာ... ကျွန်တော့်ကိုတော်လှဖို့ ကြိုးကြိုးသေး တာပဲ၊ တတ်နိုင်ရင် ဒီမြို့က လူဆိုးတွေအားလုံးကို မျိုးဖြုတ်ပစ်မယ်"

"အေး... ဒီလိုဆိုရင်တော့...."

မြတာဘက်ဆရာကြီးသည် ကျိုထန်စိုက်အား ရက်သတ္တတစ် ပတ်ကျော်ကျော် လေ့လာပြီးသောအခါ မြတာဘက်သိုင်းပညာကို စ တင်သင်ကြားပေးလေ၏။

သင်ကြားပေးရင်း ကန်ဝင်ဆန်အကြောင်း ပြောပြသည်။

"ငါက ကန်ဝင်ဆန်ကို တွေ့ချင်တာကွ၊ ဒီလူဆိုးဒမြတွေကို နှိမ်နင်းနိုင်းဖို့ကွ၊ ပြီးတော့လဲ နောက်ထပ်တွေ့ထားတဲ့ မြတာဘက်



သိုင်းကွက်လေးကွက်ကို ကန်ဝန်ဆန်ဂို ထပ်ပေးချင်လို့ မင်းလဲ ကန် ဝင်ဆန်ကိုတွေ့အောင်ရှာပြီး ငါ့ဆီ လွှတ်လိုက်ကြားလား"

"ဟုတ်ကဲ့"

ကျိုထန်စိုက်သည် ဝေ့ထင်း၏ခွင့်ပြုချက်အရ မြတာဘက် သိုင်းပညာကို ချင်ဖန့်ထံမှ သင်ယူရလေသည်။

ချင်ဖန့်ကလည်း ကျိုထန်စိုက်ကို မြင်မြင်ချင်း မေတ္တာသက် ဝင်နေသူဖြစ်သောကြောင့် ပျော်ရွှင်စွာ သင်ကြားပေးလေသည်။

"ကျိုထန်စိုက်က ဘယ်ဆိုးလို့လဲ၊ ပညာတတ်လွယ်သားပဲ"

"သင်ပေးတဲ့ဆရာမက တော်လို့ပါ"

ချင်ဖန့် ရယ်မောလေတော့၏။

"တကယ်ပြောတာ... အခု မြတာဘက်သိုင်းကွက် ခြောက် ကွက်ရောက်သွားပြီနော်"

"သူများတက်တာတော့ အဲဒါအကုန်ပဲ... ဖေဖေ့ဆီက ကျန် တဲ့လေးကွက်ကို ထပ်သင်ယူဖို့ကြိုးစားပေါ့"

"ချင်ဖန့် ပြောပေးပါ"

"ပြောပေးမှာပေါ့"

ကျိုထန်စိုက်သည် ချင်ဖန့်၏ ဖော်ရွေသောစိတ်သဘော ကြောင့် တစ်နေ့တခြား ပိုမိုခင်မင်လာ၏။

ချင်ဖန့်ကလည်း သူတတ်မြောက်သောသိုင်းကွက်များ ကုန် သောအခါ သူ့အဖေ ဝေ့ထင်းအား ပြောကြားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ ဘယ်သူမှမတတ်သေးတဲ့ မြတဘက်သိုင်းကွက်လေးကွက်ကို ထပ်သင်ပေးမယ်၊ ဒါဟာ အခုအချိန်အထိ ငါတစ်ယောက်တည်းပဲ တက်သေးတယ်၊ ငါ့သမီး ချင်ဖန့်ကိုတောင် သင်မပေးသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မိန်းကလေးဖြစ်နေလို့ ဒါပေမယ့် ဒီသိုင်းကွက်လေးကွက်ကိုမသင်ခင် ငါ့ကို ကတိတစ်ခုပေးရလိမ့်မယ်... ပေးနိုင်ပါ့မလား"

"ပေးနိုင်ပါတယ် ဆရာကြီး"

ကျိုထန်စိုက်သည် သူ့တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးခဲ့သောသိုင်းပညာကိုသင်ကြားနေရပြီဖြစ်သော့ကြောင့် အလွယ်တကူပင် ကတိပေးမည်ဟု ဝန်ခံလိုက်တော့၏။

အမှန်မှာတော့ ဤကတိကို သူပေးနိုင်မည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ချင်ဖန့်ကို တစ်သက်လုံး စောင့်ရှောက်ရန် တာဝန်ယူခိုင်းမည့်ကတိပင် ဖြစ်သောကြောင့်တည်း။

"မင်းပေးရမယ့်ကတိက တခြားမဟုတ်ဘူး... အခု ငါ့သမီး ချင်ဖန့်ကို တစ်သက်လုံး စောင့်ရှောက်ပါ့မယ်ဆိုတဲ့ကတိပဲ"

ဝေ့ထင်းက စကားကိုပြတ်သားရှင်းလင်းစွာ ပြောကြားလိုက်၏။ ယခုမှ ကျိုထန်စိုက် အခက်တွေ့သွား၏။

သူသည် ဟိုပိုင်မြို့တွင် ရီရင်နှင့်လက်ထပ်ဖို့ အစီအစဉ် ပြုလုပ်ခဲ့သည်မဟုတ်ပါလား။

အခန်း(၂၄)

မြတဘက်သိုင်းလေးကွက်

"ဘယ်လိုလဲ ကျိုထန်စိုက်... ငါ မေးထားတာ"

ကျိုထန်စိုက်ထံမှ အဖြေစကား အလွယ်တကူ ထွက်မလာသောကြောင့် ဝေ့ထင်းက လေသံမာမာဖြင့် ထပ်မေးသည်။

ကျိုထန်စိုက်သည် ခေါင်းငုံ့၍ အပြင်းအထန် စဉ်းစားနေသည်။ မြတဘက်သိုင်းလေးကွက်သည် သူ့အတွက် အလွန်အရေးပါနေ၏။

မြတဘက်သိုင်း၏တန်ဖိုးကို ကိုယ်တွေ့မျက်မြင် သင်ယူခဲ့ရပြီဖြစ်သောကြောင့် ဤသိုင်းလေးကွက်ကို အဆုံးရှုံးမခံလိုချေ။

ဤသိုင်းလေးကွက်ကိုသာ သူ ရလိုက်လျှင် သိုင်းလောကတွင် သူ လူတစ်လုံး သူတစ်လုံးဖြစ်ပြီဟု ယုံကြည်သည်။

တစ်ဘက်မှာ ကြည့်ပြန်တော့လည်း ဆနားစဖွယ် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေရှာမည့် ရီရင်၏မျက်နှာလေးကို မြင်ယောင်လာသည်။

သူ အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဘယ်လိုလဲကွ… ဒီကတိစကားတစ်လုံးဟာ မင်းအတွက် တော်တော် ခက်ခဲနေလို့လား"

ဇော်ထင်း၏စကားသံက ထွက်ပေါ်လာပြန်သည်။ ကျိုထန်စိုက် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်သည်။

ဤသိုင်းလောကတွင် အချို့သောသိုင်းသမားတို့သည် ပညာအတွက် အသက်ကိုစွန့်ကြ၏။ အချို့သည် အိုးအိမ်စည်းစိမ်ကို စွန့်ကြသည်။ ယခုကျိုထန်စိုက်သည်လည်း ချစ်သူကိုစွန့်ရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

"ကျွန်တော် ချင်ဖန့်ကို တစ်သက်လုံး စောင့်ရှောက်ဖို့ တာဝန်ယူပါတယ် ဆရာကြီး"

"အေး… ဒီလိုမှပေါ့၊ ကဲ… ဒါဆို ဒီနေ့စကပြီး မင်းကို ငါ့ပညာ ဆက်သင်ပေးမယ်"

မြတဘက်သိုင်းပညာ၏နောက်ဆုံးလေးကွက်သည် အလွန်လျို့ဝှက်နက်နဲပြီး ခက်လည်း ခက်လှ၏။ မြတဘက်ကို ကိုင်တွယ်ဘတ်ရုံမျှသာမဟုတ်၊ မြတဘက်၏ လှုပ်ရှားသော လျှင်မြန်နှုန်းအဘိုင်း လူကပါလိုက်၍ လှုပ်ရှားတိုက်ခိုက်သောနည်းဖြစ်သည်။

မြတဘက်ဖြင့် တိုက်ခိုက်သောအခါတွင် ရန်သူသည် မြတဘက်၏လှုပ်ရှားမှုအပေါ်တွင် အာရုံတည်မြဲနေပေလိမ့်မည်။



မြတဘက်ကို အာရုံဝင်စားနေသူတို့ကို လျှပ်တစ်ပြက် လူဖြင့် ဝင်၍တိုက်သည်။ မြတဘက်ဖြင့် လှည့်စားထားသည်။

လူကိုပြန်၍ တိုက်သောအခါတွင်းလည်း မြတဘက်ဂ် ဘျင်လည်စွာ အသုံးချလျက် အကွက်ပြောင်းကာ ပြန်လည်တိုက် ခိုက်သောနည်းစနစ်ပင် ဖြစ်လေသည်။ ဝိရိသေသပ်ရုံမျှမက အလွန် ဘရာနက်နဲဆန်းကြယ်လှပေသည်။

ကျိုထန်စိုက်သည် အပြင်းအထန် ကြိုးပမ်းသ ငယူရ၏။ ခက်သည်မှာ ဇော်ထင်းသည် အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်သည့်တိုင် လှုပ်ရှားမှု သွက်လက်လှ၏။

ကျိုထန်စိုက်က ဇော်ထင်းနှင့်တိုက်ခိုက်ရင်း မော ၁န်းအွမ်းနယ်လာလေသည်။

"အဲဒါပဲကွ… ငါ ဒါကြောင့် ကန်ဝင်ဆန်ကို ရှာ နတာပေါ့၊ ကန်ဝင်ဆန်ဟာ မင်းလို ဘယ်တော့မှ မမောဘူးကွ၊ သူဟာ အမောလုံသိုင်းသမားပဲ၊ တကယ်တော့ မြတဘက်သိုင်းပညာဟာ အမောလုံသိုင်းသမားတွေအတွက် အသင့်လျော်ဆုံးပါကွာ"

မည်သို့ပင်ဖြစ်စေ ကန်ဝင်ဆန်လောက် ကျိုထန်စိုက် အမောမခံနိုင်သော်လည်း မြတဘက်သိုင်း၏နောက်ဆုံးလေးကွက်ကို ဇော်ထင်းထံမှ သင်ယူရရှိလိုက်လေသည်။

"အစ်ကို… မြတဘက်သိုင်းကွက် လေးကွက်လုံးရသွားပြီနော်… အစ်ကို့ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တဲ့လူ မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဖေဖေရဲ့ကျေးဇူးတွေပေါ့ကွယ်"

"အစ်ကိုရယ်… ဖေဖေဟာ ညီမအတွက် သိပ်ပူပန်တာ အစ်ကိုနဲ့ညီမကိုလဲ ဖေဖေက လက်ထပ်ပေးတော့မလို့တဲ့"

ချင်ဖန့်၏စကားကြောင့် ကျော်ထန်စိုက် တွေဝေသွားသည်။

ရိုရင်၏အပေါ် သူ သစ္စာချိုးဖောက်လိုက်ပြီဆိုသောစိတ်က သူ့ကိုစိုးစက်လိုက်ပြန်သည်။ ကျော်ထန်စိုက်သည် ပညာကိုလိုချင်သောကြောင့် ဆုံးဖြတ်လိုက်သော မိမိဆုံးဖြတ်ချက်ကို မှန်မှမှန်ပါမည်လားဟု သံသယဝင်လာပြန်၏။

"ဘယ်လိုလဲ အစ်ကို… အစ်ကို့မှာ ချစ်သူတွေ ဘာတွေရှိလို့လားဟင်"

ကျော်ထန်စိုက်သည် ချင်ဖန့်၏စကားကို အဖြေမပေးပေ။

ကျော်ထန်စိုက်ထံမှ အဖြေစကားကိုမကြားရသောကြောင့် ချင်ဖန့်သည် ဝမ်းနည်းကာ တသိမ့်သိမ့် ငိုကြွေးနေလေသည်။

"ညီမ သိပါပြီ… အစ်ကိုဟာ မြတ်ဘက်သိုင်းပညာရဲ့နောက်ဆုံးသိုင်းကွက်လေးကွက်ကိုလိုချင်လို့ ညီမကိုမချစ်ပဲ စောင့်ရှောက်ဖို့ ဖေဖေ့ဆီမှာ ကတိပေးလိုက်တာမဟုတ်လား ရပါတယ် အစ်ကို… ညီမကို အစ်ကိုလက်မထပ်ချင်ရင် တိတ်တိတ်လေး အိမ်က ထွက်သွားပါ၊ ဖေဖေ့ကို ညီမ ကြည့်ပြောလိုက်ပါ့မယ်"

"အို… မဟုတ်တာ ညီမရယ်"

တကယ်တော့ ချင်ဖန့်သည် ချောမောလှပပြီး ချစ်စရာ



ကောင်းသည့် မိန်းကလေးတစ်ယောက်သာဖြစ်သည်။

ကျော်ထန်စိုက်သည် နေ့စဉ်မြင်တွေ့အတူနေထိုင်လာရသည့် ချင်ဖန့်ကို အဘယ်မှာ သံယောဇဉ်ဖြင့်၍ ရနိုင်ပါမည်နည်း။

"ညီမ အစ်ကို့ကိုချစ်တာကို အစ်ကိုသိပါတယ်၊ အစ်ကို ညီမကို ချစ်လို့လဲ လက်ထပ်ဖို့ ကတိပေးလိုက်တာပါ… ငိုမနေပါနဲ့တော့နော်"

ကျော်ထန်စိုက်၏စကားကြောင့် ချင်ဖန့်သည် မျက်ရည်များကို သုတ်လိုက်တော့၏။

"အစ်ကို…"

"ဘာလဲ ချင်ဖန့်"

"အစ်ကိုနဲ့ညီမ လက်ထပ်ပြီးရင် ခွဲမသွားရဘူးနော်"

"အစ်ကို ဘယ်မှခွဲမသွားပါဘူး ညီမရယ်… သွားရင်လဲ ညီမကိုပါ ခေါ်သွားမှာပေါ့"

ချင်ဖန့်သည် ကျော်ထန်စိုက်၏ပခုံးသားများကို မှီတွယ်နေလိုက်လေသည်။

လေသည် တဟူးဟူး တိုက်ခတ်နေ၏။ လေရှိန်ကြောင့် စံအိမ်ကြီးအတွင်းခန်းတွင် ထွန်းညှိထားသော မီးတိုင်များ ငြိမ်းသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)
## အိမ်အပြန်

ဆန်ပိုင်မြို့တွင် သောင်းကျန်းနေသော ဒုစရိုက်သိုင်းသမားများကို ချင်ဖန့်နှင့်အတူတွဲကာ ကျိုထန်စိုက်က လိုက်လံနှိမ်နင်းသည်။

ဩဇာသိုင်းသမားများကိုရှာဖွေ၍ သုတ်သင်ပစ်လိုက်သည်။

ထို့နောက်ပိုင်းတွင် ဆန်ပိုင်မြို့တွင် ကျိုထန်စိုက်သည် အလွန်နာမည် ကြီးသော သိုင်းသမားတစ်ဦးဖြစ်လာလေတော့သည်။

သူသည် ချင်ဖန့်ကို လက်ထပ်၍ယူပြီးပြီဖြစ်၏။ သို့ရာတွင် သူ ရှာဖွေနေသောလူနှစ်ဦးကိုလည်း မတွေ့။

သူ့ဖခင်သည် သူ့ထံမှ သတင်းစကားကို စောင့်မျှော်နေလိမ့်မည်ဟုလည်း တွေးမိလာ ၁ည်။

ထို့ကြောင့် သူသည် ဟိုပိုင်မြို့သို့ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။



"အစ်ကိုတို့ ဟိုပိုင်မြို့ကိုသွားဖို့ ဆရာကြီးဆီမှာ ခွင့်တောင်းပါလား ချင့်ဖန့်"

"ဟိုပိုင်မြို့ဆိုတာ အဝေးကြီးပဲလား အစ်ကို"

"ဝေးတော့ ဝေးတာပေါ့... ဒါပေမယ့် မသွားလို့မဖြစ်ဘူး၊ ဟိုမှာ အစ်ကို့အဖေ ကျိုရန်ဆိုတာ ရှိတယ်၊ သူက အစ်ကို့ကို မျှော်နေမှာ၊ အခြေအနေအေးချမ်းသွားပြီပဲ မဟုတ်ဘူးလား"

"အစ်ကိုသွားချင်ရင် ညီမ ခွင့်တောင်းပေးရမှာပေါ့"

ချင်ဖန့်သည် ဇေ့ထင်းထံ၌ ကျိုထန်စိုက်နှင့်အတူ လိုက်ပါသွားရန် ခွင့်တောင်းလိုက်သည်။

သိုင်းဆရာကြီးဇေ့ထင်းက လွယ်ကူစွာပင် ခွင့်ပြုသည်။

"အေးလေ... မသွားမဖြစ်တဲ့ကိစ္စဆိုလဲ သွားကြပေါ့၊ ပြီးတော့ လမ်းမှာလဲ သတင်းလေး ဘာလေး နားထောင်သွားပါ၊ မြတဘက်သိုင်းသမား ကန်ဝင်ဆန်ဆိုတာကြားရင် သူ့ကိုတွေ့ဖြစ်အောင်တွေ့ပြီး ငါ သင်ပေးထားတဲ့ နောက်ထပ်သိုင်းလေးကွက်ကို မင်းက သူ့ကိုသင်ပေးလိုက် ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

နောက်တစ်နေ့တွင် ဆန်ပိုင်မြို့မှ ကျိုထန်စိုက်နှင့်ချင်ဖန့်တို့ ထွက်ခွာလာကြသည်။ ချင်ဖန့်သည် ကျိုထန်စိုက်နှင့်အတူ ခရီးထွက်လာခဲ့ရသောကြောင့် ပျော်ရွှင်နေလေသည်။

ဆန်ပိုင်မြို့မှ ရွက်လှေဖြင့် ကျိုထန်စိုက်တို့လိုက်ပါလာခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွက်လှေသည် မြစ်ကြောင်းအတိုင်း ဟိုပိုင်မြို့ရှိရာသို့ ဦးတည် ရွက်လွှင့်လာလေသည်။

"အစ်ကို ဟိုပိုင်မြို့မှာ အစ်ကို့အဖေတစ်ယောက်တည်းလား ဟင်"

"အစ်ကို့ ညီမတစ်ယောက်လဲရှိတယ်"

"သူ့နာမည်က ဘယ်သူလဲ"

"ရီရှင်တဲ့"

"နာမည်လေးက ချစ်စရာကောင်းတယ်နော်"

"မဆိုးပါဘူး"

ကျိုထန်စိုက်က အလိုက်သင့် ပြန်ပြောရင်း တွေဝေငေးမော သွားပြန်လေသည်။

"ဟုတ်တာပေါ့... အစ်ကို့ညီမဆိုတော့ ချောမှာပေါ့၊ သူက ညီမအရင်းလား ဟင်"

"အရင်းတော့ မဟုတ်ပါဘူး၊ အစ်ကို့အဖေ ရောက်မလာခင် အစ်ကို့ကို မွေးစားတဲ့မိဘတွေရဲ့ သမီးလေးပါ"

"ဒါဆို အစ်ကိုနဲ့ ဘာမှမတော်ဘူးပေါ့"

"အင်း... မတော်ဘူးလို့ပြောရင်လဲ ရတာပဲ"

ချင်ဖန့်၏မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"အစ်ကို့ ညီမအရင်းမဟုတ်ဘူးဆိုတော့ အစ်ကိုနဲ့ အကြာ ကြီး အတူတူနေခဲ့တာ ရီးမှရီးရဲ့လား"



ကျိုထန်စိုက်သည် လာမည့်ဘေး ပြေးတွေ့ထားသည့်သ ဘောနှင့်ဘွင်းဘွင်းပင် ပြောပြလိုက်တော့သည်။

"ရီးတာ မရီးတာတော့ ပြောမနေနဲ့ အစ်ကို မြို့ကထွက်မ လာခင် လက်ထပ်ပေးစားဖို့တောင် လူကြီးတွေက စီစဉ်နေကြတာ"

"ဟင်...."

"ဟုတ်တယ်... ညီမ၊ အစ်ကို အခုပြောမပြလဲ ဟိုပိုင်မြို့ကို ရောက်ရင် ညီမသိမှာပဲ မဟုတ်လား။ အစ်ကိုက ကန့်ဝင်ဆန်တို့သား အမိကိုရှာဖို့ထွက်လာလို့ လက်မထပ်ဖြစ်ပဲ ဆန်ပိုင်မြို့ကိုရောက်လာ ရတာ၊ အစ်ကိုပြန်လာမှ လက်ထပ်မယ်လို့ စီစဉ်ခဲ့ကြတာပေါ့လေ၊ ဒါပေမယ့် စိတ်မပူပါနဲ့ညီမရယ်၊ အစ်ကိုဟာ ယောကျ်ားပါ... ညီမကို လက်ထပ်ယူပြီးပြီဆိုတဲ့အကြောင်း ဖွင့်ပြောပြရမှာပေါ့"

"ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်... ဒါကြောင့် ဖေဖေမေးတုန်း က အစ်ကို ချက်ချင်း မဖြေနိုင်တာကိုး"

"ဟုတ်တာပေါ့ ညီမရယ်... ဒါပေမယ့် သိုင်းသင်ချင်စိတ် ရယ် ညီမအပေါ်မှာ သံယောဇဉ်ရှိတာတွေရယ်ကြောင့် အစ်ကို ဆုံး ဖြတ်ချက်ချလိုက်ပြီး ဆရာကြီးကို ကတိပေးလိုက်တာပါ"

"ရီရှင်နဲ့ ဘယ်လိုမျက်နှာချင်းဆိုင်မှာလဲ အစ်ကို"

"အစ်ကိုကြည့်ပြီး ရင်ဆိုင်ရမှာပေါ့လေ"

ကျိုထန်စိုက်၏အခြေအနေအားလုံးကို သိလိုက်ရသောအခါ ချင်ဖန့်သည် ကျိုထန်စိုက်ကိုပို၍ သနားသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျော်ထန်စိုက်မှာ မိမိနှင့်လက်မထပ်မီက တည်းကပင် ချစ်သူတစ်ဦးရှိနေခဲ့သည်မဟုတ်ပါလား။

ထိုစဉ်မှာပင် မြစ်ထဲမှ ရေကူးခတ်လာသူတစ်ဦးကိုတွေ့ လိုက်ရသည်။

ထိုသူ၏မျက်နှာကို ကျော်ထန်စိုက်သည် မြင်ဖူးနေ၏။ ရွက် လှေရှိရာသို့အရောက် ကူးခတ်လာသဖြင့် လှေသမားများက ကူညီ ဆယ်ယူလိုက်ကြရသည်။

ခရီးသည်များ အားလုံးက ထိုသူကိုပိုင်း၍ ကြည့်နေကြ သည်။ ရွက်လှေပေါ်သို့ရောက်လာသော သူကလည်း ခရီးသည် များကို ပြန်၍ ကြည့်ရှုအကဲခတ်လိုက်၏။

ကျော်ထန်စိုက်နှင့်မျက်လုံးချင်း ဆုံမိကြသောအခါတွင်မူ....

"ဟင်... မင်း... မင်း ဟိုပိုင်မြို့က ဟိုက်ထန် မဟုတ်လား"

ကျော်ထန်စိုက်က မှတ်မိသွားဟန်ဖြင့် လက်ညှိုးထိုး၍ အော် ဟစ်လိုက်သည်။

"ဟုတ်တယ်... ကျုပ် ဟိုက်ထန်ပါ"

"ဘယ်လိုဖြစ်လာတာလဲ ဟိုက်ထန်"

"အင်း.. ပြောရရင်တော့ အရှည်ကြီးပဲ"



"ပြောပါ"

"ခင်ဗျား ခရီးထွက်နေတုန်း ဟိုပိုင်မှာ ဘာတွေဖြစ်ကုန်လဲ သိလား"

"မသိဘူး... ပြောပါဦး"

"ခင်ဗျားအဖေ ကျိုရန် မရှိတော့ဘူးဗျ"

"ဘယ်ထွက်သွားလို့လဲ"

"သေသွားပြီ"

"ဘာ..."

ကျော်ထန်စိုက်သည် တုန်လှုပ်ချောက်ချားသောလက်များဖြင့် ဟိုက်ထန်၏ပခုံးကို ဆုပ်ကိုင်လိုက်၏။

"ဘာဖြစ်လို့ သေသွားတာလဲ"

"လူတစ်ယောက်က ရက်ရက်စက်စက် သတ်လိုက်လို့"

"ဘယ်သူလဲ... ငါ့အဖေကိုသတ်လိုက်တာ ဘယ်သူလဲ"

"ဘယ်သူရှိမလဲ... မြတ်ဘက်သိုင်းသမား ကန်ဝင်ဆန်ဆို တဲ့ လူပေါ့"

"ကန်ဝင်ဆန် ဟုတ်လား"

"ဟုတ်တယ်... ကန်ဝင်ဆန်တဲ့"

"ကန်ဝင်ဆန်တဲ့လား"

အနီးတွင်ရပ်၍ နားထောင်နေသော ချမ်ဖန့်ကပါ ရော ယောင်၍ ရေရွတ်လိုက်သည်။ အဖြစ်အပျက်များကို ဟိုက်ထန့်က

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းခင်း၍ ပြောပြနေ၏။

ကန်ဝင်ဆန်သည် ကျိုရန်ကို ကလဲ့စားချေသတ်ဖြတ်ပြီး နောက် သူနှင့်လက်ထပ်ရန် ရည်စွယ်ထားသော ရီရင်ကိုလည်း ရယူရန် ကြိုးစားနေသည်ဟု သိလိုက်ရ၏။

"ဒါနဲ့ မင်းက ဘယ့်နှယ်မြစ်ထဲ ရောက်နေရတာလဲ"

"ဟာ… မပြောပါနဲ့တော့ဗျာ၊ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုတာ ကျုပ် အဖြစ်မျိုးပေါ့၊ ကျုပ်က ခင်ဗျားအဖေဘက်က ကူတယ်၊ ကန်ဝင်ဆန်က ကျုပ်ကိုသတ်ဖို့ကြိုးစားတော့ ကျုပ်လဲ ထွက်ပြေးရတော့တာပေါ့၊ လှေနဲ့ထွက်အပြေးမှာ လှေပျက်ပြီး လက်ပစ်ကူးလာရတာ"

"ဒီလောက်ပဲ ကန်ဝင်ဆန်ကို ကြောက်ရသလား"

"မကြောက်လို့ ရမလားဗျ… သူက မြတဘက်သိုင်းသမားပဲ"

"ငါလဲ မြတဘက်သိုင်းသမားပဲကွ"

"ဟုတ်လား"

ဟိုက်ထန်သည် စိတ်အားတက်ကြွသွား၏။ ကျိုထန်စိုက်နှင့် ချင်ဖန့်တို့ခါးမှ မြတဘက်များကိုတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဒါပေမယ့် ကန်ဝင်ဆန်က သိပ်ကျင်လည်တယ်၊ ပြီးတော့ ဘယ်တော့မှမမောဘူး"



"အေးလေ… မင်း စောင့်ကြည့်ပေါ့"

"သူကြည့်ရတာ မြတဘက်သိုင်းပညာတင် မကဘူး… တခြားသိုင်းပညာတွေပါ တတ်ကျွမ်းပုံရတယ်ဗျ"

"အေး… သူ တခြားပညာတွေ တတ်လဲ ငါက ဂရုမစိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတတ်ထားတဲ့ မြတဘက်သိုင်းပညာက အကုန်မဟုတ်လို့ပဲ… အခု သူ ဘယ်မှာရှိသလဲ"

"ဟိုပိုင်မြို့မှာပဲ ရှိလိမ့်မယ်"

"ရီရင်တို့ အိမ်မှာပဲပေါ့"

"အဲဒီမှာပဲ ရှိဖို့များတယ်"

"အေးလေ… ငါ့အဖေက သူတို့ကိုထောက်ပံ့ဖို့ ခိုင်းလိုက်တယ်၊ သူက ငါ့အဖေကို လာသတ်တယ်၊ ခွေးကောင်[illegible] တဲ့ကောင်၊ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပေါ့ကွာ"

ကျိုထန်စိုက်သည် အံကြိတ်၍ ကြိမ်းဝါးလိုက်လေတော့၏။

ကျိုထန်စိုက် ကြိမ်းဝါးနေသည်ကို လှေ၏ပဲ့စင်မှ လူတစ်ယောက်သည်ချောင်းကွယ်၍ စောင့်ကြည့်နေ၏။

ထိုလူသည် ခမောက်ကြီးဆောင်းထားသည်ဖြစ်ရာ ရုတ်တရက် ကြည့်၍ မည်သူမှန်း မသိနိုင်ပေ။

ထိုလူကြီးကို ကျိုထန်စိုက်တို့ လုံးဝ သတိမပြုမိကြပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)
## မဟာတာလိန်ဥာဏ်တာဝိန်

ကျိုထန်စိုက်သည် ဟိုပိုင်မြို့ကမ်းပါးပေါ်မှ ချင်ဖန့်၏လက်ကို မြဲမြံစွာ ဆုပ်ကိုင်၍ လျှောက်လာခဲ့၏။

ငယ်စဉ်က ရှီရင်နှင့်အတူ ရေချိုးကစားခဲ့သောအဖြစ်များကို မျက်လုံးထဲတွင် ပြန်၍မြင်ယောင်လာလေသည်။

ရှီရင်သည် သူ့ကို အလွန်ခင်တွယ်သူဖြစ်၏။ ယခုချင်ဖန့်ကို လက်ထပ်ယူလာသည်ကိုသိလျှင် မည်သို့ခံစားရရှာမည်နည်း။

သူတို့နှစ်ယောက်သည် ဟိုပိုင်မြို့ရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လာနေသကဲ့သို့ သူတို့နောက်မှ သစ်ပင်များကိုကွယ်၍ လိုက်ပါလာသော သဏ္ဌာန်တစ်ခုသည် ထက်ကြပ်မကွာ လိုက်ပါလာခဲ့လေသည်။

ထိုလူသည် စက်လှေပွဲစင်ပေါ်မှ အကဲခတ်စောင့်ကြည့်သူ ၁င် ဖြစ်တော့သည်။



ဟိုက်ထန် ကြိုတင်ပြောကြားခဲ့သောကြောင့်သာ ကျိုထန်စိုက်သည် သူ့အဖေသတင်းကို ကြားခဲ့ရခြင်းဖြစ်၏။

ကျိုရန်သည် လောကတွင် သူ၏အမြတ်နိုးဆုံး ကိုးကွယ်ရသူ ဖခင်ကြီးဖြစ်သည်။

ကျိုရန်က ကိုယ်ချင်းစာစိတ်ဖြင့် ကန်ဝင်ဆန်၏အမေ လီလင်းထံသို့ သူ့ကိုလွှတ်ခဲ့သည်။

ကန်ဝင်ဆန်က ရက်စက်စွာ သူ့ဖခင် ကျိုရန်ကို သတ်ဖြတ်ပစ်လိုက်လေပြီ။

"အစ်ကို ဘာတွေတွေးနေတာလဲဟင်"

"ဩော်... ကန်ဝင်ဆန်ဟာ တော်တော်ရက်စက်တဲ့လူပဲ၊ သူ့အမေအတွက် မခံချင်စိတ်နဲ့ အစ်ကို့အဖေကို သတ်ပစ်လိုက်တယ် ညီမ၊ ဒီတော့ အစ်ကို သူနဲ့စာရင်းရှင်းရတော့မှာပေါ့"

"သူ့အမေကိုလဲ အစ်ကို့အဖေက နှိပ်စက်ထားခဲ့တယ်ဆို၊ ဖေဖေတစ်ခါက စကားစပ်မိလို့ ပြောသေးတယ်လေ"

"အေး... ဘာပဲဖြစ်ဖြစ် ကန်ဝင်ဆန်ကို အစ်ကို သတ်ရလိမ့်မယ် ညီမ"

"ဖေဖေက ကန်ဝင်ဆန်ကိုတွေ့ရင် မြတာဘက်သိုင်းကွက် လေးကွက် ထပ်သင်ပေးလိုက်လို့ မှာလိုက်တယ်မဟုတ်လား"

"ခု, အခြေအနေကတစ်မျိုး ဖြစ်သွားပြီလေ"

ကျိုထန်စိုက်၏မာကျောသောလေသံကြောင့် ချင်ဖန့်သည် ဘာမျှမပြောဝံ့တော့ဘဲ ကျိုထန်စိုက်ဘေးမှ ငြိမ်သက်စွာ လိုက်ပါလာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကန်ဝင်ဆန်နှင့်ရီရင်တို့သည်လည်း ရှေ့ရေးနောက်ရေးများကို တိုင်ပင်နေကြလေ၏။

"အစ်ကို ဒီရွာက ထွက်သွားချင်နေပါပြီ ရီရင်ရယ်"

"ဘာလို့ထွက်သွားရမှာလဲ အစ်ကို... ရီရင်တို့နဲ့အတူတူ နေရတာ မပျော်လို့လားဟင်"

"မဟုတ်ဘူး ရီရင်... တော်ကြာ ရီရင်နဲ့စေ့စပ်ထားတဲ့အမျိုးသားပြန်လာတော့ အစ်ကို ဒီမှာနေလို့ ဘယ်ဖြစ်တော့မလဲ"

"သူ ဘယ်တော့မှပြန်မလာတော့ဘူး ထင်ပါတယ်အစ်ကိုရယ်၊ ပြီးတော့ ညီမလဲ အစ်ကို့ကို မခွဲနိုင်တော့ဘူး"

"အစ်ကိုလဲ ရီရင်ကိုခွဲပြီး မသွားချင်ပါဘူး... ဒါပေမယ့်...."

ရီရင်သည် ကန်ဝင်ဆန်၏ဘေးတွင် ငြိမ်သက်စွာ ထိုင်လျက် ခေါင်းငုံ့ထားသည်။

ရီရင်၏ကိုယ်ကလေးနှင့် ကန်ဝင်ဆန်၏ကိုယ်လုံးတို့ ထိစပ်နေကြသည်။

ဤရှုခင်းကို အိမ်ရှေ့သို့ရောက်ရှိလာသော ကျိုထန်စိုက်က မြင်တွေ့လိုက်ရသောအခါ မျက်လုံးအိမ်အတွင်း၌ မီးဟုန်းဟုန်း တောက်တော့မတတ် ဖြစ်သွားလေသည်။

"အစ်ကို... ဘယ်မှမသွားပါနဲ့နော်"

ရီရင်က တွယ်တာစွာ ပြောလိုက်သောစကားသံကိုကြားလိုက်ရသောအခါ ကျိုထန်စိုက် သည်းမခံနိုင်တော့ချေ။

"ဟေ့... အလွမ်းသယ်မနေနဲ့၊ ကန်ဝင်ဆန် ဘယ်မှမသွားစေရဘူး။ သွားရင်လဲ ရေပြည်အရောက်သွားရမှာပဲ"



"ဟင်... အစ်ကိုကျိုထန်စိုက်... အစ်ကို ပြန်လာတယ်"

ရီရင်က ကျိုထန်စိုက်ကိုတွေ့တွေ့ချင်း ပြေးထွက်လာသည်။

သို့သော် ကျိုထန်စိုက်က ခါးမှမြတဘက်ကိုဖြုတ်၍ ဝှေ့ယမ်းလိုက်သောကြောင့် နောက်သို့ဆုတ်၍ ရပ်နေလိုက်ရလေ၏။

"သစ္စာဖောက်မ... ငါ့ဆီကို မလာခဲ့နဲ့"

ကန်ဝင်ဆန် ထိုင်နေရာမှ ထရပ်လိုက်သည်။

"ဟေ့ကောင်... ကန်ဝင်ဆန် မင်း ဘာကြည့်နေတာလဲ၊ မင်းက ငါ့အဖေ လူအိုကြီးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ကောင် လာလေကွာ၊ မင်းနဲ့ငါ စာရင်းရှင်းမယ်"

"မင်းအဖေကျိုရုန်က ငါ့အမေလီလင်းကို မသေသေအောင် ညှဉ်းပန်းနှိပ်စက်ခဲ့တာကျတော့ကော မင်း ဘာပြောမလဲ"

ကန်ဝင်ဆန်ကလည်း ခါးမှ မြတဘက်ကိုဖြုတ်ယူရင်း ပြောလိုက်လေသည်။

ရီရင်သည် ကန်ဝင်ဆန်ရှေ့သို့မတိုးရန် ပွေ့ဖက်ထားသကဲ့သို့ ကျိုထန်စိုက်ကိုလည်း ချင်ဖန့်က တားဆီးထား၏။

"ကန်ဝင်ဆန်... မင်း ယောကျ်ားဆိုရင် ရီရင်ကိုဖယ်ပြီး ရှေ့တက်ခဲ့ပါ၊ မင်းလဲ မြတဘက်သိုင်းသမားပဲ၊ ငါလဲ မြတဘက်သိုင်းသမားပဲ၊ ကဲ... ညီမချင်ဖန့် နောက်ဆုတ်နေပါ"

ကျိုထန်စိုက်က တွန်းဖယ်လိုက်သောကြောင့် ချင်ဖန့်သည် ဘေးသို့ရောက်သွားသည်။

ကန်ဝင်ဆန်သည်လည်း ရှေ့သို့တက်လာသည်။

ရီရင်သည်လည်း မြတဘက်နှင့်လွတ်အောင် နောက်သို့အ

www.burmeseclassic.com

www.burmeseclassic.com



နည်းငယ်ခွာ၍ ရပ်ကြည့်နေလိုက်ရတော့သည်။

ကန်ဝင်ဆန် ဝှေ့ယမ်းလိုက်သော မြတဘာက်နှင့်ကျိုထန်စိုက် ဝှေ့ယမ်းလိုက်သော မြတဘာက်တို့သည် လေထဲ၌ ဆုံမိကြသည်။

"ရှမ်း...."

မြတဘာက်ကို နှစ်ပေါင်းများစွာ ကိုင်တွယ်သုံးစွဲလာခဲ့သော ကန်ဝင်ဆန်သည် ကျင်လည်စွာ မြတဘာက်ကိုရုပ်သိမ်းလိုက်၏။

ကျိုထန်စိုက်က မြတဘာက်ကို ကန်ဝင်ဆန်ရှိရာသို့ ပစ်လွှတ်ဟန်ပြုလိုက်လျက် လှစ်ခနဲ ခြေဖြင့် စုံဝင်ကန်လိုက်သည်။

ကန်ဝင်ဆန် အရှောင်ကောင်းသောကြောင့်သာ ကျိုထန်စိုက်၏တိုက်ကွက်မှ လွတ်သွားရခြင်းဖြစ်သည်။

ကန်ဝင်ဆန် အံ့သြသွား၏။ မြတဘာက်တိုက်ကွက်များကို သင်ယူစဉ်က ဤသို့သော တိုက်ခိုက်နည်းမျိုးကို မသင်ခဲ့ရဖူးချေ။

သို့သော် ကန်ဝင်ဆန်သည် ဉာဏ်ကောင်းသူဖြစ်၏။ သူမတတ်ကျွမ်းခဲ့သော သိုင်းကွက်ဖြစ်ကြောင်းကို သိလိုက်သည်နှင့် တိုက်စစ်မှ ခံစစ်သို့ကူးပြောင်းကာ တိုက်ခိုက်လေတော့သည်။

ကျိုထန်စိုက်၏တိုက်ကွက်များကို သူသည် ကြိုတင်ခန့်မှန်းတွက်ချက်ကာ တိမ်းရှောင်နေရ၏။

သို့သော် မြတဘာက်သိုင်းကွက်၏ နောက်ဆုံးတိုက်ကွက်လေးကွက်ကိုရရှိထားသော ကျိုထန်စိုက်ကို ကန်ဝင်ဆန် နိုင်အောင် မတိုက်ခိုက်နိုင်တော့ပေ။

ကျိုထန်စိုက်က နောက်ဆုံးတစ်ကွက်ကိုအသုံးပြုကာ ကန်ဝင်ဆန် လက်တင်းမှ မြတဘာက်ကိုဆောင့်ဆွဲပစ်ဖမ်း၍ အဝေးသို့လွှင့်



ပစ်လိုက်သည်။

ထို့နောက် ကန်ဝင်ဆန်၏လည်တိုင်ရှိရာသို့ မြတဘာက်ဖြင့် ပစ်၍ ရစ်ပတ်ဖမ်းယူရန် ကြိုးစားလိုက်သည်။

စင်စစ် ကန်ဝင်ဆန်၏သိုင်းပညာသည် ကျိုထန်စိုက်ထက် အပြတ်အသတ်သာ၏။

နောက်ဆုံး ကုန်ကုန်ပြောလျှင် မြတဘာက် သိုင်းဆရာကြီး ဝှေထင်းပင် ကန်ဝင်ဆန်ကိုနိုင်အောင် တိုက်ခိုက်နိုင်မည် မဟုတ်ပါချေ။

ကန်ဝင်ဆန်က မှတ်ဆိတ်ဖြူသိုင်းဆရာကြီး တန်တင်းလျောင်ထံမှ သိုင်းပညာများကိုထုတ်မသုံးခြင်းမှာ ကျိုထန်စိုက်ကို မသတ်လို၍ ဖြစ်သည်။ ထိုအချက်ကို ကျိုထန်စိုက် မသိရှာပေ။

ထိုတဒင်္ဂမှာပင် ကျိုထန်စိုက်၏မြတဘာက်သည် ရှေ့သို့ ရောက်မလာဘဲ နောက်သို့တန့်ခနဲ ဖြစ်သွား၏။

သူ့လက်မှ မြတဘာက် လွတ်ပါသွားသည်။ သူသည် ချင်ဖန့်ကို/ဒေါသတကြီး လှည့်ကြည့်လိုက်၏။

သူ၏မြတဘာက်ကို ဆောင့်ဆွဲယူလိုက်သူသည် ချင်ဖန့်သာ ဖြစ်ရမည်ဟု ယူဆသောကြောင့်ဖြစ်၏။

"ဟင်... ဆရာကြီး ဝှေထင်း"

မြတဘာက်သိုင်းဆရာကြီး ဝှေထင်း၏လက်တွင်းသို့ မြတ

www.burmeseclassic.com

www.burmeseclassic.com



ဘာတပ်ပါသွားခြင်း ဖြစ်ပေသည်။

"အေး… ငါ ထင်တဲ့အတိုင်းပဲ၊ ကျိုရန်ရှိတဲ့နေရာမှာ ကန့်ဝင်ဆန်ရှိနေမယ်ဆိုတာသိလို့ ငါ ရွက်လှေပေါ်ကို တိတ်တိတ်ခိုးပြီး လိုက်လာခဲ့တာ၊ အဲဒီနောက်တော့ ကန့်ဝင်ဆန်ရှိတဲ့နေရာကို ရောက်လာတာပဲမဟုတ်လား၊ ဒီမှာ ကျိုထန်စိုက်ကော ကန့်ဝင်ဆန်ကော မင်းတို့နှစ်ယောက်လုံး ငါ့ တပည့်တွေချည်းပဲ မဟုတ်လား၊ ငါ့စကားကို နားထောင်မလား… မထောင်ဘူးလား… ပြောကြစမ်း"

"နားထောင်ပါ့မယ် ဆရာကြီး"

ကန့်ဝင်ဆန်က သွက်လက်စွာ ဖြေကြားလိုက်၏။

ကျိုထန်စိုက်က ကန့်ဝင်ဆန်ကဲ့သို့ မသွက်လက်နိုင်ရှာပါ။

"ကျွန်တော့်အဖေကို ကန့်ဝင်ဆန် ရက်ရက်စက်စက် သတ်ပစ်လိုက်တာကိုလဲ ထည့်စဉ်းစားပါ ဆရာကြီးရယ်"

"ကျိုထန်စိုက် ငါ ပြောပြမယ်… မင်း အဖေကျိုရန် ယူလိုက်တဲ့ မင်းရဲ့အမေဟာ ဘယ်သူ့သမီးလဲ"

"ကျွန်… ကျွန်တော် မသိပါဘူး ဆရာကြီး"

"အေး… ငါ ပြောပြမယ်၊ မင်းအမေနာမည်က ရီဟန်လင်းတဲ့၊ ဒမြဗိုလ်ကြီး ရီကျင်းယောင်ရဲ့သမီးပဲ၊ ဒမြဗိုလ်ဆိုလို့ သူ့ကို အထင်မသေးပါနဲ့၊ သူဟာ ရှမ်အမ်းမြို့စားကြီး ကန်လီဆန်ရဲ့ညီအရင်းဖြစ်တဲ့ ကန်လီချောင်ပဲ"

"ဗျာ… မြို့စားကြီးရဲ့ညီဖြစ်တဲ့ ကျွန်တော့်အဘိုးက…"

ဇေ့ထင်းက လက်ကာပြ၏။

"မင်း ဘာမှမပြောနဲ့ ငါ ပြောမယ်၊ မင်းအဘိုးဖြစ်တဲ့ ကန်



လီချောင်ဟာ အင်မတန် ဆိုးပေတယ်၊ ငါနဲ့သူဟာ ငယ်စဉ်က သူငယ်ချင်းပဲ၊ သူဟာ ရှမ်အမ်းမြို့စားကြီး ကန်လီဆန်ရဲ့ဆုံးမမှုကိုမနာခံဘဲ ထွက်ပြေးခဲ့တယ်၊ သူ့နာမည် ကန်လီချောင်ကိုလဲ ရီကျင်းယောင်လို့ ပြောင်းပစ်လိုက်ပြီး ဒမြဗိုလ်ကြီး လုပ်နေတော့တာပဲ၊ မင်းဟာ ရှမ်အမ်းမြို့စားကြီးရဲ့ ညီ၊ ရီကျင်းယောင်ရဲ့မြေးဖြစ်သလို၊ ကန့်ဝင်ဆန်ဟာလဲ ရှမ်အမ်းမြို့စားကြီးရဲ့ သမီးဖြစ်တဲ့လီလင်းရဲ့သား ဖြစ်တယ်၊ မင်းရဲ့အဘိုးနဲ့ ကန့်ဝင်ဆန်ရဲ့အမေဟာ ဘွဲ့ဝမ်းတော်ကြတယ်၊ မင်းတို့ဟာ ဆွေမျိုးအရင်းအကြီးတွေ ဖြစ်နေတယ်၊ နောက်ပြီး မင်းအဖေကျိုရန်ဟာ ကန့်ဝင်ဆန်ရဲ့အမေကို အတော်ကလေး နှိပ်စက်ခဲ့တယ်၊ လူမဆန်အောင် နှိပ်စက်ခဲ့တယ်ဆိုပါတော့ကွာ၊ ကဲ… မင်း ကန့်ဝင်ဆန်ကိုပြန်ပြီး လက်စားချေချင်သေးသလား"

ကျိုထန်စိုက်မှာ ငိုင်သွားတော့သည်။ စကားမပြောနိုင်တော့ပေ။ ဆရာကြီးဇေ့ထင်းက ဆက်ပြောလေ၏။

"ပြီးခဲ့တာတွေတော့ ပြီးပါစေတော့ ကျိုထန်စိုက်… ဒီမှာ မင်းဟာ ဒုစရိုက်သိုင်းသမားတွေကိုနှိမ်နင်းဖို့ လိုအပ်တဲ့လူဖြစ်သလို ကန့် ဝင်ဆန်ဟာလဲ လိုအပ်တာပဲ၊ မင်းရော ကန့်ဝင်ဆန်ရော ဒီတစ်သက်မှာ တစ်ဦးနဲ့တစ်ဦး မတိုက်ခိုက်ပါဘူးလို့ ငါ့ကိုကတိပေးပါ"

ကျိုထန်စိုက်မှာ ခေါင်းငိုက်စိုက်ဖြင့် ကတိပေးရတော့သည်။

"အေး… မြို့ရွာငြိမ်းချမ်းရေးအတွက် ကန့်ဝင်ဆန် ဒီမြို့မှာပဲ ဆက်နေပါစေ၊ မင်းကတော့ ငါနဲ့ပြန်လိုက်ခဲ့ရမယ်၊ ဒါပေမယ့် ကျိုထန်စိုက် မင်း ငါနဲ့မလိုက်ခင် တာဝန်သစ်တစ်ခုပေးမယ်"

"ဟုတ်ကဲ့… ပြောပါဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကျိုထန်စိုက်က ငွေထင်း၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ ပြောလိုက်၏။

"ကန်ဝင်ဆန်ကို မြတာဘက်သိုင်းကွက်လေးကွက် မင်းဆက်သင်ပေးလိုက်၊ ဒါ ငါ မင်းကိုပေးတဲ့တာဝန်ပဲ"

ရှီရှင်က ဝမ်းသာလျက်နှင့် ကန်ဝင်ဆန်၏လက်မောင်းအစုံကို ဆုပ်ကိုင်ထားလိုက်လေသည်။

ချင်ဖုန့်ကလည်း ကျိုထန်စိုက်၏လက်ကို ဆုပ်ကိုင်ကာ အိမ်တွင်းသို့ဝင်ခဲ့ကြသည်။

လုစံက ဧည့်သည်များ စားသောက်ရန်အတွက် အစားအစာများကို အသင့်ပြင်ဆင်တော့၏။

မြတာဘက်သိုင်းဆရာကြီး ငွေထင်းမှာမူ လူငယ်နှစ်ဦးအငြိုးပြေအေးရန် လုပ်စာတ်ကြီးတစ်ခု လိမ်လည်ပြောကြားလိုက်ရသည့်အတွက် စိတ်ထဲ၌ မသက်မသာဖြစ်နေရမှုကြီး သက်သာသွားရန်အလို့ငှာ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်မိတော့သတည်း။

ပြီး၏။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com